www.burmeseclassic.com



လမင်းအိမ် ၊ ချစ်စံဝင်း

# အဖေ့နှလုံးသား ရိုက်ခတ်သံ

www.burmeseclassic.com

www.burmeseclassic.com



စာမူခွင့်ပြုချက်အမှတ်
၆၇၇/၂၀၀၁ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၇၈၀/၂၀၀၁ (၉)
မျက်နှာဖုံးဒီဇိုင်း
နေလတ် (ဆေး-၁)
ထုတ်ဝေသည့်ကာလ
၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်
တန်ဖိုး
၂၀၀၀ ကျပ်
စောင်ရေ
၂၀၀၀
စာအုပ်ချုပ်
ကိုမြင့်
အတွင်းသားစက်ရိုက်
မွင့်ဦးပုံနှိပ်တိုက် (၀၂၉၃၄)
ဒေါ်နွဲ့နွဲ့ရီ အမှတ်(၆၅)၊ ၁၃ လမ်း
မျက်နှာဖုံးပုံနှိပ်
ကျောက်စိမ်းပုံနှိပ်တိုက် (၀၂၉၃၄)
ဦးကျော်စိန်၊ ၁၇၁၊ ၃၃ လမ်း
ထုတ်ဝေသူ
ဒေါ်မော်မော်၊ ပန်းမျိုးတစ်ရာ စာပေ (၀၂၀၃၇)
တိုက် ၂၃၃/၁၄၊ ရန်ကင်း။

BURMESE CLASSIC .com

ဖြန့်ချိရေး

လမင်းအိမ်
တိုက်-၉၊ အခန်း ၂၀၃-၂၀၄
ပုဇွန်တောင်ဥယျာဉ်အိမ်ရာ
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၀၂၃၇၂၊ ၂၉၉၃၆၁

www.burmeseclassic.com

www.burmeseclassic.com

# အဖေ့နှလုံးသား
# ရိုက်ခတ်သံ

လမင်းအိမ်
ချစ်စံဝင်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၉ |
| ၁။ | အပိုကားသော့တစ်ချောင်း | ၁၉ |
| ၂။ | အိုဂျယ်ရီရယ် | ၂၉ |
| ၃။ | အဖေရဲ့ကသပေါင်းကြီး | ၃၉ |
| ၄။ | သမ္မာကျမ်းစာ | ၄၉ |
| ၅။ | အဖေ့တာဝန် | ၅၁ |
| ၆။ | အမြင့်မြတ်ဆုံး လူသား | ၅၅ |
| ၇။ | အဖေ့သေတ္တာနက်ကလေး | ၅၉ |
| ၈။ | အဖေဟူသည် | ၆၇ |
| ၉။ | ဆပ်ကပ်ပွဲ | ၆၉ |
| ၁၀။ | စာကလေးတစ်စောင် | ၇၅ |


www.burmeseclassic.com

www.burmeseclassic.com

၁၁။ သာမန်အလုပ်သမား ၈၁

၁၂။ မေတ္တာအမွေ ၈၅

၁၃။ ပါကို အမြန်ပြန်လာပါ ၉၁

၁၄။ ကျွန်တော့်အဖေရဲ့ လက်ကြမ်းကြမ်းကြီးတွေ ၉၅

၁၅။ ကောက်ရိုးပန်းချီ ၁၀၁

၁၆။ အဖေတစ်ယောက်ရဲ့ အစွမ်း ၁၀၉

၁၇။ ဖခင်ဆိုတာ ၁၁၇

၁၈။ ဆယ်စုနှစ်ပေါင်းများစွာ အဖေ့မေတ္တာ ၁၂၃

၁၉။ သားမောင်နေဦးသို့ ၁၃၁

၂၀။ အဖေ ၁၃၅

၂၁။ ငါးတန်အထိုးကြီးတွေ ၁၄၇

၂၂။ ကျွန်မအဖေ ၁၆၃

၂၃။ ဖခင်တစ်ဦး၏ စစ်မြေပြင်မှပေးစာများ ၁၇၃

၂၄။ ထာဝရမွေ့မော ချစ်သောဖေဖေ ၁၉၃

၂၅။ အဖေတစ်ယောက်ရဲ့ အမှာစကား ၂၀၁

၂၆။ အဖေ့လက်ဆောင်မွန် ၂၀၉



စာရေးသူနှင့် ကျေးဇူးရှင် ဖခင်ကြီး

## အဖေ့နှလုံးသားရိုက်ခတ်သံ နိဒါန်း

ကျွန်မသည် အဖေကိုချစ်သော သမီးတစ်ယောက် ဖြစ်ပါသည်။ သို့သော် ကျွန်မတွင် ညီအစ်မ ရှစ်ယောက်နှင့် မောင်ငယ်တစ်ဦး ရှိ၍ အဖေချစ်သမီးတစ်ယောက် ဟုတ် မဟုတ် မသေချာလှပါ။ ကျွန်မက အဖေကိုချစ်သောကြောင့် ကျွန်မတစ်ယောက်တည်း အဖေချစ် သမီးအဖြစ် ခံယူလိုပါကလည်း တရားမည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့မိသားစုတွင် ကျွန်မသည် ဩရသသမီး ဖြစ်ပါသည်။

အဖေ့နှလုံးသားရိုက်ခတ်သံ စာအုပ်သည် ကျွန်မခင်ပွန်း၏ အားပေးမှုဖြင့် ထုတ်ဝေခဲ့သော ကျွန်မ၏ ရှစ်အုပ်မြောက်စာအုပ် ဖြစ်ပါသည်။ ကျွန်မ၏ ပထမဆုံးစာအုပ်မှာ ခေါင်းဖတ်စာပုံပြင်များ စာအုပ် ဖြစ်ပါသည်။ အဖေ့နှလုံးသားရိုက်ခတ်သံ စာအုပ်ကို ကျွန်မ ထုတ်ဝေချိန်တွင် အဖေ့အတွက် ကျွန်မ၏ နှလုံးသားများသည်လည်း ပြင်းထန်စွာ ရိုက်ခတ်လျက်ရှိပါသည်။ ယခု ကျွန်မ အသက် ၅၆ နှစ် ရှိပြီဖြစ်၍ အဖေ့အသက်သည် ၈၀ ကျော်နေပြီ ဖြစ်ပါ၏။ ၅၆ နှစ်မျှ ရှိခဲ့ပြီဖြစ်သော ကျွန်မ၏ဘဝတွင် ကျွန်မ၏ နှလုံးသားသည် အဖေ့ရင်တွင်းဝင်ရောက်ရိုက်ခတ်ခဲ့သလို အဖေ့နှလုံးသားကတော့ ကျွန်မ၏ ရင်ထဲတွင် ၅၆ နှစ်တာ ကာလပတ်လုံး ရိုက်ခတ်ခဲ့သည်မှာ အမှန်ဖြစ်ပါသည်။

ကျွန်မ၏ ငယ်စဉ်ဘဝပုံရိပ်များကို ပြန်ပြောင်းတွေးမိလျှင်ပင် ကျွန်မသည် အမေ၏ ပုံရိပ်များထက် အဖေ၏ ပုံရိပ်များကို ပို၍ ပြန်ပြောင်း သတိရပါသည်။ အဖေသည် ကျွန်မ၏ ရှေ့ဆောင်လမ်းပြ ဖြစ်သလို ကျွန်မကို ဘဝအဓိပ္ပာယ်နှင့် ဘဝသင်ခန်းစာများကို သင်ကြားပေးခဲ့သူသည် အဖေဖြစ်ပါသည်။ လက်ဦးဆရာလည်း ဖြစ်ပါသည်။ အဖေသည် ကျွန်မ၏ဘဝတွင် မီးရှူးတန်ဆောင်လည်း ဖြစ်ပါသည်။ အဖေသည် ခွင့်လွှတ်တတ်သူ၊ ပူပန်တတ်သူ၊ စိုးရိမ်တတ်သူတစ်ဦးလည်း ဖြစ်ပါသည်။ အဖေ့နှလုံးသားရိုက်ခတ်သံ စာအုပ်ကို ကျွန်မသည် ကျွန်မခင်ပွန်းနှင့် တွဲဖက်ကာ ကျွန်မဘဝ၏ ရှေ့ဆောင်လမ်းပြဖြစ်သော၊ ကျွန်မအပေါ် ခွင့်လွှတ်ပူပန်တတ်သော ဖခင်ကြီးနှင့်တကွ





မိခင်ကြီး၏ ဂုဏ်ကျေးဇူးများကို ဦးထိပ်ထား၍ ပန်းမျိုးတစ်ရာစာပေမှ ထုတ်ဝေခြင်း ဖြစ်ပါသည်။

ကျွန်မ၏ဖခင်သည် ဦးကျော်အန့်ဖြစ်၍ မိခင်သည် ဒေါ်အေးကြိုင် ဖြစ်ပါသည်။ ကျွန်မသည် ရန်ကုန်မြစ်တစ်ဖက်ကမ်းရှိ ခနောင်တိုရွာဇာတိ ဖြစ်ပါသည်။ ကျွန်မ၏ဖခင်ရော မိခင်ပါ ပညာကို လိုလားသော မိသားစုများမှ ပေါက်ဖွားလာကြသူများ ဖြစ်ပါသည်။

မိခင်ဘက်မှ အဘိုးဖြစ်သူ ဦးဘရှင်သည် ရန်ကုန် ကြည့်မြင်တိုင် တစ်ဖက်ကမ်း မငေးရွာဇာတိ ဖြစ်ပါသည်။ အဘိုး၏မိဘများက လယ်သမား ယာသမားဖြစ်သော်လည်း အဘိုးသည် မိဘလက်ငုတ် လယ်ယာအလုပ်ကို ပစ်၍ ရန်ကုန်မြို့ပေါ်တက်ကာ မိမိဝမ်း မိမိကျောင်း၍ စာပေလိုက်စားခဲ့သူ ဖြစ်သည်။ စာပေတတ်၍ အဘိုးသည် စတီးဘရားသား စပါးပွဲစားကြီးအထိ ဖြစ်ခဲ့ပါသည်။ အဘိုးက စာတတ်မှ လူရာဝင်မည်၊ စာတတ်မှ လူဖြစ်ရကျိုးနပ်သည်ဟု ယုံကြည်စွဲမြဲသူ ဖြစ်ပါသည်။

ကျွန်မ၏ဖခင်ဘက်မှ အဘိုးဖြစ်သူကား ဦးစိန်ဘူး ဖြစ်သည်။ တွံတေးခရိုင် ထိန်ကုန်းကျေးရွာမှ စည်းကမ်းကြီးလှသော ကျောင်းအုပ်ဆရာကြီး ဖြစ်ပါသည်။ အသက် ၉၀ ကျော်အထိ တပည့်များ၏ လေးစားကြည်ညို ကန်တော့ခြင်းကို ခံရ၍ ကျွန်မအား မြန်မာစာပေကို ချစ်မြတ်နိုးစေရန် အမွေပေးခဲ့သူသည် အဖေ၏ ဖခင်ကြီး ဦးစိန်ဘူး ဖြစ်ပါသည်။ နှစ်ဖက်သော အဘိုးတို့က ပညာဆိုသည်မှာ မြတ်နိုးစရာဟူသော အသိပညာ အမွေကို ပေးခဲ့၍ ကျွန်မတို့မောင်နှမများ ပညာရည် ပြည့်ဝခဲ့ခြင်းသည် အဘိုးအဘွား မိခင် ဖခင်တို့၏ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင် မိဘနှစ်ပါးနှင့် စာရေးသူ (အလယ်)



ဖြစ်ပါသည်။ ကျွန်မမှ ပညာကို မြတ်နိုးရုံ သာမက မြန်မာစာပေကိုပါ ဝါသနာပါခဲ့ပါသည်။ ထို့ကြောင့်လည်း ကျွန်မ၏ မိသားစုကို တည်ဆောက်ရာတွင် စာပေမိသားစုအဖြစ် တည်ဆောက်ခဲ့ခြင်း ဖြစ်ပါ၏။ ကျွန်မတွင် သားကြီးမောင်နေဦး၊ သားလတ် မောင်နေလတ်နှင့် သားငယ် မောင်နေလင်းဟူ၍ သားသုံးယောက်ရှိရာ သားများအားလုံးနှင့် ကျွန်မ၏ ခင်ပွန်းပါ စာရေးသားကြပါ၏။ ကျွန်မတို့မိသားစု၏ အသက်မွေးမှုသည် စာရေးသား ထုတ်ဝေခြင်း ဖြစ်ပါ၏။

အဖေနှလုံးသားရိုက်ခတ်သံ စာအုပ်သည် ကျွန်မခင်ပွန်း၏ အဖေအကြောင်း ပင်ကိုရေးစာနှစ်ပုဒ်သုံးပုဒ်နှင့် အဖေနှလုံးသားအကြောင်း၊ အဖေအကြောင်း ဘာသာပြန်ဆိုမှု စာများ ဖြစ်ပါသည်။ ကျွန်မငယ်စဉ် ငါးနှစ်အရွယ်မှ ဆယ့်ရှစ်နှစ်အရွယ်အထိ အိုင်းရစ်ရှ်သီလရှင်များ အုပ်ချုပ်သော ယခင် စိန့်ဖလော်မီးနား(စ)ကွန်ဗင့် (ယခု အ-ထ-က ၂၊ စမ်းချောင်း)တွင် ပညာသင်ကြားခဲ့ရာ အိပ်ချိန်မှလွဲလျှင် သီလရှင် မာသာများနှင့်သာ နေခဲ့ရသောကြောင့် အင်္ဂလိပ်စာ၊ အင်္ဂလိပ်ဘာသာစကားကို မတတ်ချင်၍မရ၊ မပြောချင်၍ မနေရဘဲ ထိုဘာသာရပ်ကို ကျွန်မ ကျွမ်းကျင်ခဲ့ပါသည်။

ကျွန်မဖခင်၏ အစ်မကြီးဖြစ်သူမှာ ဒေါ်ခင်ဆွေလှိုင် ဖြစ်ပါသည်။ ကျွန်မသည် ယင်းအကြီးတော်သူ၏ အိမ်မှလည်း ကျောင်းတက်ခဲ့ရာ အကြီး၏ခင်ပွန်း ဘကြီးဖြစ်သူ ဗိုလ်မှူးကြီးသိန်းဟန် (၁၉၆၇ ခုနှစ်က ကုန်သွယ်ရေးအတွင်းဝန်ဘဝဖြင့် ကွယ်လွန်ခဲ့သူ)မှာလည်း အင်္ဂလိပ်စာတတ်ပေတတ်ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ ယင်းဘကြီး တော်သူထံမှလည်း ကျွန်မသည် အင်္ဂလိပ်စာပေနှင့် ဘာသာစကား အမွေရရှိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေဘက်မှ အဘိုး၏ ပညာအမွေ၊ အဖေဘက်မှ အဘိုး၏ မြန်မာစာအမွေ၊ အိုင်းရစ်ရှ်သီလရှင် မာသာကြီးများနှင့် ဘကြီးတော်သူ တို့ထံမှ အင်္ဂလိပ်စာပေနှင့် ဘာသာစကားအမွေတို့ကို ရရှိခဲ့သော ကျွန်မသည် ကျွန်မခင်ပွန်းဖြစ်သူ၏ အားပေးအားမြှောက်မှုကြောင့် ဘာသာပြန်စာများကို ရေးဖြစ်ခဲ့ပါသည်။ ကျွန်မရေးသားသော စာအုပ်များသည် ကျွန်မခင်ပွန်းနှင့် တွဲဖက်ရေးသားသော စာအုပ်များဖြစ်၍ ဒေါင်းဖတ်စာပုံပြင်များမှလွဲ၍ ကျန်စာအုပ်များသည် ဘာသာပြန် စာအုပ်များ ဖြစ်ပါ၏။ မြန်မာစာပေသည် မြတ်နိုးတွယ်တာဖွယ်ရာများ ဖြစ်သလို ကမ္ဘာ့စာပေမှာလည်း နက်ရှိုင်းကျယ်ပြန့်မှုများ ရှိပါသည်။

အဖေ့နှလုံးသားရိုက်ခတ်သံ စာအုပ်သည် နက်ရှိုင်းကျယ်ပြန့်လှသော ကမ္ဘာ့စာပေမှ အဖေတို့၏အကြောင်း၊ အဖေ့နှလုံးသားရိုက်ခတ်သံများကို မြန်မာလို ပြန်ဆို၍ ထုတ်ဝေလိုက်သော စာအုပ် ဖြစ်ပါသည်။ ကျွန်မသည် အဖေကို မြတ်နိုးတွယ်တာသူ ဖြစ်သည့်အားလျော်စွာ အဖေ့နှလုံးသားရိုက်ခတ်သံများကို ကြားရလျှင်လည်း ကြည်နူး ခံစားရသလို ပြန်လည်ပြောဆိုရမည် ဆိုပါကလည်း စိတ်အား ထက်သန်မှု ရှိပါသည်။

ဖခင်ဟူသည် အင်အားကြီးမားလွန်းသူ ဖြစ်ပါသည်။

ဖခင်ဟူသည် မေတ္တာအစိုင်အခဲဟုလည်း ကျွန်မ ထင်မြင်ယူဆပါသည်။ ဖခင်ထံတွင် အစွမ်းသတ္တိနှင့် အံ့မခန်းသော စွမ်းရည်များလည်း ရှိပါသည်။ ကြံ့ခိုင်မှု၏ အခြင်းအရာသည် ဖခင်သည်သာ ဖြစ်ပါသည်။



## အဖေ့နှလုံးသားရိုက်ခတ်သံ

အဖေ့နှလုံးသား ရိုက်ခတ်သံ စာအုပ်သည် ကမ္ဘာ့စာပေမှ ကြီးကျယ်မြင့်မြတ်သော ဖခင်တို့၏ နှလုံးသားရိုက်ခတ်သံများကို ရှာဖွေ စုစည်း၍ သားသမီးတိုင်း ဖခင်၏မေတ္တာကြီးမားမှုကို မျှဝေခံစားနိုင်ရန် ဘာသာပြန်ဆို ထုတ်ဝေသောစာအုပ် ဖြစ်ပါသည်။ အဖေနှင့်ပတ်သက်သော ကျွန်မ၏ အခြားစာအုပ်တွင် ဖော်ပြပြီး ဖြစ်သော အကြောင်းအရာ အချို့ကိုလည်း တစုတစည်းတည်း ဖြစ်စေအောင် ဤစာအုပ်တွင် ထပ်မံဖော်ပြထားပါသည်။

ဤစာအုပ်တွင် အဖေတို့၏ နှလုံးသား ကြင်နာမှု ဖြစ်ရပ်မှန် အကြောင်းအရာ ၂၀ ကျော်မျှကို ဖော်ပြထားပါသည်။ ထို ၂၀ ကျော်သော အကြောင်းအရာများသည် ကျွန်မအဖေက ကျွန်မဘဝ တစ်ကွေ့တွင် တနည်းနည်း တဖုံဖုံဖြင့် ဖော်ပြခဲ့ပြီးဖြစ်သော မေတ္တာ အကြင်နာမျိုးများသာ ဖြစ်ပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသော အပိုကားသော့တစ်ချောင်းဆိုသော ဖြစ်ရပ်မှာ သားသမီးကို အနီးကပ် စောင့်ရှောက်ခွင့် မရသော်လည်း အဝေးမှနေ၍ သားသမီးအတွက် အန္တရာယ်ကို ကြိုတင်ကာကွယ်ပေးသော ဖခင်၏ ဖြစ်ရပ်ဖြစ်ပါသည်။ အပိုကားသော့တစ်ချောင်းထဲမှ ဖခင်လို ကျွန်မဖခင်သည်လည်း အနီးကပ် ကျွန်မကို စောင့်ရှောက်ခွင့် မရသော်လည်း ၅၆ နှစ်ရှိပြီ ဖြစ်သော သမီးကို အန္တရာယ်အပေါင်းမှ လွတ်ကင်းစေရန် အဖေသည် တစ်နေရာမှ အမြဲစီမံနေသည်ဟု ကျွန်မ ယုံကြည်ပါသည်။ အနီးကပ် စောင့်ရှောက်ခွင့်မရရှာသော မိဘတိုင်းသည် သားသမီးတိုင်းကို အပိုကားသော့တစ်ချောင်း ထည့်ပေးထားသည်ချည်း ဖြစ်မည်ဟု ကျွန်မ ယုံကြည်ပါသည်။ ဂျယ်ရီဆိုသော သားငယ်နှင့် သူ့ဖခင်ကြီးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ဖတ်ရှုကြည့်စေလိုပါသည်။ အဖေ၏ ကသယပေါင်းကြီးအကြောင်းကလည်း သားသမီးများအတွက် ဖတ်ရှုမှတ်သားစရာ ဖြစ်ပါသည်။ ဤစာအုပ်တွင် သမ္မာကျမ်းစာအုပ်ထဲတွင် အဖေ့မေတ္တာကို ထည့်သွင်းထားခဲ့သည့် ဖခင်တစ်ယောက်အကြောင်းလည်း ပါဝင်ပါ၏။ အဖေဆိုသည်မှာ ဘယ်လိုစရိုက်မျိုး၊ အဖေဆိုတာ ဘာလဲဆိုတာနှင့်ပတ်သက်၍ ကျွန်မ လက်လှမ်းမီသမျှ ရှာဖွေ၍ ဤစာအုပ်တွင် ဖော်ပြထားပါသည်။ ဤစာအုပ်တွင် ပါဝင်သော အဖေ့အကြောင်းအရာတစ်ခုကို ဖတ်မိတိုင်း ထိုမေတ္တာမျိုး ကျွန်မ အဖေ့ထံမှ ကျွန်မ ရပြီးဖြစ်သလို ဤစာအုပ်ကို ဖတ်ရှုသူများသည်လည်း စာအုပ်ပါ အကြောင်းအရာတစ်ရပ် ဖတ်ပြီးတိုင်း မိမိ၏ ကျေးဇူးရှင် ဖခင်ကြီးထံမှ ဤမေတ္တာမျိုးကို ရရှိပြီးဖြစ်မည်ကို ကျွန်မ ယုံကြည်ပါသည်။

ဤစာအုပ်ပါ အကြောင်းအရာများ၏ ထူးခြားချက်မှာ ဤအဖြစ်အပျက်များသည် ဤကမ္ဘာမြေပြင်တွင် အမှန်တကယ် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်များချည်း ဖြစ်ပါ၏။

အမေတိုင်းအတွက် ခင်ပွန်းကောင်းတစ်ယောက်၊ မောင်နှင့် နှမများအတွက် လေးစားချစ်ခင်ဖွယ်ရာ အစ်ကိုကြီးတစ်ယောက် အဘိုးအဘွားတို့အတွက် သားကောင်းတစ်ယောက်၊ မိတ်ဆွေများအတွက် သူငယ်ချင်းကောင်းတစ်ယောက်၊ နိုင်ငံအတွက် ကျောက်ကောင်းတစ်စေ့သည် အဖေပင်ဖြစ်သည်။ တစ်သက်တာပတ်လုံး ထမ်းပိုးကာ အဖေသည် မိသားစုတာဝန်ဆိုသော ဝန်ထုပ်ဝန်ပိုးကြီးကို သူ့ကျောပေါ်တွင် တင်ကာ သူ့ဘဝတစ်လျှောက်လှမ်းနေသော ခရီးသည်ကြီးသည်လည်း အဖေပင်ဖြစ်သည်။ ဤစာအုပ်ထဲမှ





အဖေရဲ့ သေတ္တာနက်ကလေးအကြောင်း၊

အဖေတစ်ဦးအပေါ် သားသမီးတို့က အသက်အရွယ်အလိုက် အမြင်၊

ဆပ်ကပ်ပွဲမှ အဖေနှစ်ယောက်၊

အဖေ့အတွက် ဆေးရုံပေါ်က စာကလေးတစ်စောင်၊

အဖေဆိုသည်မှာ ကျွန်တော်တို့ ကျွန်မတို့တစ်တွေ တွေးထင်နိုင်သမျှသော၊ အရာများအားလုံးထက် ပိုမိုကြီးမြတ်သောအရာသည် အဖေပင်ဖြစ်သည်။ အဖေဆိုသော စကားရပ်တိုင်း၏ နောက်ကွယ်တွင် သာမန်အားဖြင့် မမြင်နိုင်သော ဘဝပန်းချီကားချပ်များ ရှိမြဲဖြစ်သည်။

အဖေသည် သာမန်အလုပ်သမားတစ်ယောက်ဖြစ်၏။ သို့သော်သူသည် သူ့မိသားစုနှင့် သူ့သားသမီးများကို သူ့သွေးချွေးတို့ဖြင့် အလှအပဆုံး ထုဆစ်ခဲ့သူများ ဖြစ်သည်။

ဖခင်အိုးလုပ်သား၊ ဗိုးသမားကြီးတစ်ဦးက အငယ်ဆုံးသား အာနီအား လူတစ်လုံးသူတစ်လုံးဖြစ်အောင် ထုဆစ်လိုက်သော အလှတရားသည် အမှန်ပင် စိတ်ဝင်စားစရာဖြစ်ပါ၏။ တူရွင်း၊ ဆောက်၊ လွှနှင့် သံမှိုတွေကိုကိုင်ကာ သစ်သားစကြမ်းကြမ်းကြီးတွေကို ရွှေဘော်ထိုးကိုင်တွယ်ခဲ့ရသော အဖေ့လက်ကြမ်းကြီးသည် သားသမီးတို့၏ လက်များကိုသာမက ဘဝကိုပါ ရွှေဘော်ထိုးထားသည့် သစ်သားစလို ချောမွေ့လာစေသည့် အဖြစ်အပျက်ကလည်း ဖခင်တို့၏ သဘောတရားကို ဖြဆိုမှုတစ်ရပ် ဖြစ်ပါ၏။

ကောက်ရိုးပန်းချီဆိုသည့် အကြောင်းအရာကလည်း သတိရချင်စရာဖွယ်ဖြစ်သည်။ လုံးလုံးကြီးမှောင်ကျ ပိတ်ဆို့ခြင်းခံရသည်ဖြစ်သော သမီးတစ်ယောက်၏ ဘဝတံခါးကို ဆော့(ဖ)ဝဲတစ်ခု တီထွင်၍ သမီး၏



www.burmeseclassic.com

www.burmeseclassic.com



အမှောင်တရားဘဝတံခါးကို ရိုက်ချိုးခဲ့သော ဖခင်ကြီးတစ်ဦး၏ ဖြစ်ရပ်ကလည်း လူ့သမိုင်းတွင် အဖေတစ်ယောက် ထားရစ်ခဲ့သော အမွေခြေရာတစ်ခုပင် ဖြစ်ပါ၏။ အဖေရင်းသာမက၊ မွေးစားဖခင်များက၊ ပထွေးများက ဇနီးမယားဘက်မှပါလာသော သားသမီးများအပေါ်ထားရှိသော စူးရှနက်ရှိုင်းသည့် မေတ္တာမိုးပန်းပွင့်များအကြောင်းကိုလည်း ဤစာအုပ်တွင် ဖော်ပြထားပါ၏။ ဖခင်ကဲ့သို့ ဆက်ဆံပြုမူ မေတ္တာထားရှိသော မည်သူမဆို ဖခင်သာလျှင်ဖြစ်သည်။

ထို့အပြင် ဤစာအုပ်တွင် ဖခင်ကြီးက မိသားစုထံ ရေးသားသော စာစုနှစ်ပုဒ်ကိုလည်း ဖော်ပြထားပါ၏။ ဗီယက်နမ်စစ်မြေပြင်မှ ဖခင်ဗိုလ်မှူးတစ်ဦးက မိသားစုထံ စာရေး၍ သားသမီးများကို ပြုစုစောင့်ရှောက်ခဲ့သည့် ဖြစ်ရပ်က ရင်နင့်စရာဖြစ်သလို ငါးတန် အထီးကြီးများ၏ဘဝက သားသမီးများ မသိဆိုးဝါး မသိတတ်ကြသည့်တိုင် ဖခင်များ၏ ခွင့်လွှတ်တတ်သော နှလုံးသားကို ဖော်ပြသည့် တင်ပြချက်တစ်ရပ် ဖြစ်ပါသည်။

ဤနိဒါန်းကို ကျွန်မ ရှည်လျားစွာ ရေးနေမိသည်ကို ခွင့်လွှတ်စေလိုပါသည်။ ကျွန်မ၏နိဒါန်းသည် အသက် ၈၀ ကျော်ရှိပြီဖြစ်သော ကျွန်မ၏ အဖေထံ ရည်းစူး၍ ကျွန်မအဖေကို ကျွန်မ ဘယ်လောက်ချစ်ပါတယ်ဆိုတာကို တိတ်တိတ်လေး ရေးပြနေတဲ့ အဖေ့ထံပေးစာနိဒါန်းဖြစ်ပါသည်။

ဤစာအုပ်ပါ အကြောင်းအရာတစ်ခုခုကိုဖတ်ပြီး စာဖတ်သူသည်လည်း မိမိ ဘယ်လိုခံစားရတယ်ဆိုတာကို အဖေ့ဆီ ကျွန်မလို တိတ်တိတ်လေး စာလေးတစ်စောင်ရေးပြီး ပေးပို့လိုက်စမ်းပါရှင်။

လမင်းအိမ်

၈–၈–၂၀၀၁



# အပိုကားသော့တစ်ချောင်း

ကျွန်မ အရွယ်ရောက်စကတည်းက အဖေဟာ သူ့လုပ်လက်စ လုပ်ငန်းကိုင်ငန်းတွေကို အကုန်ရပ်ပစ်လိုက်ပြီး ကျွန်မလုပ်တာ၊ စားတာ၊ သွားတာလာတာကအစ အဖေဟာ ကျွန်မကို တစ်ရုံမလပ်ဒူးစိုက်ပြီး တခြားအရာအားလုံးကို အကုန်မေ့ပစ်လိုက်ပါတော့တယ်။ အဖေ့အတွက်တော့ ကျွန်မသာလျှင် သူ့ဘဝ သူ့မျှော်လင့်ချက်အလုံးစုံပေါ့လေ။ အဖေ့မေတ္တာထားပုံက ကျွန်မအပေါ်တော့ အကန့်အသတ်မဲ့ပါပဲ။ ကျွန်မငယ်စဉ်ကတည်းက အဖေနဲ့အမေ အိမ်ထောင်ရေးကအက်ကြောင်းထင်ကာ ခွဲခွာခဲ့ကြတော့ အဖေဟာ ကျွန်မကို အုပ်ထိန်းခွင့် လျှောက်ထားပြီး အဖေလည်းသူ၊ အမေလည်းသူ လုပ်ခဲ့တာပါ။

ကျွန်မ ဆယ့်သုံးနှစ်အရွယ်ရောက်တော့ ပိန်ရှည်ရှည် ခါးကိုင်းကိုင်းနဲ့ ကြည့်ရအလွန်ရုပ်ဆိုးတဲ့ ကောင်မလေးတစ်ယောက်ပေါ့။ အဖေဟာ ကျွန်မကို ရင်ကိုရှေ့ချီကာ ကိုယ်မတ်မတ်ထားလို့ ခြေလှမ်းတိုင်းမှာ ဒူးကို ဘယ်လိုကွေးညွှတ်ရမယ်က အစ လမ်းလျှောက်နည်းကို စနစ်တကျ သင်ပြပေးခဲ့သူပါ။ ရုပ်ရည်က သိပ်မလှပလွန်းပေမယ့် အများ



www.burmeseclassic.com

www.burmeseclassic.com



တကာအလယ်မှာ လမ်းလျှောက်ပုံဟန်မူက ထူးခြားနေသမို့လားတော့ မသိပါ။ ကျွန်မနားမှာ ကောင်ကလေးတွေ ဝိုင်းဝိုင်းလည်လာတဲ့အထိ ဟိုလူက ညစာကျွေးဖို့ ဒိတ်လုပ်၊ ဒီလူက ပါတီပွဲအတူနွှဲဖို့ လာခေါ်ချင်နဲ့ ကျွန်မ ရုပ်ဆိုးမလေးဟာ အမေ့ပြုပြင်မှုကြောင့် မျက်နှာပွင့်ခဲ့ရတာတော့ အမှန်ပါပဲ။ ဒီလိုနဲ့ ကျွန်မ ဆယ့်ခုနစ်နှစ်အရွယ် ရောက်ခဲ့တော့ ရင်ခုန်စရာ ကောင်လေးတစ်ယောက်ကို စတွေ့ရှိခဲ့ပါတယ်။ အမေ့ကို ကျွန်မ ဘာတစ်ခုမှ မချွင်းမချန် ဖွင့်အန်တတ်သူမို့ ဒီကောင်လေးကို ကျွန်မ စိတ်ဝင်စားမိတာ၊ သူနဲ့အတူ ရင်ခုန်ချင်တာကအစ တိုင်ပင်ဆွေးနွေးမိပါတယ်။ ဒီတော့ အမေက–

“သမီး သူနဲ့တွေ့တဲ့အခါတိုင်း စကားတွေပြောနေရင်းကနေ သူ့ကားအသစ်လေးအကြောင်း၊ သိပ်စိတ်ဝင်စားတဲ့အနေအထားနဲ့မေး၊ နောက် တကယ့်ကို စိတ်ပါလက်ပါနဲ့ နားထောင်ရင်း သူ့မျက်နှာကိုပဲ ပြုံးပြီး စိုက်ကြည့်နေလိုက်၊ ပြီတီတီ ကလက်တက်တက်အမူအရာတွေ လုံးဝ မပါစေနဲ့။ သူ့အာရုံထဲမှာ အမိကရှိနေတဲ့ အကြောင်းအရာကို သမီးကလည်း သူ့နည်းတူ စိတ်ဝင်စားနေပါတယ်ဆိုတာကို သိမ်သိမ်မွေ့မွေ့ပြတတ်ဖို့လိုတယ်။ လူဆိုတာ ကိုယ်နဲ့ စိတ်ချင်းနီးစပ်နိုင်တဲ့ အခြားလူတစ်ယောက်ကို အမြဲရှာနေတတ်တာ သမီးရဲ့”လို့ အကြံပေးခဲ့ပါတယ်။

အမေ့အကြံအတိုင်း ကျွန်မ လိုက်နာခဲ့တာ တယ်ရီဆိုတဲ့ကောင်လေးဟာ ကျွန်မလို ရှားရှားပါးပါး မိန်းကလေးတန်မဲ့ မော်တော်ကားအကြောင်း စိတ်ဝင်စားတတ်တဲ့ကောင်မလေးတစ်ယောက်ကို ထူးထူးခြားခြား မှတ်မှတ်သားသားလေးတော့ ဖြစ်သွားရတာပေါ့။ နေ့စဉ်





အခြေအနေတိုးတက်မှုတွေ ရှိလာရာကနေ တစ်နေ့တော့ ကျွန်မ ကျောင်းက အဝတ်အစားသိမ်းဆည်းရာ လော့ကာဗီရိုနားကို တယ်ရီ ရောက်လာပြီး ကျွန်မရဲ့လက်ကို အသာလေးဆုပ်ကိုင်လို့ ချစ်ခွင့်တောင်းလာပါတော့တယ်။ အိမ်ပြန်ရောက်တော့ ကျွန်မလေ ဝမ်းသာလွန်းလို့ အမေ့လည်ပင်းကို ကျွန်မ လက်နှစ်ဖက်နဲ့ သိုင်းဖက်ရင်း အမေ့ကျေးဇူးကြောင့်ပေါ့။ တယ်ရီက ကျွန်မကို ချစ်ရေးဆိုလာပြီ အမေ”လို့ ပြောလိုက်တော့ အမေက “ရှယ်ရွန်– ယောကျ်ားလေးတစ်ယောက်က ကိုယ့်ကိုချစ်ခွင့်တောင်းလာအောင်ပဲ အမေ ကူညီနိုင်တာနော်၊ ညည်း တစ်နေ့ သူ့ကို မကြိုက်တော့လို့ ခွာထုတ်ချင်ရင်တော့ အမေလည်း မတတ်နိုင်ဘူး။ ခုတည်းက ကြိုပြောထားတာသမီး”လို့ နောက်ပြောင်နေပါသေးတယ်။ ကျွန်မနဲ့ တယ်ရီ တစ်နှစ်လောက်တွဲဖြစ်လိုက်ပါသေးတယ်။ နောက်တော့လည်း မေမေ ကြိုတင်ခန့်မှန်းခဲ့သလို ကျွန်မ တယ်ရီ့အပေါ် စိတ်တိုင်းမကျမှုတွေ ရှိလာခဲ့တာတွေ့ရပြီး ခွာထုတ်ချင်တဲ့အထိ စိတ်ထဲမှာ ဖြစ်လာမိပါတယ်။ ကျွန်မစိတ်ထဲမှာ နောက်လာမယ့်နှစ်,နှစ်အတွင်း ဘာတွေဖြစ်ပေါ်လာမလဲဆိုတာကို ကြိုတင်မှန်းဆနိုင်တဲ့ မေမေ့ရဲ့ ဉာဏ်အမြော်အမြင်တွေကို အထင်ကြီးလေးစားမိတာနဲ့အမျှ ကျွန်မအပေါ် ထားရှိတဲ့ မေမေ့ရဲ့ တုနှိုင်းမဲ့ မေတ္တာထုထည်ကြီးမားပုံကိုလည်း အံ့သြမဆုံးနိုင်အောင် ဖြစ်ရပါတော့တယ်။

ဒီလိုနဲ့ ကျွန်မ တက္ကသိုလ်ကနေ သင်ကြားမှုဘာသာ အဓိကနဲ့ ဘွဲ့ရခဲ့ပါတယ်။ ပညာစုံပြီမို့ ဘဝလောကကြီးထဲကို တောင်ပံဖြန့်ထွက်ဖို့ ကျွန်မ အဆင်သင့်ဖြစ်နေပါပြီ။ မေမေ့ရဲ့ အေးမြတဲ့မေတ္တာရိပ်အောက်



www.burmeseclassic.com

www.burmeseclassic.com



မှာ ပိဘိကလေးငယ်တစ်ယောက်လို အပူအပင်ကင်းမဲ့စွာနဲ့ လိုတိုင်းရ၊ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ခဲ့တဲ့ ကျွန်မဘဝကို မနာလိုဝန်တို ဖြစ်မိကြတဲ့ သူငယ်ချင်းတွေတောင် ရှိခဲ့ပါတယ်၊ ဘာတစ်ခုမှ ကြိုးစား ပမ်းစား အားမထုတ်လိုက်ရဘဲ ဖေဖေ့အစီအစဉ်တွေအတိုင်း ဘွဲ့တစ်ခု ကို သက်သောင့်သက်သာ ရယူနိုင်ခဲ့တဲ့ ကျွန်မဘဝကလည်း သူတို့ မနာလိုချင်စရာဖြစ်လောက်အောင်ကို အေးချမ်းပြည့်စုံနေတာကိုး။ ဖေဖေ့ကျေးဇူးတွေလေ။ အမြော်အမြင်ကြီးလှတဲ့ ဖေဖေက သမီး မိန်းကလေးဆိုတာ ဆရာမအလုပ်နဲ့ပဲ သင့်တော်တာ။ ကလေးတွေကို စာသင်ပေးရတဲ့ ဒီအလုပ်ဟာ ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့အလုပ် မျိုးကွဲ့ သမီးရဲ့။ နောက် ဆရာမဆိုတဲ့ဂုဏ်ပုဒ်က သမီးကို လူရိုသေ ရှင်ရိုသေရှိစေတယ်။ လောကအလယ်မှာ ဘယ်တော့မှ ဂုဏ်မငယ်တဲ့ အလုပ်မျိုး သမီး၊ ပညာနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ရတာ မွန်မြတ် တာပေါ့”လို့ ဆုံးမခဲ့ဖူးပါတယ်။

ကျွန်မတို့နေအိမ်ကနေ မိုင်ပေါင်းတစ်ရာ့ခုနစ်ဆယ်ဝေးကွာတဲ့ ကယ်လီဖိုးနီးယားပြည်နယ်၊ ကို့(ချ)ရှဲလာဆိုတဲ့ သဲကန္တာရအလယ်က မြို့ငယ်လေးတစ်မြို့က ကျောင်းတစ်ကျောင်းမှာ အထူးပညာရေး သင်ကြားမှုဆရာမအဖြစ် ကျွန်မကို အလုပ်ခန့်လိုက်ပါတယ်။ ကျွန်မ အိပ်မက်က နိုးထရပါတော့တယ်။ အဖေ့အရိပ်အောက်က စထွက်သင့် ပြီမဟုတ်လား။ ကျွန်မ အသက်နှစ်ဆယ့်သုံးနှစ်တောင် ပြည့်ခဲ့ပြီလေ။ နောက် အဲဒီအချိန်တုန်းက ဆရာ ဆရာမ ခန့်အပ်ခြင်း နည်းပါးနေ ခိုက် လစာ ဝင်ငွေကောင်းကောင်းပေးတဲ့ အထူးပညာရေးသင်ကြားမှု ဆရာမအဖြစ် ကျွန်မ ခန့်အပ်ခံရတာ နည်းတဲ့အခွင့်အရေးမှ မဟုတ်





တာ။ ဒါပေမယ့် ကျောင်းဟာ အလွန်ဆင်းရဲတဲ့ရပ်ကွက်ထဲမှာ တည်ရှိ နေတဲ့အပြင်ကျောင်းရှေ့က တန်ဖိုးနည်းအိမ်ယာစခန်းတွေကအခန်း ပေါင်းများစွာဟာလည်း မူးယစ်ဆေးဝါးသုံးစွဲသူတွေရဲ့ စားကျက်၊ စတည်းချရာနေရာတွေ ဖြစ်နေလို့ ညနေ မှောင်စပျိုးတာနဲ့ ဆိုးသွမ်း လူငယ်တွေ အုပ်စုလိုက် ချိန်းရိုက်ပွဲတို့၊ ကားအမြန်မောင်းပြိုင်ပွဲတို့ ရှိတတ်တာကြောင့်လည်း ကျောင်းပတ်ဝန်းကျင်ဟာ ကောင်းတဲ့ပတ်ဝန်း ကျင်တစ်ခုတော့ မဖြစ်နိုင်တာ သေချာပါတယ်။ အသက်နှစ်နှစ်ကနေ ဆယ့်လေးနှစ်အရွယ် ကလေးငယ်တွေဟာ ဈေးဆိုင်၊ စတိုးဆိုင်တွေက ပစ္စည်းအလစ်သုတ်မှု၊ ကားပစ္စည်းဖြုတ်ခိုးမှု၊ မီးကွင်းပစ် မီးရှို့မှုတို့နဲ့ မကြာခဏ အဖမ်းခံနေရတဲ့မြို့လေးပါ။

အဖေက ကျွန်မစိတ်ကူးဖြစ်တဲ့ အဖေနဲ့ခွဲပြီး တစ်ယောက်တည်း ခွဲနေထိုင်ဖို့ အစီအစဉ်တွေကို သိပ်သဘောမတူလှပေမယ့် ကျွန်မ ပြင်မှာ၊ စိတ်မချမ်းမသာဖြစ်မှာကို မလိုလားလို့ မတားမြစ်ခဲ့ပါဘူး။ အဖေကိုယ်တိုင် ကျွန်မတစ်ဦးတည်းနေထိုင်မယ့် အိမ်ခန်းလေးကို ပြင်ဆင်ပေးပြီး လိုအပ်တဲ့အိမ်ထောင်မှုပစ္စည်းအလုံးစုံကို စနစ်တကျ ထည့်သွင်းပေးခဲ့ပါတယ်။ မကြာခဏလည်း အလည်ရောက်လာတတ် ပါတယ်။

“သတိတော့ အမြဲမပြတ်ရှိပစေနော်သမီး”လို့တော့ အဖေ စိတ် ပူပင်စွာ မှာလေ့ရှိပါတယ်။

“မပူပါနဲ့အဖေရယ်”လို့ ကျွန်မကလည်း ကတိစကားတွေ ထပ်ကာတလဲလဲ ပေးမြဲပါ။ အဖေ့ကိုပေးခဲ့တဲ့ကတိ တည်မြဲဖို့ ကျွန်မ ကြိုးစားရင်း စာသင်ရတာကို ကျွန်မ ပျော်မွေ့နေခဲ့ပါတယ်။ စည်း



www.burmeseclassic.com

www.burmeseclassic.com



စနစ်တွေပြဋ္ဌာန်းရင်း စေတနာသဒ္ဒါလေးကလည်း လွန်ကဲလာတာမို့ ဒီကျောင်းလေးက ကျောင်းသားလေးတွေအပေါ်လည်း ကျွန်မ သံယောဇဉ်တွယ်လာမိပါတယ်။ ဒါကြောင့် သတိထားရင်းနဲ့ပဲ တစ်နေ့ ကျွန်မ ကျောင်းဆင်းဖို့ အခန်းထဲကမီးခလုတ်တွေ ပိတ်ပြီး ထွက်လာတော့ ကျောင်းတစ်ကျောင်းလုံးမှာ လူတစ်ယောက်မှမရှိတော့ပါဘူး။ အချိန်ကလည်း ညနေခြောက်နာရီထိုးနေပြီမို့ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်စပျိုးနေပါပြီ။ ကျွန်မဟာ အလုပ်ထဲမှာ စိတ်နှစ်ပြီး သင်နည်း မှတ်ချက်တွေကို အကောင်းဆုံးနဲ့ အလွယ်ကူဆုံး သင်ပြနိုင်အောင် ကြိုးစားရေးသားနေလိုက်တာ တစ်ကျောင်းလုံး လူတစ်ယောက်မှမရှိတာကို မသိလိုက်တော့တဲ့အဖြစ်ပါ။ ကျောင်းထဲမှာ လူမရှိတော့ဘူး အထင်နဲ့ ကျောင်းဝင်းတံခါးမကြီးကိုလည်း ပိတ်သွားကြပြီမို့ မလွယ် ပေါက်ကလေးတစ်ပေါက်ကနေ အသာလျှိုထွက်ပြီး ကားမျှားရပ်ထားရာ ကျောင်းနောက်ဘက် ကွင်းပြင်အစပ်ကို ခပ်သုတ်သုတ် လျှောက်လာခဲ့မိပါတယ်။ ပိုက်ဆံအိတ်ကို ရင်ဘတ်ထဲပိုက်ပြီး အထိတ်တလန့်နဲ့ လျှောက်လာတဲ့ ကျွန်မပုံစံကို အဖေသာမြင်ရရင်တော့ သတိမရှိတဲ့ သူ့သမီးအတွက် အဖေ စိုးရိမ်ပူပန်လွန်းလို့ တဖွဖွ သတိပေးခဲ့တာပေါ့လို့ ထပ်ပြောမှာ သေချာပါတယ်။ အမှောင်ထုဟာ တစ်စထက် တစ်စ ကြီးစိုးလို့လာနေပါပြီ။

တိတ်ဆိတ်နေတဲ့အမှောင်ထုထဲက အသံဗလံတချို့ကို ကြားလိုက်ရတာနဲ့အတူ လူရွယ်နှစ်ယောက်ဟာ ကျွန်မရဲ့နောက်ဘက် ခပ်လှမ်းလှမ်းကနေ အမီလိုက်လာကြတာ တွေ့ရပါတယ်။ အမှောင်ထဲမှာတောင် သူတို့ ဂျာကင်တွေပေါ်က လူရိုးခေါင်းပုံကိုဏ်းဂဏ အမှတ်





အသားတံဆိပ်တွေက ကျွန်မကို ချောက်လှန့်နေသယောင်ထင်ရလို့ ဒီလူစုတွေဟာ ဘယ်နည်းနဲ့မှ လူကောင်းသူကောင်း ရည်ရည်မွန်မွန် လေးတွေ မဖြစ်နိုင်ဘူးလို့ ကျွန်မ တွက်လိုက်မိပါတယ်။ သူတို့အထဲ က တစ်ယောက်က “ဟေ့… ဆရာမတစ်ယောက်ပါလား”လို့ ပြောလိုက်တော့ “အို…မဖြစ်နိုင်ပါဘူး၊ ငယ်ငယ်လေးရှိသေးတာ ဆရာမရဲ့ အကူလက်ထောက်ပဲဖြစ်မှာပါ”လို့ နောက်တစ်ယောက်က ဝင်ပြောပါတယ်။ ကျွန်မက ခပ်မြန်မြန်လေး တိုးလျှောက်တော့ သူတို့က မကြားတကြားနဲ့

“ဟော..အချောသားပဲနော်”လို့ ပြောကြပြန်တယ်။ ကျွန်မဟာ ရင်ဘတ်ထဲမှာပွေ့ထားတဲ့ လက်ကိုင်အိတ်ထဲ လက်နှိုက်ပြီး ကားသော့ကို အငမ်းမရစမ်းပြီး ရှာဖွေမိပါတယ်။ ကားသော့သာ လက်ထဲရောက်လို့ကတော့ ကားတံခါး မြန်မြန်ဖွင့်ပြီး သူတို့ ကျွန်မနားရောက်မလာခင် ကားတံခါးတွေကို အလုံ ဂျက်ချပြီး အမြန်မောင်း ပြေးရုံပေါ့”လို့ စိတ်အတွေးထဲမှာ ရောက်လာမိပါတယ်။ ကျွန်မ နှလုံးသားတွေလည်း တဒုန်းဒုန်းခုန်လို့ပေါ့။

အလွန်တုန်လှုပ်ချောက်ချားစွာနဲ့ပဲ ကျွန်မလက်ဟာ ကားသော့ကို စမ်းမိတာကို သိလိုက်ရမှ ကျောင်းစာသင်ခန်းထဲက စားပွဲပေါ်မှာ ကျန်ခဲ့တဲ့ ကားသော့လေးကို ကျွန်မ အမှတ်ရပါတော့တယ်။ ရုတ်တရက် ကျောင်းဝင်းထဲမှာ လူတစ်ယောက်မှမရှိတော့တဲ့ အသိကြောင့် တုန်လှုပ်သွားပြီး ကသုတ်ကရက်နဲ့ စားပွဲပေါ်က ကားသော့ကို ကျွန်မ ယူခဲ့ဖို့ မေ့မိတာပါလား။

“ဟေ့…ရှေ့က ဆရာမလေးကို မလွတ်စေနဲ့ကွာ”



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ထအော်လိုက်ပါတယ်။ ကျန်လူငယ်တွေက ညာသံပေးပြီး ဝိုင်းထောက်ခံကြပါတယ်။

"ဘုရားသခင် ကျွန်မကို ကယ်မတော်မူပါ"လို့ တမ်းတရင်း ရတတ်သမျှ ဘုရားစာတွေကို တီးတိုးရေရွတ်ရင်း အဖေ့မျက်နှာကို လည်း ပြေးမြင်လိုက်ပါတယ်။

"ကျေးဇူးရှင်အဖေ... သမီးတော့ သတိတစ်ချက်လစ်မိတာနဲ့ ဒုက္ခတွေ့ပြီ။ အဖေ အမြဲပြောနေတဲ့ သတိထားနော်ဆိုတဲ့ စကား အဓိပ္ပာယ်ကို သမီး ကောင်းကောင်းသိပါပြီ အဖေရယ်"

ကျွန်မဟာ လက်ကိုင်အိတ်အတွင်းပိုင်းတစ်ခုလုံးကို အကြိမ်အခါ ပေါင်းများစွာ စမ်းကြည့်ရှာဖွေနေရတာကို အားမရသေးဘဲ အတွင်း ပိုင်း ဇစ်ဆွဲအိတ်နေရာကိုလည်း ဖွင့်ကြည့်လိုက်တော့ ကားသော့တော့ ဟုတ်ဟန်မတူဘဲ ကီးချိန်းအသစ်ကလေးနဲ့ သော့လေးတစ်ချောင်းကို စမ်းမိပါတယ်။ ဘယ်အချိန်ကများ ဒီသော့အသစ်လေး ကျွန်မအိတ်ထဲ ရောက်နေတာပါလိမ့်လဲလို့ လျှပ်တစ်ပြက် စဉ်းစားရင်း အချိန်မဆိုင်း ဘဲ အဲဒီသော့အသစ်နဲ့ပဲ ကားတံခါးကို ဖွင့်ကြည့်လိုက်ပါတယ်။

ပွင့်သော်ရှိ မပွင့်သော်ရှိ ကျွန်မရဲ့ လွတ်မြောက်ဖို့လမ်းစဟာ ဒီတစ်ချက်ပဲ ကျန်တော့တယ်မဟုတ်လား။ မပွင့်ခဲ့လျှင်လည်း ဆိုးသွမ်း လူငယ်ရှစ်ဦးရဲ့လက်ထဲမှာ ကျွန်မဘဝဟာ တွေးဝံ့စရာမရှိတော့ လောက်အောင်ကို ကြေမွပျက်စီးသွားရတော့မှာပါ။ ပွင့်ခဲ့ရင်တော့ ကျွန်မ လွတ်မြောက်နိုင်ပြီပေါ့။

ဟော...ကားတံခါးဟာ သော့အသစ်နဲ့ အံဝင်ခွင်ကျမို့လားမသိ၊ ပွင့်သွားပါတယ်ရှင်...ကျွန်မလည်း ကားထဲ အမြန်ဆုံးဝင်၊ တံခါး





ခုက်တွေအားလုံးချပြီး ကားစက်အင်ဂျင်ကို စတင်နှိုးနေချိန်မှာတော့ လူငယ်တစ်စုဟာ ကျွန်မကားကို ခြေနဲ့ပိတ်ကန်၊ ကားရှေ့စက်ဖုံးပေါ် ထို လက်သီးနဲ့ထု စသဖြင့် ဝိုင်းပြီး သောင်းကျန်းနေကြပါတော့တယ်။ ကျွန်မလည်း ကားလီဗာကို အားရှိသမျှ ဆောင့်နင်းချလို့ စက်ကုန်ဖွင့် မောင်းပြေးခဲ့ပြီး တစ်မိုင်လောက်မောင်းမိတော့မှ ဟင်းချ စိတ်အေး နိုင်ပါတယ်။

အခန်းရောက်တော့မှ ကျွန်မအခန်းရဲ့ တံခါးကို သော့နဲ့ဖွင့်ဝင်ပြီး ကိုယ့်ကိုယ်ကို အိပ်ရာပေါ်ပစ်လှဲချလိုက်ချိန်မှာပဲ အဖေ့ဆီက ဖုန်းဝင် လာပါတယ်။ ညနေတိုင်း ခြောက်နာရီခွဲနဲ့ ခုနစ်နာရီကြား တယ်လီ ဖုန်း ခေါ်သံတွေဟာ အဖေ့ဆီကဆိုတာ ကျွန်မက သိနှင့်ပြီးသားမို့

"အဖေ...အဖေ နေကောင်းတယ်နော်၊ ထမင်းရော စားပြီးပြီလား၊ ရာသီက တဖြည်းဖြည်းအေးလာပြီ၊ အဖေ အပြင်တွေ သိပ်မထွက်နေ နဲ့ဦးနော်"လို့ တိုက်ရိုက်ပြောချနေတာကို တစ်ဖက်က

"ဟဲ့...သမီး ရှယ်ရှန်း နင်ချည်းပဲပြောနေတာနဲ့ ငါပြောစရာရှိတာ တွေ မေ့ကုန်ပါဦးမယ်။ တလောက အဖေ သမီးဆီ လာတုန်းက လိုလိုမယ်မယ်ဆိုပြီး ကားသော့အပိုတစ်ချောင်းလုပ်ပြီး သမီးလက်ကိုင် အိတ်အတွင်းပိုင်းထဲက ဇစ်ဆွဲအိတ်အသေးလေးထဲမှာ ထည့်ထားပေး ခဲ့တာ သမီးကိုလည်း မပြောဖြစ်ခဲ့ဘူး။ လိုရမယ်ရ သမီး ကားသော့ မေ့ခဲ့လို့ အခန်းပြန်မတက်ချင်လည်း အလွယ်တကူရအောင်ပေါ့။ သမီး အဲဒီဇစ်ဆွဲအိတ်ထဲမှာ ကားသော့အပိုတစ်ချောင်းရှိတယ်ဆိုတာ မမေ့နဲ့နော်"လို့ အဖေပြောနေခိုက်မှာတော့ ကျွန်မပါးပြင်ပေါ်ကို မျက်ရည်ပေါက်ကြီးတွေ လိမ့်ဆင်းလာနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဩော်…အဖေ…အဖေ…ကျွန်မကို ဘယ်သူနဲ့မှမတူအောင် ချစ်ရှာတဲ့ အဖေ။ ထောင့်စေ့အောင် လိုလေသေးမရှိ ဖန်တီးပေးရှာတဲ့အဖေ။ ကျွန်မဘဝကို အဖေ့မေတ္တာကြီးမားစွာနဲ့ လိုလိုမယ်မယ် ထည့်ထားပေးခဲ့တဲ့ ကားသော့လေးတစ်ချောင်းက ကယ်တင်ခဲ့တာပါလား။ ကျွန်မရဲ့ ပေါ့လျော့မှုကြောင့် ကြုံတွေ့ရမယ့် ဘေးအန္တရာယ်တွေကိုလည်း အဖေ ကြိုမြင်ခဲ့တာပါပဲ။ အနီးကပ်စောင့်ရှောက်ခွင့်မရှိပေမယ့် အဝေးကနေ အန္တရာယ်ကလွတ်ရာလွတ်ကြောင်း ကြံဆောင်နိုင်ခဲ့တဲ့ အဖေရဲ့ အမြော်အမြင်နဲ့ မေတ္တာတရားကိုလည်း ကျွန်မ လက်အုပ်ချီမိုး အဝေးကနေ မရှိခိုးဘဲ မနေနိုင်တော့ပါဘူး။

ကျွန်မမှာ မိခင်ရင်ငွေ့နဲ့ ဝေးခဲ့ရပေမယ့် အဖေ့လို အဖေတစ်ယောက်ရဲ့ သမီးဘဝမှာ ကျွန်မ အမေဆိုတာကို တစ်ခါမှ မတောင့်တခဲ့ပါဘူး။ အဖေ့တာဝန်ကော အမေ့တာဝန်ပါ ရောယူခဲ့ရှာတဲ့ အဖေ့ရဲ့ စောင့်ရှောက်ထိန်းသိမ်းမှုအောက်မှာ ကျွန်မဘဝဟာ လုံခြုံအေးချမ်းလို့ ပြီးပြည့်စုံနေခဲ့တာပဲမဟုတ်လားအဖေ။

**SHARON WHITLEY.**

**(A Simple Act of Love)**

◆



# အိုဂျယ်ရီရယ်

ကျွန်တော်က အိုင်ဗွိလိပ်တက္ကသိုလ်က ဗေဒလုံးနည်းပြဆရာတစ်ဦး ဖြစ်ပါတယ်။ အားကစားသမား ကျောင်းသား တော်တော်များများနဲ့ ရင်းနှီးကျွမ်းဝင်နေတဲ့ ဆရာတစ်ပိုင်း၊ သူငယ်ချင်းတစ်ပိုင်း၊ လူရွယ်တစ်ဦးပါ။ ကျွန်တော်က ဘယ်သူက ရှေ့တန်းမှာ အားထားရတယ်၊ ဘယ်သူကဖြင့် နောက်တန်းအတွက် အကောင်းဆုံး၊ ဂိုးဖမ်းညံ့တာက ဘယ်သူဘယ်ဝါ စသဖြင့် ကျွန်တော် အားလုံးနီးပါးကို ကောင်းကောင်း သိနေပါတယ်။ အဲဒီလူတွေထဲက ဂျယ်ရီဆိုတဲ့ လူငယ်လေးတစ်ဦးကတော့ မှတ်မှတ်သားသားရှိစရာကောင်းလှတဲ့ လူငယ်တစ်ယောက်ပါ။

အားကစားလေ့ကျင့်ရုံကို အစောဆုံးရောက်လာတာ ဂျယ်ရီပါ။ တစ်ရက်မှ မပျက်မကွက်အောင်ကို လေ့ကျင့်ရက်မှန်တဲ့ လူငယ်တစ်ဦးပါပဲ။ လေးနှစ်တာကာလပတ်လုံး မှန်မှန်လေ့ကျင့်ခန်းဆင်းခဲ့တဲ့ ဂျယ်ရီကို သူ့ဖခင်ကြီးက နေ့စဉ်လာပြီး အားပေးတာလည်း မှတ်မိသား



www.burmeseclassic.com

www.burmeseclassic.com



စရာတစ်ခုပါ။ ဂျယ်ရီရဲ့ သူ့ဖခင်ကြီး လက်ချင်းချိတ်လို့ တက္ကသိုလ်ပရိဝုဏ်အနှံ့ လျှောက်သွားရင်း ရယ်မောပျော်ရွှင်နေတဲ့ မြင်ကွင်းကလည်း တခြားသားအဖအတွဲတွေမှာ မြင်ရခဲတာကြောင့် ကျွန်တော် သူ့ကို အထင်တကြီးနဲ့ မှတ်မှတ်သားသားရှိခဲ့မိတာလည်း ဖြစ်ပါတယ်။

လူပျိုပေါက်အရွယ် သားငယ်နဲ့ လက်ချင်းချိတ်ပြီး ပရိဝုဏ်အနှံ့ လည်ပတ်ကာ ရယ်မောပျော်ရွှင်ဖို့ အချိန်ပေးနိုင်တဲ့ ဖခင်ရဲ့ ကြီးမားတဲ့ မေတ္တာတရားကိုလည်း ကျွန်တော် မလေးစားဘဲမနေနိုင်ပါဘူးခင်ဗျား။ အချိန်အားလေးများ ရခဲ့ရင်ဖြင့် သူတို့သားအဖနဲ့ စကားစမြည်ပြောဖို့ လက်ဖက်ရည်သောက်ဖိတ်ဦးမယ်လို့ ကျွန်တော် စိတ်ထဲ တေးထားခဲ့တာလည်း အမှန်ပါပဲ။ ဂျယ်ရီကလည်း အဖေနဲ့ တွေ့လို့ကတော့ လောကကြီးတစ်ခုလုံးကို မေ့သွားတတ်တဲ့ ကောင်စားလေးမို့ သူ့အဖေနဲ့ ကျွန်တော်တို့ မိတ်ဆက်ပေးဖို့တောင် မေ့နေတဲ့ကောင်လေးပါ။

ဂျယ်ရီကိုလည်း သူ့အဖေအကြောင်း တစ်ခါမှ မေးမကြည့်ဖြစ်ပါဘူး။ ဒါပေမယ့် အဝေးကမြင်ရတဲ့ ကျွန်တော့်ရင်ထဲမှာတောင် သူတို့သားအဖရဲ့ ချစ်ခင်ပေါင်းစည်းမှုက ကြည်နူးချမ်းမြေ့စရာ ဖြစ်နေခဲ့ပါတယ်။ တစ်ခုပဲ ပြောစရာရှိပါတယ်။ လေးနှစ်တာလုံး မပျက်မကွက် ဇွဲနှပဲနဲ့ လေ့ကျင့်မှုပြုခဲ့ပေမယ့် ဂျယ်ရီရဲ့ခြေကတော့ လုံးဝ တက်မလာပါဘူး။ သူ့ကို အလွန်ဆုံး ကျောင်းတွင်းအသင်းအချင်းချင်း အပျော်တမ်းယှဉ်ပြိုင်တဲ့အခါတွေမှာပဲ ထည့်သွင်းကစားနိုင်မှာ ကလွဲလို့ တက္ကသိုလ်အချင်းချင်း၊ မြို့နယ်ကလပ်အသင်းတွေနဲ့ ကစားရမယ့် ပွဲတွေအတွက် အားထားလို့မရနိုင်တာတော့ အမှန်ပါပဲ။





ဒီလိုနဲ့ ဂျယ်ရီ တက္ကသိုလ်နောက်ဆုံးနှစ် ရောက်လာခဲ့ပါပြီ။ ဘောလုံးပြိုင်ပွဲရာသီမို့ အစဉ်အလာအားဖြင့် ပြိုင်ဘက်တွေဖြစ်တဲ့ ဂျော်ဂျီယာကလပ်အသင်းနဲ့ ဂျော်နီယာစက်မှုသိပ္ပံအသင်း၊ မီရှီဂန်ပြည်နယ်နဲ့ အိုဟိုင်းအိုပြည်နယ်ကလပ်အသင်းများနဲ့ ပွဲစဉ်တွေကြားထဲမှာ ကျွန်တော်တို့ အိုင်ဗီလိပ်အသင်းက ကြားညှပ်ပြီး အကြိတ်အနယ် နွှဲရမှာမို့ ကစားမယ့်လူတွေကို နေရာထားမမှားရလေအောင် ဂရုမမှုထားပြီး ရွေးချယ်နေတဲ့ တစ်ညနေခင်းမှာ ကျွန်တော့်အခန်းတံခါးခေါက်သံနဲ့အတူ ဂျယ်ရီကို တံခါးဝမှာ တွေ့လိုက်ရတော့ အမြဲတမ်း ပြုံးရွှင်နေလေ့ရှိတဲ့ သူ့မျက်နှာနုနုလေးဟာ မှုန်မှိုင်းရင့်ရော်ပြီး ဝမ်းနည်းကြေကွဲရိပ်သမ်းတဲ့ ဂျယ်ရီရဲ့ မျက်လုံးတွေဟာ ခါတိုင်းလို တောက်ပမနေနိုင်ဘဲ မျက်ရည်တွေနဲ့ စိုစွတ်နေပါတယ်။

"ဆရာ...ကျွန်တော့်အဖေဆုံးပြီလို့ ခုပဲ ဖုန်းရပါတယ်။ ကျွန်တော် အိမ်ပြန်မလို့ လေးငါးရက် လေ့ကျင့်ကွင်းမဆင်းနိုင်မှာမို့ ခွင့်လာတိုင်တာပါဆရာ၊ ဖြစ်ပါတယ်နော်၊ ကျွန်တော့်ကို ခွင့်ပေးမယ်မဟုတ်လားဆရာ"လို့ ဂျယ်ရီက တုန်တုန်ခါခါလေး ပြောပါတယ်။

"ငါစိတ်မကောင်းလိုက်တာ ကလေးရယ်၊ မင်းသိပ်ချစ်တဲ့အဖေတစ်ယောက်လုံး ဆုံးပါးသွားတဲ့ကိစ္စ မင်း မဖြစ်မနေ သွားကိုသွားရမှာပေါ့ကွယ်။ အေးအေးဆေးဆေးနေပါ၊ လာမယ့် စနေနေ့ ဘောလုံးပွဲအမီ ပြန်မလာနိုင်လို့လည်း စိတ်ထဲ ဘယ်လိုမှ မအောက်မေ့နဲ့။ မင်းကို ငါ ခွင့်ပေးပါတယ်။ ဖြေသာနိုင်အောင် [illegible] နေလို့ ကျွန်တော်က ပြန်ပြောလိုက်တော့ ခေါင်းလေးဆတ်ဆတ် ညိတ်ပြီး ဂျယ်ရီ ထွက်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သောကြာနေ့ ညခင်းမှာ ဂျယ်ရီ ကျွန်တော့်အခန်း တံခါးဝကို ထပ်မံရောက်ရှိလာခဲ့ပြန်ပါတယ်။

"ကျွန်တော် ပြန်ရောက်ပါပြီဆရာ၊ ကျွန်တော် တစ်ခု တောင်းဆို မေတ္တာရပ်ခံချင်တာကတော့ စနေနေ့ပွဲစဉ်မှာ ကျွန်တော် ဝင်ကစား ပါရစေ ဆရာရယ်၊ အကောင်းဆုံးကစားပေးပါ့မယ်ဆရာ"လို့ အား တက်သရော ပြောရှာပါတယ်။

ကျွန်တော်က အဲဒီနေ့ပွဲစဉ်အတွက် လူရွေးထားပြီးပြီမို့ နောင် ကျောင်းတွင်းပွဲစဉ်တွေကျမှ ဝင်ကစားခိုင်းမယ်၊ အားမွေးရင်း လေ့ကျင့် ထားဖို့ နှစ်သိမ့်ပေမယ့် ဂျယ်ရီက မလျှော့ဘူးခင်ဗျ။ အတင်း ထပ်မံ တောင်းဆိုနေတဲ့ သူ့မျက်နှာလေးကို ကြည့်ပြီး ကျွန်တော့်စိတ်ထဲမှာ သနားတာရော အားနာတာပါ ပေါင်းပြီး သူ့ကို ကစားခွင့်ပြုလိုက် တယ်ဆိုရင် ဂျယ်ရီဟာ ပျော်ပါးရွှင်မြူးစွာနဲ့ ကျွန်တော့်အခန်းထဲက ထွက်ခွာသွားလျှင်သွားချင်း ငါတော့ မှားပြီလို့ ချက်ချင်း သိလိုက်ရ ပါတယ်။

"ငါ ဘာလို့များ ဂျယ်ရီ့ကို ကစားခွင့်ပြုလိုက်မိတာပါလိမ့်။ ငါမှားသွားပြီ၊ တကယ့်လက်ရွေးစင် ဒေါင်ဒေါင်မြည်တွေချည်း ဝင် ကစားခိုင်းတာတောင်မှ မနည်းနိုင်အောင်ကစားရမယ့် ဒီပွဲဟာ ဘယ် လောက် အရေးကြီးတယ်ဆိုတာ ငါလည်း သိရက်သားနဲ့၊ မတတ်နိုင် ဘူးလေ၊ သူ့ကို ဝင်ကစားဖို့ ကတိပေးလိုက်မိပြီပဲ။

စနေနေ့ပွဲစဉ်မှာ ဂျယ်ရီ ဝင်ကစားမယ်ဆိုတဲ့သတင်းဟာ မကြာမီ မှာပဲ ကျွန်တော်တို့တက္ကသိုလ်က ဘောလုံးဝါသနာအိုးများအကြား ချက်ချင်းပျံ့သွားပါတယ်။ ဒါကြောင့်ပဲ အချို့ဆို "ဖြစ်ပါ့မလား၊





ဂျယ်ရီ ခြေဘယ်လောက်ရှိတယ်ဆိုတာ ဆရာ အသိဆုံးပဲ၊ ဂျယ်ရီ့ကို ဒီပွဲမှာထည့်ကစားတာကို ပြင်လို့မရတော့ဘူးလား"လို့ ကိုယ်ထိ လက်ရောက် လာရောက်ပြောဆိုသူများလည်း ရှိပါတယ်။

ကျွန်တော့်ကိုယ်ကျွန်တော် မှားမှန်းသိပေမယ့် ဖခင်ကွယ်လွန် သွားရှာတဲ့ ဂျယ်ရီ့အတွက် သူ ပါဝင်ခွင့်ရတဲ့အတွက် သူ့နှလုံးစိတ် ဓမ်း တစ်စုံတစ်ရာ သက်သာစေချင်တာကတော့ အားကစားရွေးချယ် မှုနဲ့ မပတ်သက်တဲ့ ကျွန်တော်ရဲ့ ဂျယ်ရီ့အပေါ်ထားရှိတဲ့ စေတနာ သက်သက်ပါ။

"သနားတာနဲ့ စေတနာနဲ့ ရွေးချယ်မှုကို သီးခြားစီ ပြုသင့်ပါ တယ်"လို့ ဝေဖန်တဲ့လူတွေတောင် ရှိပါတယ်။ မတတ်နိုင်တော့ပါ။ ဆေဖန်ချင်တဲ့လူတွေလည်း ဝေဖန်ပါစေတော့။

ကျွန်တော်ဟာ ကျွန်တော့်ဆီ လာရောက်တောင်းဆိုတဲ့ အားကစား သမားများကိုသာမက အခြားအားကစားသမား လူငယ်များရဲ့ မျက်လုံးများကိုပါ ရင်မဆိုင်ဘဲ ပြောချင်တာပြောကြတော့ဆိုပြီးပဲ ထားလိုက်ရပါတယ်။

ဂျယ်ရီ့ကို ပါဝင်ကစားခွင့်ပြုမိသော ကျွန်တော့်ရဲ့လုပ်ရပ်ကို သူတို့ နားမလည်နိုင်ရုံသာမက အံ့သြနေမှာလည်း အမှန်ဖြစ်ပါ၏။ ကျွန်တော့်ဦးဆောင်မှုအပေါ် သူတို့ သံသယပွားနေကြမည်မှာလည်း အမှန်ဖြစ်ပါတယ်။

ဘောလုံးပွဲစဖို့ အချိန်နီးလာပါပြီ၊ ပရိတ်ရဲ့ အားပေးသံများက သည်း ပိုမိုကျယ်လောင်လာပါတယ်။ ကျွန်တော့်ရင်ထဲမှာလည်း ပုံမှန် မဟုတ်ဘဲ ရိုက်ခတ်လှုပ်ရှားနေရပါတယ်။ ဂျယ်ရီလည်း အခြား



www.burmeseclassic.com

www.burmeseclassic.com



အားကစားသမားများနည်းတူ ကွင်းအစပ် မြက်ခင်းပြင်ပေါ်မှာ သွေးပူလေ့ကျင့်ခန်းယူနေပါတယ်။ သူ့မျက်နှာကို ကျွန်တော် တစ်ချက်ခိုးကြည့်လိုက်တဲ့အချိန်မှာတော့ သူ့မှာ ယုံကြည်မှုအပြည့်နဲ့ အေးဆေးတည်ငြိမ်နေတာကို တွေ့ရပါတယ်။ ပွဲကြီးပွဲကောင်း တစ်ခါမှ မကန်ဖူးသေးသူဟုပင် ထင်ရခက်သည့်အနေအထားမျိုးမှာ ဂျယ်ရီကို မြင်လိုက်ရတော့ ကျွန်တော် နည်းနည်းတော့ စိတ်အေးရပါတယ်။ ဒီရွေးချယ်မှုက ဘောလုံးနည်းပြဆရာတစ်ဦးအနေနဲ့ ဘယ်လောက်အနေရကျပ်မယ်ဆိုတာ အားလုံးအသိ ဖြစ်ကြမှာပါ။ ကဲ–ဂျယ်ရီရေ မင်းအတွက် ငါတော့ ဆောင်ရွက်ခဲ့ပြီးပြီလေ။

ဘောလုံးပွဲစတင်ဖို့ ခရာမှုတ်လိုက်ပါပြီ။ ဘောလုံးကလေးသည် မြေပေါ်သို့ကျရသည်ပင်မရှိ၊ သူ့ခြေမှ ကိုယ့်ခြေပြောင်းရင်း လေထဲတွင် ဝဲပျံလို့နေပါတယ်။ ယခုအချိန်တွင် သွက်လက်စွာ ကြိုးစားပမ်းစား ကစားနေကြသော နှစ်ဖက်အသင်းသားများ၏ ခြေစွမ်းခြေစသည် ရုတ်တရက် အကဲဖြတ်ဖို့ပင် ခက်ရပါတယ်။ သူနိုင် ကိုယ်နိုင်အစွမ်းကုန်ကြိုးပမ်း၍ ကစားနေကြသူများကို မိမိတို့ သံယောဇဉ်ရှိသူ၊ နှစ်သက်သဘောကျသူ သူငယ်ချင်းမိတ်ဆွေများက နာမည်တပ်ခေါ်၍ အားပေးနေကြသည်မှာလည်း တစ်ကွင်းလုံး ဆူညံနေတော့သည်။ ကျွန်တော် နားစွင့်ကြည့်လိုက်တော့ ဂျယ်ရီ့နာမည် တပ်ခေါ်၍ အားပေးခြင်းတော့ မကြားရ။ ဂျယ်ရီကလွဲလျှင် အားလုံးသောသူများ၏ အမည်များကိုသာ ခေါ်ဆို အားပေးနေကြပါတယ်။

တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ဂိုးသွင်းခွင့်ရရှိရေးအတွက် ကစားနေကြသော နှစ်ဖက်စလုံးမှ အားကစားသမားများသည် တစ်





ဖက်ကိုတစ်ဖက် အလျှော့ပေးတွက်၍မရ။ သတိတစ်ချက်မလစ်စေရေးအတွက် အစွမ်းကုန် ကြိုးပမ်းပြီး ထိန်းကစားနေသည်ကို တွေ့ရပါတယ်။ နာမည်ကြီးအသင်းကို အနိုင်ရရှိရေးမှာ ခြေတူနေပြီဖြစ်သော်လည်း ဉာဏ်ကူကစားနိုင်ပါမှ တော်ကာကျမည်ကို ကျွန်တော် သဘောပေါက်သလို ဘောလုံးကွင်းထဲမှ ကစားနေသူများကလည်း ချက်ချင်းသဘောပေါက်သောကြောင့် သူတို့လည်း ကစားကွက် သေနင်္ဂဗျူဟာကို စပြောင်းကစားနေသည်ကို ရုတ်ခြည်းတွေ့လိုက်ရပါတယ်။ ကွင်းလယ်မှ ဂျယ်ရီ စတင်၍ ဘောလုံးကိုထိုးဖောက်ဝင်လုပြီး ကျွန်တော်သင်ကြားပေးထားသော ကစားကွက်ကို ဆင်ယှနေသည်ကို မြင်လိုက်ရသည့်ခဏ ကျွန်တော် အတော်အံ့သြသွားမိပါတယ်။ အဲ့ဒီအပြုအမူက တစ်ဖက်အသင်းပင် အကွက်မမိချင်တော့ ကသောင်းကနင်းဖြင့် ခံစစ်ကို ပြောင်းလဲအစွမ်းပြရင်း အသေအလဲ ခုခံကာကွယ်နေရရှာပါတော့တယ်။ အဲဒီအခါမှာတော့ ပရိသတ်ဆီက ဂျယ်ရီ..ဂျယ်ရီကွဆွဲထား တော်လှ ချည့်လား သူငယ်ချင်းရယ်”လို့ အားပေးနေသောအသံများ ရုတ်တရက် ထွက်ပေါ်လာပါတယ်။ ယင်းခဏမှာပင် ဘောလုံးကို တစ်ယောက်တည်း ကျုံးသယ်လာသော ဂျယ်ရီကအလွန်လျင်မြန်လှသောအဟုန်ဖြင့် တစ်ဖက်အသင်း၏ ဂိုးပေါက်ထဲသို့ ဘညာသွားဖါပါ ကန်သွင်းလိုက်ရာ ဂိုးသမား မဖမ်းမိတော့ဘဲ ကျွန်တော်တို့အသင်းအတွက် ပထမ အနိုင်ဂိုးကို ဖွင့်ဆော်ဦး ရရှိလိုက်ပါတော့တယ်ခင်ဗျာ။

ကျွန်တော် အိပ်မက်များမက်နေလေရော့သလားလို့ အထင်ရှိကာအောဘီသို့ မျက်စိကစားလိုက်တော့ အိုင်ဗီလိပ်၏ အလှဘုရင်မဘဲ့



www.burmeseclassic.com

www.burmeseclassic.com



ရရှိထားသူ ရို(စ်)မေရီစမစ်က "ဆရာ ဂျယ်ရီကို ကျွန်မ ပန်းကုံးစွပ်ပါရစေနော်"လို့ အပြုံးကလေးဖြင့် တောင်းခံနေသည်ကို တွေ့လိုက်ရတော့ ကျွန်တော်က "အေး…ဂုဏ်ပြုရမှာပေါ့"လို့ အလိုက်သင့်ပြန်ပြောလိုက်မိပါတယ်။ သေချာပါပြီ၊ ဂျယ်ရီခြေစွမ်းပြသည့်ပွဲပေပဲ။ ကျွန်ဘောလုံးသမားများလည်း အားတက်လာကာ အပေးအယူ အချိတ်အဆက်မိမိ ကစားနေကြသည်မှာ ပွဲစဉ်တစ်လျှောက် ကြည့်၍ အကောင်းဆုံးပွဲတစ်ပွဲအဖြစ် ပရိသတ်က အသိအမှတ်ပြုကြသည်။ တစ်ဖက်အသင်းမှ ဘောလုံးသမားများပင် မင်တက်မိကာ ဂျယ်ရီကို မျက်ခုံးပင့်ကြည့်လာကြပါတော့တယ်။ တခြားပွဲစဉ်တစ်လျှောက် တစ်ခါမှ မမြင်ဖူးခဲ့၊ မတွေ့ဖူးခဲ့တဲ့ လူသစ်တစ်ဦးဖြစ်တဲ့ ဂျယ်ရီ ဟူသော နာမည်ကိုပင် သူတို့ အမှတ်မထားမိကြ။ ယင်းလူစိမ်းသူငယ်က ခြေစွမ်းပြ ကစားလာပြီဆိုတော့ သူတို့အားလုံးလည်း ဖြုံကုန်ကြပါတယ်။ ဂျယ်ရီကလည်း ဘောလုံးမော်အတတ်များ ဝင်နေလေရော့သလား မှတ်ထင်ရအောင်ပင် ခံစစ်၊ တိုက်စစ် နှစ်မျိုးစလုံးကို ကွင်းတစ်ကွင်းလုံးမှာ ကျွမ်းကျင်စွာ လိုက်၍ ကစားပြနေပါတော့တယ်။ ထို့ပြင် ထိုးဖောက်လုယူခြင်း၊ ကာကွယ်ပိတ်ဆို့ခြင်း၊ အပြေးလျင်မြန်၍ သက်လုံကောင်းစွာ အမောခံနိုင်ခြင်း၊ ဂိုးသွင်းခွင့်များကို အခွင့်အရေးရလျှင် ရသလို ဖန်တီး၍ ပညာသားပါပါ ကန်သွင်းနိုင်ခြင်း စသဖြင့် ဘောလုံးသမားကောင်းတစ်ဦးမှန်လျှင် ရှိရမည့် အရည်အချင်းများအားလုံးနှင့် ပြည့်စုံနေခြင်းတို့ကြောင့် ပွဲစဉ်၏ ဒုတိယပိုင်းတွင်လည်း တစ်ဖက်အသင်းမှ ဖိကစားကာ အသေအလဲ ကာကွယ်ခုခံခဲ့ကြသည့်တိုင် ဂိုးသွင်းခွင့်မသာခဲ့သဖြင့် ကျွန်တော်တို့ အိုင်ဗီလိပ်





အသင်းမှာ ဘယ်သူမှ မထင်မှတ် မမျှော်လင့်ပါဘဲ တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြပါတယ်ခင်ဗျာ။

ဘောလုံးသမားများရဲ့ အဝတ်လဲခန်းအတွင်းမှာလည်း အပြင်ကွင်းထဲမှာကဲ့သို့ပင် ဆူညံလျက်ရှိပါတယ်။ ဘယ်အကွက်မှာ ဘယ်လိုလိမ်ဆွဲ၍ ကွေ့ပတ်ကာ ဂိုးသွင်းခွင့်ရပါလျက် အခွင့်အရေးကောင်းတစ်ခု ဆုံးရှုံးရလေခြင်းလို့ တဗျစ်တောက်တောက် ကြိတ်မနိုင် ခဲမနိုင်နှင့် သံဗိရိနှင့် သံဗိရိနံ့ရကို လက်သီးနဲ့ထိုးနေတဲ့သူ ရှိသလို အားရကျေနပ်လွန်းလို့ တွေ့သမျှ အနီးအနားက ကစားဖော်များကို လိုက်ဖက်နမ်း၊ ထိပ်ပုတ်ခေါင်းပုတ်လုပ်နေတဲ့လူတွေလည်း ရှိပါတယ်။ ခမ်းနည်းမှု၊ ဝမ်းသာမှု အစွန်းရောက်လွန်းသူတွေကိုယ်တိုင် မိမိကိုယ်မိမိ ထိန်းမနိုင်သိမ်းမရ အော်ဟစ်သံတွေကြားထဲတွင် ငိုက်စိုက်ကျနေသော သူ့ခေါင်းကို သူ့ဒူးပေါ်တင်၍ အခန်းထောင့်တစ်နေရာတွင် အိတ်ဆိတ်စွာ ဆောင့်ကြောင့်ထိုင်နေသောသူကတော့ ဂျယ်ရီပင်ဖြစ်ပါတယ်။ သူ့ကို ကျွန်တော်က သိုင်းဖက်ရင်း

"ဂျယ်ရီ…ဘာဖြစ်လို့လဲသားရယ်၊ ဒီနေ့ သား အကောင်းဆုံးကစားခဲ့တာပဲမဟုတ်လား။ မင်း ဒီလိုကစားနိုင်လိမ့်မယ်လို့တောင်ငါမထင်ထားခဲ့မိဘူး။ တကယ်ပါဂျယ်ရီ၊ မင်း ဘယ်ကအင်အားတွေ၊ ကျွမ်းကျင်မှုတွေနဲ့ ဘော်လုံးမော်အတတ်ကို ဘယ်ကရခဲ့ပါလိမ့်မလဲလို့ဆရာ တွေးနေမိတာ"လို့ ဝမ်းသာအားရ မေးလိုက်မိပါတယ်။

ဒီတော့မှ ဝမ်းသာတာလား၊ ဝမ်းနည်းတာလား၊ ဘယ်လိုအရိပ်အတဲမျိုးမှ ဖမ်းလို့မရတဲ့ ဂျယ်ရီ့မျက်နှာလေး မော့လာပြီး "ဆရာ



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဘဝတစ်ပါးကို ပြောင်းသွားရှာတဲ့ ကျွန်တော့်အဖေဟာ မျက်မမြင် ဒုက္ခိတတစ်ဦးပါ။ သူ လေးနှစ်လုံးလုံး ကျွန်တော် ဘောလုံးကစားတာကို ပျက်ရက်မရှိ လာအားပေးခဲ့ပေမယ့် ကျွန်တော့်ကစားကွက်ကို သူ မမြင်နိုင်ရှာပါဘူး။ ဒီနေ့တော့ ကျွန်တော်ကစားတာကို ကောင်းကင်ဘုံကနေ ပထမဆုံးအကြိမ် အဖေ မြင်နိုင်မှာမို့ ဒီပွဲမှာ ကျွန်တော် အစွမ်းကုန်ကစားခဲ့တာပါဆရာ။

"အို...ဂျယ်ရီရယ်"

"ကလေးရယ်"

**AUTHOR UNKNOWN.**

**(What happened)**

◆



# အဖေ့ရဲ့ကသပေါင်းကြီး

ကျွန်တော် ဆယ့်တစ်နှစ်သားအရွယ်က ဖြစ်ရပ်လေးတစ်ခုပါ။ ၁၁ နှစ်အရွယ်ကဆိုပေမယ့် ဒါကို ကျွန်တော် အမြဲအမှတ်ရနေမိပါတယ်။ အဲဒီတုန်းက နယူးဟမ့်ရှိုင်းယားကန်ကြီးအလယ်က ကျွန်းကလေးပေါ်မှာ ကျွန်တော်တို့မိသားစု တောစခန်းထွက်ရင် နေထိုင်ဖို့ အိမ်ငယ်လေးတစ်လုံး ရှိပါတယ်။ အဲဒီအိမ်ကလေးရောက်တိုင်း ကျွန်တော်တို့ ငါးမျှားကြပါတယ်။

တစ်နေ့ ကျွန်တော်ရယ်၊ အဖေရယ် ညနေခင်း ခပ်စောစောပိုင်းတစ်ခုမှာ ငါးမျှားတံကိုယ်စီနဲ့ တီကောင်အစာခွက်တွေကိုင်ပြီး ငါးထိုင်မျှားနေကြပါတယ်။ အဲဒီနေ့က ရေချိုကသပေါင်းငါးဖမ်းရာသီအဦးအစနေ့မို့ ရေချိုငါးတွေ ကန်ရေပြင်မှာ မြူးနေကြတာ၊ ငါးယစ်ဆနေကြတာက အူမြူးစရာပေါ့။ အဲဒီနေ့က ရေချိုငါးသေးငါးမွှားဖြစ်တဲ့ ငါးဘဲဖြူတို့၊ ငါးသံချိတ်တို့ကို ဖမ်းနေရင်း ကျွန်တော်ဟာ ငါးမျှားတံမှာ ငွေရောင်ငါးမျှားချိတ်အသစ်ကလေးကို ပြောင်းတပ်ပြီး ငါးမျှားတံကို ခပ်ဆတ်ဆတ်လေး ရေပြင်ပေါ်ကို ပစ်လွှတ်လိုက်ပါတယ်။ ငါးမျှားချိတ်တံ ငွေရောင်လက်လက်ကလေးဟာ ကန်ရေပြင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကို ထိရိုက်လိုက်လို့ ရေတွေ ဖွားခနဲ လွင့်ပျံသွားတဲ့အခါ ဝင်လုဆဲနေရောင်ခြည်ရဲ့ အလင်းတန်းတွေကြောင့် ရောင်မျိုးစုံဖြာပြီး ရှုစေးစရာမြင်ကွင်းတစ်ကွက်အဖြစ် ပြောင်းသွားတာကို ကြည့်ကောင်းကောင်းနဲ့ ကြည့်နေမိလို့ ကျွန်တော်ဟာ ကျွန်တော့်ငါးမျှားတံကိုတောင် အာရုံမစိုက်မိတော့ဘဲ လက်က ကိုင်ရုံသာကိုင်ထားချိန်မှာ ငါးမျှားချိတ်တံဟာ ညွတ်သင့်တာထက် နှစ်ဆလောက် ကွေးညွတ်သွားပါတယ်။ ကျွန်တော့်အတွေ့အကြုံအရ ကျွန်တော် သိလိုက်ပါပြီ။ ကျွန်တော်ကိုင်ထားတဲ့ ငါးမျှားတံတစ်ဖက်စွန်းမှာ ခပ်ကြီးကြီး ငါးတစ်ကောင် လာဟပ်မိနေပြီဆိုတာ သေချာသလောက်ပါပဲ။ ဒီတော့ကျွန်တော်ဟာ ငါးမျှားတံကို ဖြည်းဖြည်းချင်းဆွဲယူပြီး ငါးကို သစ်သားရေကပြင်ခုံဆီကို ချော့ပြီး ဖြည်းဖြည်းချင်းဆွဲယူခဲ့ပါတယ်။ ကျွန်တော့်အဖေကတော့ အဲဒီအချိန်မှာ သူ စနစ်တကျသင်ကြားခဲ့တဲ့ စနစ်အတိုင်း တစ်သဝေမတိမ်း ငါးကို ဆွဲခေါ်လာနိုင်တဲ့ ကျွန်တော့်ရဲ့ကျွမ်းကျင်မှုကို ကျေနပ်နှစ်သိမ့်နေတာ အမှန်ပါပဲ။ နောက်ဆုံး ရုန်းကန်လူးလွန့်နေတဲ့ငါးကြီးကို ရေထဲက အလွန်သတိကြီးစွာထား ဖမ်းဆယ်ပြီး ကျွန်တော်ဟာ ဖခင်ဖြစ်သူရဲ့ရှေ့မှောက်ထိ သူရဲကောင်းတစ်ယောက်လို ငါးကြီးကို ပွေ့ယူလျက်သား လာပြနိုင်ခဲ့ပါတယ်။

ကျွန်တော်တို့သားအဖ အပျော်တမ်းငါးမျှားသည့် သက်တမ်းကလည်း မနည်းလှပါဘူး။ ဒါပေမယ့် ဒီလောက်ကြီးမားတဲ့ ငါးကြီးမျိုးတစ်ကောင်မှ ကျွန်တော်တို့ မဖမ်းမိသေးပါဘူး။ ငွေရောင်လက်နေတဲ့အကြေးခွံများနဲ့ စိမ်းလဲ့လဲ့ဦးခေါင်းပိုင်းက ငါးကြီးရဲ့မျက်လုံးကတော့ အထင်ရှားဆုံး တောက်ပနေတာပါပဲဗျာ။ ကသပေါင်း





ငါးဖမ်းရာသီ အဦးအစမှာ ကသပေါင်းငါးဘုရင်ကြီးကိုမှ စတင်ဖမ်းနိုင်ခဲ့တဲ့ ကျွန်တော့်အဖို့ လက်မထောင် ဝင့်ကြွားစရာဖြစ်ရပ်ပါပဲ။ လှလိုက်တဲ့ကသပေါင်းငါးကြီး လရောင်အောက်မှာ ငွေပြာရောင်အကြေးခွံတို့က ဝင်းလက်တောက်ပနေပါတယ်။ ကျွန်တော်ဟာ ငါးကြီးကို ကျွန်တော့်ရင်ခွင်မှာ ပွေ့ပိုက်ထားရင်းက စိတ်ကူးအမျိုးမျိုးယဉ်နေမိခဲ့ပါတယ်။ ပျော်စရာ ဂုဏ်ယူစရာအလွန်ကောင်းတဲ့ ဒီဖြစ်ရပ်ကို သူငယ်ချင်းတွေကို အသိပေးလိုက်ရရင်ဆိုတဲ့ ဝေဝေဆာဆာစိတ်ကူးတွေနဲ့ ကျွန်တော် မြူးနေပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်ဖခင်က မီးခြစ်ကိုခြစ်ပြီး သူ့လက်ပတ်နာရီကို ကြည့်လိုက်ပါတယ်။ နာရီက ညရှစ်နာရီထိုးဖို့ နှစ်မိနစ်လိုသေးတဲ့အချိန်ကို ပြသနေပါတယ်။ ကသပေါင်းငါးဖမ်းရာသီ စတင်ဖို့ နှစ်နာရီခန့်လိုသေးသည့်အချိန်မှာ အဖေဟာ ငါးကြီးကိုတစ်လှည့်၊ ကျွန်တော့်ကိုတစ်လှည့်ကြည့်ပြီး

"ငါးကြီးကို ရေထဲပြန်လွှတ်ပေးလိုက်သား"လို့ တစ်လုံးချင်းပြောလိုက်ပါတော့တယ်။

"အဖေ"

"ကျွန်တော်က အံ့သြလွန်းလှသဖြင့် အဖေလို့ ခေါ်လိုက်တဲ့အသံဟာ အတော်ကျယ်လွန်းသွားပါတယ်။

"တခြားငါးတွေရှိဦးမှာပေါ့ သားရာ"

"ဒါပေမယ့် ဒီကသပေါင်းကြီးလိုတော့ ဘယ်ကြီးနိုင်ပါ့မလဲ အဖေရယ်"

ကျွန်တော်က ကန်ပတ်ပတ်လည်တစ်ခွင် လှမ်းမျှော်ပြီး ကြည့်လိုက်ပါတယ်။ တခြားငါးမျှားသူတစ်ဦးတစ်ယောက်မှ မရှိသေးတာကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လရောင်ရဲ့အကူအညီဖြင့် တွေ့ရပါတယ်။ ကျွန်တော်တို့ သားအဖ ငါးမျှားနေတာကို မည်သူတစ်ဦးတစ်ယောက်မှ မသိသလို ရောမ ကသပေါင်းငါးကြီးကို ကျွန်တော် ဘယ်အချိန်ဖမ်းမိတယ် ဆိုတာကိုလည်း ဘယ်သူမှ မသိနိုင်တာ သေချာပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်က ဖခင်မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်ပါသေးတယ်။ အဖေရဲ့ ရှင်းလင်းလှတဲ့ အမိန့်ပေးသံကို ကျွန်တော် ထပ်မံကြားရချိန်မှာတော့ ထပ်ပြီး အတွန့်တက်လို့ရနိုင်မည့်အသံ မဟုတ်မှန်း အဖေ့သား ကျွန်တော်က သိထားနှင့်ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ငါးကြီးပါးစပ်နှုတ်ခမ်းသားအတွင်းက ချိတ်ကို ဖြည်းညင်းစွာဖြုတ်ပေးပြီး ရွှေရည်ဝင်းနေတဲ့ ကသပေါင်းငါးကြီးကို ရေနက်ထဲသို့ ကျွန်တော် ပြန်လွှတ်ပေးလိုက်ရပါတယ်။

ငါးကြီးဟာ တစ်ချိန်လုံး ငြိမ်သက်နေရာက မိမိခန္ဓာကိုယ်နဲ့ ရေ တွေ့ထိသည်နှင့် ရန်းထကာ ခွန်အားရှိသမျှ အရှိန်ကိုယူပြီး ရေထဲသို့ ကူးခတ်ဝင်ရောက် ပျောက်ကွယ်သွားပါတယ်။ ကျွန်တော်လည်း ဒီဘဝမှာ ဒီလိုကြီးမားလှပတဲ့ငါးကြီးမျိုး နောက် ဘယ်တော့မှ ဖမ်းဆီးမိတော့မှာမဟုတ်ဟုတွေးတောကာ ပြန်လွှတ်လိုက်မိတာကို ကျွန်တော် နောင်တကြီးစွာရနေမိပါတယ်။

* * *

အဲဒီအဖြစ်အပျက်ဟာ လွန်ခဲ့တဲ့ သုံးဆယ့်လေးနှစ်က ဖြစ်ပျက်ခဲ့တာပါ။ ငါးဖမ်းမိတဲ့ လူငယ်လေးရဲ့ အမည်ကတော့ ဂျိမ်း(စ်)လို့ ခေါ်ပါတယ်။ ဒီကနေ့ အဲဒီဂျိမ်း(စ)ဆိုတဲ့ လူငယ်လေးဟာ နယူး





ယောက်မြို့တော်မှာ အလွန်အောင်မြင်တဲ့ ဗိသုကာကြီးတစ်ဦး ဖြစ်နေပါပြီ။ သူငယ်စဉ်က ဖခင်ဖြစ်သူနဲ့ အပျော်တမ်းငါးမျှားခဲ့တဲ့ နယူးဟမ့်ရှိုင်းယား ကန်အလယ်ကျွန်းလေးပေါ်က အိမ်လေးလည်း ရှိနေဆဲပါပဲ။ ဂျိမ်း(စ်)ဟာ သူ့သားသမီးတွေကို အားလပ်ရက်တချို့မှာ မိသားစု ပျော်ပွဲစားထွက်ရင်း ငါးမျှားဖို့ အဲဒီအိမ်လေးကို ခေါ်သွားလေ့ရှိပါတယ်။

ဂျိမ်း(စ) နောင်တရခဲ့သလို လှပတဲ့ ငွေရောင်ကသပေါင်းငါးကြီး နောက်ထပ်ဖမ်းလို့မရခဲ့တာ အမှန်ပါပဲ။ ဒါပေမယ့် သူ့မနောအာရုံမှာ အဲ့ဒီငါးကြီးကို ခဏခဏ ပြန်လည်မြင်တွေ့ခဲ့ရပါတယ်။ သူ့ဖခင် သင်ကြားခဲ့တဲ့ ဘဝသင်ခန်းစာကို သူ့ဘဝခရီးတစ်လျှောက် လှမ်းရာလမ်းတစ်လျှောက်မှာ အမှတ်ရတိုင်း ဒီငါးကြီးရဲ့ပုံရိပ်ဟာ သူ့မနောမှာ အမြဲပဲ ထင်ဟပ်ခဲ့ပါတယ်။ "သား… ကသပေါင်းငါးဖမ်းရာသီကို ညဆယ်နာရီတိတိမှာ စမှာဆိုတော့ အချိန်မတိုင်ခင် ဖမ်းမိတဲ့ ဒီကသပေါင်းငါးကြီးအပေါ်မှာ မင်း တရားမျှတမှုမရှိဘူးလို့ အဖေ ယူဆတယ်။ မင်းဖမ်းမိတာကို ဘယ်သူမှမမြင်ဘူး။ ဘယ်အချိန်ဖမ်းမိတယ်ဆိုတာကိုလည်း ဘယ်သူမှ မှတ်တမ်းမှတ်ရာ ယူမထားပေမယ့် လူရယ်လို့ဖြစ်လာရင် ကိုယ့်သိက္ခာကိုယ်စောင့်စည်းတာ အကောင်းဆုံးပဲသား။ ဆယ်နာရီနောက်ပိုင်းမှ စဖမ်းရမယ့်စည်းကမ်းကို မင်းက ရှစ်နာရီမှာ စဖမ်းလို့ ချိုးဖောက်တာ မင်း လူ့သိက္ခာမစောင့်စည်းတာနဲ့ အတူတူပဲ။ အချိန်မတိုင်ခင် ဖမ်းမိခဲ့ရင်လည်း အပျော်တမ်းသာ ဖြစ်သင့်တယ်။ အဲဒီငါးကို ရေထဲပြန်လွှတ်ပေးရမယ်။"

* * *



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ပါမောက္ခကြီးတစ်ဦးက မိမိတပည့်များအား ပစ္စည်းတစ်ခုစီ ခိုးယူလာခဲ့၊ ထိုသူကို မိမိသမီးနှင့် ပေးစားမည်ဟု ဆိုလေရာ တပည့်အားလုံးက မိမိတို့အိမ်မှ ပစ္စည်းတစ်ခုစီကို ခိုးယူလာခဲ့သော်လည်း တပည့်တစ်ဦးကမူ ဘာပစ္စည်းမှ မယူလာဘဲနေခဲ့၏။ ထိုအခါ ဆရာဖြစ်သူ ပါမောက္ခကြီးက ထိုတပည့်အား ဘာပစ္စည်းမှ မပါပါလား၊ ဘာ့ကြောင့် မခိုးယူခဲ့သနည်းဟု မေးသောအခါ ခိုးယူခဲ့ပါက ဘယ်သူမှမသိသည့်တိုင် မိမိနှင့် မိမိ၏ကိုယ်စောင့်နတ်တော့ သိမည်။ ထို့ကြောင့် မခိုးယူခဲ့ပါဟု ဆို၏။

ပါမောက္ခကြီးက မိမိ၏သမီးကို ရိုးသားသော ထိုတပည့်နှင့် ပေးစားခဲ့သည်ဟု ဆိုပါ၏။

ဒေါင်းဖတ်စာပုံပြင်ထဲတွင် ရေထဲသို့ကျသွားသော မိမိ၏ပုဆိန်သည် သံပုဆိန်သာဖြစ်ပါသည်ဟု အမှန်ကိုဆိုသော ထင်းခုတ်သမားအား မြစ်စောင့်နတ်က ထိုသူ၏သံပုဆိန်ကိုသာမက ရွှေပုဆိန်နှင့် ငွေပုဆိန်တို့ကိုပါ ပေးလိုက်၏။

သို့သော် မိမိကျသွားသော ပုဆိန်သည် ရွှေပုဆိန်ပါဟု မရိုးမသား ပြောဆိုသောရွာသားသည်ကား ရွှေပုဆိန် မရရုံသာမက မိမိ၏သံပုဆိန်ပါ ဆုံးခဲ့ရသည့်ပုံပြင်ကို ကျွန်မတို့ငယ်စဉ်ကပင် ဖတ်ရှုသင်ကြားခဲ့ရသည်။

ဆိတ်ငြိမ်သော မမြင်ကွယ်ရာတွင် ကျွန်ုပ်တို့သည် အမှန်အတိုင်း လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါသလား။

ကျွန်ုပ်တို့ ရောင်းချလိုသည့်ပစ္စည်းများကို မြန်မာစကားပုံကဲ့သို့ နွားမကို ရွံ့ပိတ်၍ ရောင်းချခြင်းမျိုး ကျွန်ုပ်တို့ ဘယ်နှစ်ခါလုပ်ခဲ့ကြပြီး





ပြီနည်း။ မိမိအိမ်မှ ရေခဲသေတ္တာကြီး ရေအခဲလွှန်၍ စွန့်ပစ်ရတော့မည့် အခြေအနေတွင် ဒီလိုရေခဲသေတ္တာမျိုးက အလွန်ရှားတာဟုဆိုကာ တွန်းတွန်းတိုးတိုးဖြင့် ရောင်းချသည့်အလုပ်ကို ကျွန်ုပ်တို့ မလုပ်ဘဲ နေခဲ့ဖူးပါသလား။

ငယ်စဉ်က ဂျိမ်း(စ)ဖခင်ကြီးက ရေထဲသို့ ကသပေါင်းကြီးကို ပြန်လွှတ်ပေးရန် လက်တွေ့သင်ကြားမှုမျိုး ကျွန်ုပ်တို့ ဘယ်နှစ်ကြိမ် ပြုလုပ်ခဲ့ပါသနည်း။

အမှန်ကိုပြုလုပ်ခြင်းသည် လူ့သိက္ခာကို စောင့်စည်းခြင်းဖြစ်၏။

လူသည် မိမိ၏သိက္ခာကို စောင့်စည်းမှပင် လူအဖြစ်ကို ရရှိနိုင်၏။ တစ်ခါက ခိုးသားကြီးတစ်ဦးသည် သူသတ်ကုန်း၌ သေရအံ့ဆဲဆဲတွင် မိခင်နှင့်တွေ့ပါရစေဟုဆို၏။ ခိုးသားကြီး၏ တောင်းဆိုမှုကို ခွင့်ပြု၍ အမေနှင့် တွေ့ခွင့်ပေးသည်။ ခိုးသားကြီးက အမေ ကိုးတိုးပြောပါရစေဟုဆိုရာ အမေက ခိုးသားကြီး၏ပါးစပ်နားသို့ မိမိ၏နားကို ကပ်ပေးစဉ် အမေ၏နားရွက်ကို ခိုးသားကြီးက ကိုက်ဖြတ်လိုက်လေ၏။

ထိုအခါ ခိုးသားကြီးအား ယခုပင် သေအံ့ဆဲဆဲကာလသို့ ရောက်နေပြီဖြစ်ပါလျက် အမေ့နားရွက်ကို ကိုက်ဖြတ်ရလေသလားဟု အပြစ်ဆိုလျှင် ခိုးသားကြီးက မိမိငယ်စဉ်က တစ်ပါးသူ၏ပစ္စည်းများကို တစ်ခုစ၊ နှစ်ခုစ ခိုးယူလာစဉ် အမေက လက်မခံဘဲ ဆုံးမမှုပြုပါက မိမိသည် ယခုကဲ့သို့ ခိုးသားကြီးဘဝသို့ ရောက်တော့မည်မဟုတ်။ အမေ မဆုံးမခဲ့၍ ယခုကဲ့သို့ ကြုံခဲ့ရသဖြင့် မိမိသည် နားရွက်ကို ကိုက်ဖြတ်ပါသည်ဟုဆို၏။



www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝတွင် မည်သူသိသိ မသိသိ ကိုယ့်သိက္ခာကိုယ် စောင့်စည်း ထိန်းသိမ်း၍ မိမိလိပ်ပြာကို မိမိ သန့်စင်အောင်ထားရှိသော ထိုပုဂ္ဂိုလ်၏အတွေးအိမ်သည် အမြဲတမ်း လန်းဆန်းမွှေးကြိုင်ကာ ထာဝရ သင်းရနံ့ကိုဆောင်၏။ မိမိသိက္ခာကို မိမိ ထိန်းသိမ်းခြင်း၊ မည်သူ သိသိ မသိသိ စိတ်ကို ဖြူစင်စွာထားခြင်း စသော လုပ်ဆောင်မှုတို့သည် မိမိတို့၏ မိသားစုအတွင်း သားစဉ်မြေးဆက် ပြောထုံးဖြစ်အောင် ကျန်ရစ်ခဲ့သော နမူနာပြ ပုံပြင်ကောင်းများပင် ဖြစ်ပါ၏။

ငါသည် သတ်မှတ်ထားသော စည်းကမ်းတစ်ခုကို မည်ကဲ့သို့ ချိုးဖောက်၍ အောင်မြင်မှုကို ရယူခဲ့သည်ဆိုသော ဂုဏ်ပုဒ်အစား အမှန်တရားတစ်ခုကို လူမသိသူမသိပင်ဖြစ်သော်ငြား လုပ်ကိုင်ဆောင် ရွက်ခဲ့သည်ဟူသော ဂုဏ်ပုဒ်က ပိုမိုမြင့်မြတ်၍ အမှန်တရားအတွက် အသက်ရှင်နေထိုင်ခြင်းက ပိုမို၍ ကောင်းမွန်ပါသည်ဟူသော ဂျိမ်း(စ) ဖခင်ကြီး၏ စိတ်ဓာတ်ပြုပြင်ရေး သင်ခန်းစာကို ဂျိမ်း(စ)သည် သေတပန် သက်တစ်ဆုံး လိုက်နာခဲ့၏။

ထိုလိုက်နာချက်က ဂျိမ်း(စ)ကို နယူးယောက်မြို့တော်ကြီးတွင် အလွန်အောင်မြင်ကျော်ကြားသော ဗိသုကာကြီးတစ်ဦး ဖြစ်လာစေ ခဲ့ပါ၏။

သူသည် ခုတော့ ငါးထွက်မများဖြစ်ဦးတော့ အဲသလို ကသ ပေါင်းကြီး ဆယ်ကောင်လောက်ကို နေ့စဉ် သူ့အိမ်တံခါးဝရောက် အောင် သူ တယ်လီဖုန်းကလေးတစ်ချက်မလိုက်ရုံဖြင့် သူ့ရုံးခန်းထဲက နေ သူ ဆောင်ရွက်နေနိုင်သည် မဟုတ်ပါလော။





ဂျိမ်း(စ)သည် အဖေသင်ကြားပေးမှုကြောင့် ကသပေါင်းငါးကြီး တစ်ကောင် လွှတ်ပေးလိုက်ရသော်လည်း ဂျိမ်း(စ)ဘဝတွင် ထိုကဲ့သို့ သော ကသပေါင်းငါးကြီးငါးကောင်များ တစ်သိန်းမက ရခဲ့သည်။

အဖေဆိုသူသည် ကသပေါင်းတစ်ကောင်တည်းသာပေးလိုသူ မဟုတ်။ ကသပေါင်းအကောင် ထောင်၊ သောင်း၊ သိန်း၊ သန်း၊ ကုဋေ ချီ၍ သားသမီးများကို ပေးလိုသူ ဖြစ်သည်။

**JAMES P. Lenfestey.**

**(Catch of a Lifetime)**

◆



www.burmeseclassic.com

www.burmeseclassic.com

# သမ္မာကျမ်းစာ

ပြည့်စုံကြွယ်ဝသော မိသားစုတစ်ခုမှ လူငယ်တစ်ဦးသည် အထက်တန်းကျောင်းမှ နောက်ဆုံးနှစ် အောင်မြင်ခဲ့လေသည်။ ကြွယ်ဝသူတို့အသိုင်းအဝိုင်း၌ ထုံးစံတစ်ခုရှိသည်မှာ သားသမီးများ အထက်တန်းကျောင်းမှ နောက်ဆုံးနှစ်အောင်မြင်သည့် ဆုနှင်းသဘင်ပွဲတွင် မိဘများက ကားတစ်စီးဝယ်ပေးရသည့်အလေ့ရှိခြင်းပင်။

နောက်ဆုံးနှစ်အောင်မြင်သည့် လူရွယ်ဘီလ်သည် ဖခင်ဖြစ်သူနှင့်အတူ မိမိစိတ်ကြိုက် ကားတစ်စင်းလိုက်လံရှာဖွေနေခဲ့သည်မှာ လပေါင်းများသွားကြာခဲ့ပြီဖြစ်သည်။ ဆုနှင်းသဘင်ပွဲ မကျင်းပမီ တစ်ပတ်ခန့်အလိုတွင်မှ မိမိစိတ်ကြိုက် ကားတစ်စင်းကို ဖခင်အား ပြသနိုင်ခဲ့သည်။ ဤကားသည် ဆုနှင်းသဘင်ကျင်းပသည့်ညတွင် မိမိကိုယ်ပိုင်ကားလေး ဖြစ်လာပေတော့မည်။

ဆုနှင်းသဘင်ပွဲ ကျင်းပသည့်ညနေက ဘီလ်၏လက်တွင်းသို့ ဖခင်ဖြစ်သူက လက်ဆောင်ထုပ်ပိုးသည့် ငွေရောင်စက္ကူလှလှဖြင့် ချိတ်ထားသည့် သမ္မာကျမ်းစာအုပ်တစ်အုပ်ကို ကမ်းပေးလိုက်ချိန်တွင် ဘီလ်သည် မိမိမျှော်လင့်ထားသည့် ကားသော့အစား သမ္မာကျမ်း



www.burmeseclassic.com

www.burmeseclassic.com



စာအုပ် ရရှိသဖြင့် အလွန်ဒေါသထွက်လှသောကြောင့် ယင်းစာအုပ်ကို ပစ်ပေါက်လွှင့်ပစ်ကာ နေအိမ်မှ ဆင်းခဲ့လေသည်။ ထိုအချိန်မှစ၍ မိဘနှစ်ပါးကိုလည်း မျက်နှာချင်းမဆိုင်တော့ဘဲ အဆက်အသွယ် ဖြတ်ထားခဲ့သည်။ ကာလအတန်ကြာ၌ ဖခင်ကြီး သေဆုံးပြီဟူသော သတင်းက ဘီလ်အား အိမ်ပေါ်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

ဖခင်ဖြစ်သူ၏ အမွေကို မိမိသာလျှင် ဆက်ခံရမည်ဖြစ်ရာ ကျန်ရစ်ခဲ့သည့် ပစ္စည်းပစ္စယများကို စစ်ဆေးကြည့်ရှုနေစဉ် မိမိ ပစ်ပေါက်လွှင့်ပစ်ခဲ့သည့် သမ္မာကျမ်းစာအုပ်ကလေးကို ပစ္စည်းများအကြား တွေ့ရလေသည်။

ကာလကြာမြင့်စွာ ချောင်ထိုးထားခြင်းခံရသော စာအုပ်ကလေးမှာ ဖုန်အလူးလူးဖြင့်ရှိသဖြင့် ဘီလ်က အဝတ်စတစ်စဖြင့်သုတ်ပြီး အတွင်း စာမျက်နှာများကို တစ်ရွက်ချင်း လှန်လှောကြည့်ရှုမိသည်။ မိမိနှင့် ဖခင်ကြီး ဤသမ္မာကျမ်းစာအုပ်ငယ်ကို အကြောင်းပြု၍ သေသည် အထိ မျက်နှာချင်းမဆိုင်ဖြစ်တော့ပေ။ နောင်တ တရားရနေသော ဘီလ်အား ထပ်မံ၍ နာလန်မထူနိုင်အောင် အလဲထိုးလိုက်သောအရာကား ချက်လက်မှတ်စာရွက်လေးတစ်ရွက် ဖြစ်သည်။

ဖခင်ကြီးကိုယ်တိုင် လက်မှတ်ထိုး၍ မိမိစိတ်ကြိုက် ရွေးချယ်ခဲ့သော ကားတန်ဖိုးပမာဏကို ထုတ်ယူခွင့်ပြုရန် မိမိအမည်ဖြင့် ရည်ညွှန်းရေးသားထားသော ချက်လက်မှတ်ပေါ်ရှိ နေ့စွဲသည် မိမိအထက်တန်းအောင်မြင်သည့် ဆုနှင်းသဘင်ပွဲနေ့ရက်နှင့် ထပ်တူထပ်မျှပင်ဖြစ်ကြောင်း ဘီလ် တွေ့လိုက်ရလေတော့သည်။

◆



# အမေ့တာဝန်

ကျွန်တော်ဟာ စပိန်နိုင်ငံတောင်ပိုင်းက အက်(စ်)တီလိုနာလို့ခေါ်တဲ့ ကျေးလက်ရွာကလေးမှာ မွေးဖွားလူလားမြောက်ခဲ့တဲ့သူပါ။ ကျွန်တော် ဆယ့်ခြောက်နှစ်အရွယ်ရောက်တော့ ကားမောင်းတတ်စပြုနေပါပြီ။ တစ်မနက်ခင်း အမေက ကျွန်တော့်ကို ရွာနဲ့ ဆယ့်ရှစ်မိုင်ဝေးတဲ့ မီဂျား(စ်)ဆိုတဲ့ အစွန်အဖျားက ရွာလေးတစ်ရွာဆီကို လိုက်ပို့ခိုင်းပါတယ်။ အဲဒီရွာလေးနားမှာ ကားပြင်တဲ့အိမ်တစ်အိမ်ရှိတော့ ကားကို စစ်ဆေးရင်း လိုအပ်တာတွေပြင်ဖို့ ရည်ရွယ်ချက်လည်း ပါတာပေါ့။ ကားမောင်းတတ်ခါစ ကျွန်တော်ဟာ ဖိုးမောင်းချင်လေး ဖြစ်နေတော့ အမေ့စကားအဆုံးမှာ ကျွန်တော့်ခေါင်းဟာ အခါတစ်ရာလောက် ညိတ်မိပြီးသား ဖြစ်နေပါပြီ။

အမေသွားချင်တဲ့ဆီ ပို့ပြီး ကားပြင်ရုံထဲမှာ ကားကို ထိုးထားခဲ့ပြီးတာနဲ့ ကျွန်တော်ကြည့်ချင်တဲ့ ရုပ်ရှင်တွေ အားရပါးရ ကြည့်ဖို့ ...ရှင်ရုံကလည်း ကားပြင်ရုံနားတင်မို့ အဆင်ပြေလှပါတယ်၊ ...ကို ညနေလေးနာရီကျ လာကြိုဖို့ ပြောထားပြီးသားမို့ ကျွန်တော် ...ရှင်တွေ တစ်ကားပြီးတစ်ကားကြည့်လိုက်တာ နောက်ဆုံး ...



www.burmeseclassic.com

www.burmeseclassic.com



ကားလည်းပြီးရော ညနေခြောက်နာရီထိုးနေပါပြီ။ အဖေ့ကို ကြိုဖို့ နှစ်နာရီတောင် နောက်ကျနေပါပကောလား။

ကျွန်တော့်အဖေအကြောင်း ကျွန်တော်သိတယ်။ ရုပ်ရှင်ကြည့်တာကို အဖေ လုံးဝမနှစ်မြို့ဘူး။ အဖေ့ဒေါသတွေကြီးတတ်တာ၊ အပြစ်ပေးတတ်တာတွေကို ကျွန်တော် တွေးမိတော့ ရုပ်ရှင်ကြည့်နေမိလို့ အကြိုနောက်ကျရတာပါလို့ ကျွန်တော် မပြောချင်တော့ဘူး။ ကားပြင်ရုံက ကားကို စိတ်တိုင်းကျပြင်နေလို့ နောက်ကျသွားတာပါလို့ ဆင်ခြေပေးဖို့ ပြင်ဆင်ပြီး အဖေနဲ့ချိန်းထားတဲ့နေရာကို ကျွန်တော် ကားကို မောင်းထွက်ခဲ့ပါတယ်။ အဖေ့ကို ကျွန်တော် မှင်သေသေနဲ့ ကျွန်တော်လည်း အမြန်ဆုံးပြီးအောင်လုပ်ခိုင်းခဲ့တာပါပဲ အဖေရာ။ သူတို့က အသေးစိတ် ကြည့်ပြင်ပေးနေတော့ မထင်မှတ်ဘဲ အချိန်ယူပြင်ရမယ့် အစိတ်အပိုင်းတစ်ခု သွားတွေ့ပြီး ပြင်နေရလို့ ကြာသွားတာပါအဖေ”လို့ ပြောနေတဲ့ ကျွန်တော့်ကို အဖေ စိုက်ကြည့်နေပုံဟာ ဒီနေ့အထိ ကျွန်တော် မေ့မရပါဘူး။

“မင်း နှစ်နာရီလောက်နောက်ကျမှရောက်လာလို့ ငါ စိတ်မပျက်ဘူး ဂျေဆန်၊ ဒါပေမယ့် မင်း ငါ့ကို မရိုးမသားလိမ်နေတာကိုတော့ ငါစိတ်ပျက်သွားပြီ ဂျေဆန်” “ကျွန်တော် အမှန်ပြောနေတာပါအဖေ ဘာဖြစ်လို့လဲ”

“ဟော့…မင်းအချိန်တန်လို့ ရောက်မလာကတည်းက ငါ ကားပြင်ရုံကို ဖုန်းလှမ်းဆက်ပြီး မေးကြည့်တော့ ကားက ဘာမှ ထွေထွေထူးထူး ပြင်စရာမလိုလို့ ဆေးကြောသန့်ရှင်းမှုလုပ်ပေးရုံပါပဲတဲ့။ ပြီးနေတာလည်း ကြာပါပြီတဲ့။ နေ့ခင်းကတည်းက ပြီးစီးနေတာ





မင်း လာမယူသေးလို့ သူတို့လည်း စောင့်နေတာပါတဲ့။ ကဲ…ကားနဲ့ ပတ်သက်လို့ ဘာပြဿနာမှ မရှိတော့တာ သေချာပြီမဟုတ်လား၊ နောက်ကျတာက မင်းကွ… ဂျေဆန်ရ”

အဖေ့မျက်နှာပြင်ပေါ်မှာ အလွန်အမင်း ထိခိုက်တဲ့အမူအရာတွေ ကျွန်တော် တွေ့နေရပါတယ်။ ဒါပေမယ့် ခါတိုင်းလို ဒေါသတွေ အမျက်ခြောင်းခြောင်းထပြီး တင်းမာတဲ့မျက်နှာထားမျိုး မဟုတ်ပါဘူး။ ကျွန်တော်လည်း ဓာတ်ရှင်ရုံမှာ ရုပ်ရှင်သုံးကားဆက်ကြည့်မိကြောင်း ဝန်ခံလိုက်တဲ့အခါ အဖေက “ဒီလိုဆိုလည်း မင်းကို ငါ ဒေါသဖြစ်စရာမလိုပါဘူး။ ဒီကိစ္စက ငါ့ကိုယ်ငါ ဒေါသထွက်ရမှာပါ ဂျေဆန်။ ငါဟာ ဖခင်တစ်ယောက်အနေနဲ့ တာဝန်မကျေခဲ့လို့၊ ထိန်းသိမ်းမှု ညံ့ဖျင်းခဲ့လို့၊ တစ်ခုခုတော့ တစ်ခုခု ချွတ်ယွင်းခဲ့လို့သာ ငါ့သား ဂျေဆန်ဟာ ငါ့ကို လိမ်ပြောဝံ့တာလို့ ငါထင်ပါတယ်။ အဖေတစ်ယောက်ကို လိမ်ပြောဝံ့တဲ့ သားတစ်ယောက်ကို မွေးမြူခဲ့မိတဲ့ ငါ့ကိုယ်ငါ ဒဏ်ပေးတဲ့အနေနဲ့ ငါ အိမ်ကို လမ်းလျှောက်ပြန် ဒဏ်ပေးရင်း ငါဘယ်လိုချွတ်ယွင်းချက်တွေရှိနေလဲဆိုတာ စဉ်းစားလိုက်ဦးမယ်ကွာ။ မင်းကား မင်းမောင်းသွားပေတော့”လို့ ပြောပါတယ်။

“ဒါပေမယ့် အဖေရာ အိမ်ရောက်ဖို့ ဆယ့်ရှစ်မိုင်လောက် လိုသေးတယ်။ မှောင်လည်းနေပြီ၊ လမ်းမလျှောက်ပါနဲ့နော် ကျွန်တော့်ကားပေါ်တက်ပါ အဖေရယ်”

ကျွန်တော့်ရဲ့တောင်းပန်ချက်၊ အသနားခံချက်တွေကို အဖေ လုံးဝ ဂရုမစိုက်ပါဘူး။ ကျွန်တော့်ဘဝမှာလည်း ဒီတစ်ခါလောက် စိတ်ဆင်းရဲမိ၊ နောင်တရမိတာ မရှိတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဖေဟာ ဖုန်ထူတဲ့လမ်းတွေပေါ် စလျှောက်နေပါပြီ။ ကျွန်တော် ဘယ်လိုပဲ အသနားခံ တောင်းပန်ပေမယ့်လည်း လုံးဝ အဖက်မလုပ်ပါဘူး။ ကျွန်တော့်ကို ဥပေက္ခာပြုပြီး သူ ဝမ်းနည်းကြေကွဲစွာ တိတ်တိတ်ဆိတ်ဆိတ် တွေးတောရင်းနဲ့ လမ်းမှန်မှန်လျှောက်လို့ အိမ်အရောက်ပြန်ခဲ့ပါတယ်။ ကျွန်တော်လည်း အဖေ့နောက်ကနေ ဆယ့်ရှစ်မိုင်ခရီးကို တစ်နာရီငါးမိုင်နှုန်းလောက်နဲ့ ကားကို တွန်းမောင်းမောင်းရင်း ကျွန်တော့်မှသားစကားကြောင့် အဖေ ကိုယ်စိတ်နှလုံးဆင်းရဲပင်ပန်းရတဲ့အဖြစ်ဟာ ကျွန်တော့်ဘဝရဲ့ ထိခိုက်အနာကြင်ဆုံးနဲ့ စိတ်ဆင်းရဲအပင်ပန်းဆုံးအတွေ့အကြုံပါပဲ။

ဘာပဲဖြစ်ဖြစ် ဒီခါးသီးရက်စက်လှတဲ့အတွေ့အကြုံကနေ အအောင်မြင်ဆုံး ဘဝသင်ခန်းစာတစ်ခုကို ကျွန်တော်ရရှိခဲ့ပါတယ်။

အဲဒီနေ့ကစလို့ ကျွန်တော့်ဘဝတစ်လျှောက်လုံး အဖေ့ကို ဘယ်တော့မှ လိမ်မပြောတော့ပါဘူးခင်ဗျာ။ ဘယ်သူ့ကိုမှလည်း လိမ်မပြောတော့ပါဘူး။

**A Long Walk Home**

**(Jason Bocarro)**

◆



# အမြင့်မြတ်ဆုံးလူသား

ကြီးကျယ်မြင့်မြတ်သော လူသားတစ်ဦး ယနေ့ သေဆုံးခဲ့သည့် သူသည် ကမ္ဘာ့ခေါင်းဆောင်တစ်ဦး မဟုတ်ခဲ့သလို ထင်ရှားသော သမားအကျော်အမော်တစ်ဦးလည်း မဟုတ်ခဲ့ပါ။ စစ်ရေးစစ်ရာ ကျွမ်းကျင်သော ဗိုလ်ချုပ်ကြီးတစ်ဦး မဟုတ်သကဲ့သို့ အားကစားလောက၏ ကြယ်တစ်ပွင့်လည်း မဖြစ်ခဲ့ဖူးပါ။ စီးပွားရေးအရ အောင်မြင်ထင်ရှားသောပုဂ္ဂိုလ်ကြီးတစ်ဦး မဟုတ်သဖြင့် စီးပွားရေးမျက်နှာစာတွင်လည်း သူ့သမိုင်းကို ကမ္ဘည်းတင် မော်ကွန်းထိုးနိုင်ခြင်းမရှိပါ။

သို့သော် သူသည် ကြီးကျယ်မြင့်မြတ်သောပုဂ္ဂိုလ်ကြီးများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်ဟု ကျွန်တော် ရဲရဲဝံ့ဝံ့ ဆိုနိုင်ပါသည်။ သူကား အခြားသူမဟုတ်ပါ။

သူသည် ကျွန်ုပ်၏ဖခင် ဖြစ်ပါသည်။

အဖေသည် ဂုဏ်ထူးဘွဲ့ထူး အဆောင်အယောင်တို့ကိုလည်း မမက်မောခဲ့ပါ။ သူ့တကာ၏ ချီးမွမ်းစကား ဝဲဩဃထဲတွင်လည်း မနစ်မွန်းခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အဖေသည် သာမန်လူသားဆန်စွာပင် ဘုရားတရား ကိုင်းရှိုင်းပါသည်။ ကြွေးမြီကင်းနိုင်သမျှ ကင်းအောင်နေထိုင်ပါသည်။ အဖေသည် အရာရှိငယ်လေးတစ်ဦးအဖြစ် သူ့အလုပ်တာဝန်ကို အလွန်ကျေပွန်စွာ ထမ်းဆောင်ပါသည်။ သားသမီးများ၏ ပညာရေးကို အခါမလပ် ဂရုစိုက်၍ သင်ကြားပြသသင့်သည်များကို မကြာခဏ သင်ပြလေ့ရှိပါသည်။ ကြာသပတေးနေ့ ညနေတိုင်း မိသားစုစားသောက်ရန် တစ်ပတ်စာ ဈေးဝယ်ထွက်လေ့ရှိတဲ့အမေ့ကို ဂရုတစိုက် မပျက်မကွက် ကားမောင်းပို့ပေးတတ်ပါသည်။

ဆယ်ကျော်သက်သားများ၏ဖခင်ပီပီ ဘောလုံးပွဲများသို့ သားအဖ တစ်တွေ ပျော်ပျော်ပါးပါး သွားလေ့ရှိပါသည်။ ဒီကနေ့ညဟာ ကျွန်တော်တို့မိသားစု အဖေမရှိတော့တဲ့ ပထမဆုံးညကို ကျော်ဖြတ်ရတော့မယ့်ညပါ။ ကျွန်တော့်ကိုယ်ကျွန်တော် ဘာလုပ်လို့ဘာကိုင်ရမှန်းလည်း မသိတော့ပါ။ တစ်ခါတလေ လူငယ်စိတ်နဲ့ အခန့်မသင့်တဲ့အခါ အဖေ့ဆုံးမမှုတွေအပေါ် ကျွန်တော် မရိုမသေ မခန့်လေးစား လုပ်ခဲ့မိတာတွေအတွက် ဝမ်းနည်းပြီး နောင်တရလို့မဆုံးပါဘူး။ အဖေ့ကျေးဇူးတွေအတွက်လည်း ကျွန်တော် ဘယ်လိုပဲဆပ်ဆပ် ကုန်နိုင်ဖွယ်မရှိတော့ပါဘူး။

အဖေနဲ့အတူ ကျွန်တော် ဆယ့်ငါးနှစ် နေခဲ့ရတာတွေအတွက် ဘုရားသခင်ကိုလည်း ကျေးဇူးတင်နေမိပါတယ်။ ဒီဆယ့်ငါးနှစ်တာ ကာလအတွင်း အဖေ့ကို ကျွန်တော် ဘယ်လောက်ချစ်မြတ်နိုးတယ် ဆိုတာ ပြသနိုင်တဲ့အတွက်တော့ ကျွန်တော် ပျော်ပါတယ်။





ဒီလို ချစ်မြတ်နိုးစရာကောင်းတဲ့ အဖေဟာ သေဆုံးသွားချိန်မှာ သူ့မျက်နှာပေါ်က ပြုံးနေတဲ့အရိပ်တွေဟာ သူ့ရင်တွင်းမှာ မိသားစု အတွက် သူဟာ တာဝန်ကျေခဲ့ပါတယ်နော်လို့ ပြောနေသယောင်ပါပဲ။ သူ့ဘဝသူ ကျေနပ်စွာနဲ့ စွန့်ခွာခဲ့ပုံမျိုး ပြုံးယောင်သမ်းနေတာပါ။

အဖေဟာ သူ့ကိုယ်သူ သိပြီးသားပဲလေ။

သူဟာ အမေ့အတွက် ခင်ပွန်းကောင်းတစ်ယောက်အဖြစ်၊ အဖေ့ ညီအစ်ကိုမောင်နှမတွေအတွက် လေးစားချစ်ခင်စရာ အစ်ကိုကြီးတစ်ယောက်အဖြစ်၊ အဘိုးနဲ့ အဘွားတို့အတွက် သားကောင်းတစ်ယောက် အဖြစ်၊ အဖေ့မိတ်ဆွေတွေအတွက် သူငယ်ချင်းကောင်းတစ်ယောက် အဖြစ် တာဝန်ကျေခဲ့တာ အဖေကိုယ်တိုင် အသိဆုံးပါပဲ။ လူ့ဘဝမှာ ဒီလိုတာဝန်တွေ ကျေပွန်ခဲ့ပါတယ်လို့ ကျွန်တော်တို့အဖေလို သန်းကြွယ်သူဌေး ဘယ်နှစ်ယောက်ကများ ရင်ကော့ပြီး ပြောနိုင်မှာလဲဗျာ...

**A Famous Father**

**(Author Unknown)**



www.burmeseclassic.com

www.burmeseclassic.com

# အဖေ့သေတ္တာနက်ကလေး

လူတစ်ယောက်အတွက် အခက်ခဲဆုံးအလုပ်တစ်ခုဟာ မိမိချစ်ခင်မြတ်နိုးသောသူ သေဆုံးကွယ်လွန်သည့်အခါ ထိုသူ ကျန်ရစ်ခဲ့သည့်၊ ချန်ထားရစ်ခဲ့သည့် ပစ္စည်းပစ္စယများကို လိုက်လံသိမ်းဆည်း စုစည်းရသည့်အလုပ်ပင်ဖြစ်သည်ဟု ကျွန်မ ဆိုချင်သည်။ သူ့ပစ္စည်းလေးတစ်ခုမြင်တိုင်း သူနဲ့ပတ်သက်သည့် အတိတ်က ဖြစ်ရပ်ဟောင်းများကို ပြန်လည်တွေးတောမိကာ မျက်ရည်လည်းမဆည်နိုင်၊ အလွမ်းဝေဒနာများလည်း တရိပ်ရိပ်တက်ကာ အနေရအထိုင်ရ အခက်ခဲဆုံး အချိန်တစ်ချိန်လည်း ဖြစ်ပါသည်။

ကျွန်မအတွက်တော့ အဖေဟာ အဖေဆိုလည်းဟုတ်၊ အမေဆိုလည်း မမှားတဲ့ပုဂ္ဂိုလ်ပါပဲ။ ကျွန်မ ငါးနှစ်သမီးအရွယ်ကတည်းက မိခင်ဆုံးပါးသွားခဲ့တာမို့ ကျွန်မတို့ညီအစ်မနှစ်ယောက်ကို အဖေကပဲ မိခင်ကြီးသဖွယ် ရင်အုပ်မကွာ စောင့်ရှောက်ခဲ့ရပါတယ်။ အဖေ့အသက် ခုနစ်ဆယ့်ငါးနှစ်အရောက်မှာ အသည်းကင်ဆာရောဂါရနေပြီ ဆိုတဲ့သတင်းဆိုးကြောင့် ကျွန်မတို့ညီအစ်မ မတ်တင်းက



www.burmeseclassic.com

www.burmeseclassic.com



ပုံလျက်လဲကျသွားမတတ် ခံစားရပါတယ်။ ကျွန်မတို့က အဖေ့ကို ဘယ်တော့မှ မအိုတော့ဘူး၊ မနာတော့ဘူး၊ သေလည်း မသေနိုင်တော့ဘူးလို့ ထင်ထားတာကိုး။ တကယ်တော့ ခုနစ်ဆယ့်ငါးနှစ်အရွယ် အဖေ့နောက်မှာ သေမင်းက အရိပ်လို ကပ်ပါလာခဲ့တာ သဘာဝပါပဲ။

ခုတော့ အဖေချန်ထားရစ်ခဲ့တဲ့ ဗီရိုတွေ၊ စားပွဲအံဆွဲတွေထဲက အဖေ့ပစ္စည်းပစ္စယတွေကို ရှင်းလင်းဖို့ ကျွန်မ ပြင်ဆင်နေရပါပြီ။ ကျွန်မရဲ့ အခက်ခဲဆုံးအချိန်တစ်ချိန်ပေါ့ရှင်။

ကျွန်မ အလွန်ငယ်ရွယ်သေးတဲ့အချိန်တွေတုန်းက အဖေဟာ သူ့ကိုယ်ပိုင်အိပ်ခန်းထဲကို ဝင်ရောက်ပျောက်ကွယ်သွားပြီး ပြန်ထွက်လာတဲ့အခါတိုင်း ကျွန်မတို့ညီအစ်မ လိုအပ်တဲ့ ငွေစက္ကူတွေကို ကိုင်လာခဲ့တာချည်းပဲမို့ အဖေ့အိပ်ခန်းထဲမှာ ငွေစက္ကူတွေသီးထားတဲ့ ပဒေသာပင်တစ်ပင်များ ရှိနေလေရော့သလားလို့ ကျွန်မ ကလေးစိတ်၊ ကလေးအတွေးနဲ့ တွေးကြည့်မိပါသေးတယ်။ တစ်နေ့တော့ ကျွန်မ အစ်မကို အဖေက အခန်းထဲက သေတ္တာအနက်ကလေးထဲမှာ ပိုက်ဆံရှိတယ်၊ ဒေါ်လာနှစ်ဆယ်ယူခဲ့ဖို့ ခိုင်းတာ ကြားလိုက်ရပါတယ်။

မမက ကျွန်မထက် ငါးနှစ်ကြီးတဲ့သူမို့ ဒီသေတ္တာအနက်ထဲက ငွေကို ယူခိုင်းတာ အခွင့်ထူးခံ မမမို့လား။ ကျွန်မကရော ဒီသေတ္တာအနက်ကလေးကို ကြည့်ခွင့်၊ ကိုင်ခွင့် မရှိတော့ဘူးတဲ့လား စသဖြင့် တွေးတောခဲ့မိပါတယ်။ ဒီသေတ္တာအနက်ကလေးဟာ ကျွန်မရင်ထဲမှာ တွေးချင်တိုင်းတွေးနေစရာကောင်းတဲ့ ပစ္စည်းလေးတစ်ခု ဖြစ်လာတဲ့ အပြင် သူ့ထဲမှာ ဘာအဖိုးတန်ပစ္စည်းများရှိနေလို့လဲ၊ အဖေ ကျွန်မတို့ မသိစေချင်တဲ့ ဘာပစ္စည်းတွေများ သူ့ထဲ ထည့်ဝှက်ထားလို့လဲ။



ကျွန်မတို့ရော မမအသက်အရွယ် ရောက်လာခဲ့ရင် ဒီသေတ္တာအနက်ကလေးကို ကိုင်တွယ်ကြည့်ရှုခွင့်ရမှာလား။

နှစ်တွေကြာညောင်းခဲ့ပါပြီ၊ ကျွန်မလည်း အရွယ်ရောက်လာသလို အဖေလည်း အိုမင်းလာပါပြီ။ ငယ်စဉ်တုန်းက ကျွန်မစိတ်အစဉ်ကို လွှမ်းမိုးခဲ့ဖူးတဲ့ သေတ္တာအနက်ကလေးကိုလည်း ကျွန်မ လုံးဝမေ့လျော့ခဲ့မိပြီ။ ရယ်စရာတော့အကောင်းသားပေါ့နော်။ အဖေ့ကို ဘယ်တော့မှ မအိုတော့ဘူးလို့ ထင်ထားတဲ့ကြားက အဖေ့ဆံပင်တွေ ဖြူလာတာ၊ ပါးရေတွေတွန့်လာတာ၊ ခါးကြီးကိုင်းလာတာတွေက အဖေ ဇရာ အတွင်းကို ချဉ်းနင်းဝင်ရောက်ခဲ့ပြီလို့ ပြသခဲ့ပေမယ့် အဖေ့ကိုယ်ပိုင် အပြုံးတစ်ခုကိုတော့ အဖေ့နောက်ဆုံးနေ့အထိ ဇရာက မဝါးမျိုနိုင်ခဲ့ပါဘူး။

အဲဒီနေ့က တစ်နေ့လုံး ကျွန်မ အဖေ့အိပ်ခန်းနဲ့ ပစ္စည်းပစ္စယတွေကို ရှင်းလင်းနေခဲ့ပေမယ့် သေတ္တာအနက်ကလေးကိုတော့ လုံးဝ သတိမရခဲ့မိပါဘူး။ ပစ္စည်းတစ်ခုမြင်တိုင်း အဖေနဲ့ ဆက်စပ်ခဲ့ဖူးတဲ့ ဒီပစ္စည်းလေးကို အခြေပြုပြီး အတိတ်က အရိပ်တွေက ပြန်ထင်လာခဲ့မို့ ကျွန်မမှာ မျက်ရည်လည်ရွဲနဲ့ ဒီအလုပ်ကို ဘယ်လိုများ အမြန်ဆုံးပြီးအောင် ဆောင်ရွက်ရပါ့မလဲလို့ စိတ်ပူနေမိပါတယ်။ အဖေ့ဘဝ စာမျက်နှာတွေထဲက နောက်ဆုံးစာမျက်နှာထဲမှာ ပါဝင်နေတဲ့ ဒီပစ္စည်းတွေအနက် လွှင့်ပစ်တန်တာပစ်၊ သိမ်းဆည်းတန်တာသိမ်းနဲ့ ကျွန်မ အလုပ်ရှုပ်နေမိတာပေါ့။ သူ့ဗီရိုထဲက ပစ္စည်းတွေနဲ့ စင်တွေပေါ်က ပစ္စည်းတွေ ရှင်းလင်းအပြီးမှာတော့ အခန်းက တော်တော်ရှင်းပြီးသား ဖြစ်သွားပါပြီ။ အဖေလည်း မရှိတော့ဘူး၊ သူ့ပစ္စည်းတွေလည်း သခါ၍



www.burmeseclassic.com

www.burmeseclassic.com



ပဲပေါ့။ တချို့ကိုလည်း ဦးကြီး ဘကြီးများထံ ပို့ပေးလှူဒါန်းဖို့၊ မရှိဆင်းရဲသားများ ပေးဝေဖို့ ကျွန်မ စီစဉ်ပြီးသားပါ။ အဖေ့ဘဝတစခန်းအသိမ်းမှာ ကျွန်မရဲ့ အဖေမရှိတော့သော ဘဝသစ်တစ်ခုစတင်ရပါတော့မယ်။

ကျွန်မ အလွန်ချစ်ခင်အားကိုးတဲ့အဖေ၊ အကြံကောင်း ဉာဏ်ကောင်းတွေ မပြတ်ပေးတတ်တဲ့အဖေ မရှိတော့တဲ့ဘဝမှာ ကျွန်မဘယ်လိုများ ရပ်တည်ရပါမလဲ။ တယ်လီဖုန်းဆက်တိုင်း အဖေ့ကိုသမီး သိပ်ချစ်တာလို့ ပြောတတ်တဲ့ ကျွန်မကို အဖေကလည်း သိပ်ချစ်ပါတယ်သမီးရယ်လို့ အဖေ ပြန်မပြောနိုင်တော့ဘူးနော်။

ညနေခင်းကို ကျော်လွန်လို့ ညဘက်ရောက်လာပါပြီ။ အဖေအိပ်တဲ့ ခုတင်နားက အံလေးပါတဲ့ မတ်ရပ်စင်လေးတစ်ခု၊ မမြင့်လွန်းမနိမ့်လွန်းမို့ အဖေ့အိပ်ရာပေါ်က လှမ်းဖွင့်လို့ရတဲ့ အံဆွဲလေးနဲ့အဲ့ဒီအံဆွဲလေးအပေါ်မှာတော့ တယ်လီဖုန်းရှိပါတယ်။ သူသောက်နေကျဆေးတွေ၊ နေကာမျက်မှန်တွေလည်း တယ်လီဖုန်းဘေးနားမှာပြန့်ကျဲလို့တွေ့ရပါတယ်။ အဖေ့ဘဝ နောက်ဆုံးနေ့တွေမှာ အတော်အသုံးတည့်ခဲ့တဲ့စင်ကလေး ဖြစ်ပါလိမ့်မယ်။ ကျွန်မ အံဆွဲလေးကိုဖွင့်ကြည့်လိုက်တဲ့အခါမှာတော့ သေတ္တာအနက်ကလေးတစ်လုံးဆီကိုမျက်စိက တန်းရောက်သွားပါတယ်။

အို…သေတ္တာနက်လေးဟာ ကျွန်မငယ်ဘဝတစ်လျှောက်လုံးမျှော်လင့်ထားသလိုလည်း ဝင့်ဝင့်ထည်ထည်ရှိလှတဲ့ သေတ္တာတော့မဟုတ်တော့ပါဘူး။ ကတ္တီပါအနက်ရွှေးရွှေးမှာ ကျောက်သံပတ္တမြားတွေစီခြယ်ထားတဲ့ အဖိုးတန်သေတ္တာတစ်လုံးလည်း မဟုတ်ခဲ့ပါဘူး။





တကယ်တော့ ဒီသေတ္တာအနက်ကလေးက သားရေပြောင်အနက်နဲ့ကွပ်ထားတဲ့ သတ္တုသေတ္တာပြားပြားလေးပါ။ ထောင့်စွန်းလေးဘက်စလုံး ပွန်းပဲ့နေလို့ စက္ကူစလေးတွေနဲ့ ပွန်းပဲ့ရာတွေကို ကပ်ထားတာတွေ့ရတော့ ကျွန်မအဖေရဲ့ ဟိတ်ဟန်မလုပ်တတ်တဲ့ အရိုးခံ သဘောသဘာဝနဲ့ ဒီသေတ္တာလေးက လာတူနေပါလားလို့ ကျွန်မ မှတ်ချက်ချမိပါတယ်။ ဒါပေမယ့် သေတ္တာလေးထဲမှာ ဘယ်လိုအဖိုးတန်ရတနာတွေများ အဖေ ထည့်သွင်းသိမ်းဆည်းခဲ့မှာပါလိမ့်မလဲဆိုတဲ့ စိုးရိမ်စိတ်နဲ့ အိမ်ခန်းတံခါးကို ကပျာကယာပိတ်ပြီးမှ အထဲကပစ္စည်းတွေကိုအဖေ့အိပ်ရာပေါ် သွန်ချလိုက်မိပါတော့တယ်။

ကျွန်မချစ်တဲ့အဖေရယ်။

အဖေသိမ်းဆည်းခဲ့တဲ့ အဖိုးတန်ရတနာတွေကတော့ ကျောက်သံပတ္တမြားနဲ့ စိန်ရွှေငွေ ပုလဲရတနာတွေ စိုးစဉ်းမျှ မပါဝင်ပါဘူး။ ဒါပေမယ့် ကျွန်မဘဝအတွက် သားစဉ်မြေးဆက်ဂုဏ်ယူနိုင်ဖို့၊ ဆင့်ပွားလက်ဆင့်ကမ်းသိမ်းဆည်းဖို့၊ အဖေစုဆောင်းထားခဲ့တဲ့ သေတ္တာနက်ကလေးထဲကအရာတွေက အမေရယ်၊ ကျွန်မနဲ့ မမတို့ရဲ့ ကလေးဘဝပျော်ရွှင်မှု၊ ဝမ်းနည်းကြေကွဲမှု၊ ချစ်ခြင်းမေတ္တာ၊ အကြင်နာ၊ မုဒိတာ၊ အို…အစုံပါဝင်တဲ့ ဘဝမှတ်တမ်းတစ်စောင်ပါပဲ။

အဲဒီစာတွေအပြင် သေတ္တာထဲက ပစ္စည်းတွေကို ကျွန်မ တစ်ခုချင်းဆက်ပြီး ထုတ်ကြည့်တဲ့အခါ အဖေ့ဘဝတစ်လျှောက်လုံး ပျော်ရွှင်ကြည်နူးမှုပေးခဲ့တဲ့ ဒီပစ္စည်းလေးတွေကို ကျွန်မ ဆက်ပြီး တွေ့ခဲ့ရပါတယ်။ ဒါတွေကတော့ အဖေနဲ့အမေ လက်ထပ်တဲ့စာချုပ်လေးကနေ့တွေကြာညောင်းလို့ ဝါကျင့်ကျင့်နဲ့ တွန့်လိမ်နေပါပြီ။ အဖေ



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးတုန်းက ထုတ်ပေးခဲ့တဲ့ သေစာရင်း စာရွက်၊ ရှေးကြေးနီပြား ဒင်္ဂါးခြောက်ပြားက အဖေ့အတွက် ထူးခြားမှုရှိစေခဲ့လို့ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် သုံးစွဲလို့မရတော့ပေမယ့် အဖေသိမ်းထားခဲ့တာဖြစ်မှာ။

ခု ကွယ်လွန်သွားပြီဖြစ်တဲ့ အဖေ့မိတ်ဆွေ အဘိုးကြီးရဲ့ ကျေးရွာ တင်ကြောင်း စာလွှာတစ်စောင်၊ အဲဒီအဘိုးကြီး အခက်အခဲတွေ့နေချိန်မှာ အဖေက သူ့သူငယ်ချင်းကို အများကြီး အကူအညီပေး ထောက်ပံ့ခဲ့တာ ကျွန်မ မှတ်မိနေသေးတယ်။

အဖေအကြိုက်ဆုံး အဖြူအမည်း အမေ့ဓာတ်ပုံလေးတစ်ပုံ၊ အဲဒီပုံထဲက အမေဝတ်ထားတဲ့ အဝါရောင်ဝတ်စုံက အမေ့မွေးနေ့တုန်းက အဖေကိုယ်တိုင် စိတ်ကြိုက်ရွေးဝယ်ပေးထားခဲ့တာတဲ့ "အဲဒီအင်္ကျီအဝါရောင်နဲ့ မင်းအမေနဲ့ ဘယ်လိုလိုက်မှန်းမသိဘူး ဒက်ဘီ"လို့ အဖေ ကျွန်မကို ခဏခဏပြောခဲ့ဖူးတာ ကျွန်မ မမေ့သေးဘူး။

နောက်...ကျွန်မ ခြောက်နှစ်သမီးအရွယ်တုန်းက ဓာတ်ပုံလေး နောက်ကျောမှာ "ချစ်တဲ့အဖေသို့ ချစ်သမီးလေး ဒက်ဘီ"လို့ ကလေးလက်ရေးတွေနဲ့ ကျွန်မကိုယ်တိုင်ရေးထားခဲ့ဖူးတာ၊ နောက် အဖေ့ကို ကျွန်မတို့ညီအစ်မ ပေးပို့ခဲ့တဲ့ ကတ်ပြားတွေ ခရစ္စမတ်၊ မွေးနေ့၊ အဖေနေ့ စသည်ဖြင့် အတွင်းမျက်နှာတွေမှာလည်း အဖေ့ကို ဘယ်လောက်ချစ်မြတ်နိုးကြောင်း၊ သတိရကြောင်း၊ အဖေ့ကျေးဇူး ဘယ်လောက်ကြီးကြောင်း၊ တက္ကသိုလ်မှာ စာသင်နေရလို့သာ အဖေ့နားကို ပြေးလာချင်နေပြီ စသဖြင့် ကျွန်မတို့ ရွှဲခဲ့ကြတာ၊ အဖေရယ် ဒါတွေအားလုံးကို အဖေ အမြတ်တနိုး သိမ်းခဲ့တယ်နော်။





တကယ်တော့ အဖေ့သေတ္တာအနက်ကလေးထဲမှာ အမေလည်း ရှိနေခဲ့တယ်။ ကျွန်မတို့လည်း ရှိနေခဲ့တယ်။ အဖေ့အသည်းနှလုံးထဲက လူတွေ အကုန်ရှိနေခဲ့ပေမယ့် ဒီသေတ္တာလေးထဲမှာ ပိုက်ဆံလည်း တစ်ပြားမှမရှိခဲ့ဘူး။ အသက်အာမခံစာချုပ်လည်း တစ်စောင်မှ မရှိခဲ့ဘူး။ အရေးကြီးတဲ့ ဥပဒေကြောင်းအရ ပိုင်ဆိုင်ခွင့်စာရွက်စာတမ်းတွေလည်း တစ်ရွက်မှမရှိခဲ့ပါဘူး။ ဒီသေတ္တာလေးထဲမှာ အဖေ့အတွက် အရေးအကြီးဆုံး အဖေ့မိသားစုနဲ့ ပတ်သက်တဲ့ စာရွက်ကလေးတွေ၊ ကတ်ပြားလေးတွေပဲ တစ်သက်လုံး နေရာယူခဲ့တာပါ။ အဖေဟာ ဒီသေတ္တာလေးထဲကို ဘယ်နှစ်ခါဖွင့်ပြီး အထဲက စာရွက်လေးတွေ၊ ကတ်ပြားလေးတွေကို ဘယ်နှစ်ကြိမ်များ ဖတ်ရှုရင်း ငိုနေမိသလား၊ ရယ်နေမိသလား၊ ကျွန်မ သိချင်လိုက်ပါဘိတော့တယ်။ အဖေ မကြာမကြာ ဖွင့်ဖတ်မယ်ဆိုတာတော့ အတော်ကို သေချာပါတယ်။ စာရွက်တွေ၊ ကတ်ပြားတွေကို နှစ်အလိုက် ညီညီညာညာ စနစ်တကျစီထားတာကို တွေ့ရပါတယ်။

တကယ်တော့ ကျွန်မက ကျွန်မအဖေပိုင်ဆိုင်တဲ့ ပစ္စည်းတွေထဲမှာ အဖေရဲ့ တန်ဖိုးအထားဆုံး မိသားစုဝင်သမီးလေးတစ်ယောက် ဖြစ်ခဲ့ရတာကို အရင်က ကျွန်မ မသိခဲ့မိဘူး။ ဒီအဖေ့သေတ္တာ အနက်ကလေးက ကျွန်မကို လက်တွေ့ပြသခဲ့ပြီး လွန်ခဲ့တဲ့ ရက်အနည်းငယ်က ဆုံးရှုံးသွားပြီလို့ထင်ရတဲ့ ကျွန်မအဖေရဲ့ မဆုံးနိုင်တဲ့ မေတ္တာတွေနဲ့ အဖေတစ်ယောက်ရဲ့ မိသားစုအပေါ်ထားတဲ့ စိတ်ဓာတ်တွေကို ဒီသေတ္တာအနက်ကလေးထဲက ကျွန်မ ပြန်လည် ရယူနိုင်ခဲ့ပြီ။ ခုတော့ အဖေ့အမွေ ဒီသေတ္တာအနက်ကလေးကို ကျွန်မ ပိုင်ဆိုင်ခွင့် ရခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



နှောင်နှစ်ပေါင်းများစွာ ကြာမြင့်လို့ ကျွန်မရဲ့ ဒီကမ္ဘာမြေ ပေါ်က လူသားတစ်ယောက်ရဲ့ နောက်ဆုံးနေ့ကို ရောက်လာခဲ့ရင် လည်း ကျွန်မသားသမီးတွေဟာ ခု ကျွန်မလုပ်နေသလိုပဲ ကျွန်မ ပိုင်ဆိုင်တဲ့ ပစ္စည်းပစ္စယတွေကို ရှင်းလင်းကြပါလိမ့်မယ်။ ဒီတစ်ခါ သူတို့ ကျွန်မရဲ့သေတ္တာအနက်ကလေးကို တွေ့ကြမယ့်အထဲမှာ ကျွန်မ တန်ဖိုးအထားဆုံးပစ္စည်းလေးတွေကို သူတို့ တွေ့တဲ့အခါ ကျွန်မရဲ့ မဆုံးနိုင်တဲ့ မေတ္တာစေတနာတွေကို သူတို့ နားလည်သဘောပေါက် လာကြပါလိမ့်မယ်။

နောက်ပြီး ဒီလောကလူ့ရွာမှာ တစ်ဦးပေါ်တစ်ဦး မေတ္တာထားကြ ဖို့ထက် တခြား ဘာကမှ အရေးကြီးဘူး။ ဒါကြောင့်မို့ မိးသားစု အတွင်း မေတ္တာတရားပွားများရေး စကြဖို့ လိုအပ်တယ်ဆိုတာကို သူတို့ သိနားလည်လာကြမှာပါရှင်။

**THE LITTLE BLACK BOX**

**(Deborah Roberto McDonald.)**

◆



# အဖေဟူသည်

**အသက်(၄)နှစ်။** ။ ကျွန်တော့်အဖေက ဘာမဆို လုပ်ပေးနိုင်တယ်။

**အသက်(၅)နှစ်။** ။ ကျွန်တော့်အဖေဟာ အကုန်လုံးကို တတ်သိ နားလည်တယ်။

**အသက်(၆)နှစ်။** ။ ကျွန်တော့်အဖေဟာ ခင်ဗျားအဖေထက် ပါးရေ နပ်ရေရှိတာတော့ အမှန်ဗျ။

**အသက်(၇)နှစ်။** ။ အဖေက အရာရာကို တိတိကျကျ မသိပါဘူး။

**အသက်(၁၀)နှစ်။** ။အဖေတို့ခေတ်ဟောင်းက အဖြစ်တွေနဲ့ ကျွန် တော်တို့ခေတ်က အဖြစ်တွေဟာ လုံးဝ ကွာခြား နေပြီ။

**အသက်(၁၂)နှစ်။** ။အို ဒါသဘာဝပဲလေ၊ အဖေ ဒီအကြောင်းတွေကို ဘယ်သိနိုင်ပါတော့မလဲ။ အဖေက အိုပြီဆိုတော့ ဘယ်မှတ်မိနိုင်ပါတော့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



**အသက်(၁၄)နှစ်။** ။အဖေ့ကို ဂရုစိုက်မနေနဲ့၊ သူက ခေတ်ကိုမမီတော့တဲ့လူကြီး။

**အသက်(၂၁)နှစ်။** ။ဘုရားရေ၊ အဖေတို့ကတော့ ဘယ်လို ခေတ်နောက်ပြန်ဆွဲနေတဲ့ဘူတာကြီးတွေမှန်းကို မသိတော့ပါဘူး။

**အသက်(၂၅)နှစ်။** ။အဖေက အဲဒီအကြောင်းတွေ နည်းနည်းပါးပါး သိလိမ့်မယ်။ အဲဒီနယ်ပယ်မှာ အဖေ အကြာကြီး ကျင်လည်ခဲ့ဖူးတယ်လေ။

**အသက်(၃၀)နှစ်။** ။အဖေ ဘယ်လိုတွေးမလဲ မေးကြည့်ရင် ကောင်းလိမ့်မယ်။ အဖေက အတွေ့အကြုံ အများကြီး ရှိခဲ့တာ။

**အသက်(၃၅)နှစ်။** ။ကျွန်တော့်အဖေနဲ့ မဆွေးနွေးရသေးဘဲ ကျွန်တော် ဘာတစ်ခုမှမလုပ်ဘူး။

**အသက်(၄၀)နှစ်။** ။ဒီလိုကိစ္စမျိုးကို အဖေ ဘယ်လိုများ ကိုင်တွယ်ဖြေရှင်းခဲ့သလဲဆိုတာ ကျွန်တော် စဉ်းစားနေမိတယ်။

**အသက်(၅၀)နှစ်။** ။အခုနေ အဖေသာ ရှိနေသေးမယ်ဆိုရင် ကျွန်တော် ဘာစဉ်းစိမ်နဲ့ပဲ လဲရ လဲရ ကျွန်တော် အဖေနဲ့ စကားတွေပြောချင်လိုက်တာ။ ကျွန်တော် အဖေ့ဆီက သင်ယူစရာတွေ အများကြီးရှိသေးတယ်ဗျာ။

**MY FATHER WHEN I WA[S]**

**(ANN LANDE[RS])**

◆



# ဆပ်ကပ်ပွဲ

အဖေနဲ့ကျွန်တော်လေ ငယ်ငယ်က ဆပ်ကပ်ပွဲတစ်ပွဲကို သွားခဲ့ကြပါတယ်။ ဆပ်ကပ်ကြည့်ရတော့မယ်ဆိုလို့ ကျွန်တော်လည်း ပျော်နေတာပေါ့။ ဒီဆပ်ကပ်ကလည်း ကျွန်တော်တို့မြို့ကို တစ်ခါတစ်ရံမှ လာတဲ့ ဆပ်ကပ်၊ နာမည်ကြီးတော့ ကျွန်တော်က အဖေ့ကို ပူဆာလို့ အဖေက လိုက်ပို့တာပါ။

ဆပ်ကပ်ရုံရောက်တော့ လက်မှတ်ဝယ်ဖို့ တန်းစီလိုက်တဲ့အခါ ကျွန်တော်တို့သားအဖရှေ့မှာ မိသားစုတစ်စုက သူတို့လည်း ကျွန်တော်တို့လိုပဲ ဆပ်ကပ်ကြည့်ဖို့ တန်းစီနေကြပါတယ်။

သူတို့မိသားစု နွမ်းပါးပုံပေါက်ပေမယ့် သန့်ရှင်းကြပါတယ်။ အမယ်လေး ကလေးတွေက ရှစ်ယောက်၊ အဖေရော အမေရောပါဆိုတော့ ဆယ်ယောက်ပေါ့။ ကလေးတွေက သန့်ရှင်းတဲ့ အင်္ကျီ၊ ဘောင်းဘီတိုလေးတွေနဲ့ တစ်ယောက်နဲ့တစ်ယောက် လက်ချင်းချိတ်ပြီး သူတို့တစ်တွေကလည်း နှစ်ယောက်တစ်တွဲ တန်းစီနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေအားလုံးဟာ ယဉ်ကျေးမွန်ရည်တဲ့ အမူအရာလေးတွေနဲ့ သူတို့ အဖေနဲ့အမေရဲ့နောက်မှာ သေသေဝပ်ဝပ် ရပ်နေကြပါတယ်။

ကလေးတွေက ဆပ်ကပ်လူရွှင်တော် သိပ်ရယ်ရတယ်လို့ ပြောတယ်။ ကျားကြီးတွေလည်း ပါတယ်ဆိုတော့ သူတို့မိသားစုထဲက သမီးလေးတစ်ယောက်က ကျားတွေဆိုရင်တော့ ငါကြောက်တယ်လို့ ပြောရှာပါတယ်။ နောက်ပြီး သူတို့တစ်တွေဟာ သူ့အဖေ ပြောပြထားတဲ့ ဒီည အစီအစဉ်တွေက ဘာတွေပါမယ်၊ နောက်ပိုင်းမှာ ဘာတွေပါမယ်နဲ့ ပြောကြဆိုကြရင်း ပျော်နေလိုက်ကြတာ။ နောက်ပိုင်းက ကြည့်နေမိတဲ့ ကျွန်တော်တောင် ပြုံးဖြစ်သွားသေးတယ်။ ကလေးတွေက ဆပ်ကပ် တစ်ခါမှမကြည့်ဖူးရှာတဲ့ကလေးတွေဖြစ်လို့ ကြီးလာလို့ သူတို့ငယ်ဘဝကို ပြန်ပြောင်းတွေးလိုက်တိုင်း ဒီနေ့ဖြစ်ရပ်ဟာ သူတို့ဘဝမှာ အမြဲတမ်း သတိရနေမယ့်နေ့တစ်နေ့ဖြစ်မှာ သေချာပါတယ်။ ဘယ်တော့မှ မမေ့နိုင်တဲ့ အောက်မေ့ဖွယ်ရာ အတွေ့အကြုံတစ်ရပ်ကို ဒီကလေးတွေ ဒီည ရကြတော့မှာ အသေအချာပါပဲ။

ကလေးတွေရဲ့အဖေနဲ့အမေဟာလည်း ကလေးအုပ်စုရဲ့ ရှေ့ဆုံးမှာ ဂုဏ်ယူဝံ့ကြွားစွာနဲ့ ရပ်နေကြပါတယ်။ ကလေးတွေရဲ့ ပျော်ရွှင်မှုဟာ မိဘနှစ်ပါးကို ကူးစက်ပြီး မိဘနှစ်ပါးကလည်း ကြည်နူးမှုအပြုံးတွေနဲ့ အမေက အဖေကြီးရဲ့လက်မောင်းအိုးကို အားကိုးတကြီး ဖက်တွယ်ထားရင်း သူ့ခင်ပွန်းရဲ့မျက်နှာကို မော့ကြည့်ပြီး ပီတိဖြာနေတဲ့မြင်ကွင်းဟာ တကယ့်ကို ကြည်နူးစရာအပြည့်ပါပဲ။ ဇနီးမယားဖြစ်သူရဲ့ အားကိုးအားထားမှုကို ခံယူရရှိနေတဲ့ အဖေဖြစ်သူကလည်း သူ့ဇနီးကို ပြုံးပြုံးကြီး ငုံ့ကြည့်နေတယ်လေ။





အဲဒီအချိန်မှာ ခင်ပွန်းဖြစ်သူက "ဒီညတော့ တို့ကလေးတွေကို ဆပ်ကပ်ပြပြီး အားပါးတရ ပျော်ရွှင်စေချင်တဲ့ မင်းရဲ့ဆန္ဒ ပြည့်ဝတော့မှာပါ အချစ်ရယ်"လို့ ပြောလိုက်တာကို ကျွန်တော်နဲ့ အဖေ ပြက်ပြက်ထင်ထင် ကြားလိုက်ရပါတယ်။

အဲဒီအချိန်မှာ ရှေ့မှာ တန်းစီထားတဲ့သူများ လက်မှတ်ဝယ်ယူပြီးသွားလို့ အဲဒီမိသားစု လက်မှတ်ဝယ်ရတော့မယ့်အချိန်ကို ရောက်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ သူတို့မိသားစုပြီးရင် ကျွန်တော်တို့သားအဖ အလှည့်မို့ ကျွန်တော်နဲ့ အဖေလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားရပါတယ်။

လက်မှတ်ရောင်းသူအမျိုးသမီးက အဖေဖြစ်သူကို "လက်မှတ်ဘယ်နှစ်စောင်ယူပါမလဲရှင်"လို့ မေးလိုက်ပါတယ်။

"ကလေးက ရှစ်ယောက်၊ ကျွန်တော်တို့လင်မယားနဲ့ဆိုတော့ ဆယ်ယောက်၊ အားလုံးအတွက် လက်မှတ်ဝယ်ချင်ပါတယ်ခင်ဗျာ"လို့ ဖခင်ဖြစ်သူက ပြောလိုက်ပါတယ်။

အဲဒီ့အခါ လက်မှတ်ရောင်းတဲ့ အမျိုးသမီးက အားလုံးပေါင်း လက်မှတ်ဖိုး ဘယ်လောက်ကျသည်ကို ပြောလိုက်တဲ့အခါ အဖေကြီးဖြစ်သူရဲ့ လက်မောင်းအိုးကြီးကို အားပါးတရ ဆုပ်ကိုင်ထားတဲ့ အမေဖြစ်သူရဲ့ သွယ်လျတဲ့လက်ချောင်းများဟာ အလိုလို ပြေကျကာ အမေဟာ ခေါင်းငိုက်စိုက်ကျသွားပါတော့တယ်။ အဖေဖြစ်သူကလည်း နှုတ်ခမ်းသားများ တုန်တုန်ယင်ယင်နဲ့ "ဒီမှာ သူငယ်မ၊ ခင်ဗျားပြောတာ လက်မှတ်ခအားလုံးပေါင်းက ဘယ်လောက်ကျတယ်၊ ပြန်ပြောစမ်းပါဦး သူငယ်မရယ်"လို့ မေးလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ လက်မှတ်ရောင်းတဲ့အမျိုးသမီးကလည်း ကျသင့်တဲ့ လက်မှတ်ဖိုးကို တိတိကျကျနှင့် အသံနေအသံထားမှန်ကန်စွာထပ်၍ ပြောလိုက်ပါတယ်။

တကယ်တော့ ထိုမိသားစုသည် ဆပ်ကပ်ရုံဝင်ခကို ဤမျှလောက် မခန့်မှန်းထားကြပါ။ ထို့ကြောင့် ဖခင်ဖြစ်သူထံတွင် လက်မှတ်ရောင်း သောအမျိုးသမီး ပြောပြသည့် ငွေကြေးပမာဏလောက် သူတို့ထံတွင် ပါမလာကြသည်မှာ အမှန်ဖြစ်ပါသည်။

မိမိအား သူရဲ့ကောင်းကြီးပမာ နေရာတကာတွင် အားကိုးအားထား ရှာသော ချစ်ဇနီးနှင့် စိတ်ကူးဖြင့်ပင် ပျော်မြူးကာ တစ်သက်တစ်ခါမှ ဆပ်ကပ်ပွဲမကြည့်ဖူးသေးတော့ ဒီည ဆပ်ကပ်ကြည့်ရတော့မည်ဟု တစ်ထစ်ချ ယုံကြည်နေကြသော ကလေးငယ်များ၏ ယုံကြည်မှု သည် လွင့်ပျောက်ရချေတော့မှာပါတကား။

ထိုခဏတွင် ဖခင်ကြီး၏ပါးစပ်မှ “တို့တော့ ဒီည ဆပ်ကပ် မကြည့်ဖြစ်တော့ဘူး သားတို့၊ သမီးတို့ရေ”ဟု ပြောဆိုကာ ကလေး များ၏ပျော်ရွှင်မှုကို ဖျက်ဆီးပစ်ဖို့ စကားကို သူ့ရင်ထဲမှ ဘယ်လိုမှ မထွက်နိုင်ဘဲရှိနေချိန်တွင် တစ်ဖက်မှ လက်မှတ်ရောင်းအမျိုးသမီးမှာ လည်း စောင့်စားနေရသည်ကို စိတ်မရှည်ဟန် ပြသလာပါတော့တယ်။ စိတ်ရှုပ်ထွေးပြီး အခက်ကြုံနေတဲ့ အဲဒီဖခင်ကြီးရဲ့အဖြစ်ကို ကျွန်တော် ရော အဖေပါ ကောင်းကောင်းမြင်တွေ့နေရပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်က အဖေ့ကို မော့ကြည့်လိုက်ပါတယ်။ အဖေက သူ့အိတ်ကပ်ထဲက ဒေါ်လာ ၂၀ တန်တစ်ရွက်ကို အလျင် အမြန် နှိုက်ယူလိုက်ပြီး မည်သူမျှမသိစေလိုက်ဘဲ ကလေးများ၏ဖခင်





နှင့် နီးနိုင်သမျှ နီးအောင် ပစ်ချလိုက်ပါတယ်။ ဒီအဖြစ်ကို ကလေးများ ရဲ့ ဖခင်ဖြစ်သူက ရုတ်တရက်မို့လို့ မမြင်လိုက်ပါဘူး။ တကယ်တော့ ကျွန်တော်နဲ့ ကျွန်တော့်အဖေသည်လည်း လူချမ်းသာများ မဟုတ် ကြပါ။

အဖေဟာ သူပစ်ချခဲ့တဲ့ ဒေါ်လာ ၂၀ တန်အရွက်ကို ကုန်း ကောက်ရင်း ကလေးများဖခင်ရဲ့ ပခုံးကို ပုတ်လိုက်ပြီး “မိတ်ဆွေ ခင်ဗျားအိတ်ထဲကထွက်ကျတဲ့ ပိုက်ဆံနဲ့တူတယ် ရော့… ရော့”ဟု ဆိုကာ သူ့လက်ထဲကို ထည့်လိုက်ပါတယ်။

ကလေးများအဖေဟာ ကျွန်တော့်ဖခင်ရဲ့ စေတနာနဲ့ ဆောင်ရွက် မှုကို ချက်ချင်းသုံးသပ်မိဟန်တူပါတယ်။ ဒါကြောင့် ကလေးများရဲ့ ဖခင်ဟာ ဒေါ်လာ ၂၀ တန်ရွက်ကို လက်တစ်ဘက်နဲ့ကိုင်ထားရင်း သူတို့မိသားစုရဲ့ အကျဉ်းအကျပ်ကို ဝင်ရောက်ဖြေရှင်းပေးတဲ့ ကျွန် တော့်အဖေကို မျက်ရည်များလည်နေတဲ့ မျက်လုံးများနဲ့ စူးစိုက်ကြည့် ရင်း ဖြူနီးခနဲ သူ့လက်နှစ်ဖက်နဲ့ အဖေ့ကို တအားဆုပ်ကိုင်ကာ တုန်ယင်သောနှုတ်ခမ်းအစုံက “ကျေးဇူးတင်လွန်းလှပါတယ်ခင်ဗျာ၊ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး၊ ဆရာ့ရဲ့အကူအညီဟာ ကျွန်တော်တို့မိသားစု ကျွန်တော့်ကလေးတွေရဲ့ ပြုံကျတော့မယ့် မျှော်လင့်ချက်ကို တည်ဆောက်ပေးလိုက်တာပါပဲ။ အများကြီး ကျေးဇူး တင်လှပါတယ်ဗျာ”လို့ တဖွဖွပြောရင်း ကလေးများရဲ့ဖခင်ကြီးမျက်လုံး ထဲမှလည်း မျက်ရည်များ စီးကျလာတာကို ကျွန်တော် တွေ့နေရတယ်။

ကျွန်တော့်အဖေကတော့ ခေါင်းညိတ်၍ တစ်ချက်ပြုံးပြီး အဲဒီ ကလေးများရဲ့ဖခင်ကြီးကို တလေးတစား နှုတ်ဆက်လိုက်ပါတယ်။ အဲဒီနောက်မှာတော့ အဖေက ကျွန်တော့်ပခုံးကို တစ်ချက်ပုတ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စီထားသောတန်းမှ ဘေးသို့ထွက်ကာ “ကဲ..သားရေ၊ ကားဆီကို သွားကြရအောင်၊ အိမ်ပြန်ကြတာပေါ့သားရာ”ဟု ဆိုလိုက်ပါတယ်။

ထိုညက ကျွန်တော်တို့သားအဖ ဆပ်ကပ်မကြည့်ဖြစ်ခဲ့ကြပါဘူး။ သို့သော် ကျွန်တော်တို့သားအဖရဲ့ရင်ထဲက ကြည်နူးမှုတွေက ဆပ်ကပ်ကြည့်ရတာထက် ပိုမယ်လို့ထင်ပါတယ်။ အဖေနှစ်ယောက် နှုတ်ဆက်နေကြပုံမျိုးကို ကျွန်တော် ဘယ်ရုပ်ရှင်၊ ဘယ်ဆပ်ကပ်မှာမှ ဒီအမှုအရာ၊ ဒီစေတနာတုံ့ပြန်မှုမျိုး ရှာဖွေကြည့်လို့ မရနိုင်မှာ သေချာပါတယ်လို့ ကျွန်တော် ပြောရဲပါတယ်ဗျာ။

ကားဆီကို ပြန်လာရင်း ကျွန်တော်က အဖေ့ကို မော့ကြည့်လိုက်ပါတယ်။ အဖေကလည်း ကျွန်တော့်ကို ပြန်ကြည့်လိုက်ပါတယ်။ “အဖေ ကျွန်တော်ကြီးလာရင်လည်း အဖေ့လိုပဲ ဒေါ်လာ ၂၀ တန် တစ်ရွက်ကို မြေကြီးပေါ်ပစ်ချခွင့်ရပါစေလို့ ဆုတောင်းပါတယ် အဖေရာ”လို့ ကျွန်တော်က ဆိုလိုက်တဲ့အချိန်မှာ အဖေ့ရင်ထဲ အကြီးမားဆုံးနှစ်သိမ့်မှုတစ်ခု ရရှိသွားတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

အဲဒီနေ့က ဆပ်ကပ်မကြည့်လိုက်ရတာကို ကျွန်တော် ဝမ်းမနည်းခဲ့ပါဘူး။ ကျွန်တော်နဲ့ အဖေ့ရင်ထဲမှာ ကပ်ပါလာတဲ့ ကြည်နူးမှုဟာ ဆပ်ကပ်ကြည့်ရတာထက် အဆတစ်ရာပိုတယ်ဆိုတာ ကျွန်တော် တကယ်ယုံပါတယ်ဗျာ။

THE CIRCUS
(DAN CLARK)

◆



## စာကလေးတစ်စောင်

အခမဲ့ ဆေးကုသခွင့်လက်မှတ်အစိမ်းလေးနဲ့ ကျွန်မအဖေရဲ့ ရောဂါဝေဒနာမှတ်တမ်းကို ကြည့်မိတယ်ဆိုရင်တော့ ကျွန်မ ဘာတွေပြောတော့မယ် ဆိုတာကို ရှင်တို့အားလုံး သဘောပေါက်နှင့်ပြီလို့ ကျွန်မ ယုံကြည်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ရှင်တို့ ဘာတွေလုပ်နေတယ်ဆိုတာ ရှင်တို့အသိဆုံးပဲမဟုတ်လား။ ရှင်တို့ထက် ဘယ်သူကများ ပိုသိဦးမှာလဲရှင်။ မနေ့ကလေ ကျွန်မ တစ်နေ့လုံး ကျွန်မမိဘနှစ်ပါးနဲ့အတူ ရှင်တို့ ဆေးဝါးကုသရေးဌာနမှာ ရှိနေခဲ့ပါတယ်။ တစ်နေ့လုံးပါပဲ။ ကျွန်မတို့မိသားစု ဘယ်သွားလို့ဘယ်လာရမှန်းမသိ၊ ဘာလုပ်လို့ဘာကိုင်ရမှန်းလည်းမသိ၊ ဘယ်သူ့ကို ဘာမေးရမှန်းလဲမသိနဲ့ ဒုက္ခရောက်လိုက်တာရှင်။ ဘာပြုလို့လဲဆိုတော့ အရင်က ကျွန်မတို့လည်း အခမဲ့ အစိမ်းရောင်ကတ်နဲ့ တစ်ခါမှ ဆေးမကုသခဲ့ဖူးတာ အမှန်ပါပဲ။ ဒါကြောင့်လည်း ဒီဆေးရုံမျိုးတွေကို ကျွန်မတို့ တစ်ခါမှ မရောက်ဖြစ်ခဲ့ကြပါဘူး။ အဖေကျတော့ အဖေက အသက်အာမခံလည်းမထား၊ ကျန်းမာရေးအာမခံလည်း မထားခဲ့သူတစ်ဦးဆိုတော့ သူ့ရဲ့ ဆေးကုသမှုမှတ်တမ်းမှာ တာဝန်ယူမည့်သူ မရှိလို့



www.burmeseclassic.com

www.burmeseclassic.com



ရိုက်နှိပ်ထားရာက ကျွန်မတို့ ရှင်တို့ ဆေးရုံကို ရောက်လာရတာပါပဲ။ ဆေးကုသဖို့ တာဝန်ယူမည့်သူ မရှိရင် ရှင်တို့တစ်တွေ ဆေးရုံမှာ အခမဲ့ ဆေးကုသခွင့်ရှိတယ်လို့ သတ်မှတ်ထားတာကိုး။

ရှင်တို့ဆေးရုံမှာ အဖေဟာ ဆေးကုသတဲ့ ပထမဆုံး ဝန်ထမ်းနဲ့ တွေ့ဖို့ ငါးနာရီကြာ တန်းစီရပ်နေရရှာပါတယ်။ အလိုလို ဘာကို စိတ်တိုင်းမကျမှန်းမသိဘဲ စိတ်တိုင်းမကျတိုင်း အယုတ် အလတ် အမြတ်မရွေး ကြိုးငယ်မဟူ ဟောက်စားလုပ်နေကြတဲ့ နာ့စ်မတွေ၊ ဆေးရုံပေါ်မှာ ဘယ်လိုစီးပွားရှာရမလဲလို့ အကွက်ချောင်းပြီး ဘာမဆို ငွေနဲ့ဆက်မှ ကြည်ကြည်ဖြူဖြူ ရှောရှောရှူရှူလုပ်ကိုင်ပေးချင်တဲ့ ဝန်ထမ်းတွေဟာ အခမဲ့ ဆေးကုသခွင့်ရတဲ့ဆေးရုံလို့ဆိုပေမယ့် ဆေးရုံ တစ်ရုံက ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေတာနဲ့ မတူကြဘူး။

ဝေဒနာရှင် လူနာများကို ရှင်တို့က မေးတဲ့အခါ တစ်ခါတစ်ရံ မကြားမိလို့၊ ဖြေတာလွဲသွားလို့၊ တချို့လည်း ဘာဖြေရမှန်းမသိလို့ မပြောနိုင်၊ မဖြေနိုင်တဲ့အခါမှာ မိုးချုန်းသလိုမျိုး အော်ဟစ်လိုက်တာ များ ဆင်းရဲသား ကျွန်မတို့တစ်တွေဟာ အရှင်လတ်လတ် ငရဲပြည် ရောက်သွားရသလိုပါပဲ။

ရှင်တို့ဝန်ထမ်းတွေဟာ ကျွန်မအဖေဟာ အခမဲ့ဆေးကုသခွင့် လက်မှတ် ကိုင်ထားတဲ့ ဝေဒနာရှင်တစ်ဦးဆိုတော့ ဘူကောင်ပဲပေါ့။ အရင်တစ်ပတ်က ကြိုတင်ချိန်းဆိုထားတဲ့ လူနာတစ်ဦးပေါ့။

ဒါပေမယ့် ကျွန်မအဖေအကြောင်း ရှင်တို့ဆေးရုံက ဝန်ထမ်းတွေ မမြင်နိုင်၊ မကြားနိုင်တဲ့အရာတွေ ကျွန်မမှာ ပြောစရာတွေက အများ ကြီးရှင့်။



အဖေဟာ ဆယ့်လေးနှစ်သားအရွယ်ကတည်းက လက်သမား အတတ်ကို ကျွမ်းကျွမ်းကျင်ကျင်တတ်ခဲ့လို့ ဗီရိုပုံစံအမျိုးမျိုးကို ကိုယ်ပိုင် လုပ်ငန်းတစ်ခုအနေနဲ့ လုပ်ခဲ့သူ၊ လိမ္မာပါးနပ်တဲ့ ဇနီးမယားတစ် ယောက်နဲ့အတူ အရွယ်ရောက်ပြီးသားသမီးလေးယောက်နဲ့ မြေးငါး ယောက်ကို ပြုစုပျိုးထောင်နိုင်ခဲ့သူ၊ ကျွန်မတို့မိသားစုအားလုံးအတွက် က “အဖေ”ဆိုတာ ကျွန်မတို့ တွေးထင်ထားနိုင်သမျှအရာတွေ အားလုံးထက် ကြီးကျယ်မြင့်မြတ်သူပါ။ အဖေတစ်ယောက်မှာ ရှိသင့် တဲ့အရည်အချင်းတွေဖြစ်တဲ့ သန်မာကြံ့ခိုင်တာ၊ တည်ကြည်အေးဆေး တာ၊ ကြင်နာသနားတတ်တာ၊ ရှင်းရှင်းဘွင်းဘွင်းနဲ့ ကျေးလက်တော သားပီပီ ဟန်မလုပ်ဘဲ ရိုးသားတာ၊ သားသမီးများကို နှစ်နှစ်ကာကာ ချစ်ခင်တတ်တာ အဲဒါတွေအားလုံး ကျွန်မအဖေမှာရှိတယ်။ အဖေဟာ ရိုးသားပြီး စိတ်ထားမြင့်မြတ်လို့၊ သူ့အလုပ်ကို ကျွမ်းကျင်လို့၊ ချမ်းသာ ကြွယ်ဝသူ စီးပွားရေးလုပ်ငန်းရှင်များကိုယ်တိုင်က လေးစားခြင်းခံရတဲ့ ကျေးတောသားအဖေပါ။

အဖေဟာ ကျွန်မတို့မောင်နှမလေးယောက်ကို အကျဉ်းအကျပ် မရှိမရှားနဲ့ ကြီးပြင်းအောင် ပြုစုပျိုးထောင်ခဲ့ပြီး အရွယ်ရောက်လာ ပြန်တော့လည်း သင့်တော်ရာ ရွေးချယ်အိမ်ထောင်ရက်သားချပေးရ ပြန်ပါတယ်။ ကျွန်မ ကလေးမျက်နှာမြင်တိုင်း အခက်အခဲ၊ အကျပ် အတည်းနဲ့ ကြုံရတတ်လွန်းလို့ မျက်ရည်တွေတွေကျပြီး ငိုနေတတ်တဲ့ ကျွန်မကို နှစ်ဆယ်တန် ဒေါ်လာလေးတစ်ရွက် လက်ထဲထည့်ပေးပြီး ချော့မော့နှစ်သိမ့်အားပေးတတ်တဲ့ အဖေဟာ အခုတော့ “ကင်ဆာ” ဆိုတဲ့ ရောဂါဆိုးကြီးက အဖေ့ကို ကျွန်မတို့မိသားစုလက်ထဲကနေ ဆွဲခေါ်ဖို့ ကြိုးစားနေပြီလေ။

ဝင်းမျိုးတစ်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့ကတော့ ထင်မှာပဲ။ သေခါနီး ဖအေအတွက် အကူအကယ် ကင်းမဲ့နေရှာတဲ့ သမီးတစ်ယောက် ကယောင်ကတမ်းနဲ့ ရေးချင်ရာတွေ ရေးနေတာလို့။ ကျွန်မ ရေးချင်ရာတွေ ရေးနေတာမဟုတ်ဘူး၊ ရေးသင့်တာတွေ ရေးနေတာပါ။ ကျွန်မ ရေးသမျှတွေကို ရှင်တို့ လျှော့မတွက်ပါနဲ့။ လူနာမှတ်တမ်းနဲ့ လက်မှတ်စိမ်းလေးတွေရဲ့ နောက်ကွယ်မှာ ရှင်တို့မမြင်နိုင်တဲ့ ဘဝပန်းချီကားချပ်တွေ ရှိနေလေရဲ့။ မှတ်တမ်းတစ်ခုစီမှာ သီးခြားခံစားချက်တွေ၊ သမိုင်းမှတ်တမ်းမှတ်ရာတွေ၊ စာနာရမယ့်ဘဝတွေ ရှိနေလေရဲ့။ တစ်နေ့ ရှင်တို့ကိုယ်တိုင် အဲဒီခံစားချက်မှတ်တမ်းမှတ်ရာနဲ့ ဘဝတွေထဲကို ဝင်ရောက်လာကြရမှာပဲ မဟုတ်ပါလားရှင်။ လာမယ့်မနက်ဖြန်၊ မနက်ဖြန်တွေမှာ ရှင်တို့ရဲ့ ချစ်ခင်မြတ်နိုးသူတွေ၊ ဆွေမျိုးသားချင်းတွေ၊ အိမ်နီးနားချင်းတွေ သူတို့ သူတို့တွေလည်း လူနာမှတ်တမ်းနဲ့ လက်မှတ်စိမ်းလေးတွေကိုင်ပြီး ဒီဆေးရုံကို ရောက်လာတဲ့အခါ ရှင်တို့ ကျွန်မအဖေကို အော်ဟစ်ကြိမ်းမောင်းသလို ကြိမ်းမောင်းကြမှာလား။ ဝေဒနာရှင် အဖေ့ခမျာ ဆရာဝန်တစ်ဦးဆီကို မဟုတ်သေးဘဲ ရှင်တို့လို ဝန်ထမ်းတစ်စုံတစ်ယောက်နဲ့တွေ့ဖို့ ငါးနာရီကြာ ဝေဒနာကို ကြိတ်မှိတ်ခံစားရင်း တန်းစီခိုင်းဦးမှာလား။

ကျွန်မ ဆုတောင်းပါတယ်ရှင်၊ နောက်တစ်နေ့ရောက်လာမယ့် လက်မှတ်စိမ်းကိုင် လူနာဝေဒနာသည်ကို တွေ့တွေ့ချင်း အပြုံးလေးနဲ့ ကြင်ကြင်နာနာ နှုတ်ခွန်းဆက်စကားဆိုနိုင်ပါစေလို့။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလူနာ ဝေဒနာရှင်ဟာ တစ်စုံတစ်ယောက်ရဲ့ ဖခင်သော်လည်းကောင်း၊ ခင်ပွန်း ဇနီးမယား အမေသော်လည်းကောင်း၊ သား





သမီးသော်လည်းကောင်း တစ်ခုခုတော့ ဖြစ်မှာပဲလေ။ အဲဒီသူ သို့မဟုတ် သူမဟာလည်း တကယ်တော့ ရှင့်လိုပဲ ဘုရားသခင်က ဖန်ဆင်းတော်မူခဲ့တဲ့ ချစ်ခင်ကြင်နာမှုနဲ့ ကောင်းချီးပေးကာ လူ့အဖြစ် လူ့ဘဝကို ရယူပိုင်ဆိုင်စေတော်မူခဲ့တဲ့ လူသားတစ်ယောက်ဖြစ်နေလို့ လူလူချင်း စေတနာ ရှေ့ထားလို့ ညှာတာထောက်ထားနိုင်ပါစေလို့ ဆုတောင်းရင်း ကျွန်မ ဒီစာကို ရေးရစ်ခဲ့ပါတယ်။

အခမဲ့ဆေးကုသခွင့်ရရှိသော ဖခင်တစ်ဦး ဆေးရုံသို့အရောက်တွင် တွေ့ကြုံခံစားရမှုနှင့် ပတ်သက်၍ သမီးဖြစ်သူတစ်ဦးက ရေးသားကာ ဆေးရုံပေါ်တွင် ထားရစ်ခဲ့သော ပိုင်ရှင်မဲ့ စာတစ်စောင်ဖြစ်ပါသည်။

**HE'S MY DAD**

**(AUTHOR UNKNOWN)**

◆



www.burmeseclassic.com

www.burmeseclassic.com

# သာမန်အလုပ်သမား

တစ်နေ့ စက်ရုံကြီးတစ်ခု၏ အရိပ်တွင် ကလေးများ ကစားရင်း မိမိတို့အဖေများ၏ ကြီးကျယ်ပုံနှင့် ဂုဏ်ပုဒ်များကို တစ်ဦးနှင့်တစ်ဦး အပြိုင်ပြောဆိုနေကြ၏။

"ငါ့အဖေဟာ စက်ရုံမန်နေဂျာပဲ"ဟု တစ်ယောက်ကဆို၏။

"ငါ့အဖေကတော့ စာရင်းကိုင်"

"ငါ့အဖေက အင်ဂျင်နီယာ"

"ငါ့အဖေကလည်း အရာရှိကြီးပဲ"

ထိုအခါ ကလေးတစ်ဦးက "ငါ့အဖေကတော့ ဟောဒီစက်ရုံမှာ သာမန်အလုပ်သမားတစ်ယောက်ပဲ"ဟုဆိုကာ လမ်းခွဲသွားကြသည်။

ထိုသို့ပြောဆိုနေသည်ကို နောက်ဆုံးကလေး၏မိခင်က မလှမ်း ကမ်းနေရာမှာ နားထောင်နေခဲ့၏။ ထိုမိခင်သည် မိမိ၏သားဖြစ်သူ အား ခေါ်ယူကာ "ငါ့သား ခုနတုန်းက သားတို့စကားဝိုင်းမှာ သူငယ်ချင်းက အဖေဟာ သာမန်အလုပ်သမားတစ်ယောက်ပါလို့ ပြောခဲ့တယ် ဟုတ်လား။ သားပြောခဲ့တာဟာ အမှန်ကိုပြောခဲ့တာပဲ။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သားဟာ သာမန်အလုပ်သမားဆိုတဲ့ အဓိပ္ပာယ်အစစ်အမှန်ကို သိလို့ ပြောခဲ့တာလို့တော့ အမေ မထင်ဘူး။ ငါ့သား ပိုပြီး ဂုဏ်ယူနိုင်အောင် ငါ့သားကို အမေရှင်းပြမယ်နော်”ဟုဆိုကာ သားအား မိမိရင်ခွင်ထဲသို့ သွင်း၍ ဆက်လက်ရှင်းပြ၏။

“ငါ့သား အမေတို့တိုင်းပြည်ရဲ့ နေရာအနှံ့မှာ စက်ရုံတွေရှိတယ်။ ဆိုင်ကြီးကနားကြီးတွေရှိတယ်။ နေ့စဉ်နေ့တိုင်း သယ်ဆောင်ပေးနေတဲ့ ကုန်တင်ကားကြီးတွေရှိတယ်။ ဆောက်နေဆဲတိုက်သစ်ကြီးတွေ၊ အဲဒါတွေအားလုံးကို သား တွေ့မြင်ရတိုင်း သာမန်အလုပ်သမားဆိုတာကို သား သတိရနော်။ ဘာပြုလို့လဲဆိုတော့ အဲဒီလုပ်ငန်းကြီးတွေ ပြီးမြောက်ဖို့ သာမန်အလုပ်သမားဟာ လိုအပ်တယ်။ အရာရှိကြီးတွေဆိုတာ ခမ်းနားတဲ့ စားပွဲကြီးတွေနဲ့ တစ်နေကုန် တကယ့်ကို သန့်သန့်ရှင်းရှင်းနေကြတဲ့လူကြီးတွေပေါ့။ စီမံကိန်းကြီးတွေ ပြီးမြောက်အောင်မြင်ဖို့ သူတို့ ကြံစည်ရတယ်။ လုပ်ငန်းမှာတမ်းတွေကို လက်ဆင့်ကမ်း ဆောင်ရွက်ရတယ်။ ဒါပေမယ့် မှတ်ထားသား၊ သူတို့ရဲ့အိပ်မက်တွေ အောင်မြင်စွာအကောင်အထည်ဖော်ဖို့၊ အဲဒီ လုပ်ငန်းတွေ ပြီးမြောက်ဖို့ သာမန်အလုပ်သမားဆိုတာ လုပ်ငန်းတိုင်းမှာ မရှိမဖြစ် လိုအပ်တယ်။

တကယ်လို့ အရာရှိကြီးတွေအားလုံး သူတို့စားပွဲကခွာပြီး တစ်နှစ်လောက် နားနေမယ်ဆိုရင်တောင် စက်ရုံရဲ့ဘီးတွေ အရှိန်အဟုန်နဲ့ လည်ပတ်နိုင်သေးတယ်။ ဒါပေမယ့် သားအဖေလိုလူတွေ လုပ်ငန်းခွင်မှာမရှိရင် အဲဒီစက်ရုံဟာ မလည်ပတ်နိုင်တော့ဘူး။ လုပ်ငန်းကြီးတွေ ပြီးမြောက်ဖို့၊ သာမန်အလုပ်သမား လိုအပ်တယ်ဆိုတာ သားနားလည်ရင် သားအဖေဟာ သာမန်အလုပ်သမားလို့ ပြောရတာကို ပိုပြီး ဂုဏ်ယူဝံ့ကြွားစွာ သားပြောမိမှာအမှန်ပဲ”ဟု အမေက ဆိုပါ၏။





ထိုအချိန်တွင် အနီးသို့ရောက်နေသော အဖေဖြစ်သူက ချောင်းတစ်ချက်ဟန့်လိုက်ရာ သားရော အမေပါ ချောင်းသံလာရာဘက်သို့ လှည့်ကြည့်လိုက်၏။

အဖေသည် သားနှင့်ဇနီးကို စိုက်၍ကြည့်နေ၏။ သားဖြစ်သူက အမေ့ထံမှ ဖခင်ကြီး၏ရှေ့မှောက်သို့ ပြေးထွက်ကာ “အဖေ ကျွန်တော် အဖေ့သားဖြစ်ရတာ ဂုဏ်ယူပါတယ်။ ဘာပြုလို့လဲဆိုတော့ လုပ်ငန်းကြီးတွေ ပြီးမြောက်စေတဲ့ ထူးခြားတဲ့လူတွေထဲမှာ အဖေဟာလည်း လူတစ်ယောက်အဖြစ်နဲ့ပါနေလို့ပါခင်ဗျာ”ဟု ဆိုလိုက်ပါ၏။

WORKING MAN

(ED PETERMAN)

◆



www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာအမွေ

အဲလ်ဆိုတာကတော့ ကျွန်တော်တို့အရပ်ထဲကပဲ ရပ်ရွာရပ်မျိုး ပေါ့။ သူက အိုးလုပ်ရာမှာ အတော်ကျွမ်းကျင်တဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ အဲလ်ဆိုတဲ့လူကတော့ သူ့ချစ်ဇနီးရယ်၊ သားနှစ် ယောက်ရယ်၊ သူ့အနုပညာရယ်နဲ့ ဘဝမှာ ပျော်ရွှင်မှုရနေတဲ့ အောင်မြင် သူတစ်ယောက်ပါပဲ။

တစ်နေ့မှာတော့ အောင်မြင်မှုတွေနဲ့ ပျော်ရွှင်နေတဲ့ သူ့ဘဝထဲကို ကြမ္မာဆိုးဝင်လာတယ်လို့ ပြောရမှာပါပဲ။ အဲဒီတစ်နေ့မှာပေါ့ သား အကြီးဖြစ်သူက သူ့ကို ဗိုက်အောင့်တယ်အဖေရာလို့ ပြောတာကို အဲလ်ကရော သူ့ဇနီးကပါ မင်း အစားများလို့ ဗိုက်နာရီးနာစဉ် နာတာပါကွယ်”လို့ ပြောပြီး ပေါ့ပေါ့တန်တန် နေလိုက်မိတယ်။ ဒါပေမယ့် သားကြီးဟာ ဗိုက်နာရီးနာစဉ်မဟုတ်ဘဲ အူအတက်ပေါက် လို့ နာတာကို အဖေက သတိပေါ့ပြီး ဆေးရုံမပို့မိတာနဲ့ အဲဒီညမှာပဲ သားကြီးဟာ သူတို့မိသားစုထဲက ထွက်ခွာသွားရမှုဖြစ်ခဲ့ရတော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်ကစပြီး သားကြီးသေဆုံးရတာ ငါပေါ့မိလို့ပဲ။ ငါ ဆေးရုံပို့မိရင် ဒီလိုအဖြစ်ဆိုးနဲ့ သားကြီး ကြုံရမှာမဟုတ်ဘူးလို့ တွေးပြီး အဲဒီစိတ်ဟာ သူ့ကိုရော သူ့ဇနီးကိုပါ တမြည့်မြည့်ခံစားစေရုံ သာမက အကြီးအကျယ် နှိပ်စက်တော့တာပါပဲ။ ဒီခံစားမှုကြောင့် စားမဝင် အိပ်မပျော်နဲ့ ဇနီးဖြစ်သူဟာ ခြောက်နှစ်အရွယ်ကလေးငယ်ကို လူ့လောကထဲမှာထားခဲ့ပြီး သားကြီးနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားခဲ့ပါတော့တယ်။

အဲဒီအချိန်ကစပြီး အဲလ်ဟာ ဘယ်သူကမှ ဖျောင်းဖျလို့မရတော့ဘဲ အရက်ကို စွဲစွဲလမ်းလမ်းသောက်ပြီး အရက်နဲ့ပဲ အတူနေရာက အရက်သမားကြီးလုံးလုံးဖြစ်တော့တာပါပဲ။

နောက်ဆုံး အဲလ်ဟာ အရာရာကို အရှုံးပေးလိုက်ပါတယ်။ သူ့ခြံ၊ သူ့အိမ်၊ သူ့အနုပညာတွေ အားလုံး ကုန်သလောက်အထိ အရက်သောက်ပစ်ပြီး သူကတော့ ဆန်ဖရန်စစ္စကိုမြို့က အပေါစား တည်းခိုခန်းလေးထဲမှာ လူမသိသူမသိနဲ့ သူ့ဘဝကို အဆုံးသတ်သွားတာပါပဲ။

ကျွန်တော်ဟာ အဲလ်တို့မိသားစုရဲ့အကြောင်းကို ခရေစေ့တွင်းကျ သိထားသူတစ်ယောက်ပါ။ ကျွန်တော်လည်း အောင်မြင်ကျော်ကြားတဲ့ အနုပညာသည်တစ်ဦးရဲ့ မလှမပ ဓာတ်သိမ်းရတဲ့အဖြစ်ကိုကြည့်ပြီး ကံကြမ္မာဆိုတာ အစိုးမရပါလားလို့ သံဝေဂတရားရနေတဲ့သူလည်း ဖြစ်ပါတယ်။

မမျှော်လင့်တဲ့ကြမ္မာဆိုးတစ်ခု အဲလ်တို့မိသားစုထဲ ဝင်အလာမှာ သားကြီးလည်း အသက်ဆုံးရ၊ ဇနီးဖြစ်သူလည်း အသက်ဆုံး၊ အဲလ်ရဲ့





အနုပညာတွေက ရစရာမရှိအောင် ပျက်စီးပြီး ပျော်ရွှင်စရာ မိသားစုဘဝဟာလည်း လူ့လောကထဲက ပျောက်ကွယ်သွားရပြီး အဲလ်ကိုယ်တိုင်က အရက်သမား ဖိုးသမားကြီးဘဝရောက်ကာ နောက်ဆုံး သူကိုယ်တိုင်ဟာလည်း မလှမပနဲ့ ဓာတ်သိမ်းခဲ့ရသောအဖြစ်နှင့် ကြုံခဲ့ရပါတယ်။

ဖိုးသမားကြီးဘဝရောက်နေတဲ့ အဲလ်ကို ကျွန်တော်ဟာ မကြာခဏ အားပေးစကား၊ အသိပေးစကားတွေ ပြောခဲ့ပေမယ့် အဲလ်ဟာ သူ့ဘဝကို ဘယ်နည်းနဲ့မှ ပြန်တည်ဆောက်မယ်လို့ စိတ်မကူးတဲ့ အဆုံး အခုလိုဖြစ်ရပ်တွေနှင့် ကြုံတွေ့ရခြင်း ဖြစ်ပါတယ်။

အဲလ်တို့မိသားစုကို ကျွန်တော်ဟာ မျက်ခြည်မပြတ် လေ့လာနေသူတစ်ဦးအနေနဲ့ သူတို့မိသားစုထဲက အသက်ရှင်ကျန်နေတဲ့ အငယ်ဆုံးသားလေး အာနီကိုလည်း ကျွန်တော် စောင့်ကြည့်ဖြစ်ခဲ့ပါတယ်။ အာနီ အိမ်ထောင်ရက်သားကျတုန်းကလည်း ကျွန်တော် သွားခဲ့တယ်၊ လက်ဆောင်တွေဘာတွေ ပေးခဲ့တယ်။

အဲလ်ရဲ့သား အာနီဟာ သူ့အိမ်ထောင်ကို ကောင်းကောင်းထိန်းနိုင်တယ်။ သူ့ဇနီးကိုလည်း ချစ်လိုက်တာ လွန်ပါရော။ သူတို့မိသားစုလေးဟာ ဟိုအရင် သူ့အစ်ကိုကြီး မကွယ်လွန်မီက အဲလ်ထူထောင်ခဲ့တဲ့ မိသားစုထက်တော့ စနစ်ကျတယ်လို့ ဆိုနိုင်ပါတယ်။

ဒါပေမယ့် အာနီဟာ သူ့အဖေအကြောင်းကို လူရှေ့သူရှေ့မှာ သိပ်မပြောရှာပါဘူး။ သူ့အဖေဟာ တစ်ချိန်က လျှမ်းလျှမ်းတောက် အနုပညာသည်တစ်ဦးဖြစ်ပေမယ့် ဖိုးသမားဘဝနဲ့ နိဂုံးသတ်ခဲ့လို့ မပြောတာပဲဖြစ်မယ်လို့တော့ ကျွန်တော်ထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကျွန်တော် စိတ်ဝင်စားတာက အဲလ်တို့မိသားစုထဲ ကြမ္မာဆိုးဝင်တော့ အာနီဟာ အသက် ငါးနှစ်ခြောက်နှစ်ပဲ ရှိသေးတယ်။ မိသားစုရဲ့ လှိုင်းပုတ်ဒဏ်ကို အာနီ အခံရဆုံးပါပဲ။ မိတဆိုးဘဝ၊ ဖခင်ဖိုးသမားနဲ့ ကြမ်းတမ်းတဲ့ဘဝကို အာနီ ဖြတ်ခဲ့ရသူဖြစ်ပါလျက် သူ့အိမ်ထောင်ကို သူ ဘာကြောင့်များ ခုလို စနစ်တကျ ထူထောင်နိုင်တာလဲ၊ ဘာပြုလို့အာနီဟာ မိတဆိုး ဖိုးသမားအဖေနဲ့ နေခဲ့ရပါလျက် ဘဝအောင်မြင်မှုတွေကို ရယူနိုင်တာလဲဆိုတာကို ကျွန်တော် အသိချင်ဆုံးပါပဲ။

ဒါနဲ့ တစ်နေ့ အာနီနဲ့ မမျှော်လင့်ဘဲ ဆုံတဲ့ခဏမှာ ကျွန်တော်ရဲ့ သိလိုတဲ့စိတ်ကို မြိုသိပ်မထားနိုင်ဘဲ "အာနီရေ၊ ကိုယ် မင်းတို့မိသားစု ဘဝကို မင်းမမွေးခင်ကတည်းက သိတဲ့ မင်းအဖေရဲ့မိတ်ဆွေကောင်း တစ်ဦးဆိုတာ မင်းသိမှာပါ။ မင်းတို့မိသားစုအကြောင်းကို ကိုယ်နားအလည်ဆုံးပါ။ ဒါပေမယ့် ကိုယ်နားမလည်ခဲ့တာကတော့ မင်းအမေ သေတော့ မင်းက ခြောက်နှစ်သားပဲရှိသေးတယ်။ မင်းက အဖေရဲ့ အုပ်ထိန်းမှုနဲ့ ကြီးလာရတဲ့သူ။ မင်းအဖေကလည်း အဲဒီအချိန်မှာ အရက်သမားကြီးလုံးလုံးဖြစ်နေပြီလေ။ ဒီလိုဘဝကနေ ကြီးပြင်းလာတဲ့မင်းဟာ တကယ့်ကို လူကြီးလူကောင်းတစ်ယောက် ဖြစ်လာတော့ ငါ ဝမ်းသာလို့မဆုံးတာ အမှန်ပါပဲ အာနီရာ။ ဝမ်းသာရုံမက အံ့လည်းအံ့သြတယ်၊ မအံ့သြဘဲနေနိုင်ပါ့မလား။ ညနေဆို မင်းအဖေက ယိုင်ထိုးပြီး ခေါင်းငိုက်စိုက်နဲ့ လမ်းထဲဝင်လာတာ အမြဲတွေ့နေရတာပဲ။ ဒါနဲ့တောင် မင်းဘဝကို မင်း အခုလို ရပ်တည်လာနိုင်တာဟာ အံ့သြစရာမှ အာနီရာ"လို့ ကျွန်တော်က ပြောမိခဲ့ပါတယ်။



"ကျွန်တော် အခုလို လူတစ်လုံးသူတစ်လုံးဖြစ်ရတာဟာ အဖေ့ရဲ့ ကျေးဇူးပဲ အန်ကယ်ရဲ့"

"ဘာ နားရှုပ်လို့သာကြားရတယ် ယုံနိုင်စရာမရှိပါဘူးကွာ။ အနှစ် ၂၀ လောက်လုံးလုံး မင်းအဖေ မူးပြီး ပြန်လာတာ ငါအသိဆုံးပဲ မဟုတ်လား အာနီရ၊ စိတ်တော့မရှိပါနဲ့ အာနီရာ ငါ တောင်းပန်ပါတယ်"ဟု ပြန်ပြောလိုက်သောအခါ အာနီက ဣန္ဒြေရရပင် ကျွန်တော့်ကို ပြန်ပြောတာက...

"ဒီလိုပါအန်ကယ်ရာ အဖေက အစ်ကိုကြီးကြောင့်ရော၊ အမေ့အတွက်ပါ အရက်ကို မိုးမွှန်အောင်သောက်တာ အန်ကယ်အသိဆုံးပဲ မဟုတ်လား။ ဒါပေမယ့် ကျွန်တော်ငယ်ငယ်လေးကတည်းကစပြီး ၁၈ နှစ်ပြည့်လို့ အိမ်ကထွက်လာပြီး ကိုယ့်အလုပ်ကိုယ်ရှာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တဲ့အချိန်အထိ အဖေက အရက်သာမူးလာတာ ညနေတိုင်း ကျွန်တော့်အိပ်ခန်းထဲကို ရောက်အောင်လာတယ်။ ရောက်လာပြီး "အဖေလေ သားကို သိပ်ချစ်တာပါကွာ"လို့ ပြောပြီး ကျွန်တော့်ကို တအားကြီးဖက်ပြီး နမ်းတယ်။ အဲဒါက တစ်ညမှ မပျက်ကွက်ပါဘူး။ အဲဒီလိုနဲ့ အဖေက ကျွန်တော့်ကို မိသားစုကို ချစ်တတ်အောင် သင်ပေးခဲ့တယ်။ အပြင်ကနေကြည့်ရင်တော့ အဖေဟာ ဖိုးသမားကြီးဖြစ်ပေမယ့် ကျွန်တော်တို့မိသားစုအတွက်ကတော့ မေတ္တာရှင်ကြီးတစ်ယောက်ပေါ့ဗျာ။ နောက်ပြီး သူ့နှလုံးသားထဲမှာ ကျွန်တော့်ကို အမြဲထည့်ထားတယ်။ အမေနဲ့ အစ်ကိုကြီးကိုလည်း သူ သတိရတယ်။ ဒီလို အန်ကယ်ရဲ့ မေတ္တာဆိုတာ အသွားအပြန်ရှိတယ်။ သူဆိုတာ အချစ်ခံရဖူးမှ သူများကို ပြန်ချစ်တတ်တယ်။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ဘဝ အခုလို အောင်မြင်မှုရတာတွေ၊ မိသားစုဘဝ ပျော်ရွှင်မှုရတာတွေဟာ ကျွန်တော် တခြားက ရယူနိုင်တာ မဟုတ်ပါဘူး။ ဒါတွေက ကျွန်တော့်ကို အဖေ သင်ပေးခဲ့တာတွေပါ။ ညနေတိုင်း ဘယ်လောက်ပဲမူးမူး ကျွန်တော့်ကို သူချစ်တဲ့အကြောင်း ပြောဖြစ်အောင် လာပြောတယ်။ မိသားစုကို ချစ်တတ်တဲ့ အဖေ့နှလုံးသားဟာ ကျွန်တော့်ရင်ထဲမှာ ပါကိန်းအောင်းနေတော့တာပါပဲ အန်ကယ်ရာ”

အာနီ၏ တည်တည်ငြိမ်ငြိမ်ပြောနေသောစကားများက ကျွန်တော့်ကို အလေးအနက်ဖြစ်စေတာပါပဲ။ အဲလ်ဟာ ဤကမ္ဘာမြေပေါ်မှာသူ့အနုပညာပစ္စည်းတွေ၊ ရုပ်ဝတ္ထုပစ္စည်းတွေ မချန်ထားရစ်နိုင်ပေမယ့် သူ့ရဲ့ ချစ်ခြင်းမေတ္တာကို သားဖြစ်သူထံမှတစ်ဆင့် မြေးမြစ်တို့သို့တိုင် ဤကမ္ဘာ မြေပြင်ပေါ်တွင် ကြဲချခဲ့သူတစ်ဦးဖြစ်ကြောင်း ထိုနေ့ကမှ ထပ်မံသိခဲ့ရ ခြင်း ဖြစ်ခဲ့တာပါဗျာ။

**A Legacy of Love**
**(Bobbie Gee)**

◆



# ပါကို အမြန်ပြန်လာပါ

စပိန်နိုင်ငံရှိ မြို့လေးတစ်မြို့တွင် ဂျော့ဆိုသူ အဖေတစ်ယောက်ရှိ၏။ တစ်နေ့ သားဖြစ်သူ ပါကိုအား ကိစ္စတစ်ရပ်နှင့် ဆုံးမရာ ပါကိုသည် ထိုနေ့ညက အိမ်ပေါ်မှ ဆင်းသွားပြီးနောက် ယနေ့တိုင် ပြန်လာဘဲရှိ၏။

ဂျော့သည် ယမန်နေ့တွင် ဖြစ်ခဲ့သော ကိစ္စရပ်ကို ခေါင်းအေးအေးနှင့် စဉ်းစားပြီးမှ မိမိမှားကြောင်း သိရှိကာ သားဖြစ်သူပါကို ဘယ်များသွားနေပါလိမ့်။ မတော်တဆ အဝေးကြီးထွက်သွားမှဖြင့် ဒုက္ခပါပဲ။ သူ ဒီမြို့က မထွက်သွားခင် ငါလိုက်ခေါ်မှပဲဟု စိတ်ကူးကာ မြို့လယ်ကောင် လူစည်ကားသော စတိုးဆိုင်တစ်ဆိုင်သို့ သွားရောက်ကာဆိုင်ရှေ့ရှိ ကျောက်သင်ပုန်းပေါ်တွင် အောက်ပါအတိုင်း စာရေးသားထားခဲ့၏။

“သား ပါကို အိမ်ကိုအမြန်ပြန်လာပါ၊ အဖေ စိတ်ပူနေတယ်၊ ...င်းကို အဖေချစ်ပါတယ်။ မနက်ဖြန် မနက် ၉ နာရီမှာ ဒီနေရာမှာ ...င်း အဖေ့ကိုလာတွေ့ပါ သားရယ်”



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ဂျော့သည် ချိန်းဆိုထားသည့်အတိုင်း ထိုစတိုးဆိုင်ရှေ့သို့ ကိုးနာရီအရောက်သွားခဲ့၏။ ထိုအခါ ဂျော့သည် မိမိစာရေးထားသော ကျောက်သင်ပုန်းရှေ့တွင် လူငယ်ခုနစ်ယောက်ကို တွေ့ခဲ့ရ၏။ ထိုလူငယ်ခုနစ်ယောက်လုံး၏ အမည်များသည် ပါကိုဟူ၍ဖြစ်ကာ ထိုခုနစ်ယောက်စလုံးသည် အိမ်မှ ထွက်ပြေးလာကြသူများဖြစ်သည်။ ကျောက်သင်ပုန်းပေါ်မှ ဂျော့၏ရေးသားချက်ကို ဖတ်မိသောအခါ မိမိတို့၏ဖခင်များက မိမိတို့အား ပြန်ခေါ်သည်ဟု ထင်မှတ်၍ အိမ်ပြန်ရန် လာစောင့်နေသူများဖြစ်သည်ကို ဂျော့သည် ထိုလူငယ်ခုနစ်ယောက်နှင့် စကားပြောမိသောအခါ သိရှိလာခဲ့၏။

သို့သော် ထိုလူငယ်ခုနစ်ယောက်ထဲတွင် မိမိ၏သားပါကို မပါဝင်သည်ကို တွေ့ခဲ့ရ၏။ ထိုအခါ ဂျော့သည် ဖခင်ချင်း ကိုယ်ချင်းစာကာ လူငယ်များအား ဖျောင်းဖျပြောဆိုပြီး သူတို့၏ဖခင်များထံသို့ လိုက်ပို့လိုက်၏။

ဂျော့သည် နောက်တစ်နေ့ ကိုးနာရီတွင် စတိုးဆိုင်ရှေ့သို့ ထပ်မံလာရောက်စောင့်သောအခါမှ သားဖြစ်သူ ပါကိုတစ်ယောက် စိုက်စိုက်စိုက်စိုက်နှင့် ကျောက်သင်ပုန်းရှေ့သို့ ရောက်လာသည်ကို တွေ့ရသောအခါ ဂျော့က သားဖြစ်သူကို ပြေးဖက်လိုက်ပြီး “အိမ်ပေါ်က သားဖြစ်သူတွေ ဆင်းသွားပေမယ့် အဖေတွေအပေါ် သားတွေက မေတ္တာမသေဘူးဆိုတာ မနေ့ကတည်းက အဖေသိပြီးပါပြီကွာ”ဟု ဆိုပါသည်။

သို့သော် သားဖြစ်သူ ပါကိုက ဘာဆိုလိုသည်ကို အဓိပ္ပာယ်မရှင်းသဖြင့် “အဖေ ဘာပြောတာလဲဗျာ”ဟု မေးကြည့်ရာ ဂျော့က မနေ့က





ပါကိုခုနစ်ဦးအား အိမ်ပြန်ပို့သည့်အကြောင်းတို့ပြောပြရာ သားအဖနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ အားရပါးရ ရယ်မောမိကြပါတော့သတည်း။

**PACO COME HOME**

**(ALAN COHEN)**

◆



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော့်အမေရဲ့လက်ကြမ်းကြမ်းကြီးတွေ

ညအိပ်ရာဝင်ချိန်ဆို ကျွန်တော်က သားသမီးတွေကို ပွေ့ပွေ့ပိုက်ပိုက်နဲ့ ပုံပြောရင်း ချော့သိပ်တတ်တယ်ခင်ဗျ။ တစ်နေ့တာ အလုပ်ခွင်က ပင်ပန်းလာသမျှ ဒီနည်းနဲ့ ကျွန်တော် အပန်းဖြေတတ်ပါတယ်။ သားတို့၊ သမီးတို့ကို ပွတ်သပ်ချော့မြှူရတဲ့ အရသာကို ကျွန်တော် ဘာနဲ့မှမလဲနိုင်ပါဘူးခင်ဗျာ။ ညဘက် ကျွန်တော် အပြင်ထွက်ခဲပါတယ်။ ဘယ်မိတ်ဆွေသူငယ်ချင်းနဲ့မှ ညစာစားတာတို့၊ နိုက်ကလပ်ကပွဲသွားတာတို့ ကျွန်တော် လုပ်လေ့မရှိပါဘူး။ မိသားစု ဆက်များ ဘယ်မိတ်ဆွေသူငယ်ချင်းတွေကို ပိုသံယောဇဉ်တွယ်စရာ ရှိလို့လဲဗျာ။

တစ်ည သားလေးက ကျွန်တော့်လက်ဖဝါးထဲကို သူ့လက် နုနယ်နယ် ပုလုကွေးလေး လာထည့်တယ်ခင်ဗျ။ ကျွန်တော်က သူ့လက်ဖွေးဖွေးနုနုလေးတွေကို အသာအယာညှစ်ဟန်ပြုရင်း ကျွန်တော့်လက်ကို ကျွန်တော် ပြန်မြင်ရတဲ့အခါ စိတ်မျက်စိထဲမှာ စွဲနေတဲ့ အမေ့လက်တစ်စုံကို အလိုလို မြင်မိရက်သား ဖြစ်နေပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါတယ်။ ကျွန်တော့်လက်ဟာ ကျွန်တော့်အဖေရဲ့ လက်ပုံစံအတိုင်းပါပဲ။ အဖေရှိစဉ်က ကျွန်တော့်လက်တွေကို အသာအယာ ဖျစ်ညှစ်သလို ကျွန်တော်လည်း ကျွန်တော့်သားလေးရဲ့ လက်ကလေးကို ညင်ညင်သာသာ ဖွဖွလေးညှစ်နေရပြီကော။ ဒီလက်နှစ်ဖက်တွေ့ဆုံတဲ့အခါ စကားတစ်လုံးမှပြောဖို့ မလိုပါဘဲနဲ့ ကျွန်တော်ရော အဖေပါ အလွန်သာယာတဲ့ စကားသံတွေ၊ အလွန်အစွမ်းထက်တဲ့ အင်အားတွေ၊ အို... ဘယ်ကဘယ်လိုပေါ်လာမှန်းမသိတဲ့ ကြည်နူးခံစားမှုတွေနဲ့ ပြီးပြည့်စုံတဲ့ ဘဝတစ်ခုကို ရောက်သွားသလို ခံစားရတာ အမှန်ပါပဲ။ ခုလည်း ကျွန်တော်နဲ့ ကျွန်တော့်သားလေး ကြည်နူးပျော်မြူးစွာနဲ့ အသာအယာဖျစ်ညှစ်နေလိုက်ကြတာ။

အဖေဟာ လက်သမားဘဝနဲ့ ကျွန်တော်တို့မိသားစုကို ရှာဖွေကျွေးမွေးခဲ့တာပါ။ ဒီတော့ အဖေ့လက်နဲ့ ကိုင်တွယ်ခဲ့ရတဲ့ ပစ္စည်းတွေကလည်း နူးညံ့တဲ့ ပိုးဖဲကတ္တီပါတွေ မဟုတ်ခဲ့သလို အဖိုးထိုက်တန်တဲ့ စိန်ရွှေကျောက်သံပတ္တမြားတွေလည်း မဟုတ်ခဲ့ပါဘူး။ ကြမ်းတမ်းလေးလံတဲ့ တူတွေ၊ ဆောက်တွေ၊ လွနဲ့ သံတူရွင်းတွေ၊ ကွေးကောက်နေတဲ့ သံမှိုတွေနဲ့ ကော်ပတ်ကြမ်းကြမ်းရှရှတွေကိုသာ နေ့တစ်မူ အကိုင်အတွယ်များခဲ့လို့လားမသိဘူး အဖေ့လက်ဖဝါးပြင်ဟာ ကျားလျှာလို ကြမ်းတမ်းခက်ထန်လှပါတယ်။ ကြမ်းတမ်းတာမှ သူမတူအောင်ကို ကြမ်းတမ်းတာပါ။ အဖေ့လက်မနဲ့လက်ညှိုး နှစ်ချောင်းစလုံးက လက်သည်းခွံတွေဟာ အမြဲပြာပြီး မည်းညစ်ညစ် ညိုပုပ်ပုပ်နဲ့မို့ "ဘာဖြစ်တာလဲအဖေ" လို့ တစ်ခါမေးမိပါတယ်။ "တူနဲ့ထုမိတာလေကွာ၊ သံရိုက်ရင်း ရှောင်မနေနိုင်တော့ဘူး။ ခဏခဏထုမိတော့လည်း





ထုံပြီး မနာတော့ပါဘူးသားရယ်" လို့ ဖြေဖူးတာမို့ နောက်ထပ် မမေး ဖြစ်အောင် ဆင်ခြင်နေမိတော့တာ ယနေ့ထက်တိုင်အောင်ပါပဲ။ အဖေ့ဟာ လက်တွေ ထုံကျင်လာတဲ့အထိ တူအထုခံရရင်း ကျွန်တော်တို့မိသားစုကို လုပ်ကျွေးခဲ့တာပါလားလို့ တွေးမိတိုင်း ကျွန်တော့်နှလုံးသားမှာ နာကျင်ရပါတယ်။

"စာတော့ကြိုးစားပေ့ ငါ့သား၊ အဖေ ပညာမတတ်ခဲ့လို့ ခုလို ကြမ်းတမ်းပင်ပန်းတဲ့ဘဝမှာ အသက်မွေးရတာ။ အဖေ့သား လူလေး မပင်ပန်းရအောင် စာတော့ တတ်အောင်သင်နော်" လို့ မကြာခဏ ဆုံးမစကားဆိုရင်း အဖေဟာ ကျွန်တော့်လက်ကလေးတစ်ဖက်ကို သူ့လက်ဖဝါးကြမ်းရှရှကြီးထဲ ထည့်ပြီး ဖျစ်ညှစ်တတ်ပါတယ်။ အဲဒီတစ်ခဏရခဲ့ဖူးတဲ့ အရသာကို ကျွန်တော့်တစ်သက် ဘယ်လိုမှ မေ့ပျောက်လို့မရခဲ့ပါဘူးအဖေ။ အဖေ့လက်ဖဝါး ကြမ်းတမ်းလှတာမှန်သော်လည်း အဖေ့မေတ္တာ၊ အဖေ့စေတနာတွေက အင်အားကြီးမားသိမ်မွေ့လှတာကြောင့် ကျွန်တော် အဖေ့လက်ဖဝါးပြင်ရဲ့ ကြမ်းတမ်းတဲ့ အတွေ့အထိကို မခံစားမိတော့ဘဲ အဖေ့နှလုံးသားက စီးဆင်းလာတဲ့ ဖခင်တစ်ယောက်ရဲ့ ကြီးမားသန့်စင်တဲ့ မေတ္တာနဲ့ စေတနာတွေရဲ့ နူးညံ့သိမ်မွေ့လှတဲ့ အတွေ့ကိုသာ ကြည်နူးနှစ်သိမ့်စွာ ခံစားမိပါတယ် အဖေ။

ညအခါ အမှောင်ထုထဲမှာ ကလေးတစ်ယောက်အနေနဲ့ ဘာအကြောင်းတစ်ခုမှ ရေရေရာရာမရှိဘဲ ကြောက်မိတဲ့အခါတွေလည်း ရှိခဲ့တာပေါ့ အဖေ။ အဲဒီလိုအခါမျိုးမှာ အဖေ့လက်ဖဝါးကြမ်းကြီး အတွင်းမှာ အားကိုးတကြီးနဲ့ ဆုပ်ကိုင်ခံရတဲ့တစ်ခဏတော့ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တ္တရားတွေပြေလို့ အင်အားတွေရှိလာလိုက်တာ၊ ဝေါ်ဒီလာနဲ့ပဲ နပန်းဖက်လုံးရမလား၊ ကင်းကောင်နဲ့ပဲ တစ်ယောက်ချင်း သတ်ပုတ်ရမလား ငါ့အဖေ ငါ့အနားမှာရှိတယ်၊ ငါ့လက်ကို ဆုပ်ကိုင်ပေးထားတယ်၊ ငါ ဘာကိုမှမကြောက်တော့ဘူးလို့ တစ်ကမ္ဘာလုံးကြားအောင် ကျွန်တော် အော်ပြောလိုက်ချင်တာပေါ့အဖေရယ်။ ကျွန်တော် အားငယ်စရာတွေ ကြုံတွေ့ရတိုင်း ကျွန်တော့်စိတ် မျက်စိထဲမှာ တစ်သက်လုံးစွဲထင်နေတဲ့ အဖေရဲ့လက်ကြမ်းတစ်စုံလောက် ကျွန်တော် တခြားဘာကိုမှ မတောင့်တ မမြတ်နိုးခဲ့မိရိုးအမှန်ပါ အဖေ။

သူများတကာအဖေတွေရဲ့လက်တွေကတော့ ဖြူဖွေးနူးညံ့သန့်စင့်လို့ လုပ်ကိုင်ရတဲ့ အလုပ်အကိုင် အနေအထားအရ ရုံးအရာရှိတွေ၊ ကုန်သည်ပွဲစားတွေ၊ ဆရာဝန်၊ အင်ဂျင်နီယာတွေ၊ ကျောင်းဆရာ၊ စာရေးဆရာတွေရဲ့ လက်တွေကတော့ နူးညံ့သန့်စင်ပေမပေါ့။ သူများအဖေတွေကတော့ တူရွင်း၊ ဆောက်၊ လွှနဲ့ သံမှိုတွေ၊ သစ်သားေကြမ်းကြမ်းတွေကို ရွှေဘော်ထိုးနေရတာမှမဟုတ်တာ။ အဖေကတော့မြေပေါက်လိုက်၊ တွင်းတူးလိုက်နဲ့ အညစ်အကြေးတွေ၊ မြေဆီ မြေခဲတွေဟာ အဖေ့ မဟာမိတ်တွေအလား မိုးလင်းက နေဝင် အလုပ်သိမ်းတဲ့အထိ ကိုင်တွယ်နေရတာကိုး။ သံချေးအထပ်ထပ်နဲ့ ပိုက်လုံးတွေသံထည်ပစ္စည်းတွေကလည်း ပါသေးနော်။ အဖေ ဒီလိုအကြမ်းထည်အနိုင်အခံ့ပစ္စည်းတွေ ကိုင်တွယ်နေရလို့မို့ အဖေ့လက်ဖဝါးတွေဟာအားအင်တွေ ပိုလို့များတိုးနေရတာလား အဖေရယ်။ အဖေ့လက်ဖဝါးတွေ ဘယ်လိုပဲကြမ်းတမ်းနေပါစေအဖေ။ ကျွန်တော် အဖေ့အတွက် ဂုဏ်ယူပါတယ်။ သမ္မာအာဇီဝမှန်ကန်တဲ့ အသက်မွေးဝမ်းကျောင်းမှု



မိသားစုတစ်ဝမ်းတစ်ခါး ရှာဖွေကျွေးမွေးခဲ့တဲ့ အဖေ့ဘဝမှာက ရေနဲ့ဆေးကြောလိုက်ရင် အလွယ်သန့်စင်သွားတဲ့ အညစ်အကြေးပဲ ပေရေခဲ့ဖူးရတာကို ဂုဏ်ယူစမ်းပါအဖေ။ စာရိတ္တပျက်ယွင်းလို့ ကိုယ်ကျင့်သိက္ခာပျက်ကွက်မှုဆိုတဲ့ အညစ်အကြေးက ဘာနဲ့ဆေးဆေး မသန့်စင်နိုင်တော့ဘူးလို့ အဖေဆုံးမခဲ့လို့ ကျွန်တော် သဘောပေါက်ခဲ့ပါတယ်အဖေ။

BURMESE CLASSIC .com

ကျွန်တော်လည်း တဖြည်းဖြည်း အရွယ်လေးရလာလို့ သားလေးတွေလည်း အရွယ်ရောက်ပြီဆိုပါတော့ဗျာ၊ အမြဲရှင်သန်ကြီးထွားနေတဲ့ဖခင်မေတ္တာကို အဖေ့နည်းတူ ကျွန်တော်က ကျွန်တော့်သားလေးတွေဆီ လက်ဆင့်ကမ်းရတဲ့အခါ ကျွန်တော့်လက်ဖဝါးပြင်ဟာ အဖေပင်ပန်းဆင်းရဲခံ သင်ကြားပေးခဲ့တဲ့ပညာနဲ့ ပညာတတ်တစ်ယောက်ရဲ့လက်ဖဝါးပြင်မို့လို့ နူးညံ့နေစေဦးတော့။ ဇရာရဲ့သဘောသဘာဝလက်ဖမိုးပေါ်က ရှုံ့တွနေတဲ့ အကြောပြိုင်းပြိုင်းနဲ့ ကျွန်တော့်လက်အစုံက စီးဆင်းသွားတဲ့ ဖခင်တစ်ယောက်ရဲ့ မေတ္တာ၊ စေတနာနဲ့အကြင်နာတရားတွေကို ကျွန်တော့်နည်းတူ ကျွန်တော့်သားလေးတွေသဘောပေါက် နားလည်စွာနဲ့ ခံယူနိုင်ကြပါစေလို့ ကျွန်တော်ဆုတောင်းပါတယ် အဖေ…

**MY DAD'S HANDS**

**(DAVID KETTLER)**

◆

ဝန်းမျိုးထက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ကောက်ရိုးပန်းချီ

ကျွန်တော်ဟာ အိုင်အိုဝါပြည်နယ်က ယာတောလေးတစ်ခုမှာ မွေးဖွားကြီးပြင်းခဲ့သူပါ။ သားလေးယောက်ရှိတဲ့ မိသားစုမှာ ကျွန်တော်က အငယ်ဆုံးကလေးပါ။ အဖေဟာ ရှစ်တန်းလောက်အထိသာ ပညာသင်ကြားခဲ့ဖူးပြီး ယာတောထဲမှာ အလုပ်လုပ်ရင်း အမေနဲ့ အိမ်ထောင်ပြုခဲ့တာပေါ့။ အမေကတော့ အထက်တန်းလည်းအောင်ရော တက္ကသိုလ်တက်မယ့်အစား မိသားစုနဲ့အတူ ယာတောထဲ ဆင်းခဲ့ရသူပါ။ အဖေရော အမေပါ ကောလိပ်တို့၊ တက္ကသိုလ်တို့ မတက်ဖူးကြပေမယ့် ကျွန်တော်တို့မိသားစုအတွင်းမှာတော့ ပညာသင်ကြားတတ်မြောက်ရေးကို အလွန်အလေးပေး အရေးထားခဲ့ပါတယ်။ ပညာမပြည့်စုံရင် သူတို့လို ယာတောထဲမှာ ပင်ပင်ပန်းပန်း အသက်မွေးရမှာစိုးရိမ်လို့လားတော့ မသိဘူး၊ အဖေနဲ့အမေဟာ ကျွန်တော်တို့တစ်တွေစာအုပ်ကိုင်ပြီး စာဖတ်နေတာကိုပဲ မြင်ချင်ကြပါတယ်။ ယုတ်စွအဆုံး ကျောင်းစာအုပ်မဖတ်ရင်တောင်မှ ကာတွန်းစာအုပ်လေးပဲဖြစ်ဖြစ် ဖတ်နေစေချင်ပါတယ်။

**ဝင်းမျိုးထက်ရာဇာ**

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ကျွန်တော် သိနားလည်တဲ့အရွယ်ရောက်မှ အဖေတို့စေတနာနဲ့ မိဘနှစ်ပါးရဲ့ အမြော်အမြင်ရှိမှုကို ကျွန်တော် သိခဲ့ရပါတယ်။ ဒါပေမယ့် အထက်တန်းကျောင်းသားဘဝတုန်းကတော့ "တော်တော်တုံးတဲ့ အဖေနဲ့ အမေ ငါ ကာတွန်းဖတ်နေလည်း သူတို့က စာအုပ်ကိုင်ထားရင်ကို စာကျက်နေတယ်ထင်တာ။ အ,လိုက်ပုံများ သနားစရာကောင်းပါဘိတော့"လို့ ထင်ခဲ့မိပါတယ်။ အဲဒီတုန်းက ကျွန်တော့်အစ်ကိုများစိတ်ထဲတော့ ဘယ့်နှယ်ရှိမယ်မသိဘူး၊ ကျွန်တော်ကတော့ မြန်မြန် အထက်တန်းအောင်ပြီး အိမ်ကခွာ၊ တက္ကသိုလ်တစ်ခုခုသွား ကျောင်းအိပ်ကျောင်းစားနေမယ်၊ အိမ်ကို လုံးဝမပြန်တော့ဘူးလို့ ဆုံးဖြတ်ထားတဲ့သူပါ။

ကျွန်တော် တက္ကသိုလ်သွားခွင့်ရကတည်းက အိမ်ကို တစ်ချက်လှည့်စောင်းလို့ ပြန်မကြည့်တော့ပါဘူး။ ဒုတိယနှစ်ကျောင်းသားဘဝ ခရစ္စမတ်ချိန်ခါတစ်ခုမှာ ကျွန်တော့်ချစ်သူ (ယခု ကျွန်တော့်ဇနီးသည်)နဲ့ နှစ်ယောက်သား လျှောက်လည်ကြတော့ တစ်နေရာမှာ ကောက်ရိုးနဲ့ ရက်လုပ်ထားတဲ့ ပန်းချီကားချပ်လေးတွေ ချိတ်ဆွဲထားတာ တွေ့ရလို့ ဝင်ကြည့်မိကြပါတယ်။ အဲဒီမှာ ရော့(ခ)ဝဲလ်ရဲ့ ကောက်ရိုးပန်းချီကားချပ်ကို ပထမဆုံးတွေ့ဖူးခဲ့တာပါ။ ကျွန်တော် တွေ့တွေ့ချင်း ရင်ထဲမှာ လှုပ်ရှားလွန်းလို့ မငိုမိအောင် မနည်းထိန်းထားရပါတယ်။

ပန်းချီကားက ရိုးရိုးလေးပါ။ အဖေနဲ့သားနှစ်ယောက်တည်းပါပါတယ်။ သားက အထက်တန်းကျကျဝတ်စုံနဲ့ ကျွန်တော် ကျောင်းတက်ဖို့ အိမ်ကထွက်ကတည်းက ပုံစံမျိုးပေါ့။ ကျောဘက်က ဆွဲထားပြီး ဖခင်ဖြစ်သူက အိမ်ခြံတံခါးဝလေးကို မှီပြီး သားရဲ့ကျောပြင်ကို





ငေးကြည့်နေတဲ့ပုံပါ။ ဖခင်နဲ့သားကြားမှာ လယ်လုပ်သားတစ်ယောက်က သားရဲ့သေတ္တာနှစ်လုံးကို လက်တစ်ဖက်စီက ဆွဲလျှောက်လာတာလည်း ပါပါတယ်။ ဖခင်ဖြစ်သူရဲ့မျက်နှာဟာ နွမ်းလျနေဟန်သရုပ်ပေါ်နေပါတယ်။ လယ်သမားတစ်ယောက်လို ဝတ်ဆင်ထားပြီးသူ့လက်ထဲမှာ ဆေးတံသောက် ဆေးအိတ်ကလေးကို ဆွဲရက်သားနဲ့၊ နေအိမ်ကလည်း ယာတောအိမ်လေးတစ်လုံးပါပဲ။

ကျွန်တော် ဖခင်ကြီးကို အရမ်းသတိရပြီး အဖေလည်း ငါ့ကို ဒီလိုပဲ လွမ်းနေရှာမှာလို့ စိတ်ထဲမှာ ဖြစ်ပေါ်လာရာက ချက်ချင်းအိမ်ပြန်ပြေးချင်စိတ်တွေ ပေါ်လာပါတော့တယ်။ ကျွန်တော် အိမ်မပြန်ဖြစ်တာ၊ အဖေတို့ အမေတို့ဆီ စာလေးတစ်ကြောင်းတောင်မှ မရေးဖြစ်ခဲ့တာ နှစ်နှစ်ရှိပြီလေ။ ကျွန်တော့်ချစ်သူဟာ ကျွန်တော် မျက်ရည်တွေစီးကျပြီး ငိုနေတဲ့မြင်ကွင်းကို တစ်ခါမှ မမြင်ဖူးတော့ အထူးအဆန်းပေါ့။ ကျွန်တော်တို့ အိုင်အိုဝါနယ်ယာတောက လူငယ်တွေဟာ စိတ်မာတက်ကြဲ့ခိုင်တယ်၊ ခံစားချက်ကို မြိုသိပ်ချုပ်တီးနိုင်တယ်ဆိုပြီး နာမည်ကျော်ခဲ့ကြတော့ ချစ်သူဟာ ကျွန်တော့်အဖြစ်ကို အဆန်းတကြယ်ဖြစ်လို့နေပါတယ်။

ကျွန်တော် သူ့လက်ဆွဲလို့ ပန်းချီကားကို ပြလိုက်ပါတယ်။ ကျွန်တော့်လို သူ့ခမျာ ခံစားချက်မရှိရှာတော့ ပန်းချီကားလေးတစ်ချပ်ထက် ပိုမမြင်ရှာပါဘူး။ ကျွန်တော်ကတော့ စိတ်ဆုံးဖြတ်ချက်ချပြီးထားသူပီပီ အဲဒီပန်းချီကားကို ဝယ်လိုက်ပါတယ်။ ပန်းချီဆရာရော့(ခ)ဝဲလ်ကို အိမ်ခေါ်ပြီး ကျွန်တော်တို့သားအဖပုံကို ထိုင်ဆွဲခိုင်းရင်တောင်မှ ဒါလောက်ကောင်းတဲ့၊ အသက်ဝင်တဲ့၊ ခံစားချက်ပေါ်လွင်စေတဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ရောမျိုး ထွက်ချင်မှထွက်လာမှာပါ။ ခရစ္စမတ်လက်ဆောင်အဖြစ် အဖေ့ကိုပေးဖို့ ကျွန်တော် စာတိုလေးတစ်စောင်လည်း ရေးလိုက်ပါသေးတယ်။ အဲဒီစာလေးထဲမှာ "အဖေ... ဒီပန်းချီကားလေးကို ခရစ္စမတ်လက်ဆောင်အဖြစ် ပေးရတာကတော့ ကျွန်တော်တို့သားအဖပုံကို ရေးဆွဲထားတယ်ထင်လို့ နောက်ပြီးတော့လည်း အိမ်ကိုရောအဖေ့ကိုပါ လွမ်းလို့"လို့ ရေးလိုက်ပါတယ်။ ပန်းချီကားကြီး ပို့ပေးလိုက်တာထက် ခံစားချက် စာတိုလေးပါ ပူးတွဲပေးပို့လိုက်တော့ ကျွန်တော့်ရင်ထဲက ခံစားချက်ကို အဖေသိစေချင်၊ မျှဝေခံစားစေချင်တဲ့ဆန္ဒနဲ့ပါ။ ကျွန်တော်တို့ အိုင်အိုဝါပြည်နယ်က ယာတောသားယောကျ်ားတော်တော်များများဟာ ခံစားချက်တို့၊ လွမ်းတာဆွေးတာတို့စတာတွေကို ဝေမျှခံစားလေ့ မရှိကြပါဘူး။ တစ်ယောက်တည်းကြိတ်မှိတ်ခံစားကြလေ့ရှိတယ်။

BURMESE CLASSIC .com

အဲဒီခရစ္စမတ်ချိန်အမီ ကျွန်တော် အိမ်ပြန်ပါတယ်။ ခရစ္စမတ်မနက်ခင်း လက်ဆောင်ထုပ်တွေ ဖွင့်ကြတဲ့အချိန် အဖေ့မျက်နှာပြင်ပေါ်က ခံစားမှုအရိပ်အယောင်ကို ကျွန်တော် ဂရုစိုက်ပြီး စောင့်ကြည့်ခဲ့တာပေါ့။ ကျွန်တော့်အထုပ်ကို ဖွင့်တဲ့အခါ အဖေ အံ့သြသွားမလား၊ စိတ်လှုပ်ရှားနေမလား။ ဒါပေမယ့် အဖေဟာ အထုပ်ဖွင့်ပြီး ဘာပြောင်းလဲမှုမှ မျက်နှာပေါ်မှာ မပြဘူးခင်ဗျ။ ဒီလက်ဆောင်တွေဘာတွေ ထုံးစံအတိုင်းပေးနေကြတဲ့အပေါ်လည်း အဖေက သိပ်အရေးတယူလုပ်နေလေ့မရှိတတ်ဘူး။ သူ တစ်နှစ်တာပတ်လုံး အဖေတစ်ယောက်အနေနဲ့၊ အိမ်ထောင်ဦးစီးတစ်ယောက်အနေနဲ့ တာဝန်ကျေပွန်စွာ ဒီမိသားစုကြီးရဲ့ စားဝတ်နေရေးဖူလုံမှုကို ထမ်းဆောင်ခဲ့ခြင်းဟာ အဖေ့ရဲ့လက်ဆောင်တွေမို့ တခြားအထိမ်းအမှတ်လက်ဆောင်တွေကို အဖေ သိပ်အရေးထားလေ့မရှိပါဘူး။ နောက်တစ်ချက် ကျွန်တော်တို့အိမ်မှာ ပန်းချီကားဆိုလို့ တစ်ချပ်မှ ချိတ်ဆွဲထားခြင်းမရှိပါဘူး။ အဖေဟာ ကျွန်တော့်လက်ဆောင်ထုပ်ကို ချထားခဲ့ပြီး ဘာတစ်ခွန်းမှ ပြောဆိုခြင်းမရှိဘဲ အခန်းထဲက ထွက်သွားပါတော့တယ်။



ခဏကြာတော့ အမေက အဖေ့အခန်းထဲက ထွက်သွားတာကို သတိထားမိပြီး အဖေရှိနေမယ့် မီးဖိုဆောင်ထဲ လိုက်သွားတော့ အဖေငိုနေတာကို တွေ့ရတော့တာပဲ။ အဖေ ဘာလို့များ ငိုနေရပါလိမ့်မလဲလို့ အမေလည်း နားမလည်နိုင်တော့ဘူးပေါ့။ အဖေ့ကို ချော့မော့ပြီး မိသားစုစုံစုံညီညီနဲ့ ပျော်ရွှင်စွာတွေ့ဆုံကြတဲ့ ဒီလို ခရစ္စမတ်ချိန်ခါမှာ သားတွေ စိတ်မချမ်းသာအောင် မပြုမူဖို့ ပြောဆိုတယ်နဲ့တူပါတယ်။ အဖေ ငိုနေတာကို မြင်ရတော့ ကျွန်တော်လည်း လိုက်ငိုမိပါတယ်။ တစ်ချိန်တည်းမှာပဲ ရယ်လည်း ရယ်မိပါတယ်။ အဖေက အမေ့ကို ကျွန်တော့်လက်ဆောင်ကောက်ရိုးပန်းချီကားချပ်လေးကို ပြရင်း ဒီပုံထဲက လယ်သမားကြီးက သူ့မှသူ့အစစ်ပဲ၊ လက်ထဲမှာ သူ မချစတမ်းကိုင်ထားလေ့ရှိတဲ့ ဆေးတံသောက်ဆေးအိတ်ကလေးတောင် ကိုင်ထားသေးတာကော။ သူကျောင်းသွားတဲ့နေ့က ငါတို့ရင်ထဲ ဘယ်လောက်လစ်ဟာပြီးကျန်ခဲ့သလဲ ဆိုတာကို ရေးဆွဲတဲ့ပုံကို မျက်ဝါးထင်ထင်မြင်ရတော့ ငါငိုချင်လာတယ်လို့ အမေ့ကို ပြောပြနေရှာတယ်။ အဖေ စိတ်မထိန်းနိုင်လောက်အောင် ဖြစ်သွားရှာတာကို အမေနဲ့ကျွန်တော်ပဲ မြင်ခွင့်ရလိုက်တာပါ။ အဖေဟာ အိုင်အိုဝါနယ်က လယ်သမားကောင်းတစ်ယောက်အနေနဲ့ မိသားစုရှေ့မှာ မျက်ရည်ကျမိ



www.burmeseclassic.com

www.burmeseclassic.com



တာကို ချက်ချင်းပြန်ထိန်းသိမ်းလို့ လယ်တောထဲ အလုပ်လုပ်ဖို့ တန်းဆင်းသွားပါတော့တယ်။ ကျွန်တော့်အစ်ကိုတွေ အခန်းထဲဝင်လာတော့ အဖေ ယာတောထဲရောက်နေနှင့်လောက်ပါပြီ။ တကယ့်ရှားရှားပါးပါးမြင်ကွင်းကို သူတို့ လက်လွှတ်ဆုံးရှုံးခဲ့ကြပါတယ်။

ပန်းချီဆရာနော်မန်ရော့(ခ)ဝဲလ်ဟာ ကျွန်တော်တို့သားအဖပုံကို အသေးစိတ် ဆွဲထားလိုက်တာများ ကျွန်တော် ကျောင်းစတက်ဖို့ မြို့ကိုလာတဲ့အချိန် အိမ်မှာထိုင်ကြည့်ပြီးဆွဲထားသလား အောက်မေ့ရပါတယ်။ ရှင်လန်းတက်ကြွနေတဲ့သား၊ ရာသီဥတုဒဏ်၊ အလုပ်ပင်ပန်းမှုဒဏ်တွေကြောင့် ရှိရင်းစွဲအသက်ထက် ပိုရင့်ရော်နေတဲ့အဖေ၊ အဝတ်သေတ္တာတွေ ဝိုင်းကူဆွဲပေးနေတဲ့ လယ်လုပ်သားလေး (အဲဒီအချိန်က ကျွန်တော်တို့အိမ်မှာ လက်စီဆိုတဲ့ လယ်ကူလီလေး တကယ်ရှိနေခဲ့တာပါ) အဖေ့လက်ထဲက မချတမ်းကိုင်ထားတတ်တဲ့ ဆေးတံသောက်ဆေးအိတ်လေး၊ အို... အားလုံးဟာ အပိုအလိုမရှိ ကွက်တိပါခင်ဗျာ။

ကျွန်တော့်ငယ်ဘဝ ဆယ့်ရှစ်နှစ်ဆိုတဲ့ကာလတွေအတွင်းက ဖြစ်ရပ်တွေ မှတ်တမ်းတင်ဖို့ ဒီပန်းချီကားတစ်ချပ်နဲ့တင် လုံလောက်ပါပြီလေ။ ဒါကြောင့် အမေနဲ့တိုင်ပင်ပြီး ပန်းချီကားလေးကို အဖေနဲ့အမေတို့ အိပ်ခန်းက ခုတင်ခြေရင်းဘက်နံရံမှာ ချိတ်ဆွဲထားလိုက်ပါတယ်။

ဒီကနေ့ အဖေ့အသက် ရှစ်ဆယ့်လေးနှစ် ရှိသွားပါပြီ။ ပါကင်ဆန်ရောဂါကြောင့် နေ့ကွေးတဲ့ဆိုင်းပြီး သန်မာဖျတ်လတ်မှုတွေ ပျောက်ဆုံးသွားခဲ့ပေမယ့် အဖေဟာ ယာတောလေကို ရှူရှိုက်ရင်း





ကျွန်တော်တို့သားတွေအလာကို စောင့်မျှော်နေတုန်းပဲခင်ဗျ။ ကျွန်တော်က မင်နီအာပိုလစ်မှာ နေထိုင်ပေမယ့် အဖေ့ထံ မကြာခဏရောက်နေကျပါ။ တောသူတောင်သားအဖေဟာ ရိုးရိုးကြီးပဲမို့ မြို့ပြနေ လူတန်းစားတို့ထုံးစံ ခေတ်ဆန်ဆန်သားတွေကို ဖက်လှဲတကင်း နှုတ်ဆက်ရကောင်းမှန်း၊ မိမိအချစ်တွေကို ထုတ်ဖော်ပြသရကောင်းမှန်း မသိရှိပါဘူး။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကတော့ အဖေဟာ ကျွန်တော်ပြန်ခါနီး သူ့ရင်ခွင်ထဲကို ဆွဲသွင်းပွေ့ဖက်ပြီး

"ငါ့သားတွေကို မပွေ့ဖက်ဘဲနဲ့ ငါ မသေနိုင်သေးဘူး"လို့ ကြွေးကြော်ခဲ့ပါတယ်။ အဖေနဲ့အမေတို့ဟာ ကျွန်တော့် ခရစ္စမတ်လက်ဆောင် ပန်းချီကားလေးကို သူတို့အိပ်ခန်း ခုတင်ခြေရင်းမှာ ချိတ်ဆွဲထားတုန်းပါပဲ။ ဒီလို ကျွန်တော့်ဘဝကို အလင်းရောင်ပေးခဲ့တဲ့ မေတ္တာကြီးမားလှတဲ့ မိဘနှစ်ပါးအပေါ် တုံ့ပြန်ပြုစုနိုင်အောင် လမ်းမှန်ပေါ် တင်ခဲ့တဲ့ ဒီပန်းချီကားလေးကို အဖေတို့ တန်ဖိုးထားဆဲမို့ ကျွန်တော့်ရင်တွင်းက ပီတိတွေဟာ ပြောမပြတတ်အောင်ပါပဲ။

BURMESE CLASSIC .com

ကျွန်တော်တို့လောက် အတန်းပညာကျောင်းပညာတွေ မသင်ရခဲ့ရှာပေမယ့် သားလေးယောက်စလုံးကို ပညာတတ်တွေဖြစ်စေချင်ခဲ့တဲ့ အဖေဟာ ယာတောထဲမှာ လေဒဏ်မိုးဒဏ် အကြမ်းပတမ်းခံကာ မြို့ပေါ်က ကျောင်းကောင်းတွေမှာ ပိုက်ဆံအကုန်အကျခံလို့ပေးပြီး ပညာသင်ယူစေခဲ့တာ တော်ရုံမေတ္တာလား။ သူ့ရင်ထဲက အသည်းနှလုံးတွေ ဆွဲနုတ်ခံရသလို သားတွေကို အဝေးပို့ ပညာယူစေတဲ့ အချိန်ကာလတစ်လျှောက်လုံး အဖေနဲ့အမေ ဘယ်လိုများ ခံစားခဲ့ကြရှာပါလိမ့်။ ရင်ထဲက လွမ်းဆွတ်ကြေကွဲစိတ်ကို ကြိတ်မှိတ်မြိုသိပ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေ ဖိလုပ်နေရှာမယ့် အဖေနဲ့အမေကို ကျွန်တော် ငမိုက်သားက စာအဆက်အသွယ်လေးတောင်မှ မပြုခဲ့မိလေတော့ ကျွန်တော့်လောက်မိုက်မဲတဲ့သူ ဒီကမ္ဘာမှာ ရှိပါဦးမလားဟင်။

ဒီပန်းချီကားလေးကို ကြည့်မိတိုင်း ကျွန်တော် မျက်ရည်လည်ရတာချည်းပါပဲ။ ကျွန်တော့်မိုက်ပြစ်တွေကို တွေးမိတိုင်း ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်ခဲ့ပါဘူး။ အစတုန်းကတော့ အဖေ့အသုဘအခမ်းအနားမှာ ဒီပန်းချီကားလေးကို ချိတ်ဆွဲပြီး အဖေနဲ့ ကျွန်တော့်အကြောင်း ပရိသတ်တွေကို ရှင်းပြရင်း အဖေ့ဂုဏ်ကျေးဇူးတော်အနန္တကို လူသိရှင်ကြား ဖွင့်ထုတ်ကြေညာဖို့ပါ။

ဒါပေမယ့် ကျွန်တော် စိတ်ပြောင်းလိုက်ပါတယ်။ အဖေသေတဲ့အထိ ဘာလို့စောင့်နေတော့မှာလဲ။ သခ်ါရသဘောကို ဘယ်သူမှ အစိုးရတာမဟုတ်လေတော့ ကျွန်တော်ကရော အဖေ့ထက် အရင်မသေနိုင်ပေဘူးလား။ ဒါကြောင့် အဖေ မသေခင် သက်ရှိထင်ရှားရှိဆဲကာလ အဖေ့ရှေ့မှောက်မှာပဲ မိတ်ဆွေသင်္ဂဟများကို ဖိတ်ကြားလို့ အဖေ့ကျေးဇူးတော် ချီးမွမ်းပွဲကို ကျင်းပဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ကျွန်တော် အဖေ့ကို သိပ်ချစ်ပါတယ် အဖေရယ်။

**THE PUZZLE**

**(Jerry Gale)**

# အဖေတစ်ယောက်ရဲ့အစွမ်း

၁၉၈၂ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့သည် ကားလ်နှင့် ဗျိုက်(စ) လင်းဘတ်တို့ဇနီးမောင်နှံအဖို့ ကံဆိုးမိုးမှောင်ကျသောနေ့တစ်နေ့ ဖြစ်ခဲ့သည်။ အသက်ဆယ့်ခြောက်နှစ်အရွယ်ရှိ လင်းဘတ်မောင်နှံ၏ တစ်ဦးတည်းသောသမီးငယ် ကာရင်သည် ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားပြီး ဒဏ်ရာပြင်းထန်စွာရရှိကာ ဆေးရုံသို့ တင်ပို့လိုက်ရသည်ဆိုသော သတင်းက သူတို့မောင်နှံအဖို့ ထိတ်လန့်ချောက်ချားစရာကောင်းလှသည်။ တကယ်တော့ ကာရင်သည် နယူးယောက်ကြွယ်ဝသည်နှင့်အမျှ ကျောင်းစာလည်းတော်သော ဂီတအနုပညာဝါသနာရှင်တစ်ဦး ဖြစ်သည်။ ထိုနေ့က လေမှုတ်၊ ပလွေသင်တန်းမှအပြန် ကားမောင်းလာစဉ် လမ်းချော်၍ ကားပေါ်မှ အရှိန်ဖြင့်လွင့်ကျစဉ် နောက်မှ အပြင်းမောင်းလာသော ကားတစ်စီးက ထပ်မံတိုက်သွားခြင်းခံရသော ကာရင်၏ဒဏ်ရာ ပြင်းထန်မှုမှာ မသေကောင်းမပျောက်ကောင်း၍သာဟု ဆိုရပေမည်။

**ထွန်းမျိုးတစ်ရာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



အထူးကြပ်မတ်ကုသဆောင်ပေါ်ရှိ လူနာခုတင်တစ်လုံးထက်မှ သတိလစ် မေ့မြောနေသော ကာရင်ကို စူးစိုက်ကြည့်ရင်း ဖခင်ကားလ်မှာ ဆောက်တည်ရာမရ ပူပန်သကဲ့သို့ အားကိုးရာမဲ့လှစွာ စိတ်ဓာတ်ကျနေမိတော့သည်။

"သမီးလေး အသက်မှရှင်ပါတော့မလား၊ ငါလည်း ဘာမှမတတ်နိုင်တော့ပါလား"

ဒါပေမယ့် ကာရင် မသေဆုံးခဲ့ပါ။ ဆယ့်နှစ်နာရီကြာ ခွဲစိပ်ကုသမှုတွင် ခန္ဓာကိုယ်အတွင်း သွေးယိုစီးခြင်း၊ အစိတ်အစိတ်အမြွာမြွာ စုတ်ပြဲသွားသော အသားစိုင်များကို စုစည်း၍ ချုပ်လုပ်ရခြင်း၊ ပခုံးသားနှင့် လက်ပြင်ရိုး နိမ့်ကျသည်ကို နေရာတကျမြှင့်တင်ရခြင်း၊ ကျိုးပဲ့ကုန်သော အရိုးများကို အရိုးဆက်များနှင့် တပ်ဆင်ပေးရခြင်း၊ နံရိုးတစ်ခု ခြစ်မိ၍ အသည်းမှ သွေးယိုစီးခြင်း စသည့်ပြဿနာများပါဝင်သည်။ ကားလ်သည် ကွန်ပျူတာအစီအစဉ် ရေးဆွဲသူ ပညာရှင်တစ်ဦးသာဖြစ်၍ သမီးကာရင်အား ခွဲစိတ်ကုသမှုတွင် ဘာတစ်ခုမှ ပါဝင်ကူညီနိုင်ခြင်းမရှိချေ။ ခွဲစိတ်ကုသမှုပြပြီး ရှစ်ဆယ့်တစ်ရက်ကြာသည်အထိ ကာရင်သည် ကိုမာခေါ် လှုပ်ရှားမှုကင်း၍ သတိလွတ်ကင်းနေသော လူနာအဖြစ်သာ ရှိနေသေးသည်။ ရှစ်ဆယ့်နှစ်ရက်မြောက်နေ့တွင် ကာရင့်မျက်လုံးလေးများ စတင်လှုပ်ရှားခဲ့သည်။

"သမီးလေးကာရင် သေကံမရောက် သက်မပျောက်ခဲ့တာ ဘုရားသခင် ဂုဏ်ကျေးဇူးတော်ကြောင့်ပါပဲ"

သို့သော် ကာရင့်အသိဉာဏ်မှာ ကလေးအရွယ်သာသာဘဝ [illegible] သာ ရှိတော့သည်။ ဦးခေါင်း၌ ပြင်းထန်စွာ ဒဏ်ရာရရှိမှုကြောင့်





ဦးနှောက်မှ အသိဉာဏ်ပေးပို့သော အာရုံကြောမကြီးတို့က ကောင်းစွာအလုပ်မလုပ်နိုင်တော့သဖြင့် ကာရင့်သည် လူ့ခန္ဓာကိုယ်ကသာ ဆယ့်ခြောက်နှစ်အရွယ်ရှိသော်လည်း အသိဉာဏ်ကမူ လသားအရွယ်သာသာဘဝသို့ ရောက်ရှိသွားတော့သည်။ အစာကျွေးလျှင် မြိုမချတတ်စကားမပြောတတ်၊ ကိန်းဂဏန်းများ မရေတွက်တတ်၊ လမ်းမလျှောက်တတ်၊ မတွေးတောတတ်တော့ပေ။

နောက်ထပ် လေးလကြာ ဆေးရုံပေါ်မှာပင် အတွင်းလူနာအဖြစ် အချိန်ကုန်ခဲ့ရပြီး အပြင်လူနာအဖြစ် ခြောက်လကြာ ကုသမှုခံယူရပြန်သည်။ ကားလ်သည် မိခင်ဖြစ်သူ ဗျိုက်(စ)ထက်ပင် သမီးဖြစ်သူကို ဂရုတစိုက် ပြုစုစောင့်ရှောက်ခဲ့သည်။ တစ်နှစ်တာအတွင်း သမီးလေးကို ကုသပြုစုရသမျှ သမီးလေး အသက်မသေရုံသာရှိသည်။ ရှေ့ဆက် ဘာလုပ်ကြမလဲဆိုသောကိစ္စအတွက် ကားလ်နှင့် ဗျိုက်(စ) ခေါင်းချင်းရိုက် ဆွေးနွေးပြီးကြသောအခါ မိခင်ဗျိုက်(စ)က အချိန်ပြည့် အလုပ်တစ်ခုကို လုပ်ရမည်။ အပိုဝင်ငွေရရှိစေရေးအတွက် အချိန်ပိုလုပ်ခငွေများ စုဆောင်းရရှိစေရန် နေ့ရောညပါ အလုပ်ဆင်းရမည်။ ဖခင်ကားလ်က သမီးကို အချစ်ပိုသူပီပီ သမီးနှင့် အချိန်ပြည့် ပြုစုစောင့်ရှောက်နေရမည့်တာဝန်ကို ယူသည်။

လမ်းမလျှောက်တတ်သော ကာရင့်ကို ဘီးတပ်လက်တွန်းလှည်းလေးဖြင့် ဆေးရုံမှ အိမ်ပြန်ရောက်လာကာမှ သက်မချနိုင်သော ကားလ်နှင့် ဗျိုက်(စ)တို့သည် ကာရင့် ပုံမှန်မူလဘဝသို့ ပြန်လည်ရောက်ရှိရေးအတွက် အစွမ်းကုန်ကြိုးစားပြုစုမည်ဟု သန္နိဋ္ဌာန်ချမိပြန်သည်။ လွယ်ကူလှသောကိစ္စရပ်တစ်ခုတော့ မဟုတ်ချေ။ အရ



www.burmeseclassic.com

www.burmeseclassic.com



ကြောမကြီး ထိခိုက်ဒဏ်ရာရ၍ အာရုံကြောများ အားနည်းနေရှာသော ကာရင့်အတွက် အကြောပြင်ဆရာ တစ်ခါခေါ်လျှင် တစ်နာရီ ခေါ်လာခြောက်ဆယ်မှ တစ်ရာ့နှစ်ဆယ်အထိ ပေးရမည်ဖြစ်သော်လည်း ကားလ်ကဲ့သို့ ဖခင်မေတ္တာဖြင့် သမီးငယ်ကို ပြုစုသည့်အနေအထားမျိုး ရတတ်သည်မဟုတ်။ ထို့ကြောင့် အကြောပြင်ဆရာပြုစုမည့်နည်းစနစ်အတိုင်း ပြုစုရာတွင် အဆုံးအစမရှိ ကြီးမားကျယ်ပြောသော ဖခင်မေတ္တာကို ပေါင်းစပ်ဖြည့်စွက်ကာ ကာရင့်လေးဘဝ ပုံမှန်ပြန်ရောက်ရေးအတွက် ကားလ် အစွမ်းကုန်ကြိုးစားတော့သည်။

အရာရာတိုင်းကို အချိန်က အဆုံးအဖြတ်ပေးသည်မှာ မှန်သော်လည်း စိတ်ရှည်သည်းခံမှု၊ ရင့်ကျက်မှုလည်း လိုအပ်ပေသည်။ ကာရင့်ကို ကလေးများ စကားပြောစ သင်သကဲ့သို့ဆိုသော စကားတစ်လုံးကို တဲပုံလေး လက်ထောက်ပြသင်ရသည်မှာ ငါးနာရီ ကြာမြင့်ခဲ့သည်။ အလားတူ အခြားစကားလုံးများအတွက်လည်း ကားလ်ခမျာ သူမတူအောင် စိတ်ရှည်သည်းခံ၍ အချိန် နာရီပေါင်းများစွာကို ပေးခဲ့ရပြန်သည်။ အသံတစ်သံထွက်လာဖို့ လှူ့ဆော်ရသည့် ကားလ်တစ်ယောက် အသံပြာလာသည်အထိ သမီးကာရင့်ဘဝအတွက် စတေးခံခဲ့သည်။

သမီးကာရင့် တိုးတက်မှုရှိလာပြီဟု မှတ်ထင်ရသောအခါ တစ်ဆင့်တက်၍ အေဘီစီဒီ ဝေါဟာရများပါသော ဖဲချပ်ကလေးများဖြင့် ကစားရင်း စာလုံးပေါင်းရသော ကစားနည်းကို သင်ပေးပြန်သည်။ တစ်နေ့ ဆယ့်ရှစ်နာရီခန့် သင်ပေးနိုင်ပါမှ တိုးတက်မှုနှုန်းက အလွန်နှေးကွေးစွာ ထင်ဟပ်လာသည်။ အဖေတစ်ယောက်အနေနဲ့ ကားလ်ဘာတွေများ ထပ်လုပ်ပေးနိုင်ပါသေးသလဲ။





တစ်နေ့ ရေချိုးခန်းဝင်ရင်း ကားလ် စဉ်းစားမိသည်။ သူသည် ဆေးကုသပေးနိုင်သော ဆရာဝန်သမားအကျော်အမော်တစ်ဦး မဟုတ်ပါ။ ထို့ပြင် ကျွမ်းကျင်သော အကြောပြင် ပညာရှင်တစ်ဦးလည်း မဟုတ်ပါ။ ဒါပေမယ့် ကားလ်က ကွန်ပျူတာကျွမ်းကျင်သူ သိပ္ပံပညာရှင်တစ်ဦးပေပဲ။ ဟုတ်ပြီ၊ ဒီအချက်က သမီးကာရင့် ပုံမှန်ဘဝ ပြန်ရောက်ရေးအတွက် အစွမ်းကုန် ကူညီနိုင်မှာ။ ကားလ်တစ်ယောက် အသံပြာအောင် စာလုံးတစ်လုံးကို ထပ်တလဲလဲ ဆိုပြစရာမလိုတော့ပါ။ တစ်နေ့ ဆယ့်ရှစ်နာရီ အချိန်ပေးစရာလည်း မလိုတော့အောင် ကားလ် ကျွမ်းကျင်သောကွန်ပျူတာက စွမ်းဆောင်နိုင်ပါသည်။ ကိန်းဂဏန်းများ ရေတွက်ဖို့၊ ရုပ်ပုံတွေမှတ်မိဖို့၊ အသံထွက်များ ထပ်ခါတလဲလဲရွတ်ဆိုဖို့ ကားလ်ကိုယ်စား ကွန်ပျူတာက လုပ်ဆောင်ပေးရန် ကားလ်တတ်နိုင်သည်လေ။ အစီအစဉ်ရေးဆွဲမှုကျွမ်းကျင်သူ ကားလ်က သမီးကာရင့်အတွက် အကောင်းဆုံးအစီအစဉ်တစ်ခု ပါရှိသည့် ကွန်ပျူတာဆော့(ဖ်)ဝဲတစ်ခုကို တီထွင်နိုင်ခဲ့ပါလျှင် တစ်နေ့ နှစ်ဆယ့်လေးနာရီ အလုပ်လုပ်မည့် ယင်းဆော့(ဖ်)ဝဲက ကားလ်ကိုယ်စား ကာရင့်ကို သင်ကြားပေးပေလိမ့်မည်။ ကာရင့်လေး ကွန်ပျူတာဆိုသော အဖော်နှင့် ပျော်ရွှင်ဖွယ်ရာအချိန်များ ကုန်ဆုံးစေနိုင်တော့သည်။

ဖခင်ဖြစ်သူ ကားလ်သည် အချိန်မဆိုင်းဘဲ အကြောပြင်ပညာရှင်များ၊ ဆရာဝန်များ၊ စိတ်ရောဂါပညာရှင်များနှင့် သင်ကြားမှုကျွမ်းကျင်သူ ပညာရှင်များကို ဖိတ်ခေါ်ကာ သမီးကာရင့် ပုံမှန်ဘဝ ပြန်ရော



www.burmeseclassic.com

www.burmeseclassic.com



ရေးအတွက် အထောက်အကူပြုမည့် သင်ကြားမှုဆိုင်ရာ ကွန်ပျူတာဆော့(ဖ်)ဝဲတစ်ခု ရေးဆွဲရန် တိုင်ပင်ခဲ့သည်။ ပညာရှင်အားလုံးက စေတနာမေတ္တာအရင်းခံထား၍ အကောင်းဆုံးသော အကြံဉာဏ်များ စုစည်း၍ ကာရင့်အတွက် အကောင်းဆုံးဖြစ်စေမည့် ဆော့(ဖ်)ဝဲတစ်ခုကို အစီအစဉ်ရေးဆွဲ၍ တီထွင်ခဲ့သည်။ ယင်းဆော့(ဖ်)ဝဲတွင် သင်ကြားရေးဆိုင်ရာ အထောက်အကူပြုသင်ခန်းစာများသာမက ကာရင့်လေးပျော်ရွှင်စေရေးအတွက် ကစားနည်း အတော်များများလည်း ပါဝင်လေသည်။ ယခုအခါ အမေရိကန်တစ်နိုင်ငံလုံး အသုံးပြု၍ အလွန်အသုံးတည့်လှသော ယင်းဆော့(ဖ်)ဝဲကို ရောင်းချရသော ငွေကြေးအားလုံး ကာရင့် လင်းဘတ်ဖောင်ဒေးရှင်းသို့ ဝင်ရောက်လာကာ ဝင်လာသမျှသော ထိုငွေများကို စေတနာရှင်ကလေးများ ကယ်တင်ကူသရေးဆိုင်ရာ တို့တွင် အသုံးပြုလျက်ရှိသည်။

ယနေ့ ကာရင့်လင်းဘတ်သည် အသက်သုံးဆယ့်တစ်နှစ်အရွယ် အိမ်ထောင်ရှင်မိန်းမတစ်ယောက်ဖြစ်ကာ ခင်ပွန်းသည်နှင့်အတူ ကောလိပ်သင်တန်းများကို တစ်ခုပြီးတစ်ခု အမေ်းမရ တက်ရောက်ဆည်းပူးရင်း အိမ်ထောင်သည်ဘဝ၌ ပျော်ရွှင်နေပေပြီ။ ကာရင့်ဒီဘဝပြန်ရောက်အောင် ပို့ဆောင်နိုင်ခဲ့သော ကားလ်လို ဂုဏ်ယူဖွယ်ရာဖခင်မျိုးကတော့ ရှာမှရှားပေလိမ့်မည်။ သမီးလေး စေတနာသည်ဘဝမှ လွတ်မြောက်သွားခြင်းအတွက် ဝမ်းသာရသည်ထက် သမီးကို မိမိဘာတစ်ခုမှ လုပ်မပေးနိုင်ဘဲ ငုတ်တုတ်ထိုင်ကြည့်နေရကာ စိတ်ဓာတ်အကျကြီးကျရသော မိမိအဖြစ်ဆိုးမှ လွတ်မြောက်ရသည်ကို ပို၍ကျေနပ်မိသည်။





"ဒီလောကကြီးမှာ ဆရာဝန်ဖြစ်ရတာလည်း ကောင်းတာပဲ။ အကြောပြင် ပညာရှင်ဘဝကလည်း ကောင်းတာပါပဲ။ တစ်ခါတလေတော့လည်း ကျွန်တော့်လို ကွန်ပျူတာပညာရှင်ဖြစ်ရတဲ့ဘဝက ပိုလို့များ ကောင်းနေလေသလားလို့ တွေးမိတယ်ခင်ဗျ။ သမီးကာရင့်လို အဖြစ်မျိုး ကြုံလာခဲ့ရင်တော့ ကွန်ပျူတာပညာရှင် ကျွန်တော့်ဘဝက သမီး ပုံမှန်ဘဝ ပြန်ရောက်ဖို့အတွက် အကောင်းဆုံးပဲလို့ ကျွန်တော်ယူဆပါတယ်"လို့ ကားလ်က ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြောတတ်လေသည်။

**A FATHER'S CALLING**

**(SHARON WHITLEY)**

◆



www.burmeseclassic.com

www.burmeseclassic.com

# ဖခင်ဆိုတာ

ကျွန်မ အသက်ငါးနှစ်အရွယ်မှာ ဖခင်အရင်းဖြစ်သူ မစ္စတာဘာလိတ်(ခ)ဟာ သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့ပါတယ်။ ကျွန်မ ငယ်လွန်းသဖြင့် အဖေ ဘာကြောင့် မိမိကိုယ်မိမိ သတ်သေခဲ့သလဲ မစူးစမ်းမိခဲ့ပါဘူး။ ကလေးလေးတစ်ယောက်အတွေးမျိုးနဲ့ ကျွန်မ ဆိုးလို့သာ အဖေ ကျွန်မတို့ဆီက ထွက်သွားတာ။ ကျွန်မသာ လိမ္မာခဲ့ရင် အဖေ ကျွန်မတို့နဲ့ အမြဲအတူနေမှာလို့ပဲ စိတ်ထဲမှာ ခံစားခဲ့မိပါတယ်။

မကြာပါဘူး၊ အမေ နောက်အိမ်ထောင်ပြုလို့ အားကိုးရာရပါတယ်။ မစ္စတာဂျင်ဆင်ဟာ ကျွန်မဖခင် ဖြစ်လာပြန်ပါတယ်။ ကျွန်မ သူ့ကို အဖေအရင်းမဟုတ်မှန်းသိပေမယ့် "ဖေဖေ"လို့ပဲခေါ်တယ်။ ကျောင်းနေဖို့ လျှောက်လွှာဖြည့်တော့ ဖခင်ဆိုတဲ့ ကွက်လပ်မှာလည်း သူ့နာမည် မစ္စတာဂျင်ဆင်ကိုပဲ ဖြည့်စွက်ရေးသားခဲ့ပါတယ်။ ကျွန်မ နာမည် ရှယ်ရီလင်းဂျင်ဆင်ပေါ့။ ဒါပေမယ့် ကျွန်မ အထက်တန်းအောင်တဲ့နှစ် အသက်ဆယ့်ကိုးနှစ်ပြည့်တဲ့အခါ အမေနဲ့ မစ္စတာ



www.burmeseclassic.com

www.burmeseclassic.com



ဂျင်ဆင်တို့ စိတ်သဘောထားချင်း မတိုက်ဆိုင်လို့ လမ်းခွဲကြပါတယ်။ ဘာတစ်ခွန်းမှ ထွေထွေထူးထူးပြဿနာမတက်ဘဲ အေးအေးဆေးဆေး လမ်းခွဲခဲ့ကြတာပါပဲ။ ဒါပေမယ့် ကျွန်မအတွက်ကတော့ ဖခင်မဲ့ရပြန်ပြီလေ။

ကျွန်မကိုယ်ကျွန်မ ဆန်းစစ်ကြည့်တဲ့အခါ ငါ ဘာတွေများ အမှားလုပ်ခဲ့မိလို့ အားကိုးအားထားပြုစရာ အဖေတစ်ယောက် မားမားမတ်မတ် ငါ့ရှေ့မှာ ဘာဖြစ်လို့ မရှိနိုင်ခဲ့ရတာပါလိမ့်လို့ တွေးမိပါတယ်။ ကျွန်မဟာ တကယ့်ကို ဖခင်မေတ္တာကို မိခင်မေတ္တာထက် ပိုတောင့်တမိခဲ့သူပါ။ ကျွန်မဘဝမှာ အလိုချင် အတောင့်တဆုံးအရာဟာ ဖခင်မေတ္တာကလွဲလို့ တခြား ဘာမှမဖြစ်နိုင်ပါဘူး။

နောက်တစ်နှစ်ကြာတဲ့အခါ အမေ အိမ်ထောင်သစ် ထူပြန်ပါတယ်။ ရောဘတ်မီလာဆိုတဲ့သူနဲ့ပါ။ မစ္စတာမီလာဟာ ကြင်နာသနားတတ်သူ၊ သဘောသကာယကောင်းသူတစ်ဦးပါ။ အမေ တတိယအိမ်ထောင်ထူချိန်မှာ ကျွန်မအသက် နှစ်ဆယ်ပြည့်ခဲ့ပါပြီ။ ဒါကြောင့် မိဘများနဲ့ အတူမနေတော့ဘဲ ကျွန်မခြေထောက်ပေါ် ကျွန်မရပ်လို့ သီးခြားနေထိုင်ပေမယ့် အမေတို့နဲ့ကတော့ အမြဲကူးလူးနေတာမို့ မစ္စတာမီလာကိုလည်း ဖခင်တစ်ယောက်လိုပဲ တွယ်တာချစ်ခင်မိခဲ့ပါတယ်။ ကျွန်မကိုလည်း သူ့သမီးရင်းချာလို သံယောဇဉ်ရှိသူမို့ ဒီတစ်ခါတော့ ကျွန်မနဲ့ သက်ဆုံးတိုင် နေထိုင်တော့မယ့် အဖေရပြီလို့ ကျွန်မ ဝမ်းမြောက်ခဲ့ရပါတယ်။ ကျွန်မတို့မိသားစု ပျော်ရွှင်စွာနဲ့ ချစ်ချစ်ခင်ခင်ရှိနေစဉ်မှာပဲ အမေ့မှာ ကင်ဆာရောဂါခံစားနေရပြီ ဆိုတာကို အထိတ်တလန့်နဲ့ သိလိုက်ရပါတော့တယ်။





ငါးနှစ်ဆိုတဲ့အချိန်ဟာ လျင်မြန်စွာ ကုန်လွန်သွားခဲ့ပါတယ်။ အမေလည်း တာရှည်မခံတော့ဘူးဆိုတာ သိနေပါပြီ။ အမေမဆုံးခင် တစ်ပတ်အလိုလောက်မှာ မစ္စတာမီလာ ကျွန်မအိမ်ကို တစ်ယောက်တည်း လာရောက်ခဲ့ပါတယ်။ အမေ့ဝေဒနာ သက်သာဖို့နဲ့ နောက်ဆုံး လက်လွှတ်ရမယ်ဆိုရင်တောင် နောက်ဆုံးထွက်သက်ကို ဘယ်လိုညင်သာအောင်ကုသပေးကြမယ် ဆိုတဲ့ကိစ္စတွေ ဆွေးနွေးပြီး

"ရှယ်ရီ...မင်းအမေ မရှိတော့ရင်တောင်မှ ငါ မင်းနားမှာ အမြဲရှိနေမှာပါ ကလေးရယ်။ ငါ့မှာ မင်းကလွဲလို့ တခြားတွယ်တာစရာ ဘာသံယောဇဉ်မှလည်း မရှိပါဘူး။ ဒါကြောင့် ရှယ်ရီ့ကို မင်းအမေရှိတုန်း ငါ မွေးစားပါရစေ"လို့ တောင်းဆိုလာပါတယ်။

ကျွန်မလေ ကိုယ့်နားကိုယ် မယုံနိုင်လောက်အောင် ဖြစ်သွားမိပြီး ကျွန်မပါးပြင်ပေါ်ကိုလည်း မျက်ရည်ပေါက်ကြီးတွေ လိမ့်ဆင်းလာပါတော့တယ်။

မစ္စတာမီလာက ကျွန်မကို သူ့သမီးအဖြစ် မွေးစားချင်တယ်တဲ့။ တကယ်တော့ ကျွန်မကို ကျွေးမွေးစောင့်ရှောက်ဖို့၊ အမွေပေးဖို့၊ မစ္စတာမီလာတွင် ဘာတာဝန်မှမရှိပါချေ။ ဒါပေမယ့် သူ့နှလုံးသားက ပေါက်ဖွားလာတဲ့ သံယောဇဉ်နှောင်ကြိုးလေးနဲ့ ကျွန်မကို ရစ်ပတ်ထားချင်ရှာတဲ့ သူ့ဆန္ဒကို ကျွန်မ လိုက်လျောလက်ခံခဲ့ပါတယ်။ တစ်သက်လုံး ဖခင်ငတ်လာတဲ့ ကျွန်မ ခုတော့ အဖေတစ်ယောက်ကို ဆောက်ရခဲ့ပါပြီ။

မွေးစားဖို့ စာချုပ်စာတမ်းတွေကို သက်ဆိုင်ရာ တရားရေးဌာနအထမ်းတွေရှေ့မှောက်မှာ အသိသက်သေတွေနဲ့ လက်မှတ်ရေးထိုးပြီး



www.burmeseclassic.com

www.burmeseclassic.com



နေ့ကပေါ့။ တရားသူကြီးခမျာမှာ ကြုံတောင့်ကြုံခဲ နှစ်ဆယ့်ငါးနှစ်အရွယ် မိန်းကလေးကို မွေးစားတဲ့အဖြစ်မျိုး တစ်ခါမှ မကြုံခဲ့ဖူးလို့ မျက်ရည်များလည်လာသည်အထိ ဝမ်းမြောက်ကြောင်း၊ ဖခင်မေတ္တာ ဝေတ်နေတဲ့ ကျွန်မနဲ့ ဘဝတစ်လျှောက်လုံး သားသမီးလိုချင်ရက်နဲ့ တစ်ယောက်မှ မရရှိခဲ့တဲ့ မစ္စတာမီလာတို့နှစ်ဦးကို ဖခင်နဲ့သမီးအဖြစ် ဝမ်းမြောက်ဝမ်းသာ ကြေညာခွင့်ရတဲ့ မင်္ဂလာမနက်ခင်းကို ဂုဏ်ယူပါကြောင်း ပြောကြားခဲ့ပါတယ်။

ရှယ်ရီလင်းဆိုတဲ့ ကျွန်မက အသက်နှစ်ဆယ့်ငါးနှစ်အရွယ် အပျိုကြီးဖားဖားဖြစ်နေပေမယ့် အဖေ မစ္စတာမီလာအဖို့တော့ တကယ့်လသားအရွယ် သမီးငယ်လေးပဲပေါ့နော်။ ကျွန်မ အဖေနဲ့ တွတ္တူ ပြောင်းနေပြီး သွားအတူ လာအတူ ပြုစုခဲ့ပါတယ်။ ကျွန်မဘဝဟာလည်း အမေမရှိတော့တာကလွဲလို့ ခုမှ ပြည့်စုံလာသလို ဘဝအဓိပ္ပာယ် ပိုရှိလာပါတော့တယ်။

ဒါပေမယ့်ရှင် ကျွန်မ ရှယ်ရီလင်းဟာ အလွန်ကံဆိုး၊ ကံခေတဲ့ မိန်းကလေးတစ်ယောက်လို့ ဆိုရမှာပါပဲ။ အဖေနဲ့ကျွန်မ ဒီလောက ကြီးထဲမှာ ပျော်ရွှင်စွာနေလို့မှ မဝသေးတဲ့ သုံးနှစ်တာကာလရဲ့ နေ့ တစ်နေ့မှာပေါ့။

အဖေ့မှာ ကင်ဆာရောဂါဝေဒနာ စွဲကပ်နေကြောင်း တွေ့ရှိရပါတော့တယ်။ ကျွန်မ အဖေ့ကို တိုးလို့ ချစ်ခင်ပြုစုပေမယ့် တစ်နှစ်ဝဲ ရှာပါတယ်။ အဖေ ကျွန်မလက်ပေါ်မှာပဲ အသက်ဆုံးခဲ့ပါတယ်။ ရှားရှားပါးပါး အဖေတစ်ယောက် ဆုံးရှုံးရလို့ ဒေါသတွေထွက် အပူမီးတောက်လောင်ခဲ့ပေမယ့် အဖေနဲ့ အတူတူနေခဲ့ရတဲ့နှစ်တွေ





တွက်စစ်လိုက်ရင် ရှစ်နှစ်တောင်မှပဲ။ ဘုရားသခင်ကို ဒီလိုခွင့်ပြုတော်မူခဲ့တဲ့အတွက် ကျေးဇူးတင်ရဦးမှာပါ။

တကယ်တော့ မွေးခဲ့တဲ့ ဖခင်အရင်းအချာပဲဖြစ်ဖြစ်၊ ကြီးပြင်းလာသည်အထိ ကျွေးမွေးစောင့်ရှောက်တဲ့ ဖခင် (သို့) ပထွေးပဲဖြစ်ဖြစ် တကယ့်ဖခင်ပီသတဲ့ ဖခင်မျိုးဆိုတာက နှလုံးသားက သံယောဇဉ်နဲ့ မေတ္တာတွေ လွှမ်းခြုံပေးလို့ ဘဝကို အဓိပ္ပာယ်ရှိစေသူ မေတ္တာရှင်သာ ဖြစ်ပါတယ်။

ဖခင်ဘဝဆိုတာ တကယ့်နှလုံးသားကလာတဲ့မေတ္တာနဲ့ သံယောဇဉ်တွေ ပေးဝေနိုင်တဲ့ဘဝမျိုးသာ ဖြစ်ပါတယ်။ ဂုဏ်ရှိန်ဝါငွေကြေးနဲ့ ပညာတတ်ဖြစ်မှုက ဘာမှမဆိုင်ပါဘူး။ ကျွန်မမှာ မစ္စတာမီလာ နှလုံးသားက ပေးဝေမျှခဲ့တဲ့မေတ္တာနဲ့ သံယောဇဉ်တွေကို ဘဝတစ်လျှောက်လုံး ရရှိခဲ့ပြီမို့ နွေးထွေးစွာနဲ့ ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်မှာ သေချာပါတယ်ရှင့်။

FATHER'S DAY

(SHERRY LYNN BLAKE JENSEN MILLER)

◆



www.burmeseclassic.com

www.burmeseclassic.com

# ဆယ်စုနှစ်ပေါင်းများစွာ အပေ့မေတ္တာ

၁၉၁၈ ခုနှစ်၊ နိုဝင်ဘာလ

အချစ်ဆုံးရေ...

ဘုရားသခင်ကျေးဇူးတော်လို့ ပြောရတော့မှာပဲနော်။ စစ်ကြီးပြီးပြီလေ၊ ကိုယ် မကြာခင် အိမ်ပြန်လာတော့မှာ၊ ကိုယ့်ကို လက်ထပ်ခွင့်ပေးမယ်မဟုတ်လားဟင်။ ဘုရားရှေ့မှာ ဒူးထောက် ဆုတောင်းရလွန်းလို့ ဒူးတွေလည်း ပွန်းကုန်ပါပြီ အချစ်ရယ်။

တကယ်တော့ ကိုယ်တို့နှစ်ယောက်ဘဝဟာ မွေးကတည်းကတူတူ၊ ကြီးပြင်းလာတော့လည်းတူတူ။ ကိုယ်တို့နှစ်ယောက် ဘယ်တုန်းက စချစ်ခဲ့ကြသလဲဆိုတာ ပြန်တွေးကြည့်ပေမယ့် အဖြေကရေးရေးတောင်မပေါ်ခဲ့ပါဘူး။ မွေးကင်းစကတည်းက ချစ်ခင်မေတ္တာမျှခဲ့ကြတာပဲဖြစ်မှာပေါ့ ငယ်ချစ်ရယ်... နော်... ဒါပေမယ့် လွန်ခဲ့တဲ့ဆယ်နှစ်တုန်းက ချစ်သူရော ကိုယ်ပါ ဆယ့်သုံးနှစ်အရွယ်ပေါ့။ ကိုယ့်ကို ကတိပေးခဲ့ဖူးတာ အချစ် မမေ့သေးပါဘူးနော်။

ဒီတစ်သက် မခွဲတမ်းအတူ ကြင်နာနေမယ်ဆိုတဲ့ ကတိစကားလေးကိုပေါ့။

ဝန်းမိုးထက်ထူးစေ

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆုံးဟာ အမြဲတမ်း ကိုယ့်ရဲ့ အရှင်သခင်မပဲ ဖြစ်ရမယ်နော်

အချစ်ဆုံးရေ...

စားပွဲအံဆွဲထဲက တိုလီမိုလီလေးတွေ ရှင်းဖို့ အဖွင့်လိုက်မှာ ကိုယ် အမြတ်တနိုး တန်ဖိုးထားတဲ့ ရင်ထဲက ရတနာတစ်ခုဖြစ်တဲ့ ချစ်ကို ရေးပေးခဲ့ဖူးတဲ့ ကဗျာလေးတစ်ပုဒ် ထွက်လာခဲ့တယ်။ စာရွက်ကလေးတောင် ဝါကျင့်ကျင့်ဖြစ်နေပြီ။ အေးလေ ဆယ်နှစ်တောင် ကြာခဲ့ပြီကိုး။

အဲဒီတုန်းက ကိုယ်က ကဗျာလေးရေးပြီး အချစ်ဆုံးကို လက်ထပ်ခွင့် တောင်းခဲ့တာကို ချစ်က လက်ခံလိုက်တဲ့အခါ ကိုယ့်လောက် ကံကောင်းတဲ့ ဖိုးကံကောင်း ဒီကမ္ဘာမှာ မရှိတော့ဘူးလို့တောင် ထင်မိပါတယ် အချစ်ရယ်။ ဒါနဲ့ ကိုယ်လည်း အချိန်မဆိုင်းဘဲ နောက်တစ်လအတွင်းမှာပဲ လက်ထပ်ခဲ့ကြတယ်။

မှတ်မှတ်ရရ ကျေးဇူးတော်နေ့ အခါတော်မှာပေါ့။ ကိုယ်တို့ လက်ထပ်ခဲ့တာ ဆယ်နှစ်တောင်ရှိခဲ့ပြီး ကိုယ့်အဖို့တော့ မနေ့တစ်နေ့ကလိုပါပဲလေ။ အချစ်ဆုံးတစ်ယောက်လည်း ဘာမှပြောင်းလဲမသွားဘူး။ ပွင့်အာစ ပန်းကလေးတစ်ပွင့်လို လှပဆဲ၊ နုပျိုလန်းဆတ်ဆဲ သင်းရနံ့မွှေးပျံ့ဆဲပါပဲ။

၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလ

အချစ်ဆုံးရေ...

နောက်ထပ် ဆယ်နှစ်တောင်ရှိသွားပြန်ပြီနော်၊ ဒါပေမယ့် ဘာတစ်ခုမှ ပြောင်းလဲမသွားသလိုပဲကွယ်။ ချစ်ကလည်း နုပျိုလှပဆဲ၊ ကိုယ်ကလည်း အချစ်တွေ တိုးလို့ချစ်မြဲ။





ကိုယ်တို့နှစ်ဦးသား မေတ္တာချင်းဖလှယ်လို့ နှစ်ခြင်းပြီးခြားရာက ရရှိတဲ့ ဆုလာဘ်ကတော့ အရေးတယုနဲ့ ပြုစုယုယရမယ့် သားလေးတစ်ယောက် ရခဲ့တာပါပဲ။ လက်ထပ်ပြီးစက သားသမီးမရနိုင်တော့ဘူးလို့ ထင်ထားခဲ့ရာက ဆယ်နှစ်ကျော် ကြာမြင့်မှ ဘုရားပေးတဲ့ ဒီသားလေးကတော့ ကိုယ်တို့မိသားစုဘဝကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ဒီကမ္ဘာပေါ်ကို ဘုရားသခင်က စေလွှတ်လိုက်တဲ့ နတ်သားလေးတစ်ပါးပါပဲကွယ်။

အချစ်ရယ် အာဝေနိကဒုက္ခမျိုးစုံကို ခံစားလို့ ကိုးလလွယ်ဆယ်လဖွား သားယောကျ်ားလေးတစ်ယောက်ကို မွေးဖွားသန့်စင်ပေးတဲ့ အချစ်ဆုံးကို ကိုယ် ဘယ်လို ကျေးဇူးတင်ရမှန်းမသိတော့ဘူး။

၁၉၄၈ ခုနှစ်၊ နိုဝင်ဘာလ

အချစ်ဆုံးရေ...

ကိုယ် မင်းအပေါ်ထားရှိတဲ့ မေတ္တာတွေ အကြောင်းနာတွေကို စာဖွဲ့ပြချမယ်ဆိုရင် ကိုယ့်စိတ်ထဲ အမြဲပဲ သိမ်ငယ်စိတ်ဝင်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ရင်ထဲက အချစ်မေတ္တာ အကြောင်းနာတွေကို တိတိကျကျ ဖော်ပြနိုင်တဲ့စကားလုံး ရှာမတွေ့နိုင်လို့ပါ။ ကိုယ်ရှာဖွေရေးသားနိုင်တဲ့ စကားလုံးတွေ စာသားတွေကလည်း မလုံလောက် မထိရောက်နိုင်လို့ ကိုယ် အမြဲပဲ ကိုယ့်ရဲ့ညံ့ဖျင်းမှုကို အပြစ်တင်မိပါတယ်။ ဒါကယ်တော့ မင်းရဲ့ ချစ်မေတ္တာ အကြောင်းနာတွေဟာ ကိုယ်လိုအပ်တာထက် ပိုနေပြီဆိုတာ ကိုယ်သိတယ်လေ အချစ်ရယ်၊ မင်းဟာ ကိုယ်နဲ့သူကို အရိပ်လိုကြည့်ပြီး လိုလေသေးမရှိ ပြီးပြည့်စုံစေခဲ့တာ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



အသိဆုံးပေါ့။ ကိုယ်တို့သားအိဖနှစ်ယောက်ကို ပြီးပြည့်စုံစေဖို့ အချစ်ဟာ ကိုယ့်ကိုယ်ကိုတောင် ဂရုမစိုက်အားဘဲ လျစ်လျူရှု ပစ်စလက်ခတ် နေခဲ့တာပဲ။ အချစ်ရယ်၊ မင်းရဲ့ မေတ္တာစေတနာနဲ့ အကြင်နာတရားတွေကိုတော့ အမီလိုက်နိုင်မထင်ပါဘူးကွယ်။

၁၉၅၈ ခုနှစ်၊ နိုဝင်ဘာလ

အချစ်ဆုံးရေ...

ဆယ်စုနှစ်တစ်ခု စွန်းခဲ့ပြန်ပြီပေါ့။

အချစ်နဲ့ကိုယ် ဘဝကို လက်တွဲထူထောင်ခဲ့တာ အနှစ်လေးဆယ်ပြည့်ခဲ့ပြီနော်။ ဒီနှစ်လေးဆယ်အတွင်းမှာ ဝမ်းသာကြည်နူးရတာတွေ တစ်ပုံတပင်ရှိခဲ့သလို စိတ်ဆင်းရဲရတဲ့အခါတွေလည်း ကြုံခဲ့ဖူးတာပါပဲနော်။ ဒီလိုစိတ်ဆင်းရဲစရာတွေ ကြုံရတဲ့အကြောင်းရင်းတွေကလည်း ကိုယ်တို့နှစ်ယောက်ရဲ့ မေတ္တာအကြင်နာတရားတွေနဲ့ ဘာမှမသက်ဆိုင်တဲ့ ပြင်ပကမ္ဘာရဲ့ ပစ္စက္ခအခြေအနေတွေကြောင့်ပါပဲနော်။ အချစ်ဆုံးရော ကိုယ်ပါ တစ်ယောက်အကြိုက် တစ်ယောက်လိုက်လို့၊ သစ္စာတရား ဦးထိပ်ထားခဲ့ကြလို့လည်း အိမ်ထောင်ရေးဖောက်ပြန်မှုနဲ့ လင်မယား ရန်ဖြစ်မှုဆိုတာ တစ်ခါမှကို မရှိခဲ့ဖူးတာ ကိုယ်တို့အိမ်ထောင်သက်တမ်းတစ်လျှောက်မှာ သစ္စာဆိုဝံ့ပါတယ် အချစ်ဆုံးရယ်။

လက်ထပ်ပြီးကတည်းက အချစ်ဟာ ကိုယ့်ဘေးက တစ်ဖဝါးမှ မခွာဘဲ စွဲစွဲမြဲမြဲ ရပ်တည်ခဲ့တာ ဘဝတစ်လျှောက်လုံးပါပဲ။ တစ်ခါတစ်ရံတော့ ချစ်က ကိုယ့်နောက်ကို မသိမသာလေး ရွှေ့သွားပြီး နောက်ကျောကနေ တွန်းအားပေးခဲ့တာမို့ ကိုယ့်ဘဝတစ်ခုလုံးရဲ့





အောင်မြင်မှုမှန်သမျှ အချစ်ဆုံးရဲ့ ကူညီမှု ယိုင်းပင်းမှု၊ တွန်းအားပေးမှုတွေကြောင့်သာပါလို့ ကိုယ် ရဲရဲကြီး ဝန်ခံစမ်းပါရစေ အချစ်ရယ်။

၁၉၆၈ ခုနှစ်၊ နိုဝင်ဘာလ

အချစ်ဆုံးရေ...

ကိုယ်တို့နှစ်ယောက် ဘဝကို ကိုယ်တို့ လူမှန်းသိစ အရွယ်ကတည်းက လွန်ထိုးယှက်သွယ်ကူးလူးနေထိုင်ခဲ့ကြတယ်။ ချစ်ခြင်းမေတ္တာတရား၊ သစ္စာတရားတွေနဲ့ သာယာစိုပြည်တဲ့ အိမ်ထောင်သည်ဘဝကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့တယ်။ လူသားနှစ်ဦးဟာ ရွှေခေတ်တစ်ခေတ်ကို ထူထောင်လို့ အောင်မြင်မှုတံခွန် လွှင့်ထူခဲ့ကြတယ်။

ခု ကိုယ့်အနားမှာ ချစ်မရှိတော့ပေမယ့် ရှိနေသေးတယ်လို့ပဲ ကိုယ် ယူဆပြီး ဆယ်စုနှစ်တစ်ခု ကျရောက်တိုင်း ဒီစာတွေကို ကိုယ် ရေးမြဲရေးနေခဲ့တယ်။

ကိုယ်တို့ လက်ထပ်တုန်းက ဘုန်းတော်ကြီးက ကောင်းချီးပေးခဲ့တယ်လေ။ ချစ် မှတ်မိသေးလားဟင်။

"သေခြင်းတရားက ခွဲခွာမှသာ တို့နှစ်ဦး ကွဲကွာဖို့ အကြောင်းဆုံမည်"ဆိုတာကို ကိုယ် ဆန့်ကျင်တယ်။ လက်မခံနိုင်ဘူးအချစ်ရယ်

ခု သေခြင်းတရားက အချစ်ဆုံးနဲ့ ကိုယ့်ကို ခွဲခွာခဲ့ပြီလေ။ ဒါပေမယ့် ချစ်နဲ့ ကိုယ် ဘယ်တော့မှ ကွဲကွာမသွားစေရဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့နှစ်ဦး ချစ်ခဲ့တဲ့အချစ်၊ ထားခဲ့တဲ့သစ္စာတရားတွေဟာ ကိုယ်တို့ရဲ့ ကမ္ဘာမြေအပြင်ပေါ်မှာ ထာဝစဉ် တင်ကျန်ခဲ့စေရမယ် အချစ်ဆုံးရယ်…

* * *

၁၉၇၈ ခုနှစ်၊ နိုဝင်ဘာလ

စာဖတ်သူများခင်ဗျာ

အထက်ကစာစုတွေကတော့ ကျွန်တော့်အဖေက ကျွန်တော့်အမေဆီ ရေးခဲ့တဲ့ စာစုတွေပဲ ဖြစ်ကြပါတယ်။

အဖေနဲ့ အမေဟာ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတဲ့ ငယ်ချစ်မောင်နှံတွေပါခင်ဗျာ။ ကျွန်တော်သိတတ်စအရွယ်ကတည်းက အဖေနဲ့အမေ ရန်ဖြစ်တာ တစ်ခါမှမတွေ့ခဲ့ရဖူးပါဘူး။ အဖေ တစ်ခါတစ်ရံ ဒေါသထွက်တဲ့အခါမျိုးမှာ အမေက လေပြည်ကလေးနဲ့ ချိုချိုလေးပြောလိုက်ရင် အဖေ့ဒေါသတွေလည်း ဘယ်ရောက်ကုန်မှန်း မသိရလောက်အောင် ပျောက်ကွယ်သွားတတ်ပါတယ်။ အမေ စိတ်ဆိုးစိတ်ကောက်တဲ့အခါဆိုရင်လည်း အဖေဟာ တကယ့်လူပျိုပေါက်ကလေးတစ်ယောက်လို အမေ့ရှေ့ ဒူးထောက်ပြီး ချစ်စကားတွေ ခွန်းချိုနဲ့လိုက်တာနဲ့ အမေဟာ တစ်ခဏချင်း ပျော့ပျောင်းလို့ စိတ်တွေ ပြေသွားတတ်ပါတယ်။

အဖေဆုံးတော့ ကျွန်တော့်အသက် လေးဆယ်ရှိပါပြီ။ ဇနီးမယား သမီးသားတွေနဲ့ပါ။ ဒါပေမယ့် ကျွန်တော် ဝန်ခံပါရစေခင်ဗျာ။ ကျွန်တော့်အိမ်ထောင်ဟာ အဖေတို့ အမေတို့ အိမ်ထောင်လိုမျိုး



ဖြစ်မလာခဲ့ပါဘူး။ အဖေတို့၊ အမေတို့နှစ်ဦးရဲ့ ချစ်ခြင်းမေတ္တာကို လိုက်မမီခဲ့လို့ပဲလား။ ကျွန်တော်ပဲ အိမ်ထောင်ကို ဦးစီးတာ ညံ့ဖျင်းလို့ပဲလား။ တစ်ခုခုပေါ့လေ၊ အဖေတို့ အမေတို့ခြေရာကို လိုက်လို့ မမီခဲ့တာတော့ အမှန်ပါပဲ။

အဖေနဲ့အမေတို့ရဲ့ မင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပွဲကို နှစ်စဉ် ကျေးဇူးတော်နေ့ အခါသမယမှာ ကျင်းပလာခဲ့တဲ့ အစဉ်အလာ ရှိခဲ့ပါတယ်။ အဖေ အမြဲပြောတတ်တဲ့ စကားတစ်ခွန်းကတော့

"ကျေးဇူးတော်နေ့အခါတော်မှာ ကိုယ့်အပေါ် ကျေးဇူးရှိဖူးတဲ့သူတွေရဲ့ ကျေးဇူးကို တုံ့ပြန်သိနားလည်ပါတယ်ဆိုတဲ့ အထိမ်းအမှတ်နဲ့ ကျင်းပရမှာမဟုတ်လား။ ဒီတော့ တို့မင်္ဂလာနှစ်ပတ်လည်နေ့မှာလည်း ငါ့အပေါ် တစ်သက်လုံး ကျေးဇူးသစ္စာရှိခဲ့တဲ့ မင်းအမေကျေးဇူးတွေကို အောက်မေ့ရင်း သူ့ကို ဂုဏ်ပြုတဲ့ပွဲအနေနဲ့ ငါက ကျင်းပပေးတာကွဲ့" ဆိုပြီး အမေရှိစဉ်ကရော၊ ကွယ်လွန်သွားပြီးရော့ အဖေက အမေ့အတွက် သီးသန့်ဂုဏ်ပြုရင်း ဆင်နွှဲတဲ့ပွဲတစ်ခုပါ။

အဖေထားခဲ့တဲ့ ဒီအစဉ်အလာကို ကျွန်တော်က မပျက်ကွက်စေဘဲ ကျေးဇူးတော်နေ့အခါတော်ကို ကျွန်တော့်အပေါ် အကြီးမားဆုံး ကျေးဇူးရှိခဲ့ဖူးတဲ့ ကျွန်တော့်မိဘနှစ်ပါးအတွက် သီးသန့်ဂုဏ်ပြု ကျင်းပနေမြဲပါပဲ။

အဖေဟာ အမေမရှိတော့တဲ့နောက်ပိုင်း အမေ့ကို လွမ်းလွမ်းရှိတိုင်း အခုလိုစာတွေရေးလို့ တမလွန်က အမေ့ဆီကို လှမ်းတိုင်တည်လေ့ ရှိပါတယ်။ သူ့တစ်ခန်းလုံး စာတိုစာစတွေနဲ့ ပြည့်နှက်နေတာပါ။ သူကွယ်လွန်တဲ့အခါ သူ့စာစုအများအပြားကို အမေ့ဆေးသေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် အသုံးပြုတဲ့ ဗီရိုငယ်လေးထဲမှာ တွေ့ခဲ့ရပြီး နောက်ဆုံးစာစုလေးကိုတော့ အဖေ့အိပ်ရာခုတင်ဘေး စားပွဲပေါ်မှာရှိတဲ့ အမေ့အရိုးပြာအိုးလေးနဲ့ ဖိတာကို တွေ့ရပါတယ်။ ဒီစာစုလေးကို ကောက်ကိုင်လိုက်တော့ စာရွက်တစ်ခုလုံး အဖေ ဘယ်နှစ်ကြိမ်ဖတ်ပြီး ဘယ်နှစ်ကြိမ် မျက်ရည်ကျခဲ့တယ် မသိပါဘူး၊ အဖေ့မျက်ရည်စတွေကြောင့် မင်တွေပြန့်နေပြီး စာရွက်ကလေးဟာ အထူးပေါ့ပါး ပါးလျနေတာကို ဝမ်းနည်းအံ့ဩဖွယ် တွေ့ရှိရပါတယ်။ ဆယ်စုနှစ်ပေါင်းများစွာ ချစ်လာခဲ့တဲ့ အဖေရယ်။

**The Decade Diary : A Love Story**

**(Henry Matthew Ward)**

◆



# သားမောင်နေဦးသို့

သား မောင်နေဦး အဖေ စာရေးနေပါတယ်။

သားဆီကို အဖေ ဒီစာရေးနေတဲ့အချိန်မှာတော့ သားဟာ ဘဝခြားနေပါပြီ။ သားကို အဖေ တကယ်ချစ်တာပါ။ သားလေးကို လူတစ်လုံးသူတစ်လုံးဖြစ်စေချင်တယ်။ ငါ့သားလေးကို လူလိမ္မာလေးဖြစ်စေလိုတယ်။ ငါ့သားလေးကို ပညာတတ်တစ်ယောက် ဖြစ်စေလိုတယ်။ ငါ့သားလေး သားကောင်း ဇနီးကောင်း ရစေချင်တယ်။ အို…ကောင်းတာတွေအားလုံး သားလေး ရစေချင် ဖြစ်စေချင်ခဲ့တာ အမှန်ပါပဲ။ ဒါကြောင့်လည်း အဖေ ငွေတိုးရှာခဲ့တယ်။ မိသားစုဝင်ငွေတိုးရအောင် ရှာဖွေခဲ့တယ်။ ငွေရှာရင်းနဲ့ သားကို ပွေ့ဖက်ထားရမယ့်အချိန်တွေမှာ မပွေ့ဖက်ထားဖြစ်ခဲ့ဘူး။ ဒါကြောင့် သားလေး အဖေ့ကို ပိုးပြီးကြည့်နေတာကို အဖေ သတိမထားမိခဲ့ပါဘူး။

အဖေ အခု သားကို ချစ်လှပါရဲ့ ချစ်လှပါရဲ့လို့ အော်နေပေမယ့် သား အသက်ရှင်ထင်ရှားရှိစဉ်တုန်းက "ငါ့သားကို အဖေချစ်ပါတယ်" လို့ နှုတ်က မပြောခဲ့မိဘူး သားရယ် " သားက အဖေ့ဆီက "ငါ့သားကို အဖေချစ်တယ်"လို့ ရဲရဲဝံ့ဝံ့ကြီး ပြောလိုက်တဲ့စကားကို သား အဖေ့



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်က ထွက်လေမလားလို့ သားစောင့်ခဲ့တဲ့အချိန်တွေကို အဖေ ပြန်ပြောင်းသတိရမိတယ်။ အဖေကတော့ ငါ့သားပဲ ငါချစ်တာပေါ့ ဆိုပြီး နှုတ်က ချစ်လှချည်ရဲ့လို့ မပြောမိတာ အမှန်ပါပဲ။

သား တစ်ကြိမ်ကတော့ "အဖေ သားနဲ့ ခု ဘောလုံးလိုက်ကန်ပါလားလို့" လာခေါ်တယ်လေ။ အဖေကလည်း ဆောင်းပါးတွေ ရေးစရာရှိသေးတယ်၊ အလုပ်တွေရှိသေးတယ်ဆိုပြီး သားခေါ်တဲ့ဆီ မလိုက်ဖြစ်ဘူး။ အဲဒီတုန်းကများ အဖေလိုက်ဖြစ်ရင် ဘယ်လောက်ကောင်းမလဲလို့ အခုတော့ ယူကျုံးမရဖြစ်ရတယ် သား။

တစ်ခါတုန်းကတော့ သား ကျောင်းကနေ အရုပ်လေးတွေ ဆွဲလာခဲ့တယ်။ အဖေ မှတ်မိပါတယ်။ နေကြီးထွက်လာတာ၊ တီကောင်တွေ တွန့်နေတာ၊ ကြက်ဖကြီးတွန်နေတာ၊ ရောင်စုံခဲတံတွေနဲ့ ဆွဲလာတာတွေလည်း အဲဒီစာရွက်တွေက သား ကျောင်းမှာဆွဲခဲ့လို့ ဆရာမကလည်း တော်တယ်လို့ ပြောတယ်၊ အခြားသူငယ်ချင်းတွေကလည်း ငိုင်းကြည့်တဲ့ စာရွက်တွေပေါ့။ သားက အဖေသိမ်းထားပါလို့ သားပေးတော့ အဲဒီနေ့က အလုပ်တစ်ခုကလည်း ပေါ်လာပြီး "အဲဒီစားပွဲပေါ်မှာပဲထားခဲ့"လို့ အဖေ လျစ်လျူရှုခဲ့မိတာကို အဖေ ပြန်သတိရနေမိတယ်သား။

တစ်ညနေ ငါ့သား တိုက်ပေါ်ပြေးတက်လာတယ်။ "အဖေ ပိုက်လုံးကြီးပေါ် လမ်းလျှောက်ရအောင်။ ကျွန်တော်တို့သားအဖနှစ်ယောက် ပိုက်လုံးအစအဆုံး လျှောက်ရအောင်"လို့ ငါ့သားက အဖေ့ စပ်ပေမယ့် အဲဒီတုန်းကလည်း ရန်ကင်းပိုက်လုံးကြီးပေါ်မှာ သားနဲ့ အတူ အဖေ မလျှောက်ဖြစ်ခဲ့ပါဘူး။



အဖေ့နှလုံးသားရိုက်ခတ်သံ

တကယ်တော့ အဖေက ငါးမျှားတာကို တကယ်ဝါသနာပါတယ်၊ ရွာမှာနေလည်း ငါးမျှားတယ်၊ အဖေ ဧရာဝတီမြစ်ကို စုန်ဆင်းခဲ့တော့ ငါးတစ်ကောင်မှသာမရတာ၊ ခရီးတစ်လျှောက်လုံး အဖေ ငါးမျှားလာခဲ့တာပဲ။ ဒါပေမယ့် သားက တစ်နေ့ အဖေ ငါးမျှားတာ ဝါသနာ ပါမှန်းသိလို့ "အဖေ ဆည်မြောင်းဌာနဘက်က ရေမြောင်းကြီးထဲမှာ ငါးတွေသိပ်ထွက်တာ၊ သွားမျှားကြရအောင်၊ အဖေရော လိုက်မလား"လို့ ဆိုတုန်းကလည်း အဖေ မလိုက်ဖြစ်ခဲ့ပါဘူး။ ရုံးတာဝန်တွေနဲ့ မနက်ဖြန် ခရီးထွက်ရဦးမယ်ကွာ"ဆိုပြီး သားကိုခွဲပြီး ခရီးတွေအများကြီး ထွက်ခဲ့တယ်။ သတင်းစာကိစ္စ၊ ဆောင်းပါးကိစ္စ ဆိုပြီး ခရီးတွေထွက်ခဲ့ပေမယ့် သားနဲ့ လမ်းလျှောက်ဖို့၊ ငါး အတူတူမျှားဖို့အတွက် အဖေ ပျက်ကွက်ခဲ့ပါတယ်။

သား အဖေနဲ့ စကားတွေ အများကြီးပြောချင်တယ်မဟုတ်လား။ သားအကြံအစည်တွေကို အဖေ့ရဲ့သဘောထားတွေနဲ့ ပေါင်းပြီး အကောင်အထည်ဖော်ချင်တယ်မဟုတ်လား။ ဒီကိစ္စတွေမှာလည်း အဖေ သားကို အချိန်မပေးဖြစ်ခဲ့ပါဘူး သားရယ်။ ငါ့သား လေ့ကျင့်ရေးကျောင်းမှာ ပန်းပြိုင်ပြေးတုန်းကလေ "အဖေ ကျွန်တော် ပန်းပြေးပွဲမှာတော့ အဖေ ရှိနေပါ အဖေရယ်"လို့ ကြိုတင်ပြီး တောင်းပန်ထားပါရက်နဲ့ ပန်းပြိုင်ပွဲနီးမှ အဖေ မန္တလေးကို ခရီးထွက်ခဲ့ရတော့ သား ဘာမှမပြောပေမယ့် စိတ်မကောင်းဖြစ်ပြီး မျက်နှာကွက်သွားတာကို အဖေ သိခဲ့ရပါတယ်။ တကယ်တော့ ငါ့သားဟာ မင်းရဲ့ ငယ်ဘဝတစ်ခုလုံးကို အဖေနဲ့ အတူကြီးပြင်းစေလိုတဲ့ သားရဲ့ဆန္ဒကို အဖေ နားမလည်ခဲ့တာ အမှန်ပါသား။



www.burmeseclassic.com

www.burmeseclassic.com



အဖေက မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်နေတယ်။ သတင်းစာ၊ ဂျာနယ် စာအုပ် အချိန်မီထွက်ဖို့ လုပ်နေရတယ်ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ အဖေဟာ သားကို အချိန်ဖဲ့မပေးမိခဲ့ပါဘူး။ ဒီအလုပ်တွေ တာဝန်တွေကြားထဲက သားကို အချိန်နည်းနည်းဖဲ့ပေးဖို့ သား တောင်းပန်ခဲ့တာမဟုတ်လား။ ဒါကို အဖေ ပျက်ကွက်ခဲ့ပါတယ်။

အခုတော့ အဖေ့နားမှာ သားမရှိတော့ဘူး။ ငါ့သား စိတ်နာနာနဲ့ အဖေ့ကိုများ ခွဲခွာသွားတာလား သားရယ်။

သားလေး အဖေ့ဆီ တစ်ခေါက်ပြန်လာပါလား သားရယ်။ ငါ့သားက အဖေ့ကို စိတ်နာသွားပြီလား။ ဒီသံသရာမှာ သားနဲ့ ဘယ်အခါများမှ ပြန်ဆုံရလေမလဲသားရယ်။ ဒီတစ်ခါ သံသရာမှာ ဆုံရရင်တော့ သားနဲ့ တပျော်တပါးကြီး အချိန်တွေကို မျှဝေခံစားရတဲ့ အဖေ ဖြစ်ရပါလို၏လို့ ဆုတောင်းလိုက်ပါတယ် သား။

သားကြီးမောင်နေဦး ကောင်းရာသုဂတိလားပါစေ။

◆



# အမေ

ကျွန်တော့်အဘိုးနှင့် အဘွားက ဦးဖိုးကွန်းနှင့် ဒေါ်သင်းထုံဖြစ်၏။ အမေဘက်မှ အဘိုးနှင့်အဘွားဖြစ်သည်။ အဘိုးနှင့်အဘွားသည် ပဲခူးခရိုင်၊ ကဝမြို့နယ်၊ ရစ်ကံကြီးရွာတွင်နေ၏။ ခရိုင်များမရှိတော့ဘဲ ပဲခူးတိုင်းဖြစ်လာသည့်တိုင် ကျွန်တော်တို့ရွာတွင် ရှေးကအတိုင်း ပဲခူးခရိုင်ဟုသာ ခေါ်ဝေါ်၍ အလှူဖိတ်စာ၊ မင်္ဂလာဆောင်ဖိတ်စာများကို ရိုက်ကြ၏။ ကျွန်တော့်အမေက ဒေါ်လှသန်းဖြစ်သည်။ မွေးချင်းခြောက်ယောက်အနက် အကြီးဆုံးဖြစ်သည်။ အမေက အရပ်မြင့်သည်၊ ပိန်ပိန်ပါးပါး။ တစ်သက်လုံး ကိုယ်အလေးချိန် ပေါင်တစ်ရာမကျော်ခဲ့။

အမေသည် တစ်ရပ်တည်းနေ ဦးစံဖေ၊ ဒေါ်ညွန့်တို့၏သားကိုလှနှင့် လူငယ်သဘာဝ မေတ္တာမျှခဲ့၏။ သို့သော် အမေ၏ မိဘများဖြစ်ကြသော ဦးဘိုးကွန်း၊ ဒေါ်သင်းတို့က သဘောမတူကြပါ။ အမေသည် ခိုးရာပဲလိုက်ပြေးခဲ့သလား၊ ဘယ်လိုဖြစ်သည်ကို ကျွန်တော်မသိ။ အဖေ့ကို ယူသဖြင့် မိဘများအိမ်တွင် အမေသည် မျက်နှာမရဖြစ်ရသည်။ ကျွန်တော့်အဖေသည် ကျွန်တော် အခါလည်သားကာလ၌ ပခုံးတွင် နီးရှ၍ ကွယ်လွန်သွားရှာ၏။ အဖေဆုံးပုံမှာ အဘွားတို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောချက်အရ မေးခိုင်ရောဂါနှင့် ကွယ်လွန်ရဟန်ရှိ၏။ အဖေမရှိတော့ အမေသည် အဘိုးအဘွားအိမ်တွင် ပို၍ မျက်နှာငယ်ရ၏။

ကျွန်တော်တို့ရွာ အရှေ့ဘက် မိုင်နှစ်ဆယ်ခန့်ဝေးသော စစ်တောင်းကမ်းပါးနှင့် မနီးမဝေးတွင် မီးလောက်ဆိုသောရွာရှိ၏။ မီးလောက်ရွာမှလူများသည် ရွှေတောင်မြို့နယ်မှ ရေကြည်ရာ မြက်နုရာ ပြောင်းရွှေ့ရောက်ရှိလာသူများဖြစ်သည်။ မီးလောက်တွင် အခြေချနေကြသူများသည် ရွှေတောင်မြို့နယ် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဇာတိရွာ ဝါးတောနှင့် ဝါးလည်တို့မှ များသည်။ မီးလောက်မှလူများသည် ပဲခူးသို့ သွားလည်လျှင်သော်လည်းကောင်း၊ ဝါးတောသို့ ပြန်လျှင်သော်လည်းကောင်း ရစ်ကံကြီးရွာမှ ကျွန်တော့်အဘိုးနှင့်အဘွားအိမ်တွင် တစ်ထောက်နား တစ်ညအိပ်တတ်ကြသည်။

ကျွန်တော် အသက်ဆယ်နှစ်လောက်ရောက်သောအခါ ကျွန်တော်တို့အိမ်တွင် တစ်ထောက်နားရာမှ မီးလောက်ရွာမှ ဦးကျော်စိန်နှင့် ကျွန်တော်၏မိခင်တို့သည် တစ်ဦးနှင့်တစ်ဦး မေတ္တာမျှကာ အိမ်ထောင်သစ် ထူထောင်ကြ၏။ ဦးကျော်စိန်က ဇနီးကွယ်လွန်သွားသဖြင့် မုဆိုးဖိုဖြစ်သည်။ ဦးကျော်စိန်သည် ကိုယ်ပိုင်လယ်ဧက ၅၀ ခန့်ရှိ၍ လယ်ယာနှင့် ကျွဲ နွား လှည်း၊ ဝမ်းစာအပြည့်အစုံနှင့် ရွာတွင် အမြော်အမြင်ရှိသူဖြစ်သည်။ အမေသည် ဦးကျော်စိန်နှင့် အိမ်ထောင်ပြုတော့မည်ဟုဆိုတော့ လူကြီးတွေ ပြောနေဆိုနေကြသည်များ ကြားရသည်။ ကျွန်တော့်ကိုတော့ အမေကသော်လည်းကောင်း၊ အဘိုးအဘွားတို့ကသော်လည်းကောင်း ဘာမျှမပြောကြ။ ရွာမှ ပဲပြုတ်သည် ဒေါ်ဥကတော့ "ဟဲ့... နင့်အမေ ဖိုးကျော်စိန်နဲ့ ယူမလို့၊ နင်ရော လိုက်သွား





မှာလား"ဟု မေး၏။ ကျွန်တော်က ဒေါ်ဥကိုချစ်သည်။ သူ့ပဲပြုတ်နည်းနည်း ကျွန်တော့်အား ကျွေးတတ်၏။ ပဲပြုတ်အကျန် တောင်းခြစ်ပြီးပေးလျှင် ကျွန်တော်က လက်ဝါးလေးနှင့်ခံ၍ စားသည်။ ကျွန်တော်က သူ့ကို "ဥ"ဟုပင် ခေါ်၏။ သူက အပျိုကြီးဖြစ်၏။

အမေ မင်္ဂလာဆောင်ခြင်း၊ တောင်းရမ်းခြင်း စသည့်ကိစ္စများကို ကျွန်တော် မသိပါ။ ကျွန်တော်မှတ်မိသည်မှာ အမေ ရစ်ကံကြီးအဘိုးအဘွားတို့နေအိမ်မှ မီးလောက်သို့ လှည်းနှင့်လိုက်သွားသောနေ့ဖြစ်၏။ အမေက ကျွန်တော့်အား သူ့ပေါင်နှစ်လုံးကြားတွင် ဒူးနှင့်ညှပ်၍ငိုသည်။ ကျွန်တော့်ကို ဆုံးမစကားပြောသည်။ အဘိုးအဘွားစကား နားထောင်ဖို့၊ လိမ်လိမ်မာမာနေဖို့ပြောသည်။ ကျွန်တော်က အမေ ခဏသွားတာပဲဟု အောက်မေ့၏။ အမေက မီးဖိုချောင်ထဲက ဝါးကျည်တောက်တစ်ခုထဲတွင် ဘဲဥပြုတ်နှစ်လုံး ထားခဲ့သည်။ ယူစားဟုဆို၏။ ထို့နောက်တော့ အမေ လှည်းပေါ်တက်သွားသည်။ လှည်းတွင် ကောက်ရိုးများခင်းထားသည်။ ကောက်ရိုးပေါ်၌ သင်ဖြူးများခင်းထားသည်။ ကျည်တောက်တစ်ခု လှည်းမြီးတွင်ချိတ်ထားသည်ကို ကျွန်တော် မှတ်မိသည်။ လှည်းကို အစ်ကိုသန်း မောင်းသွားသည်ဟု ထင်သည်။ အစ်ကိုသန်းက မီးလောက်ရွာမှ ကျွန်တော်၏ ပထွေးတော်သူ ဦးကျော်စိန်အိမ်မှ စာရင်းငှားဖြစ်သည်။ ကျွန်တော့်အပေါ် အလွန်မှကောင်းရှာ၍ ကျွန်တော်က အသက်ထက်ဆုံး ဦးကြီး ဦးထွေးအရင်းလို ရိုသေလေးစားသူဖြစ်ပါ၏။

အမေလှည်း ထွက်သွားတော့ ကျွန်တော့်စိတ်ထဲတွင် ဟာတာတာကြီးဖြစ်သည်။ ကျွန်တော်သည် လေးခွကိုဆွဲကာ ရွာပြင်သို့ထွက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုနေ့က လေးခွရော လောက်စာလုံးပါ ပါသည့်တိုင် ငှက် မပစ်မိ။ ကျွန်တော်သည် တရုတ်မန်ကျည်းသီးတောင့်များ ထိုနေ့က ရှူးစားသည်ကိုတော့ မှတ်မိ၏။ ညနေ နေဝင်မှ အိမ်သို့ပြန်ခဲ့သည်။ အမေမရှိတော့ သိသိသာသာကြီး အားငယ်နေမိ၏။ အဘွားကတော့ သူ့ရင်ခွင်ထဲတွင် ခေါ်၍ ပွေ့ထားသည်။ အဘိုးဖြစ်သူကလည်း အရိပ်တကြည့်ကြည့်နှင့်နေ၏။ တစ်လလောက်ကြာတော့ ကျွန်တော် အမေ့ကို သေလောက်အောင်လွမ်းလာ၏။ အဘွားဖြစ်သူကလည်း ကျွန်တော် အမေ့ကိုလွမ်းနေမှန်းသိသည်။ ထို့ကြောင့် အိမ်မှ လှည်း အားချိန်တွင် အဘွားဖြစ်သူက ကျွန်တော်အား အမေရှိရာ မီးလောက် ရွာသို့ ပို့ပေးသည်။

နွားတွေ နေပူမမိအောင် နံနက်စောစော လှည်းထွက်သည်။ ထိုနေ့နံနက်က အဘွားက စောစောနိုး၍ ထရသည်။ အဘွား[illegible] သူပေါင်းထားသော ကောက်ညှင်းပေါင်းနှင့်နှမ်းထောင်း ကျွေးသည်။ အဘွားက သူ့များအရပ်မှာ လိမ်လိမ်မာမာနေဟု မှာ၏။ ကျွန်[illegible] တို့လှည်း မနက်အစောကြီး ရွာမှထွက်လာ၏။ ကျွန်တော်လာမည်[illegible] အမေတို့ မသိကြ။ နံနက် ၁၁ နာရီလောက် မီးလောက်သို့ရောက်[illegible] သည်။ ရွာအဝင်ရောက်တော့ ကျွန်တော် ရှက်နေသည်။ အမေ့ကို[illegible] ပထွေးတော်သူကိုပါ ဘယ်လိုကြည့်ရမည်မသိ။ လှည်းက တဖြည်း ဖြည်း ရွာထဲသို့ဝင်လာ၏။ ရွာထိပ်မှစ၍ "ဘယ်သူ့လှည်းလဲ[illegible] မောင်ချစ်စံတို့ပါလား"ဆိုကာ အိမ်တိုင်းက ခေါင်းပြူထွက်၍ [illegible] ဆက်၏။ မီးလောက်ရွာ၏ အမှတ်အသားကား သခွတ်ပင်များ[illegible] ၏။ တစ်ရွာလုံးတွင် သခွတ်ပင်ရှိသည်။ သခွတ်ပွင့်က အဖြူ။ [illegible]





ပွင့်ကောက်၍ အခြောက်လှန်းကာ ဟင်းချိုချက်သောက်၏။ ညှိုးလွယ် ၍ ဘုရားတင်၍ရသောပန်းမဟုတ်။

အမေ့အိမ်သို့ လှည်းဝင်တော့ အမေကရော ဦးကျော်စိန်ကပါ အိမ်ပေါ်မှဆင်းကာ ဝမ်းပန်းတသာ ကြိုဆိုကြသည်။ ဦးကျော်စိန်က "ဘယ်အချိန်က ထွက်လာတာလဲ၊ စောသားပဲ"ဟုဆိုကာ နွားများကို ဝိုင်းဖြုတ်ပေးသည်။ အမေက ကျွန်တော့်အား လှည်းနောက်မြီးမှ ပွေ့ချ၏။ ဖက်ပြီး ပါးချင်းအပ်ထားသည်။ ကျွန်တော်နှင့်ပါလာသော လွယ်အိတ်လေးကို အမေ ယူလွယ်ပြီး ကျွန်တော်အား လက်ဆွဲကာ အိမ်ပေါ်သို့တက်လာခဲ့သည်။ ကျွန်တော်သည် ထိုအိမ်ပေါ်သို့ မတက်ရဲ တက်ရဲဖြစ်နေ၏။ ဒါကို အမေက သိသည်။ အဘွား ဘာမှာလိုက် သေးလဲဟု အမေက မေး၏။ ဦးကျော်စိန်က "မောင်သန်းရေ... မောင်သန်းရေ၊ မင်းကောင်ကြီး ရောက်နေပြီ၊ ဟင်းလျာလုပ်ကွာ"ဟု ဆိုသည်။ အစ်ကိုသန်းသည် ခြံထဲမှာ ကြက်တစ်ကောင်ကို လေးခွနှင့် ပစ်၍ ဖမ်းယူခဲ့ပြီး မီးဖိုချောင်ရေကပြင်၌ လာထားသွား၏။ ထိုနေ့က တစ်ချက်ခွဲလောက်မှ ကျွန်တော် အမေနှင့် ဦးကျော်စိန်တို့ နေ့လယ်စာ စားကြ၏။

ဦးကျော်စိန်က ညနေစာအတွက် ကာသပေါင်းဟင်းချက်ရန် စီစဉ် သည်။ ကာသပေါင်းဆိုသည်မှာ နှစ်ချို့ကကတစ်ကြီးဖြစ်၍ အလွန် စားကောင်း၏။ ကျွန်တော် စင်ကာပူ၊ အမေရိကန်၊ ဗန်ကောက် ထိပ်တန်းဟိုတယ်ကြီးများတွင်ပါ ဘယ်သောအခါမှ မီးလောက်မှ ကာသပေါင်းဟင်းလောက်ကောင်းသော ဟင်းလျာကို မစားဖူးပါ။ "မောင်သန်းရေ၊ ငါးရှဉ့်သွားထိုးကွာ"ဟုဆိုကာ ငါးရှဉ့်ဟင်းချက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လိပ်ရှာ၍လည်း လိပ်သားဟင်းချက်၏။ ဟင်းများကို မထပ်ရအောင် ကျွေးသည်။ ကျွန်တော်သည် မီးလောက်မှ အမေ့အိမ်တွင် မင်းသားတစ်ပါးလို နေရသည်။ ပထွေးဖြစ်သူက အစစအရာရာ ဂရုစိုက်သည်။ ခြံထဲမှ ငှက်ပျောခိုင်များခုတ်၍ မှည့်အောင်အုပ်ကျွေး၏။ ငန်းသား၊ မန်ဒါလီသား ချက်ကျွေးသည်။ တစ်ခါတစ်ရံ လင်းဝက်ကို ပစ်၍ ကင်ကျွေးသည်။ လိပ်ဥကလည်း စားကောင်း၏။ တစ်လလောက်နေတော့ ရစ်ကံကြီးကိုပြန်သည်။ ဟိုမှာ စာတတ်အောင်သင်ဟု အမေက ဆို၍ ကျွန်တော် ပြန်ခဲ့၏။ ရွာရောက်တော့ "အမေ့ဆီမှာ ပျော်ခဲ့လား၊ နှင့်ပထွေးက ဘာတွေကျွေးလိုက်လဲ၊ ဘာတွေပေးလိုက်လဲ"ဟု ရွာမှ လူကြီးများက မေးသည်။ ဆရာတော်ထံရောက်တော့ ဆရာတော်ကြီးက "လှသန်း နေကောင်းရဲ့လား"ဟု မေး၏။ နေကောင်းကြောင်း ကျွန်တော်က လျှောက်တော့ "မင်းကို ကျော်စိန်တို့ လှသန်းတို့ ဘယ်တော့ရှင်ပြုမယ်ပြောလဲ"ဟု ထပ်မေး၏။ "တပည့်တော်မသိပါ" ဟု လျှောက်တော့ "အေး...အေး ရေသွားခပ်ချေ"ဟုဆိုကာ ကျွန်တော့်ကို ပြန်လွှတ်လိုက်၏။

နောက် ၂ နှစ်လောက်ကြာတော့ ကျွန်တော့်ကို ရှင်ပြုပါ၏။ ရှင်ပြုပွဲတွင် ငါးခြောက်ထောင်းဟင်းကျွေးသည်။ ဖိတ်စာကမ်းရာတွင် ပဲခူးခရိုင်၊ ရစ်ကံကြီးရွာနေ ဦးဖိုးကွန်း၊ ဒေါ်သင်းထုံတို့အား အမှူးပြု၍ ဦးကျော်စိန်–ဒေါ်လှသန်းတို့၏ ရင်မှဖြစ်သောသား မောင်ချစ်စံကို ရှင်သာမဏေအဖြစ်သို့ သွတ်သွင်းရန် စသည်ဖြင့် ပါရှိ၏။ ဖိတ်စာတွင် ကျွန်တော့်အဖေ ဦးလှနာမည် မပါတော့။ ကျွန်တော့်စိတ်ထဲတွင် မကျေမလည်တော့ဖြစ်၏။ သို့သော်လည်း အလှူပွဲသည် အေးချမ်းစွာ



အောင်မြင်ထမြောက်သွား၏။ ကျွန်တော်၏ ပထွေးဖြစ်သူမှာ [illegible] ခေါင်းပေါင်းစတလူလူနှင့် ဝမ်းသာနေရှာသည်။ သားအရင်းပမာ ဟော့ကောင်ကြီး ဟော့ကောင်ကြီးနှင့်ခေါ်၏။ ကျွန်တော် ကိုရင် တစ်လ ခန့်ဝတ်ခဲ့သည်။ ကျွန်တော် ကိုရင်လူထွက်ပြီးတော့ ပရိတ်ကြီး စတက်၏။ ကိုရင်မဝတ်မီကပင် မင်္ဂလသုတ်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်းတို့ကို ကျွန်တော် တက်ပြီးဖြစ်သည်။

နောက်တော့ ကျွန်တော်သည် ရစ်ကံကြီးရွာ၌ပင် အဘိုးအဘွားတို့နှင့်နေသော်လည်း အမေ့အိမ်တွင် ရံရံဝံ့ဝံ့ ဝင်ထွက်သွားလာနေပြီဖြစ်၏။ တစ်နေ့တွင်တော့ ကျွန်တော်၏ ပထွေးဖြစ်သူက ကျွန်တော့်အား ပဲခူးမြို့တွင် အင်္ဂလိပ်စာသင်ရန် ပို့မည်ဟုဆို၏။ ကျွန်တော်တို့နှင့် ဆွေမျိုးမကင်းသူ အဘွားတင်အိမ်တွင် နေရမည် စသည်ဖြင့် နေထိုင်ရန်အိမ်များပါ စီစဉ်ခဲ့သည်။ ထိုစဉ်က ကျွန်တော်တို့ရွာမှ ပဲခူးသို့တက်၍ အင်္ဂလိပ်စာသင်သည့်ကိစ္စမှာ ယခုခေတ် သားသမီးများကို အင်္ဂလန်၊ အမေရိကန်သို့ပို့၍ စာသင်ရသလောက် စွန့်စားရသောကိစ္စဖြစ်၏။ တစ်လတွင် ကျပ်ငွေ ၅၀ ခန့် ကုန်ကျနိုင်၏။ အများအားဖြင့် ကျေးလက်နေ မိသားစုများသည် သားသမီးတို့ ပညာရေးအတွက် တစ်လ တစ်ကျပ်ပင် မသုံးနိုင်ကြ။ ငွေတစ်ကျပ်ဆိုပါက ထိုစဉ်က ရွာတွင် ဆယ်ရက်လောက် ဈေးဝယ်၍ရသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော့်ပထွေး၏ အစီအစဉ်ဖြင့် ကျွန်တော် ပဲခူးမြို့သို့ ကျောင်းလာတက်သည်။ ရွှေမော်ဓောအရှေ့ဘက်ရှိ ဆရာဦးမောင်မောင် အလွတ်ပညာသင်ကျောင်း၌တက်သည်။ ထို့နောက် ဆရာကြီးဦးသာဒင်၏ အထူးသဒ္ဒါသင်ကျောင်းသို့ ပြောင်းတက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးသာဒင်ကျောင်းသို့ရောက်တော့ ကျောင်းတက်ရန် မွေးနေ့ သက္ကရာဇ်၊ မိဘအမည် စသည်တို့ကိုမေးသည်။ မွေးနေ့မှာ အမေက မြန်မာလိုသာ မှတ်ထားသည်။ ၁၃၀၁ ခု၊ ပြာသိုလဆန်း ၁၄ ရက်၊ နံနက် ၄ နာရီဖြစ်သည်။ သို့သော် ဆရာညွန့်ကြီးက ယင်းသက္ကရာဇ်ကို အင်္ဂလိပ်ပြောင်းရာတွင် အသက် ၂ နှစ်လျှော့လိုက်ပြီး ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်ဟု ဖော်ပြခဲ့ရာ ကျွန်တော့်ဘဝ တစ်လျှောက်လုံး ထိုအင်္ဂလိပ်သက္ကရာဇ်သည်သာ အတည်ဖြစ်သွားသည်။ အဖအမည်ကို ပြောရာတွင် ကျွန်တော်သည် ဦးလှဟု ပြောရမလား၊ ဦးကျော်စိန်ဟုပြောရမလား အတော်အခက်တွေ့သွားသည်။ မည်သို့ ဖြစ်သည်မသိ၊ ကျွန်တော်က ဦးကျော်စိန်ဟုသာ အဖအမည် ပေးလိုက်ခြင်းဖြင့် ကျွန်တော်၏အဖေအမည်သည်လည်း တစ်သက်လုံး ဦးကျော်စိန် ဖြစ်ခဲ့ရ၏။

၁၉၅၈ ခုနှစ်၊ အမျိုးသားမှတ်ပုံတင်ပြုလုပ်သောအခါတွင် လည်းကောင်း၊ ဆယ်တန်းအောင်လက်မှတ်တွင်လည်းကောင်း အဖအမည် ဦးကျော်စိန်ဖြစ်၏။ ထို့ကြောင့် ကျွန်တော်၏ အမျိုးသားမှတ်ပုံတင် အမှတ် အိုင်အက်စ်အင်န်–၂၀၃၈၆၀ တွင်လည်း ဖခင်အမည်မှာ ဦးကျော်စိန်ပင်ဖြစ်သည်။

တကယ်တော့ ကျွန်တော်၏ ပထွေးတော်သူ ဦးကျော်စိန်သည် ကျွန်တော့်ဘဝတွင် ကျေးဇူးရှင်ပင်ဖြစ်သည်။ ကျွန်တော့်အတွက် ဘာတစ်ခုမှ ငြူစူသည်မရှိ။ ပဲခူးမြို့တွင် ကျောင်းတက်စဉ်က ကျွန်တော့်ကို ပိုမိုထောက်ပံ့နိုင်ရန် သူသည် အရက်ဖြတ်လိုက်သည်။ သူသည် ကျွန်တော့်အတွက် နေရာများစွာတွင် အနစ်နာခံခဲ့သည်။





ကျွန်တော့်ဇနီးထက်သော်လည်းကောင်း၊ အမေမှတစ်ပါး အခြား တစ်ပါးသောပုဂ္ဂိုလ်ထက်သော်လည်းကောင်း သူသည် ကျွန်တော့်ဘဝ တွင် ကျေးဇူးတရားအကြီးမားဆုံးပုဂ္ဂိုလ်ဖြစ်ပါ၏။ သို့သော် ကျွန်တော် သည် သူ့အား အဖေဟူ၍ တစ်ခါမျှမခေါ်ဖြစ်ခဲ့။

ကျွန်တော်သည် သူ့အား အဖေဟုခေါ်ရန် နှုတ်ဆွံ့နေခဲ့၏။ အမေကလည်း အဖေဟုခေါ်ရန် မတိုက်တွန်းခဲ့ပါ။ ကျွန်တော်က လည်း အဖေဟုခေါ်ရန် ကျွန်တော့်ကိုယ်ကျွန်တော် မကြိုးစားခဲ့။ ကျွန်တော့်ထံ စာရေးသောအခါများတွင် သူက နောက်ပိုင်း၌ "သားထံ စာရေးလိုက်သည်"ဟုဆိုကာ စာရေး၏။ သို့သော် ကျွန်တော်၏ခွင့်ပြု ချက် ရမည် မရမည် မသိ၍ "သားထံ အဖေစာရေးလိုက်သည်"ဟု တစ်ခါမျှမရေးဖူးပေ။ ကျွန်တော် ရန်ကုန်တက္ကသိုလ်၌ရှိစဉ် သူ့ထံမှ စာလာတတ်၏။ သူက သားဟု ကျွန်တော့်ထံ ခွင့်မတောင်းဘဲ ခေါ်ဆိုခွင့်ရှိသကဲ့သို့ သူ့အား ကျွန်တော်က အဖေဟု ကျွန်တော့် ဘာသာကျွန်တော် ခေါ်နိုင်ခွင့်ရှိသော်လည်း ကျွန်တော် မခေါ်ဖြစ်ခဲ့ပါ။ အမေက တစ်ခါတစ်ရံ ရေလာမြောင်းပေး မင်းအဖေ ဦးကျော်စိန် လည်းဟု နာမဝိသေသနတပ်ကာ ခေါ်ဝေါ်စာရေး၏။ အမေကလည်း မင်းအဖေဟု ပြောင်ပြောင်တင်းတင်း အမည်မတပ်ဝံ့။ မင်းအဖေ နောက်တွင် ဦးကျော်စိန်တပ်ကာ မင်းအဖေ ဦးကျော်စိန်ဟု အမည် တပ် ခေါ်ဝေါ် စာရေး၏။

ဤကိစ္စသည် နှစ်ပေါင်းများစွာ ကျွန်တော်၊ ကျွန်တော့်အမေနှင့် ကျွန်တော့်ပထွေးတို့အကြားတွင် ရှိနေသော လိပ်ခဲတည်းလည်း ကိစ္စ တစ်ရပ်ဖြစ်၏။ သို့သော်လည်း ထိုအရာသည် တစ်ကြိမ်တစ်ခါမျှ ပြဿနာအဖြစ်မရောက်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် ဘဝစက်ဝန်းလည်ပတ်ခဲ့ရာ ကျွန်တော်လည်း သားနှင့်မယားနှင့် ဖြစ်လာခဲ့၏။ ကျွန်တော့်မင်္ဂလာဆောင်ဖိတ်စာတွင် ဖခင်ဦးကျော်စိန်ဟူ၍ ပါသည်ကို ကျွန်တော် ဂုဏ်ယူခဲ့ပါ၏။ သို့သော် ကျွန်တော့်အဖေအရင်းဖြစ်သူမှာ ဦးလှသာဖြစ်သည်ဆိုသော ကိစ္စကလည်း ကျွန်တော့်ခေါင်းထဲတွင် ရှိနေ၏။

မည်သို့ပင်ဖြစ်စေ ကျွန်တော့်ကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် ပျိုးထောင်ပြုစုခဲ့သူသည် ကျွန်တော်၏ ပထွေးတော်သူပင်ဖြစ်ပါ၏။ ဇီဖအားဖြင့် ကျွန်တော်သည် ဦးလှ၏သားဖြစ်သော်လည်း ကျွန်တော်ကြီးပြင်းအောင်မြင်ဖြတ်သန်းလုပ်ဆောင်ခဲ့ရမှု အရပ်ရပ်သည် ကျွန်တော်၏ ပထွေးတော်သူ၏ ပြုစုမှုအရပ်ရပ်ကြောင့်သာဖြစ်သည်။ ကျွန်တော် စာတစ်အုပ်ရေးခြင်း၊ ကျွန်တော် ကောင်းမှုတစ်ခုခုပြုလုပ်ခြင်း စသော အသီးအပွင့်အရပ်ရပ်သည် ကျွန်တော့်ပထွေးတော်သူ ဥယျာဉ်မှူးအဖြစ် စိုက်ပျိုးသောအပင်မှ သီးပွင့်မှုအရပ်ရပ်သာဖြစ်ပါ၏။

ကျွန်တော်၏ ပထွေးတော်သူအား အဖေဟုခေါ်ရေးကိစ္စသည် မိသားစုအတွင်း ဖြစ်ပေါ်နေသော အလွန်နုနယ်သည့် နှလုံးသားပြဿနာဖြစ်၏။ တစ်နေ့တွင်တော့ ရန်ကုန်မြို့နေ ကျွန်တော့်ထံ အမေက လူလွှတ်၍ စာပို့ခိုင်းလိုက်၏။ မင်းအဖေ ဦးကျော်စိန်နေလို့မကောင်းဘူး လေဖြတ်သွားတယ်။ ဒီစာရရင် သားလိုက်ခဲ့ပါဟုဆို၏။ ကျွန်တော်သည် ခွင့်ချက်ချင်းယူကာ မီးလောက်သို့ ပြန်သွား၏။ ကျွန်တော့်ဘဝတွင် ကျောက်တိုင်ကျောက်သားပမာ ထာဝရပ်တည်ခဲ့သော လူသားတစ်ယောက်ဖြစ်သူသည် အခုတော့ ဗုန်းဗုန်း [illegible]



သူ့ကိုတွေ့တော့ ကျွန်တော့်ရင်ထဲတွင် ဆို့သွား၏။ ကျွန်တော့်ကျေးဇူးရှင် ကျွန်တော့်အတွက် မြင်းမိုရ်တောင်ဦးမကကျူးသည့်ကျေးဇူးရှင်ကြီးသည် သည်တောင်က မကျော်နိုင်တော့ပြီ ဖြစ်ပါ၏။ သူသည် စကားကို ပီသအောင် မပြောနိုင်တော့။ ဘာပြောသည်ကို မသဲကွဲတော့။ ဘူးလုံးနားမထွေးသာ ပြောနိုင်တော့၏။ သူက ကျွန်တော့်နှမဝမ်းကွဲတော်သူ၊ သူ၏ မွေးစားသမီးမှာ စစ်တွေမြို့သို့ ရောက်နေ၍ ပဲခူးသို့ပြောင်းခွင့်ရအောင် လုပ်ပေးပါဟုဆို၏။ ထိုနှမဝမ်းကွဲတော်သူ၏ ခင်ပွန်းက ရဲတပ်ဖွဲ့မှဖြစ်၏။ စစ်တွေတွင် တာဝန်ကျနေ၏။

မြင့်မြင့်ခင်

စစ်တွေ

ပဲခူးပြောင်း

ဒါပဲ သစ်သားပျဉ်ပေါ်မှာ မြေဖြူနှင့် ရေးပြနိုင်တော့သည်။ ဒီစာလေးလုံးကို တစ်မနက်လုံး ရေးပြရ၏။ ကျွန်တော်က ထိုကိစ္စကို ဆောင်ရွက်ပေးမည့်အကြောင်း ကတိပေး ပြောကြား၏။

ကျွန်တော် ရောက်ရှိပြီး တတိယနေ့တွင်ဖြစ်သည်။ အမေသည် နောက်ဖေးမီးဖိုချောင်တွင် ရှိနေသည်။ ကျွန်တော်သည် သူ့အား ခြေဆုပ်လက်နယ်ပြုရင်း စောင့်နေသည်။ ထိုသို့ နေ့စဉ် ကျွန်တော်က အမှတ်မထင် သူ့ကိုကြည့်မိ၏။ သူသည် ကျွန်တော့်အား ကြည့်နေသည်။ ကျွန်တော့်မျက်လုံးအစုံက သူ့မျက်လုံးအစုံဆီ ရောက်သွား၏။ သူ့မျက်လုံးအစုံဆီမှ ကျွန်တော့်မျက်လုံးကို ရွှေ့မရဘဲ ကျွန်တော်တို့ရင်ထဲဝယ် နှလုံးသားခံစားမှုများ ဖြစ်ပေါ်လျက်ရှိနေစဉ် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်မှ "အဖေ"ဟု အလိုလိုခေါ်မိပါ၏။ သူ နားလည်နိုင်လောက်အောင် ကျွန်တော်က ပိုမိုကြည်လင်ရှင်းလင်းစွာဖြင့် "အဖေ"ဟု ထပ်ခေါ်လိုက်၏။

သူ့မျက်လုံးအစုံမှ မျက်ရည်များကျလာသည်။ သူတစ်သက်လုံး မျှော်လင့်တောင့်တခဲ့သော စကားနှစ်လုံးကို သူ ကြားခဲ့ရပြီဖြစ်သည်။ ကျွန်တော့်မျက်လုံးအစုံမှလည်း မျက်ရည်များကျနေသည်။ ကျွန်တော်တို့ ခွဲခွာရမည့်အချိန်သည် မဝေးတော့။ သူ့မျက်နှာက ပြုံးလာသည်။ သူက "သား"ဟူ၍ တသသခေါ်နေသော်လည်း အသံမထွက်တော့။

ကျွန်တော်က အဖေဟု ထပ်ခေါ်လိုက်ချိန်တွင် အဖေ အသက်မရှိတော့။ အဖေ့မျက်နှာသည် ပြုံးနေသည်။ အဖေ အသက်မရှိတော့သည့်တိုင် ကျွန်တော် ဘယ်သူ့ကိုမှ အကြောင်းမကြားဘဲ အဖေ့မျက်နှာကို ကြည့်နေမိသည်။ အမေ အနားသို့ရောက်လာသည့်တိုင် အဖေ့မျက်နှာ ပြုံးရောင်သမ်းနေဆဲဖြစ်၏။ အလောင်းအား ခေါင်းသွင်းသည့်နေ့တိုင် ပြုံးရောင်သမ်းနေသည့် အဖေ့မျက်နှာကို ကြည့်ပြီး နှစ်ပေါင်းများစွာ ကျွန်တော် ဘာကြောင့်များ အဖေဟု ခေါ်ဆိုရန် နှုတ်ဆွံ့နေခဲ့မိသည်ကို နောင်တရ၍မဆုံးနိုင်ဘဲရှိခဲ့ပါ၏။

◆



## ငါးတန်အထီးကြီးတွေ

ပုဇွန်တောင်သို့ ပြောင်းလာခဲ့သည်က ခြောက်လကျော်ခဲ့ပြီ ဖြစ်သည်။ သို့သော် ကျွန်တော်တို့သည် ရေကျော်ဈေးနှင့် မျက်မှန်းမတန်းမိသေးသလို ပုဇွန်တောင်ဈေးနှင့်ကလည်း စိမ်းနေဆဲဖြစ်၏။ ကျွန်တော်တို့အိမ်က ထိုဈေးနှစ်ခုကြားတွင် ရှိ၏။

ရေကျော်ဈေးက ငယ်သည်။ ဝက်သားနှင့်ကြက်သား သုံးဆိုင်လောက်စီနှင့် အမဲသားတစ်ဆိုင်၊ ငါးအရောင်းဆိုင် ဆယ်ဆိုင်လောက်သာရှိ၏။ ဟင်းသီးဟင်းရွက် သစ်သီးဝလံဆိုင်များက အိမ်ကြီးလမ်းတစ်လျှောက် စုံစုံလင်လင်ရှိ၏။

ပုဇွန်တောင်ဈေးက ရောမဈေးကြီး ဖြစ်၏။ လက်ကားဈေးအောက်သည်ဈေးကြီး ဖြစ်၏။ ငါးဆိုင်ချည်း တစ်ရာကျော်ရှိသည်။ သားငါးပုစွန် သူ့ရာသီနှင့်သူ အစုံရသည်။ ဖားချိန် ဖားရသည်။ ငါးချိန် ငါးရသည်။ ရေချိုငါး ရေငန်ငါး၊ မွေးမြူရေးငါး အစုံရသည်။ ပုဇွန်တောင်ဈေးတွင် ငါးမြွေထိုး၊ ငါးပြေမလတ်လတ်ဆတ်ဆတ် ရှိသည်။ ငါးကြင်း၊ ငါးတန်၊ ငါးမြင်းတို့က ရွှေလိုဝင်းနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါးမြင်း၊ ငါးတန်၊ ငါးပတ် တို့က အဖိုးတန် ဈေးကြီးသောငါးများဖြစ်၏။

ကိုဈေးနှစ်ခုအနက် ဘယ်ဈေးသို့သွားရမည်ကို အချိန်နှင့်ဆုံးဖြတ်ရသည်။ ကလေးများ ကျောင်းပိတ်ရက် အချိန်လုံလောက်စွာရသောနေ့များတွင် ပုဇွန်တောင်ဈေးသို့ သွား၍ ထမင်းဘူး စောစောထည့်ပေးရမည့်နေ့များတွင် ကျွန်တော်တို့ ရေကျော်ဈေးသို့ သွားကြသည်။

ဒီနေ့တော့ ကလေးများ ကျောင်းပိတ်ရက်မို့ ကျွန်တော်တို့ ဇနီးမောင်နှံ ပုဇွန်တောင်ဈေးသို့ ထွက်လာခဲ့ကြ၏။ ပုဇွန်တောင်ဈေး ရောက်တော့ ဈေးရောင်း ဈေးဝယ်တွေကများ၊ ဈေးပရိဝုဏ်က ကြီးသောကြောင့် လိုရာသို့မရောက်နိုင်သေးဘဲ ဈေးစီးကြောင်းကြီးထဲတွင် မျောပါနေရသေး၏။ တစ်ခါတစ်ရံ ဈေးစီးကြောင်းအတွင်း၌ ဇနီးဖြစ်သူနှင့် လူချင်းကွဲကာ သူ့ကို ကိုယ်ရှာ၊ ကိုယ့်ကို သူရှာဖြစ်ကာ ကိန္နရာချောင်းခြားဇာတ်ခင်းရသည်များလည်း ရှိသည်။ သို့သော် ပုဇွန်တောင်ဈေးထိပ်တွင်တော့ ခုနစ်နှစ်ကြာအောင် ကျွန်တော်တို့ မငိုဖြစ်ကြ။

ဈေးစီးကြောင်းတွင် မျောပါနေရင်း ဟိုဘက်စီးကြောင်းက အသိက ဒီဘက်စီးကြောင်းမှ အသိကို လှမ်း၍ အပြန်အလှန်နှုတ်ဆက်ကြသည်များလည်း ရှိ၏။ ပြောရင်းဆိုရင်း ဟိုဘက်ဈေးစီးကြောင်းက ကဗျာဆရာမောင်သွေးသစ်က လက်ဟန်ခြေဟန်ဖြင့် ကျွန်တော့်အား လှမ်း၍နှုတ်ဆက်နေသည်။ မောင်သွေးသစ်ဆိုသည်က ရုပ်ရည်က သနားကမားရှိသော်လည်း အမူအရာက ပြဇာတ်မင်းသားလို ရေ့ထက်မင်းသားလိုလို ဟန်ပန်စတိုင်နှင့် ကဗျာဆရာဖြစ်သည်။





"စာပြင်ဆရာ ဦးတင်မောင်ကြီးတစ်ယောက် အသည်းအသန်ဖြစ်နေတယ်၊ ဆရာချစ်ကို ခေါ်ပေးပါလို့လည်း ပြောနေတယ်။ အိမ်လာပြောမလို့၊ အခု ဈေးထဲမှာတွေ့တာ အတော်ပဲ"ဟု မောင်သွေးသစ်က တစ်ဖက်ဈေးစီးကြောင်းအတွင်းမှ ကျွန်တော့်ကို လှမ်းပြောသည်။ လှမ်းပြောရင်း သူလည်း ဈေးစီးကြောင်းကြီးအတွင်း ဆက်၍ မျောပါသွား၏။

ကျွန်တော်တို့သည် ဈေးကို လက်ယာရစ်ပတ်မိရာက ငါးတန်းသို့ ရောက်လာ၏။ ဇနီးဖြစ်သူက "ဘာငါးဝယ်ရမလဲ? ငါးကြင်းဝယ်မလား"ဟု ဆို၏။ "ငါးကြင်းက အရိုးများတယ်၊ ငါးမြင်းဝယ်ပါလား"ဟု ဆိုတော့ ဇနီးဖြစ်သူက "ငါးမြင်းက ဈေးကြီးတယ်၊ ငါးတန်ပဲဝယ်မယ်"ဟု ဆုံးဖြတ်ပါ၏။ ထို့နောက်တော့ ငါးတန်ဟင်းနှင့်လိုက်ဖက်မည့် အမယ်အချို့ကို ရှာဖွေဝယ်ရင်း ဈေးစီးကြောင်းကြီးထဲမှ ထွက်ခဲ့ကြ၏။ ဈေးထဲတွင် တစ်နာရီခွဲလောက်ကြာသည်။ ငါးတန်သား လက်လေးသစ်လောက်သာရ၍ ပါသမျှပိုက်ဆံ ကုန်သွားသည်။ ထို့ကြောင့် ပိုက်ဆံများ ကျပျောက်လေသလားဟု ဇနီးဖြစ်သူက ဈေးထိပ်တွင် ရပ်ကာ ပိုက်ဆံတွက်နေသေး၏။ တွက်ကြည့်တော့ ကုန်သွားသော ဈေးဖိုးနှင့် ဝယ်လာသောပစ္စည်းက အကိုက်ဖြစ်သည်။

ငါးဈေးက ကြီးသောကြောင့် ပါလာသောငွေသည် ငါးတန်ဖိုးမျှနှင့် ကုန်သလောက်ဖြစ်သွားရခြင်းဖြစ်သည်။ ဒီတော့မှ ဇနီးဖြစ်သူသည် ခုနစ်နှစ်လောက် ငိုချင်စိတ်ပေါက်သွား၏။

"ကိုက ဈေးကြီးတဲ့ငါးဝယ်လို့ ပိုက်ဆံကုန်သွားတာ"ဟု ဇနီးဖြစ်သူက ညည်းညည်းညူညူနှင့် ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွာ၊ ငါးဈေးကိုက ကြီးလာတာပါ။ ငါးကြင်းလို အရိုးများတဲ့ငါးကျတော့ ကလေးတွေက မစားဘူး။ ဒါ့ကြောင့် အရိုးနည်းတဲ့ငါး ဝယ်ဖို့ တိုက်တွန်းတာပါကွာ"ဟု ကျွန်တော်က ဖြေရှင်းချက်ပေးရ၏။ ဇနီးဖြစ်သူက "ငါးတွေက ဘာပြုလို့ ဈေးကြီးကုန်တာလဲမသိပါဘူး။ ငါးဈေးက ကျတယ်လို့မရှိပါဘူး။ အမြဲတက်နေတာပဲ"

"ငါးတွေက ရှားရှားလာလို့ ဈေးပိုကြီးလာ တာပေါ့"ဟု ကျွန်တော်က ဆိုသည်။

"ငါးက ဘာပြုလို့ ရှားလာတာလဲ။ မြစ်တွေ၊ ချောင်းတွေက တစ်ပုံကြီးပဲဟာ"

"ငါးရှားတဲ့အကြောင်း ပြောရရင် အရှည်ကြီးပဲကွ။ လူတွေများလာလို့၊ လူဦးရေတိုးပွားလာလို့၊ ပါးစပ်ပေါက်တွေများလာလို့၊ ငါးရှာဖားရှာတဲ့လူတွေ များလာလို့ ငါးရှားလာတာကလည်း တစ်ကြောင်းပဲ။ ဒါပေမယ့် ငါးကို စည်းကမ်းမဲ့ဖမ်းကြလို့ ငါးရှားလာတာကလည်း တစ်ကြောင်းပဲ"

"စည်းကမ်းမဲ့ ဖမ်းကြတယ်ဆိုတာကို ရှင်းပြစမ်းပါဦးရှင်"ဟု ဇနီးဖြစ်သူက ဆိုသည်။

"ဒီလိုကွ ငါးမှာ အကြေးပါတဲ့ငါးနဲ့ အကြေးမပါတဲ့ငါး နှစ်မျိုးရှိတယ်။ များသောအားဖြင့် အကြေးပါတဲ့ငါးက အရိုးများတယ်။ ငါးတန်၊ ငါးမြင်း၊ ငါးပတ် စတဲ့ငါးတွေက အကြေးမပါတဲ့ငါးတွေ။ ငါးသလောက်၊ ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးပြေမ စတဲ့ငါးတွေက





အကြေးခွံပါတဲ့ငါးတွေ၊ အကြေးခွံပါတဲ့ငါးတွေက လေးတယ်။ အကြေးခွံမပါတဲ့ငါးတွေက ချိုတယ်။ ငါးတန်တို့၊ ငါးမြင်းတို့ဆိုတဲ့ငါးတွေက ရေငန်မှာနေပြီး ရေချိုမှာ လာပေါက်တဲ့ငါးတွေ"

"ငါးရှားတဲ့အကြောင်း တိုက်ရိုက်ပြောလိုက်စမ်းပါရှင်။ နိဒါန်းချီနေတာ များလွန်းနေပြီ"

"နားထောင်ပါကွာ ငါးတွေအကြောင်းက စိတ်ဝင်စားစရာကောင်းလို့၊ ပြည့်ပြည့်စုံစုံပြောမှလည်း ငါးရှားပါးတဲ့ဇာစ်မြစ်ကို ဖော်နိုင်မှာမို့ နိဒါန်းချီပြီး ပြောရတာပါကွာ။ ငါးတန်တွေ၊ ငါးမြင်းတွေဟာ ရေငန်မှာနေကြပေမယ့် အုပ်ဖွဲ့ပြီး တစ်နှစ်တစ်ကြိမ် ရေချိုရှိရာမြစ်ထဲမှာ လာပြီး သားပေါက်ကြတယ်။ အထူးသဖြင့်တော့ သူတို့ဟာ ဧရာဝတီမြစ်ရိုးအတိုင်း ဝင်လာတတ်ကြတာပဲ။ ငါးတန်တစ်အုပ်မှာဆိုရင် အကောင် ၇၀ ကနေ ၈၀ အထိ ပါတယ်။ ငါးတန်တွေဟာ တစ်ပိဿာကောင်ကနေ ခြောက်ပိဿာကောင်အထိ ရှိတယ်။ ငါးတန်အုပ် သားပေါက်ဖို့ ရေချိုထဲဝင်လာရင် ငါးတန်အုပ်တိုင်းမှာ ကင်းငါးတန်ဆိုတဲ့ ငါးတန်ကြီး နှစ်ကောင်သုံးကောင် ရှေ့ဆုံးက အမြဲပါလာတတ်တယ်။ ဒီကင်းငါးတန်ကြီး နှစ်ကောင် သုံးကောင်ဟာ ဧရာဝတီမြစ်ထဲမှာ အခုလို သားပေါက်ဖို့တက်လာတဲ့ အတွေ့အကြုံ အနည်းဆုံး တစ်ကြိမ်တော့ရှိတဲ့ငါးကြီးတွေချည်းဖြစ်တယ်။ အချို့လည်း နှစ်ကြိမ်၊ အချို့လည်း သုံးကြိမ်လောက် အတွေ့အကြုံရှိကြတယ်"

"ကင်းငါးတန်တွေက ရှေ့ကနေ ဦးဆောင်ပြီး ကင်းအဖြစ်တက်လာကြတာပါ။ အဲဒီနောက်ကမှ ငါးတန်အုပ်က လိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



ရေချိုထဲဝင်လာရင် ငါးတန်အုပ်ဟာ ပထမဆုံး အန္တရာယ်ကင်းတဲ့နေရာကို ရှာကြတယ်။ တွေ့ရင် အဲဒီနေရာမှာ သူတို့က ပုန်းနေကြတယ်။ အန္တရာယ်ကင်းတဲ့နေရာမှာ ငါးတန်အုပ် ပုန်းနေချိန်မှာ ကင်းငါးတန်တွေဟာ ရှေ့ဆက်မယ့်ခရီးအတွက် အန္တရာယ် ရှိ၊မရှိ စနည်းနာထွက်ကြတယ်။ စနည်းနာလို့ အန္တရာယ်မရှိတော့ဘူး ဆိုမှ ငါးတန်အုပ်ဟာ တံငါသည်တွေ အိပ်မောကျချိန် မနက် လင်းအားကြီးသုံးနာရီလောက်မှာ ပုန်းနေတဲ့နေရာက စပြီးထွက် ရှေ့ခရီးဆက်ကြလေ့ရှိတယ်။ ခရီးအတော်ပေါက်လို့ အန္တရာယ်ကင်းပြီး အစာပေါတဲ့နေရာတွေရောက်ရင် ဒီငါးတန်အုပ်ဟာ တစ်ထောက်ဝင်နားကြပြန်တယ်။ ကင်းငါးတန်ကြီးတွေဟာ အဲဒီလို ကင်းထောက်စနည်းနာရင်း တစ်ခါတလေ တံငါသည်တွေနဲ့ တွေ့ပြီး အဖမ်းခံရတာလည်း ရှိတယ်။ ရှေးတံငါသည်ကြီးတွေက သားပေါက်ဖို့ အလာခရီးမှာ ကင်းငါးတန်ကို မိရင် ပြန်လွှတ်ပေးလေ့ရှိတယ်”

“ဘာပြုလို့ ဖမ်းမိတဲ့ငါးကို ပြန်လွှတ်ပေးတာလဲ ကိုရဲ့”

“ငါးရှားပါးတဲ့ကိစ္စအတွက် ဒါဟာ အရေးကြီးတဲ့အချက်ပဲ။ ကင်းငါးတန် အဖမ်းခံရပြီဆိုရင် သားပေါက်မယ့် ငါးတန်အုပ်ဟာ ခေါင်းဆောင်မယ့်သူ မရှိတော့ဘဲ ဘယ်သွားရမှန်းမသိ၊ ဘယ်ခိုရမှန်းမသိဘဲ တစ်အုပ်လုံး ကစဉ့်ကလျားဖြစ်ပြီး အုပ်စုကွဲရတဲ့အဖြစ်များနဲ့ ကြုံရတဲ့အတွက် ရှေးတံငါသည်ကြီးများက ကင်းငါးတန်ကို အလာခရီးမှာ မိရင် ပြန်လွှတ်ပေးတာကတော့ ငါးမျိုးမပြုန်းတီးဖို့အတွက် ငါးတန်အုပ် သားပေါက်တဲ့နေရာအထိ သွားနိုင်အောင် ကင်းငါးတန်ကြီးကို ပြန်လွှတ်လိုက်တာပဲ”





“ဖမ်းမိတဲ့ငါးတန်ကို ကင်းငါးတန်လို့ ဘယ်လိုသိနိုင်မှာလဲ ကိုရဲ့”

“ပြာသို၊ တပို့တွဲ ငါးတန်တွေ သားပေါက်ဖို့ ရေဝတီကို တက်လာတဲ့အချိန်လည်းဖြစ်မယ်။ ငါးတန်က အကောင်လည်းကြီးမယ်၊ တစ်ကောင်တည်းမိတာမျိုးလည်းဖြစ်ရင် ဒီငါးတန်ကို ကင်းငါးတန်လို့ အလွယ်နဲ့ သိနိုင်တာပေါ့။ ကင်းငါးတန်တွေဟာ သားပေါက်မယ့်အုပ်ကို ဦးဆောင်လာရလို့ သူတို့ကိုယ်မှာ ဒဏ်ရာတွေဘာတွေလည်း ရှိတတ်တယ်။ ဒီတော့ သားပေါက်ဖို့တက်လာချိန် ဒဏ်ရာရှိတဲ့ အကောင်ကြီး ငါးတန်ကိုမိရင် ကင်းငါးတန်လို့ တွက်ဆနိုင်တာပေါ့။

“ရှေးတံငါသည်ကြီးတွေဟာ ကင်းငါးတန်ကို အတက်ခရီးမှ လွှတ်ပေးလိုက်ပေမယ့် သားပေါက်ပြီး ရေငန်ကို အပြန်ခရီးမှာ မိရင်တော့ လွှတ်မပေးတော့ဘူး”

“ဒါဆိုရင် တရားတာပေါ့နော်”

“ဒါပေမယ့် ခုခေတ် ငါးရှာ ဖားရှာသမားတွေဟာ ကင်းငါးတန်မိပြီဆိုလို့ရှိရင် ကင်းငါးတန်ကို လွှတ်မပေးရုံသာမကဘူး။ အနီးအနားမှာ ငါးတန်အုပ် ရှိမှာ အသေအချာပဲဆိုပြီး တံငါသည်အချင်းချင်း လက်တို့အုပ်စုဖွဲ့ပြီး အဲဒီငါးတန်အုပ်ကို လေးဘက်လေးတန်က ဝိုင်းဝန်းပိတ်ဆို့ပြီး ငါးတန်တစ်အုပ်လုံးကို ဖမ်းကြတော့တာပဲ။ ဒီတော့ ငါးတန်တစ်အုပ် လုံးဟာလည်း သားပေါက်တဲ့ဘဝကို မရောက်တော့ဘဲ အားလုံး သေကြရတဲ့ဘဝရောက်ပြီး မျိုးတုံးတဲ့အထိ ဖြစ်ကြရတာပေါ့ကွာ။”

“ငါးတန်အုပ်ကြီးတွေက စိတ်ဝင်စားစရာပဲနော်။ ဒီငါးအုပ်တွေက ဘယ်အထိ တက်ပြီး သားပေါက်ကြတာလဲဟင်”ဟု ဓနိုးဖြစ်သူက ထပ်မေးပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါးတန်အုပ်တွေဟာ မြစ်ဝကျွန်းပေါ်ကနေ မကွေးတိုင်းအထိ တက်ပြီး သားပေါက်ကြတယ်လို့ ဆိုရမှာပဲ။ ဘာပြုလို့လဲဆိုတော့... ရွှေစက်တော်မှာ ငါးတန်တွေ ဘုရားဖူးလာကြတယ်လို့ ဆိုကြတယ် မဟုတ်လား? ဒါက ဒီငါးတန်တွေဟာ ဘုရားနား ကျောင်းနားမှာ လာပြီး နားခိုကြတာပဲ ဒီနေရာတွေမှာက အန္တရာယ်လည်းကင်းတယ်၊ အစာရေစာလည်းရတယ်။ ဒီတော့ ဘုရားလည်းဖူး လိပ်ဥလည်းတူး ဆိုသလို အဲဒီမှာ ငါးတန်တွေ ဘုရားရိပ်ခိုရင်း သားပေါက်ကြတာပါ"

"ငါးတန်တွေဟာ သားပေါက်တဲ့နေရာမှာ ငါးတန်လေးတွေ အတော်အတန်ကြီးတဲ့အထိ နေကြတယ်။ အဲသလိုနေတဲ့အချိန်မှာ ငါးတန်အုပ်ထဲမှာရှိတဲ့ ငါးတန်အထီးကြီးတွေက အစာရှာထွက်ကြ ရတယ်။ ငါးတန်တွေရဲ့အစားအစာတွေကတော့ အပုပ်အစပ်တွေပါပဲ။ ငါးတန်အုပ်ထဲက ငါးတန်အထီးကြီးတွေဟာ အစာရနိုင်တဲ့ လူသူနဲ့နီး တဲ့နေရာတွေအထိ စွန့်စားပြီး သွားကြရတယ်။ အစာ တွေ့ပြီဆိုရင် အစာကို သူတို့ကိုယ်တိုင် မစားရက်သေးဘဲ သူတို့ကိုယ်နဲ့ လူးပြီး ယူခဲ့ကြတယ်။ သူတို့ကိုယ်မှာက အရိအရွဲ အကျိအချွဲတွေရှိတော့ အစာတွေက ကိုယ်မှာကပ်ပါလာကြတာပေါ့။ သူတို့ကိုယ်မှာ အစာ တွေ ကပ်နေပြီဆိုရင် ငါးတန်အထီးကြီးတွေက ငါးတန်အုပ်ရှိရာကို ပြန်လာကြတယ်။ ငါးအုပ်ဆီရောက်တော့ ငါးတန်သားပေါက်လေး တွေက ငါးတန်အထီးကြီးကိုယ်မှာ ကပ်ပါလာတဲ့အစာတွေကို ဝိုင်း တွတ်ကြ စားကြတယ်။ ငါးတန်အထီးကြီးဟာ သူ့ကိုယ်မှာကပ်ပါလာ တဲ့အစာတွေ ကုန်သွားရင် တစ်ခါ အစာရှာထွက်ရပြန်တယ်။ အဲဒီလို ထွက်ရင်း ဖမ်းမိခံရတဲ့အခါလည်း ရှိတယ်။ ဒီလိုဖမ်းမိခံရရင်တော့ ငါးတန်အထီးကြီးတွေဟာ သူတို့တစ်သက်တာမှာ ငါးတန်အုပ်ဆီကို





ဘယ်တော့မှ ပြန်မလာနိုင်ကြတော့ဘူးပေါ့ကွာ။ အထူးသဖြင့်တော့ တံငါသည်တွေဟာ ငါးတန်အထီးကိုပဲ အမိများကြတယ်။ တစ်ရာသီ မှာ တံငါသည်တစ်ယောက်ဟာ ငါးတန်အစ်မတစ်ကောင်ရဖို့ အတော် ခဲယဉ်းတယ်။ ငါးတန်မကြီးတွေက သားပေါက်ဖို့အတွက် တာဝန်ရှိ လို့ ငါးတန်အထီးကြီးတွေဟာ ငါးတန်အမကြီးတွေကို အန္တရာယ် အဖြစ်မခံကြဘူး။ ဒါကြောင့် အစာရှာရာမှာ ငါးတန်အုပ်မှာပါတဲ့ ငါးတန်အထီးတွေအားလုံး အစာထွက်ရှာကြတာပါ။ အစာရှာရာမှာ ကင်းငါးတန်ကြီးတွေလည်း ပါကြတာပေါ့။ ငါးတန်မကြီးတွေကတော့ သားပေါက်လေးတွေကို ရင်အုပ်မကွာ စောင့်ရင်း သားပေါက်ရာနေရာ မှာ စောင့်နေကြရတာပေါ့။ ငါးတန်လေးတွေဟာ ရေငန်ကို ပြန်ဖို့ အတွက် လုံလောက်တဲ့ကြီးထွားမှုရှိတဲ့အထိ ငါးတန်အထီးကြီးတွေက အဲဒီလိုပဲ အစာရှာကျွေးကြရတာ။ သားပေါက်တွေက ကြီးလာလေ အစာ ပိုလိုလာလေပဲပေါ့။ ငါးတန်ပေါက်လေးတွေဟာ အတော် အတန်ကြီးလာတော့ ငါးတန်အထီးကြီးတွေရဲ့ အရေပြားမှာ ပါလာတဲ့ အစာကို တွတ်ရင်း တစ်ခါတလေ ငါးတန်အထီးကြီးတွေရဲ့ အရေပြား ကိုပါ တွတ်မိရာက ငါးတန်အထီးကြီးတွေရဲ့ အရေပြားဟာ ဒဏ်ရာ အနာတရဖြစ်တာမျိုးလည်း ရှိတယ်။ ဒီလိုအနာတရရှိလာတဲ့တိုင် ငါးတန်အထီးကြီးတွေဟာ တာဝန်မပျက် အစာရှာထွက်မြဲ ထွက်ကြ တယ်။ အဲဒီအခါမှာ ငါးတန်အထီးကြီးတွေကိုယ်က ဒဏ်ရာကို ရေပိုးတွေ တွယ်၊ ရေမွှားတွေ တွယ်ကပ်၊ အဲဒီရေပိုးတွေ ရေမွှားတွေကို ငါးတန်ပေါက်လေးတွေတွတ်ရာက ငါးတန်အထီးကြီးတွေရဲ့ဒဏ်ရာ ဟာ ပိုကြီးလာတယ်။ ဒဏ်ရာပိုကြီးလာပေမယ့် ငါးတန်အထီးကြီး တွေဟာ အစာရှာထွက်မပျက် အစာကို ရေမှာ လူးယက်ရှာဖွေရင်း



www.burmeseclassic.com

www.burmeseclassic.com



ငါးတန်ပေါက်လေးတွေကို ပြန်ကျွေးလိုက်နဲ့ နောက်ဆုံး သူတို့ရဲ့ ဒဏ်ရာဟာ အရိုးပေါ်လာတဲ့အထိ၊ အသားတွေ အရေတွေ ပြုတ်ကျ ပျက်ကျတဲ့အထိ ကြီးလာလို့ အဲဒီဒဏ်ရာနဲ့ သေဆုံးကြရတဲ့ ငါးတန် အထီးကြီးတွေရဲ့ အရေအတွက်ဟာ ဧရာဝတီမြစ်ကြမ်းပြင်နဲ့ အပြည့် လောက်ရှိမယ်လို့ တံငါအိုကြီးတွေက ဆိုကြတာပဲကွာ”ဟု ဆိုတော့ ဇနီးသည်က အောက်ပုဇွန်တောင်လမ်းမကြီးပေါ်တွင် ဈေးခြင်းကိုင် ရင်း ဝမ်းနည်းနေရှာပါ၏။

“ငါးတန်ပေါက်တွေ အရွယ်ရောက်လို့ ရေငန်ကို ပြန်ကြတဲ့အခါ မှာတော့ တံငါသည်တွေဟာ အရင်ကဆို ကျပ်ပြားဝိုင်းလောက် အပေါက်ရှိတဲ့ ငါးဖမ်းပိုက်နဲ့ ဖမ်းကြတယ်။ အဲဒီလို ပိုက်ကြဲနဲ့ဖမ်းရင် ငါးတန်ကြီးတွေကိုသာ ဖမ်းမိပြီး ငါးတန်ပေါက်တွေဟာ ကျပ်ပြားဝိုင်း အပေါက်ကနေ လွတ်သွားနိုင်တာပေါ့။ လွတ်သွားတဲ့ ငါးတန်ပေါက် ဟာ ငါးတန်ကြီးတွေဖြစ်ပြီး သီချင်းထဲကလို ဧရာဝတီမြစ်ပြင်မှာ ငါးကြင်းတွေ၊ ငါးတန်တွေ အင်မတန်ပေါပါဘိသနဲ့ပေါ့ကွာ။ အခုတော့ ငါးရှာ ဖားရှာသမားတွေတာ ကင်းငါးတန်လည်းမရှောင်၊ သားပေါက် ငါးတန်လေးတွေကိုလည်း ပိုက်စိပ်စိပ်တွေနဲ့ အပြန်လမ်းမှာ ဖမ်းစား ကြတော့ မြစ်ပြင်မှာ ငါးတန်တွေလည်း အရင်ကလို ပေါသင့် သလောက် မပေါဘဲ ရှားလာရတာပေါ့ကွာ”ဟု ကျွန်တော်ကပြော တော့ ဇနီးဖြစ်သူက “ကိုပြောတာနဲ့ ငါးတန်အထီးကြီးတွေအဖြစ်ကို စဉ်းစားရင်း ဝယ်လာတဲ့ ငါးတန်သား လက်လေးသစ်ကို ချက်တောင် မစားရက်တော့ပါဘူး ကိုရယ်”ဟု ဆိုပါ၏။

ကျွန်တော်တို့ ဈေးမှပြန်ရောက်တော့ နံနက်ရှစ်နာရီခွဲနေပြီဖြစ်၏။ ကျွန်တော်က “ဒီနေ့ တနင်္ဂနွေနေ့ဆိုတော့ ကလေးတွေ ကိုးနာရီလောက်





တဲ့အထိ အိပ်ကြမှာ။ ကဲ... မိန်းမရေ စိတ်မကောင်းလည်း ဖြစ်မနေ နဲ့တော့။ ဝယ်လာတဲ့ငါးတန်သား ချက်ပြီး ကလေးတွေနိုးရင်သာ ကျွေးထားနှင့်။ ကိုယ်တော့ ကိုတင်မောင်ကြီးကို ကားချောင်တုန်း လူနာသတင်း သွားမေးလိုက်ဦးမယ်ဟုဆိုကာ သာကေတသို့ ဘတ်(စ) ကားစီး၍ ထွက်လာခဲ့၏။ စာပြင် ကိုတင်မောင်ကြီးက သာကေတ တွင် နေသည်။ ပုဇွန်တောင်နှင့် သာကေတ များစွာမဝေးသော်လည်း ကိစ္စကြီးကြီးမားမား မရှိ၍ ကိုတင်မောင်ကြီး အသဲအသန်ဖြစ်နေ ကြောင်း မောင်သွေးသစ်ပြောမှ သိရလေရာ ကျွန်တော်လည်း သိသိချင်း ထွက်လာခြင်းဖြစ်၏။ တနင်္ဂနွေနေ့ နံနက်ပိုင်းမို့ ပုဇွန်တောင်၊ သာကေတကားတွေက ချောင်သည်။ ကားပေါ်က ဆင်းပြီး ကိုတင် မောင်ကြီးတို့ရပ်ကွက်ရောက်အောင် ဆိုက်ကားနှင့် ခရီးဆက်ရသေး ၏။ ကိုတင်မောင်ကြီးတို့လမ်းက ရပ်ကွက်၏ အစွန်အဖျားတွင် ဖြစ်နေပြန်သည်။ ကျွန်တော်လည်း မရောက်တာကြာ၍ သူ့အိမ်ကို မေးရစမ်းရသေး၏။ “ဒီအိမ်က ဦးလေးဦးတင်မောင်ကြီးရဲ့အိမ်ပဲ”ဟု ရပ်ကွက်ထဲမှ ကလေးတစ်ဦးက လိုက်ပြမှ ကိုတင်မောင်ကြီး၏အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်တော့သည်။ အိမ်က တိတ်ချက်သား ကောင်းနေ၏။ အိမ်ဆိုသော်လည်း ကိုတင်မောင်ကြီး အခန်းငှား၍ နေခြင်းဖြစ်သည်။ အိမ်တစ်ခြမ်းက အိမ်ရှင် နေဟန်တူ၏။ စာပြင် ဆရာကြီးတစ်ဆူအဖြစ် အနှစ် ၄၀ တိုင်တိုင် စာပေတာဝန်ကို ထမ်းဆောင်ခဲ့သော ကိုတင်မောင်ကြီးတစ်ယောက် လူအဖြစ် လူ့ဘဝ တွင် အိမ်လေးတစ်လုံးမျှပင် ပိုင်ဆိုင်ခွင့် မရခဲ့။ ကျွန်တော် အိမ်ထဲဝင် သွားတော့ ကိုတင်မောင်ကြီးမှာ အရိုးပေါ်အရေတင်ကာ မမှတ်မိနိုင် လောက်သောရုပ်ဆင်းအင်္ဂါဖြင့် ဖျာပေါ်တွင် ပက်လက်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုတင်မောင်ကြီးနှင့် ကျွန်တော်သည် နှစ်ပေါင်းများစွာ စာပေတာဝန်ကို အတူထမ်းဆောင်ခဲ့ကြသောသူများဖြစ်၏။ ထို့ကြောင့်ပင် သူ့ရှေ့သို့ ရောက်လျှင်ရောက်ချင်း သူက ကျွန်တော့်ကို ပြုံးပြ၏။ ဆီးချိုလည်းရှိ၊ အသည်းကလည်းမကောင်း၊ လောလောဆယ် ခံစားနေရသောရောဂါက တီဘီဟုဆိုပါ၏။ တီဘီရောဂါဟုဆိုသော်လည်း ဆေးဖိုးဝါးခက ဈေးကြီး၊ အာဟာရဖြစ်အောင် စားစရာမှုကိုပင် ဝယ်မစားနိုင်သောအဖြစ်တွင် ဆေးရုံလည်း မတက်တော့ဟု ဆို၏။ ဇနီးဖြစ်သူက လူမမာကို စောင့်နေ၏။ သေမည့်ရက်ကို စောင့်နေခြင်း ဖြစ်၍ သားသမီးများကိုကား မတွေ့။ ကိုတင်မောင်ကြီး၏ဇနီးက ဒီသံသရာတွင် ဒီတစ်ဘဝ မိမိတို့အိမ်ထောင်အတွက် မားမားရပ်ကာ လုပ်ကိုင်ကျွေးမွေးခဲ့သူ ဘဝကြင်ဖော် ခင်ပွန်းသည်လင်ယောကျ်ား ဗုန်းဗုန်းလဲနေသည်ကို ကြေကွဲစွာဖြင့် ကြည့်နေရုံမှလွဲ၍ ဘာမှုမတတ်နိုင်ရှာဘဲရှိ၏။ ကျွန်တော်သည် ကိုတင်မောင်ကြီး၏အဖြစ်ကို ကြည့်ရင်း လွန်ခဲ့သော အနှစ် ၂၀ ကျော် ၂၅ နှစ်က ကျွန်တော်တို့တစ်တွေ အတူတကွ စာပေအလုပ်လုပ်ခဲ့သည်များကို ပြန်၍ သတိရကာ မျက်ရည်များဝဲလာသည်။ ထိုစဉ်က ကျွန်တော်တို့၏ အသက်များသည် ၃၀ ကျော် ၃၅ နှစ်အတွင်းသာ ရှိကြသေးသည်။ ကျွန်တော်က လက်ထောက်အယ်ဒီတာ၊ ပန်းချီဆရာက ဦးစန်းလှိုင်၊ စာပြင်ဆရာက ကိုတင်မောင်ကြီး၊ စာပြင်အကူ ကိုဇော်မင်း၊ ပုံပြင် ပုံကပ်က ကိုထွန်းမြင့်အောင်၊ စာဖတ်က မောင်ကြည်ဝင်းတို့ ဖြစ်သည်။ ကျွန်တော့် လစာက ၃၀၀ ကျပ်ကျော်လောက် ရသည်။ ကျန်ဘဝတူများ၏ လစာက ၂၀၀ ကျော်လောက်စီ ရကြ၏။ ကျွန်တော်တို့တစ်စုသည်





ညီအစ်ကိုရင်းချာ တစ်မိသားစုတည်းပမာ ချစ်ခင်ကြသည်။ အလုပ်နားချိန် ထမင်းစုစားကြလျှင် အချို့သောသူများ၏ ထမင်းချိုင့်များတွင် ဟင်းပါမလာကြ။ တစ်ဦးက ဟင်းမပါလျှင် ပါသူ၏ဟင်းနှင့် မျှစားကြ၏။ သို့သော်လည်း ထိုအချိန်က ကျွန်တော်တို့တစ်သိုက် အလုပ်လုပ်ကြရသည်က ပျော်စရာကောင်းသည်။ မောင်ကြည်ဝင်းထံမှ ပြုံးစေ့စေ့နှင့် "အစ်ကိုရေ ကျွန်တော့်ဇနီး ကိုယ်ဝန်ရှိနေပြီ"ဟူသော စကားကို မကြာခဏ ကြားရ၏။

ကိုထွန်းမြင့်အောင်က "ကျုပ်မိန်းမတော့ မွေးတော့မယ်ဗျ"ဟု ဆို၏။ ကျွန်တော်က သူတို့အား "လစာက နည်းနည်းနဲ့ ကလေးတွေချည်း နင်းမွေးမနေနဲ့ဦး၊ ဘာနဲ့ကျွေးမလဲ"ဟုဆိုတော့ မောင်ကြည်ဝင်းက "အစ်ကိုရာ ရာဘာရှုက်နဲ့ ကဒက်ရှက် တူနေသမျှ ကျွန်တော်တို့ မိသားစု ထမင်းမငတ်သေးဘူး"ဟုဆို၏။ မောင်ကြည်ဝင်း၏ဇနီးက တောင်ဥက္ကလာ နန္ဒဝန်ဈေးထဲတွင် ကဒက်ချဉ် ရောင်း၏။

ထိုစဉ်က ကျွန်တော်တို့လူသိုက် ဝင်ငွေနည်းကြ၍ အစစအရာရာ ချို့တဲ့လွန်းကြသော်လည်း ကျွန်တော်တို့ ပျော်ရသည့်အကြောင်းမှာ ကျွန်တော်တို့တွင် မျှော်လင့်ချက်တွေရှိကြ၏။

"ကျွန်တော်တို့ဘဝက အခုကျပ်တည်းပေမယ့် နောက်ဆယ်နှစ်ဆယ့်ငါးနှစ်ဆို ဘာပြဿနာမှ မရှိနိုင်တော့ဟု ယုံကြည်ကြ၏။ ဘာပြုလို့လဲဆိုတော့ အခု ကိုတင်မောင်ကြီးသားက ခြောက်တန်း၊ ကိုဇော်မင်းသားက ခုနစ်တန်း၊ ကျွန်တော့်သားက ငါးတန်း။ နောက် လေးငါးနှစ်ဆို ဆယ်တန်းအောင်ကြမယ်။ ဆယ်တန်းအောင်ရင် ရုံးမှာ အလုပ်ဝင်လုပ်လို့ ရသည်။ သူတို့တစ်တွေဟာ နောက်ဆယ်နှစ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ရကြတော့မှာ။ ဘွဲ့ရရင် ရုံးမှာ လုပ်အားပေးလုပ်၊ လစာ ၂၂၀ စကေးနဲ့ ကျွန်တော်တို့ ရုံးမှာတင်ကို အလုပ်ရရင် ကျွန်တော်တို့ မိသားစုတွေ ပြေလည်လာကြ မှာပေါ့ဗျာ”ဟု ကိုတင်မောင်ကြီးက သားသမီးများအပေါ် မျှော်လင့်အားထားစွာဖြင့် ပြောသည်။

ထိုသို့ပြောလျှင် မောင်ကြည်ဝင်းက “အစ်ကိုကြီးပြောတာ မှန်တယ်”ဟု ဆိုတတ်၏။ ဦးစန်းလှိုင်နှင့် ကိုဖော်မင်းတို့က ပါးစပ်မှ ဘာမျှထုတ်ဖော်မပြောဆိုသော်လည်း သူတို့ မျက်လုံးများတွင် သားသမီးများအပေါ် အားကိုးအားထားစိတ်များ ရှိနေသည်ကို ကျွန်တော် သိပါသည်။ ကျွန်တော်တို့တစ်တွေသည် သားသမီးတွေ ကြီးလာရင် ဟူသော အတွေးကိုယ်စီဖြင့် သူတို့အပေါ် တိတ်တခိုး မျှော်လင့်ချက်များ ထားခဲ့ကြသည်မှာ အမှန်ဖြစ်၏။ ကျွန်တော်တို့ သားသမီးများထဲမှ ဆယ်တန်းအောင်၊ ဘွဲ့ရများရှိလာကြပါ၏။ မလေးရှားသို့ရောက်သူများပင် ရှိသည်။ သို့သော် ကျွန်တော်တို့လူသိုက် ကံဆိုးခဲ့ကြသည်။ ဘွဲ့ရသောသားသမီးရော ဆယ်တန်းအောင်သည့်သားသမီးနှင့် မလေးရှားရောက်သော သားသမီးများကိုပါ ကျွန်တော်တို့တစ်တွေ သူတို့အပေါ် များစွာအားမထားနိုင်ခဲ့ကြ။ မလေးရှားရောက် မောင်ကြည်ဝင်း၏သားက မိဘထံ ပိုက်ဆံပြန်မပို့ဘဲနေသည်။ ဘွဲ့ရသော ကိုဖော်မင်း၏သမီးက အိမ်ထောင်စောစောကျ၍ တစ်အိုးတစ်အိမ်ထောင် ဖြစ်သွားသဖြင့် မိဘတို့က ဘွဲ့ရသောသမီး၏လုပ်စာကို မစားလိုက်ရ။ သားသမီးတွေ ကြီးလာတော့ အသုံးစရိတ်ကြီးလာကာ ထိုစရိတ်များအတွက် ကျွန်တော်တို့ ပို၍ ကုန်းကြုံးရုန်းကြရသည်သာ အဖတ်တင်ကျန်ရစ်သည်။





ကျွန်တော်တို့တစ်တွေသည် ဧရာဝတီမြစ်ထဲမှ ငါးတန်ကြီးများ အပုပ်အစပ်များကို ကိုယ်နှင့်လူး၍ ကျွေးခဲ့ မွေးခဲ့သလို သားသမီးများကို လူး၍ ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ကြသူများဖြစ်သည်။

သို့သော် သားသမီးများထံမှ ကျွန်တော်တို့လူတစ်သိုက် ဘာတစ်ခုမျှ မခံစားခဲ့ကြရ။ “အစ်ကိုပြောတာ မှန်တယ်”ဟု ဆိုသော မောင်ကြည်ဝင်း၏ ဆန္ဒစကားသည် နောင် ဆယ့်ငါးနှစ်၊ အနှစ် ၂၀ ကြာသောအခါ မမှန်ဘဲရှိလေ၏။

အခုတော့ ကိုတင်မောင်ကြီးတစ်ယောက် အရိုးပေါ်အရေတင်ကာ အိပ်ရာထဲတွင် တုံးလုံးလဲလျက်ရှိနေပြီဖြစ်၏။ ကျွန်တော်က ကိုတင်မောင်ကြီးကိုလည်း အားပေး၊ ဇနီးဖြစ်သူအားလည်း တိုးတိုးတိတ်တိတ် မှာကြားစရာများ မှာကြားကာ အိတ်ကပ်ထဲမှ ပါလာသော ပိုက်ဆံများကို ပေးခဲ့ပြီး နေ့စဉ် ကျွန်တော်လာပါမည်ဟု ကတိစကားပြောတော့ ကိုတင်မောင်ကြီးဇနီးသည် အနည်းငယ် အားတက်သွားပါသည်။

အပြန်လမ်းတစ်လျှောက်လုံး ကျွန်တော်သည် ကျွန်တော်တို့၏ သတင်းထောက်ဘဝ၊ ပန်းချီဆရာဘဝ၊ စာပြင်ဆရာဘဝ၊ စာဖတ်ဘဝ၊ ပုံပြင် ပုံကပ်ဘဝ၏ ပုံရိပ်အမျိုးမျိုးကို ပြန်ပြောင်းတွေးတောစဉ်းစား လာခဲ့မိသည်။ မကြာမီ အိမ်သို့ ကျွန်တော် ပြန်ရောက်၏။

အိမ်တံခါးပေါက်ရောက်တော့ ဇနီးဖြစ်သူက သားတွေ အိပ်နေဆဲဖြစ်သည်။ သားများ အိပ်ရာမှနိုးလျှင် စားနိုင်ရန် ငါးတန်သားကို မန်ကျည်းရည်ဖြင့် မစပ်တစပ်လေးချက်ထားသည်ဟုဆိုပြီး “ကိုတင်မောင်ကြီးရော ဘယ်လိုနေလဲ၊ နေကောင်းရဲ့လားဟင်”ဟု မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ချက်ချင်း ပြန်၍အဖြေမပေးသေးဘဲရှိနေစဉ် ဇနီးသည်က "ကိုတင်မောင်ကြီးအခြေအနေ ဘယ်လိုလဲ ကိုရဲ့"ဟု ထပ်မံမေး၏။ ထိုအခါမှပင် ကျွန်တော်က ဇနီးသည်အား ကြေကွဲသောမျက်နှာနှင့် ကြည့်ရင်း "အခြေအနေကတော့ သာကေတ ငါးတန်အထီးကြီး တစ်ကောင်တော့ ဧရာဝတီမြစ်ကြမ်းပြင်မှာ နေ့လားညလားပါပဲကွာ" ဟု ပြောမိလိုက်ပါသည်။

◆



# ကျွန်မအဖေ

ကျွန်မဟာ ယာခင်းတွေ လှပစွာပြန့်ကျဲနေတဲ့ အိုင်အိုဝါပြည်နယ်မှာ ကြီးပြင်းခဲ့သူတစ်ဦး ဖြစ်ပါတယ်။ ကျွန်မ မိဘတွေဟာ ယာခင်းများစွာ ပိုင်ဆိုင်တဲ့ ဓားမဦးချ ယာသမားစစ်စစ်ကြီးတွေဖြစ်ပြီး သားသမီး ခြောက်ယောက် ပွားစီးတဲ့ ဒီမိသားစုကြီးကို ယာလုပ်ငန်းနဲ့ပဲ ကြီးပြင်းအောင် ပြုစုပျိုးထောင်ခဲ့တဲ့ နေရာမှာ တခြားမိဘတွေနည်းတူ ယာလုပ်ငန်း တာဝန်များကို မနက် ညပိုင်း ကူစေကာ ကျောင်းစာကိုလည်း ထူးချွန်စွာ တတ်မြောက်အောင် ကြိုးစားစေခဲ့ပါတယ်။ ကျွန်မတို့ကို လိမ္မာရေးခြားရှိပြီး အကျင့်စာရိတ္တ ကောင်းမွန်ဖို့အတွက် အဖေရော အမေကပါ တဖွဖွ သွန်သင်ဆုံးမနေတတ်ပြီး ကျောင်းကို အချိန်မီရောက်ဖို့၊ အတန်းတိုင်းမှာ ပညာထူးချွန်ဖို့လည်း အားထုတ်လေ့ရှိပါတယ်။

အိုင်အိုဝါဆိုတဲ့ ကျွန်မရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေဟာ အမေရိကန်ပြည်ထောင်စုကြီးရဲ့ အသည်းနှလုံးနေရာ အလယ်ပိုင်းမှာ တည်ရှိနေမယ့် ရာသီဥတု ပြင်းထန်ကြမ်းတမ်းလှတဲ့အတွက် ကျွန်မဟာ ဒီလိုအရပ်ဒေသမျိုးမှာ လူလာဖြစ်ရတာကို မကျေမနပ်နဲ့ အမြဲပဲ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်ရဲ့ ဖန်ဆင်းမှုတွေအပေါ်ကို အပြစ်တင်မိရင်း လက်ရှိ မိဘတွေရဲ့ဝမ်းမှာ ဝင်စားရခြင်းအတွက် လောကကြီးမှာ ရှဲ့စောင်း စောင်းနေလေ့ရှိပါတယ်။ တကယ်လည်း အိုင်အိုဝါဆောင်းတွင်းကာလ တွေဟာ ပြောစမှတ်ပြုရလောက်အောင် အေးလေ့ရှိပါတယ်။ အရိုးကွဲ မတတ်၊ သွေးခဲမတတ် အေးချမ်းလှတဲ့ အိုင်အိုဝါ ဆောင်းညတွေမှာ တချို့ အိမ်မွေးတိရစ္ဆာန် နွား၊ သိုး၊ ဆိတ် စသည်တို့ဟာ အအေးဒဏ် ကြောင့် အသက်ဆုံးရှုံးရတတ်ပါတယ်။ မွေးကင်းစနွားငယ်၊ သိုးငယ်၊ ဆိတ် ငယ်လေးတွေဆို စပါးကျီလို အအေးလုံတဲ့နေရာထဲ ရွှေ့သွင်းပြီး အပူငွေ့၊ အပူဓာတ်များ လွှတ်ပေးပြီး အသက်ချမ်းသာရာရအောင် ကြံဆောင်ရပါတယ်။

အိုင်အိုဝါဆောင်းဟာ အဲသလောက်ကို ချမ်းအေးလှတာပါ။

ကျွန်မအဖေဟာ ယာတောသားပီပီ ကြီးမားကြံ့ခိုင်တဲ့ခန္ဓာကိုယ် ရယ်၊ ကျယ်ပြန့်တောင့်တင်းတဲ့ ရင်အုပ်ထွားထွားနဲ့ရယ်မို့ တကယ့် လူချော လူလှတစ်ယောက်ပါပဲ။ သူ့မျက်နှာ မြင်လိုက်ရင်ပဲ ချစ် ကြောက် ရိုသေမှုနဲ့ သူခိုင်းသမျှ လုပ်ပေးချင်စိတ်ဟာ လူတော်တော် များများ ရင်ထဲမှာ ဖြစ်ပေါ်လာတတ်ပါတယ်။ ကျွန်မတို့ယာတော အနီးတစ်ဝိုက်မှာတော့ အဖေက ခေါင်းဆောင်လေ။ အမြဲတမ်း ဦးဆောင်ဦးရွက်ပြုလို့ လူကြီးစိတ်နဲ့ အမြော်အမြင်ရှိစွာ အနှစ်နာခံ ကြံတတ်ဖန်တတ်ရှိတာလည်း အဖေပါပဲမို့ ကျွန်မတို့ မောင်နှမ ခြောက်ယောက်စလုံးဟာ အဖေ့အတွက် ဂုဏ်ယူနိုင်တာ၊ ယုံကြည် အားထားပြုနိုင်တာတွေဟာ အဖေရဲ့ သူမတူတဲ့စွမ်းရည်တွေကြောင့် ပေါ့။





ဒါပေမယ့် အဖေက သံမဏိစည်းကမ်းသမားတစ်ဦးပါ။ သူဟာ ယာမြေနဲ့ စိုက်ပျိုးရေးလုပ်ငန်းကို အရိုးစွဲ အသည်းထဲကပါ ချစ်မြတ်နိုး တတ်သူတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့် သူဟာ ယာမြေ လုပ်ငန်းကိုပဲ သူ့အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းအဖြစ် ရွေးချယ် လုပ်ကိုင်ခဲ့တာပဲဖြစ်ပါတယ်။ ဒါကြောင့် အဖေဟာ သူ့ဘဝနဲ့ သူ့ဆန္ဒ တစ်ထပ်တည်းကျလို့မို့ အများတကာထက် ထူးချွန်လေသလား မပြောတတ်နိုင်တော့ပါဘူး။ အဖေဟာ ကျွန်မတို့ မောင်နှမ ခြောက် ယောက်ကို မွေးကျွေးသုတ်သင်ခဲ့သည့်နည်းတူ အိမ်မွေးတိရစ္ဆာန်ပေါင်း မြောက်မြားစွာကိုလည်း သားသမီးလို မွေးမြူနိုင်ခဲ့သူ ဖြစ်ပါတယ်။ သူ့ယာတောက ဂျုံတွေ သီးနှံတွေ ထွားကျိုင်းလတ်ဆတ်တာ၊ အထွက်နှုန်းကောင်းတာတွေအတွက် အမြဲတမ်း ဂုဏ်ယူလေ့ရှိပါ တယ်။ လယ်ယာမြေထဲကို ဘယ်ဓာတုဆေးဝါးနဲ့ မြေသြဇာ အပို ဆောင်းခြင်း မပြုလုပ်ဘဲ သီးနှံတွေကို အက်ကွဲသည်အထိ ထွားကျိုင်း ကြီးထွားအောင် လုပ်နိုင်သူတစ်ဦးလည်း ဖြစ်ပါတယ်။ အဖေဟာ သမားရိုးကျ စိုက်ပျိုးနည်းနဲ့ သဘာဝမြေဩွးကိုသာ ယုံယုံကြည်ကြည် လက်ခံသုံးစွဲပါတယ်။ အဖေက သူ မွေးထားတဲ့ တိရစ္ဆာန်တွေကိုလည်း မြက်၊ ဖွဲနု...စတဲ့ သဘာဝအစားအစာတွေကိုသာ ကျွေးစေပါတယ်။ ကျွန်မတို့ မောင်နှမတွေကိုလည်း သဘာဝတရားကြီးက ပေးအပ်ထား တဲ့ အရှိတရားကို ဘယ်တော့မှ မဖျက်ဆီးဖို့၊ သဘာဝတရားအတိုင်း အလိုက်သင့်နေထိုင်ဖို့ မွေးစကတည်းက ဆုံးမနိုင်ခဲ့တဲ့ အဖေ့ဆုံးမ စကားတွေဟာ ဒီကနေ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝတရား ပျက်စီးရေးလို့ တစာစာ ကြွေးကြော်နေကြပြီမို့ လွန်ခဲ့တဲ့ အနှစ် ငါးဆယ်ကာလတည်းက အဖေ ဘာကြောင့်များ ဒါလောက် ခေတ်မီမီ



www.burmeseclassic.com

www.burmeseclassic.com



ကြိုတွေးတတ်ပါလိမ့်မလဲလို့ ကျွန်မ တအံ့တသြဖြစ်မိတာ အမှန်ပါ။ ဪ...အဖေက အဖေပဲလေ။

နောက်တစ်ခု ကျယ်ပြန့်ရှည်မောလှတဲ့ ကျွန်မတို့ယာတောတစ်ခွင်တစ်ပြင်မှာ တိရစ္ဆာန်ငယ်လေးတွေဖြစ်တဲ့ ချေ၊ ဝိုင်၊ ဆတ်၊ ယုန်၊ သမင် စတဲ့ အကောင်လေးတွေဟာ ဘေးမဲ့နေထိုင်ခွင့်ရကြပါတယ်။ အဖေဟာ အင်္ဂလိပ်သွေးနှောတဲ့ အမေရိကတိုက်သားတစ်ဦး ဖြစ်ပေမယ့် အမဲလိုက်ခြင်း၊ အပျော်တမ်း တောကောင်ဖမ်းဆီးခြင်း အမှုမှာ ဝါသနာမထုံလှဘူးရှင်။ အဖေဟာ အမြဲတမ်း တက်ကြွလှုပ်ရှားပြီး အလုပ်နဲ့လက် မပြတ်ရတာမို့ သူ့ကို တည်တည်ငြိမ်ငြိမ်နဲ့ အေးအေးချမ်းချမ်း တွေ့ရခဲလှပါတယ်။ ဒါပေမယ့် ချမ်းအေးလှတဲ့ ဆောင်းညကာလတွေရဲ့ သန်းခေါင်ယံမှာ အိမ်မွေးတိရစ္ဆာန်ငယ်လေးတွေကို အအေးဒဏ်မှ လုံ့,မလုံ ထစစ်ဆေးတဲ့အခါမှာတော့ အဖေ့ကိုယ်နေဟန်ထား၊ မျက်နှာပေးအမူအရာနဲ့ စကားပြောဆိုသံတွေဟာ နေ့ခင်းဘက် ယာတောထဲမှာ ဦးစီးကွပ်ကဲနေတဲ့အသံတွေနဲ့ လုံးဝခြားနားကာ အလွန်နူးညံ့သိမ်မွေ့ပြီး ချိုသာယဉ်ကျေးလှပါတယ်။ အဲဒီအချိန် ပတ်ဝန်းကျင် တစ်ခွင်တစ်ပြင်လုံးမှာလည်း နှင်းမိုးလေးက တဖွဲဖွဲ ရွာသွန်းချိန်၊ လူအများစု အိပ်မောကျလို့ ပတ်ဝန်းကျင် တစ်ခွင်လုံး တိတ်ဆိတ်ငြိမ်သက်နေချိန်မှာ အဖေဟာ တိရစ္ဆာန်လေးတွေအပေါ် ချစ်ခင်မြတ်နိုးစိတ်၊ သားသမီးလို ကိုယ်ချင်းစာနာတဲ့ အကြင်နာမေတ္တာတရားတွေဟာ တလောကလုံးအပေါ် ဖြန့်ကျက်လို့။ အဖေ့မှုဟန်က သိမ်မွေ့ချိုသာစွာနဲ့ ဘယ်လိုမြတ်နိုးတွယ်တာစရာကောင်းမှန်း မသိတော့ပါဘူးရှင်။ ကျွန်မက ဆောင်းကာလ ညအခါမှာ အိပ်ရာ





ထဲက ထဖို့ ဝန်လေးတတ်တဲ့ ကျွန်မရဲ့ ညီအစ်ကိုမောင်နှမများထက် ကံကောင်းခဲ့တယ်လို့ ဆိုရမှာပါပဲ။ တကယ်တော့ ကျွန်မလည်း ဘယ်ထချင်ပါ့မလဲရှင်။ ကျွန်မ အမုန်းဆုံးအလုပ်ဖြစ်တဲ့ ဆောင်းတွင်းကာလ ညအခါ အိပ်ရာထဲက လူးလဲထပြီး အဖေနဲ့အတူ တိရစ္ဆာန်လေးတွေ စစ်ဆေးရာ လိုက်ပြီး အဖေ့ရဲ့ ချိုသာနူးညံ့တဲ့ ဆုံးမစကားတွေ နားဆင်ရဖို့အတွက် ကျွန်မရဲ့ ကြိုးစားမှုတွေကြောင့် ကျွန်မဟာ အဖေရဲ့ အချစ်ဆုံး အသည်းကျော်မလေးဘဝကို ကျွန်မ ခက်ခက်ခဲခဲနဲ့ ရရှိခဲ့တာပါ။ မောင်နှမအားလုံးကလည်း သူတို့ကိုသာ အဖေက အချစ်ဆုံးလို့ ထင်ကြတာပါပဲ။ နှင်းတွေ ပိန်းပိတ်အောင်ကျနေတဲ့ ညသန်းခေါင်ယံမှာ စပါးကျီတစ်ခုကနေတစ်ခု၊ နွားတဲတစ်ခုကနေ တစ်ခု၊ သိုးတဲ၊ ဆိတ်တဲ တစ်ခုကနေတစ်ခု လှည့်လည်ကြည့်ရှုရင်း အဖေဟာ သူငယ်စဉ် စစ်ပွဲအတွေ့အကြုံများကို စီကာစဉ်ကာ ပြောပြလေ့ရှိပါတယ်။ စစ်ရဲ့အနိဋ္ဌာရုံတွေ၊ စစ်ကြောင့် အနီးဝန်းကျင်ရှိ လူတိရစ္ဆာန်နဲ့ ဒေသတစ်ဝှမ်းလုံးအပေါ် ရိုက်ခတ်မှု၊ စစ်ပွဲကြီးတွေ ဘယ်လိုစတင်ဖြစ်ပွားခဲ့ရတာလဲ။ ဒီအကြောင်းတွေ ထပ်ကာတလဲလဲ နားထောင်ရဖန်များတော့ ကျွန်မ သမိုင်းဆိုတဲ့ ဘာသာရပ်နဲ့ အကျွမ်းဝင်လာသလို စိတ်ဝင်တစားနဲ့ လေ့လာလိုက်စားလေ မကုန်ဆုံးနိုင်လေ ဖြစ်လာပါတော့တယ်။

အဖေဟာ အကြောင်းအရာတစ်ခုကို ဘာကြောင့်လဲဆိုတဲ့ မေးခွန်းနဲ့ စတင်ကိုင်တွယ်ကာ အကြောင်းခြင်းရာများစွာ ဆင်ခြေဆင်လက်များစွာနဲ့ ခမ္မစိဋ္ဌာန်ကျကျ စစ်ဆေးပြီးမှ ပြုလုပ်လေ့၊ ဆောင်ရွက်လေ့၊ သုံးကြည်လေ့ရှိတတ်ပါတယ်။ ယာမြေစိုက်ပျိုးခြင်း၊ တိရစ္ဆာန်မွေးမြူ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းတို့ကလွဲရင် အဖေ ဝါသနာအပါဆုံးနဲ့ စိတ်အဝင်စားဆုံး အလုပ်က ခရီးထွက်ခြင်းပါပဲ။ အဖေ့ဆန္ဒက ကမ္ဘာတစ်ပတ် ခရီးလှည့်ကာ မရောက်ဖူးသေးသော ဒေသများမှ အထူးအဆန်းများ ကြည့်မြင်လေ့လာလိုခြင်းပါ။ ဒါကို အရေးတကြီးပြုလုပ်ရမယ့်ကိစ္စလို့ အဖေ ယူဆပါတယ်။ အဖေ့ဆိုဆုံးမမှုကို နာခံတဲ့ သမီးလေးပီပီ ကျွန်မ အသက်သုံးဆယ်အရွယ်မှာ နိုင်ငံပေါင်း သုံးဆယ်တိတိကို ပညာတော်သင်အဖြစ်နဲ့ရော၊ ဖြတ်သွားဖြတ်လာအဖြစ်နဲ့ရော၊ အလုပ်တာဝန်ထမ်းဆောင်ခြင်းဖြင့်ပါ ဝင်ရောက်လေ့လာ နေထိုင်ခဲ့ဖူးပြီးပါပြီ။

အဖေယုံကြည်တာတစ်ခုက ပညာကို အမြဲဆည်းပူးလေ့လာဖို့ လိုအပ်တယ်။ ပညာသင်ကြားဆည်းပူး လေ့လာမှုကိုလည်း မြတ်နိုးတတ်ရမယ်လို့ ယုံကြည်တာပါ။ စနစ်တကျ ပညာဆည်းပူး လေ့လာမှုဟာ အလွန်အရေးကြီးတယ်။ ပဋိသန္ဓေဉာဏ်ကောင်းခြင်းနဲ့ ဉာဏ်ပညာရှိပုံ၊ အမြော်အမြင်ရှိခြင်းဟာ ကွာခြားတဲ့အကြောင်း အဖေ မကြာခဏ ဆုံးမစကား ဆိုခဲ့ဖူးပြီး ကျွန်မကိုလည်း မိုးမဆုံးမြေမဆုံး ပညာတွေ လေ့လာဆည်းပူးနေစေချင်တာ အဖေ့ဆန္ဒပဲလေ။ "ကျောင်းကပေးတဲ့ ဘွဲ့လက်မှတ်လေးတစ်ခု ရရှိရုံနဲ့ ပညာလေ့လာ ဆည်းပူးမှု ရပ်နားလို့ ကျေနပ်မနေနဲ့။ ဘွဲ့တွေ ရနိုင်သလောက် ရအောင် များများ ထပ်ယူဖို့ ငါ့သမီး ဘာမဆို ရအောင်လုပ်နိုင်တဲ့သတ္တိရှိတယ်။ အဖေ့သမီးက ဘားရက်(ခ)မျိုးနွယ်တစ်ယောက် ဖြစ်တယ်။ ဘားရက်(ခ) မျိုးရိုးဟာ ဖွဲ့ရှိတယ်။ ထူးချွန်တဲ့အမျိုးကွ။ ငါ့သမီးဘက်တီဟာ သားသမီးခြောက်ယောက်ထဲမှာ အတော်ဆုံး၊ ဉာဏ်ရည်အထက်ဆုံး၊ ဝီရိယအရှိဆုံးသမီး"ဆိုတဲ့ အဖေ့ချီးမွမ်း အားပေးစကားသံတွေကို





နားဆင်ရင်း ကျွန်မကိုယ်ကျွန်မ ယုံကြည်မှုအပြည့်နဲ့ ကြိုးစားခဲ့တာ ဒီကနေ့ ကျွန်မဟာ ပညာရပ်ဆိုင်ရာပါရဂူဘွဲ့(ဒေါက်တာဘွဲ့) နှစ်ကြိမ် နှစ်ခါ ရရှိခဲ့ပြီးပါပြီ။ တစ်ခုက ပညာရေးကို လိုလားအားပေးလွန်းတဲ့ အဖေ့အတွက်၊ နောက်တစ်ခုက ကျွန်မ ကိုယ်ပိုင်အတွက်။ တကယ်တော့ မလွယ်လှပါဘူး။ အဖေ့ရဲ့ ယုံကြည်ကိုးစားမှု၊ ကျွန်မအပေါ် မျှော်လင့်လွန်းတဲ့ အဖေ့ဆန္ဒနဲ့ ကျွန်မရဲ့ မဆုတ်မနစ် ကြိုးစားမှုတွေကြောင့် ဒေါက်တာဘွဲ့ နှစ်ထပ်ကွမ်းရအောင် ယူနိုင်ခဲ့တာပါ။

အဖေဟာ ကိုယ်ကျင့်တရားကို ဦးထိပ်ထားသမို့ တရားမျှတမှု၊ စိတ်ကောင်းထားရှိမှု၊ ဒုစရိုက်မှုတို့မှ ရှောင်ကြဉ်မှုတို့ကို သူ့ဘဝနေထိုင်မှု ဇယားပုံစံထဲမှာ ထိပ်တန်းက ပါဝင်စေပါတယ်။ အဆင့်အတန်းမြင့်မားမှုနဲ့ တန်ဖိုးဆိုတာကို သတ်မှတ်ရွေးချယ်ရာမှာ အများသူငါ နားလည်လက်ခံ ကျင့်သုံးသလို ရုပ်ဝတ္ထုပစ္စည်းပေါ် မှုတည် မရွေးချယ်ပါဘူး။ ကျွန်မ စာသင်တဲ့အခါ၊ စာရေးတဲ့အခါ အဖေ့ရွေးချယ်မှုမျိုးနဲ့ပဲ ရပ်တည်ခဲ့တာ များပါတယ်။ အဖေဟာ ဆုံးဖြတ်ချက်များ ချမှတ်ဖို့အတွက် အဆင့်ဆင့် တွေးတောကြံဆကာ ဘက်ပေါင်းစုံမှ ရှုထောင့်အမျိုးမျိုး ဖန်တီးလေ့လာပြီးမှ နောက်ဆုံး ဆုံးဖြတ်ချက်ကို ချမှတ်တတ်သူပါ။ အဖေက ကျွန်မတို့ကို အရှုံးနဲ့ ရင်ဆိုင်ရင်တောင်မှ ဘယ်လိုဖြေသိမ့်ဖို့ ပွဲသိမ်းတတ်ရအောင် သင်ကြားပေးခဲ့သူပါ။ အဖေ့အယူအဆတွေထဲက "ဖြစ်တည်မှုနဲ့ ဖြစ်ပေါ်လာနိုင်မှု၊ ယူမှုနဲ့ လက်ခံမှုတို့အတွက် သူ့ထင်မြင်ချက်တွေက ဘယ်ပညာရှိနဲ့မှ မတူပါဘူး" အဖေ့လက်သုံးစကားလေးတစ်ခွန်းကတော့ "နှလုံးသားကို ဘယ်တော့မှ ရောင်းစားမခံနဲ့"တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဖေက သူများ နဖားကြိုးထိုးခံရမှာကို အလွန်စိုးရိမ်ရှာတယ်။ ကိုယ်ကလည်း ဘယ်သူ့အပေါ်မှ မတရားမလုပ်နဲ့၊ စိတ်ကောင်းစေတနာကောင်း ထားရက်နဲ့ သူတကာက အချဉ်ကြီးဆိုပြီး မလိမ့်တပတ်လုပ်တာ ခံရမှာကို စိုးရိမ်တာပါ။ ကိစ္စတစ်ခုကို ခေါင်းအေးအေးထားစဉ်းစား။ မျှမျှတတ သူ့ဘက်ကိုယ့်ဘက် တွေးပြီးမှဆုံးဖြတ်။ မင်းအရည်အချင်းရှိသလောက် မင်း စဉ်းစားဆုံးဖြတ်နိုင်မယ်။ ဘဝမှာ နေထိုင်ရသမျှအချိန်အတွင်း မင်း ဘယ်လောက် မှန်မှန်ကန်ကန် မျှမျှတတ ဆုံးဖြတ်လုပ်ကိုင်နိုင်ခဲ့သလဲပေါ် မူတည်လို့ မင်း တန်ဖိုးကို သတ်မှတ်ခံရမှာပဲတဲ့။ လူတွေကို ပမာမခန့် မလုပ်ရဘူး။ လူ့တန်ဖိုးဆိုတာ လူတိုင်းမှာရှိတယ်။ နည်းတာနဲ့ များတာပဲ ကွာတယ်တဲ့။ အမိကမ္ဘာမြေကိုလည်း လေးစားရမယ်။ မင်းနေထိုင်ဖို့ ရွေးချယ်တဲ့အခါ သစ်ပင်တွေရယ်၊ ကောင်းကင်ပြင်ကြီးနဲ့ မြေကြီးတွေ အများအပြားကို တစ်ဆုံးတစ်စ တွေ့မြင်နိုင်မယ့်နေရာမျိုးကို ဂရုစိုက်ရွေးချယ်ပါ သမီး”လို့ အဖေက သူ့ဆုံးမစကားတိုင်းကို နိဂုံးချုပ်တော့မယ်ဆိုရင် မှာကြားလေ့ရှိပါတယ်။

ကျွန်မဟာ ငယ်စဉ် အိုင်အိုဝါ ဆောင်းခပ်ကြမ်းကြမ်းတွေကို ရင်ဆိုင်ရတိုင်း ဒီလိုမိဘမျိုးရဲ့ဝမ်းမှာ ဝင်စားရတာကို ရှိုးမယ်ဖွဲ့ပြီး ဘုရားသခင်ကို အပြစ်တင်လေ့ရှိပါတယ်။ တဖြည်းဖြည်း အသက်အရွယ် ရလာတော့မှ ရှားရှားပါးပါး အဖေ့လို အဖေမျိုးရဲ့ ဆိုဆုံးမမှုတွေကို ကြားနာဖို့ အိုင်အိုဝါယာတောထဲက ယာသမား မိဘနှစ်ပါးဆီမှာ ဝင်စားလို့ လူဖြစ်ခဲ့ရတာကြောင့် ဘုရားသခင် ဂုဏ်ကျေးဇူးတော်တွေကို ချီးမွမ်းမိပါတယ်။ တခြားမိဘတွေဆီမှာ ဝင်စားလို့ လူဖြစ်ရရင်တောင်မှ လိမ္မာရေးခြား ရှိချင်ရှိမယ်၊ ပညာတွေ တတ်ချင်





လည်း တတ်လိမ့်မယ်။ ဒါပေမယ့် အဖေ့သမီး ကျွန်မလို အမိကမ္ဘာမြေရဲ့ အလှအပနဲ့ ကျေးဇူးတရားကို ခံစားတတ်မှာ မဟုတ်သလို သက်ရှိလူသတ္တဝါတွေ မဆိုထားနဲ့ အိမ်မွေးတိရစ္ဆာန်ငယ်လေးတွေအပေါ်မှာတောင် မေတ္တာထားနိုင်ပြီး သူတို့အကျိုးကို လိုလားစောင့်ရှောက်နိုင်သူတစ်ဦး ဖြစ်လာမယ်လို့တော့ တစ်ထစ်ချ မှတ်ယူလို့ မရနိုင်ပါဘူးရှင်။ ကျွန်မ အဖေ့သမီးဖြစ်ရတာ ကုသိုလ်ကံ ထူးလွန်းလို့ပါပဲ။ အဖေ့လိုအဖေမျိုးရဲ့ တန်ဖိုးကို မခံစားကြရ၊ မသိ နားမလည်ကြရသူတွေကို ကျွန်မ လွန်စွာ အားနာ သနားမိပါတော့တယ်။ သားသမီးတို့ မှီခိုအားထားရာ၊ စံပြအတုယူရာ၊ ချစ်ခင်မြတ်နိုး တွယ်တာရာ ဖခင်ကောင်းတစ်ယောက်ရဲ့ ကိုယ်ကျင့်သိက္ခာ၊ ဘဝအတွေးအခေါ်၊ သားသမီးတို့ကို ထိပ်တန်းရောက်အောင် တွန်းပို့ထမ်းတင်ခဲ့တဲ့ ဆုံးမပဲ့ပြင်မှုများဘဝမှာ နေထိုင်တတ်တဲ့ အဖေ့လိုဖခင်မျိုးတွေ နေရာအနှံ့အပြားမှာ ရှိကြမှာပါ။ တချို့သားသမီးများက ကိုယ့်မိဘရဲ့ တန်ဖိုးနဲ့ စွမ်းရည်သတ္တိတွေကို တန်ဖိုးမထားတတ်ကြလို့ မသိနားမလည်ကြတာ။ ကျွန်မအဖေကတော့ သူဆိုဆုံးမတဲ့အတိုင်း ကျင့်ကြံနေထိုင်ပြခဲ့တဲ့ စံပြအဖေတစ်ဦးပါပဲ။ သားသမီး ခြောက်ယောက်ထဲမှာ ဉာဏ်ရည်အထက်မြက်ဆုံး၊ ခွဲလုံ့လဝီရိယအရှိဆုံး ကျွန်မကို အဖေ တန်ဖိုးအထားဆုံး၊ အားလည်းကိုးတယ်၊ တန်ဖိုးမြင့်သထက်မြင့်မားလာအောင်လည်း ဆိုဆုံးမ ပဲ့ပြင်ခဲ့တယ်။

အဖေနဲ့ အမေတို့ဟာ နှစ်ပေါင်းငါးဆယ်ကျော် ချစ်ချစ်ခင်ခင် လက်တွဲလာခဲ့ကြတာ ဒီနေ့အထိလည်း မခွဲခွာနိုင်ကြဘဲ သေခြင်းတရားက ခွဲမှသာ သူတို့ချင်း လက်တွဲဖြုတ်ကြမှာပါ။ အဖေဟာ အတ္တကြီးလွန်းတယ်၊ မျှော်လင့်ချက်တွေထားလွန်းတယ်လို့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ထင်ခဲ့မိပေမယ့် ဒီကနေ့ ကျွန်မ မိဘဘဝ ရောက်လာတဲ့အခါကျတော့ အဖေ့အပေါ် အပြစ်မမြင်ရက်တော့ပါဘူး။

ဒီနေ့ အဖေ့သားသမီး ခြောက်ယောက်အနက် ငါးယောက်က အဖေ့ယာတောတွေအနီးအနားမှာပဲ နေထိုင်လို့ အဖေ့အုပ်ချုပ်မှုအောက်မှာ ယာသမားမိသားစုကြီးအဖြစ် စိုက်ပျိုးရေးလုပ်ငန်းတွေမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ အဖေဟာ မောင်နှမတွေထဲက ကျွန်မကို ရွေးထုတ်လို့ ပုံသွင်းခဲ့တာ တကယ်တော့ ယာတောမှာ အသုံးချလုပ်ကိုင်စေဖို့ မဟုတ်ဘဲ ပညာရေးလမ်းကြောင်းပေါ်မှာ အောင်မြင်စွာ လျှောက်လှမ်းနိုင်စေဖို့ပါပဲ။ ကျွန်မရဲ့ ဆရာမဘဝ၊ ပညာရေးအတိုင်ပင်ခံဘဝ၊ တက္ကသိုလ်ပါမောက္ခဘဝ၊ နောက်ဆုံး မိဘနှင့်သားသမီးဆက်ဆံရေးအတွင်းမှ ကလေးငယ်များ ကိုယ့်အားကိုယ်ကိုး၍ တိုးတက်မှုရှာဖွေတတ်စေဖို့ စာအုပ်များ ရေးသားထုတ်ဝေတဲ့ စာရေးဆရာမဘဝ၊ ဘဝအားလုံးဟာ ကျွန်မဖခင်ရဲ့ ကျွမ်းကျင်လှပစွာ ထုဆစ်လိုက်တဲ့ အတိုင်း ရုပ်လုံးပေါ်ပြီး တင့်တယ်ခဲ့ရတာပါပဲလေ။

ကျွန်မအဖို့တော့ မိဘအရတော်ခဲ့တဲ့ သမီးတစ်ယောက်အဖြစ်နဲ့ ဂုဏ်ယူလို့မဆုံးနိုင်တော့ပါဘူး။ ကျွန်မရဲ့ ဒီကနေ့ အဓိကတာဝန်ကတော့ အဖေ့မြေး၊ ကျွန်မသမီးလေးကို အဖေက ကျွန်မကို ပြုစုပျိုးထောင်ခဲ့သလိုပဲ သမီးလေးကို အောင်မြင်မှုတွေ တစ်ခုပြီးတစ်ခု ရရှိအောင် ပြုစုပျိုးထောင်ရမယ့်တာဝန်ပဲ ဆိုတာကိုတော့ ပြောပြဖို့ လိုပါသေး သလားရှင်။

**Why I chose my father to be my Dad**

**(Bettie Young)**

◆



# ဖခင်တစ်ဦး၏ စစ်မြေပြင်မှပေးစာများ

ဖခင်တစ်ဦးထံမှ မိသားစုထံပေးစာများမှ ကောက်နုတ်ချက်အချို့ ဖြစ်ပါသည်။ ထိုစာများတွင် အိမ်ထောင်ဦးစီး ဖခင်တစ်ဦး၏ နှလုံးသားကို ဟင်းလင်းဖွင့်ပြသကဲ့သို့ မြင်တွေ့နိုင်လေသည်။ ရေတပ်ဗိုလ်မှူးတစ်ဦးဖြစ်သူ ဂျွန်–အီး–ဘာတိုစီ၏ 'မိသားစုအပေါ် ထားရှိသော မေတ္တာစေတနာ အကြင်နာ ကရုဏာနှင့် သားသမီးလေးများကို ကြီးပွားချမ်းသာစေလိုသောဆန္ဒများ၊ သွန်သင်ဆုံးမလိုသော အတွေးအခေါ်များသည် အချိန်၊ နေရာ၊ ရာထူးအဆင့်အတန်းမရွေး ဖခင်တိုင်း ရင်တွင်ရှိသည့် ဆန္ဒများနည်းတူ ဂျွန်၏ရင်တွင်း၌လည်း ကိန်းအောင်းခဲ့သည်သာဖြစ်သည်။ အောက်တွင် ရေးသားဖော်ပြမည့် ကောက်နုတ်ချက်များသည် ဂျွန်၏ဇနီးနှင့် မိသားစုထံပေးပို့သော စစ်မြေပြင်မှ ပေးစာများမှ ဖြစ်ပါသည်။

လောကကြီးအတွင်းရှိ ဖခင်များအနက်မှ ဖခင်တစ်ဦးဖြစ်သော ဗိုလ်မှူး ဂျွန်–အီး–ဘာတိုစီသည် ဗီယက်နမ်စစ်မြေပြင်တွင် စစ်မှုထမ်း



www.burmeseclassic.com

www.burmeseclassic.com



နေစဉ်ကာလအတွင်း မိမိဇနီးနှင့် သားသမီးများထံ စာများ မပြတ်တမ်း ရေးသားပေးပို့ခဲ့ရာ အများစုမှာ မိမိသားသမီးလေးများကို လိမ္မာရေးခြားရှိစေရေး၊ ပညာတတ် လူတော်လူကောင်းလေးများ ဖြစ်လာစေရေးတို့အတွက် ဦးတည်ဆုံးမ ရေးသားခဲ့သည်က များလေသည်။

## ၃၁ ရက်၊ ဇန်နဝါရီ

အချစ်ဆုံးဘာဘရာ

မင်းနဲ့ ကလေးတွေ လက်ပြရင်း ကျန်ခဲ့တဲ့ ဆိပ်ကမ်းတစ်နေရာကို မှေးမှေးမှိန်ပြီး မှုန်ပျပျလေးသာ မြင်ရတော့တဲ့အထိကို ငေးစိုက်ကြည့်နေမိတယ်။ ကိုရင်ထဲ မကောင်းလိုက်ပုံများ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး အချစ်ရယ်။ ကုန်းပေါ်မှာ တာဝန်ထမ်းဆောင်ခဲ့ရတဲ့ သုံးနှစ်တာကာလဟာ တကယ့်ကို ဘဝမှာ မမေ့နိုင်စရာကာလလေးတစ်ခုပါပဲ။ သမီး အယ်လီစင်၊ သား အင်ဒရူးနဲ့ ဘာ့(တ)တို့သုံးယောက်ရဲ့ဘဝကို ကောင်းကောင်း ပုံဖော်နိုင်ဖို့ အခြေခံကောင်းတွေ မျိုးစေ့ချပေးနိုင်ခဲ့တာမို့ ကိုကျေနပ်မိတယ်။ သားတို့ သမီးတို့ဟာ ဘာတိုစီမျိုးဆက်ရဲ့ ဂုဏ်ကို ထိန်းသိမ်းနိုင်ဖို့ ကိုတို့ အတတ်နိုင်ဆုံး ကြိုးစားသင်ပြပေးရမယ် ဘာဘရာ။ မူလအခြေခံကောင်းခဲ့တဲ့ ကလေးသုံးယောက်ဟာ တစ်နေ့မှာ ကောင်းသတင်းနဲ့ ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်သုံးဦး ဖြစ်လာစေရမယ်။

အဲဒါ ကိုရဲ့အဓိ္ဌာန်မရည်မှန်းချက်ပဲ။





## ၁၉ ရက်၊ ဖေဖော်ဝါရီ

ကိုချွေးနေ့လေ၊ သုံးဆယ့်သုံးနှစ်ဆိုတာ သိပ်များအိုသွားပြီလား။ ကိုတော့ ဘယ်တော့မှ အဲဒီလို မတွေးမိဘူး။ သားတို့၊ သမီးတို့၊ ဘာဘရာတို့ အနားမှာရှိနေသရွေ့ ကို ဘယ်တော့မှ မအိုချင်သေးဘူး။ ကိုချစ်တဲ့ ဘာဘရာနဲ့အတူ သားတို့၊ သမီးတို့ကို ပြုစုပျိုးထောင်မယ်။ ထူးချွန်ထင်ရှားတဲ့ ဘာတိုစီမျိုးဆက်တွေ ဖြစ်လာစေရမယ်။ ကိုအဖွဲ့သားတွေက ချွေးနေ့ကိတ်မုန့်ကြီးနဲ့ ဂုဏ်ပြုကြတယ်။ အားလုံး ညီညီညွတ်ညွတ်နဲ့ တစ်အူတုံဆင်း ညီအစ်ကိုရင်းတွေလိုပါပဲ။

မနက်ဖြန် ဘာဘရာ့မွေးနေ့။ အချစ်လည်း အိုမသွားပါဘူး။ ဆယ့်ခုနစ်နှစ်အရွယ် ကိုနဲ့ စချစ်ခဲ့ကြတုန်းကအတိုင်း အချစ်က လှပဆဲ၊ နုပျိုဆဲ။ ပိုလို့တောင် ရင်ခုန်ဖို့ကောင်းသေးတယ်။ ဒီစာရေးနေတုန်း အချစ်ရဲ့ ကိုယ်သင်းနံ့လေးတွေ၊ ချိုအေးတဲ့ အသံသာသာလေးတွေနဲ့ သိမ်မွေ့နူးညံ့လှတဲ့ မင်းရဲ့ သွားလာလှုပ်ရှားပုံလေးတွေကို မြင်ယောင် ကြားယောင်နေမိတယ်။

## ၂၅ ရက်၊ ဖေဖော်ဝါရီ

တိုက်ပွဲတွေစဆင်းရတော့မယ် ဘာဘရာ။ မနက်ဖြန်ခါ ကိုတို့တပ်စိတ်က ပျံသန်းရေးနဲ့ တွဲဖက်လို့ တိုက်ပွဲဝင်ရတော့မယ်။ အတန်းတင်စာမေးပွဲကြီး ဖြေရတော့မယ့်ကျောင်းသားလို ရင်တွေများတောင်ခုန်လို့။ ကို အစစ ပြင်ဆင်ပြီးသားပါ။ ပျံသန်းရေးတာဝန် ထမ်းဆောင်နေတုန်း အောက်ကနေ ပစ်ချခံရမှာတော့ကို ကြောက်တယ်။ သတ္တိနည်းတာမဟုတ်ပေမယ့် နှစ်ဦးသား ရင်ဆိုင်တိုက်လို့ အရှုံးပေးရတာ



www.burmeseclassic.com

www.burmeseclassic.com



က တစ်မျိုး၊ သားတွေ သတ္တိမနည်းဖို့၊ မှန်ကန်စွာရင်ဆိုင်တတ်ဖို့၊ အမှန်တရားအတွက် သတ္တိရှိဖို့ ဘာဘာရာ ပုံတိုပတ်စလေးတွေနဲ့ ယှဉ်ပြီး မကြာခဏ ပြောပြဆုံးမပေးပါ။

## ၂၇ ရက်၊ ဖေဖော်ဝါရီ

ကိုတို့ဘက်က ဟယ်လီကော့ပတာတစ်စင်း ပစ်ချခံရတာ လေယာဉ်ပေါ်ပါတဲ့ ဝန်ထမ်းအဖွဲ့သား လေးယောက် အသက်ဆုံးရှုံးခဲ့ရတယ်။ ပြီးခဲ့တဲ့အပတ်က ညနေခင်းတွေမှာ အဲဒီလေယာဉ်မှူးတွေနဲ့ ကို ဂစ်တာတီး၊ သီချင်းတွေ အတူတူဆိုခဲ့ကြသေးတာ။ ဘာဘာရာ၊ သားတို့၊ သမီးတို့ကို ပညာရေးချည်း ဖောင်းပေးလုပ်မနေနဲ့ဦးနော်။ ကျန်းမာကြံ့ခိုင်ရေးက အဓိကကွ။ နှင်းကျနည်းတဲ့နေ့တွေ အပြင်ထွက် ပြေးလွှားခုန်ပေါက်ကစားပါစေ။ အန္တရာယ်မရှိအောင်တော့ အမေကြီးက ဂရုစိုက်ပေါ့။ သူတို့ဆီ စာတစ်စောင် သပ်သပ်ရေးထည့်ပေးလိုက်တယ်။

## ၅ ရက်၊ မတ်လ

အဖေ့စာကို သဘောကျတယ်။ ဖတ်ရတာ ဝတောင်မဝဘူးတဲ့လား။ ကဲ–ဒီလိုဆို နောက်တစ်ခါ ဒီထက်ရှည်ရှည် ရေးလိုက်ဦးမှာပါဗျာ။ ဒီလိုစကား ကြားရတာ အားတွေရှိလိုက်တာ။ အမေ့စာထဲက တစ်ဆင့် သားတို့၊ သမီးတို့အကြောင်း မေးရတာ၊ နှုတ်ဆက်ရတာထက် သူတို့ဆီ တိုက်ရိုက် သီးသန့် စာတစ်စောင် သပ်သပ်ရေးဖို့ အဖေတိုင်း မပျက်မကွက် လုပ်သင့်တယ်လို့ကိုတော့ ယုံကြည်တယ်။





ကလေးတွေကို ဂရုတစိုက် ပထမနေရာ ထားသင့်တယ်။ အင်ဒရူးလေးက ဘာဘာရာ့ကိုပြောတဲ့ "အဖေ့မျက်နှာကို ပုံဖမ်းလို့မရချင်တော့ဘူး"ဆိုတဲ့ စကားတစ်ခွန်းဟာ ကို့ကို ဆွေးစေပါတယ် အချစ်ရယ်။ သားလေးက ငယ်သေးတော့ တာဝန်တို့၊ ဝတ္တရားတို့ဆိုတာတွေ ဘယ်နားလည်ပါဦးမလဲ။

## ၁၀ ရက်၊ မတ်လ

ဒီညနေ ကမ်းရိုးတန်းစစ်ဆင်ရေး တစ်ပတ်လှည့်ပြီး ပြန်ရောက်လာတာ ကမ္ဘာကျော်လှတဲ့ အာရှတိုက်ရဲ့ နေဝင်ချိန်တွေကို တစ်ဝကြီးငေးမောရင်း သားတို့၊ သမီးတို့၊ ဘာဘာရာတို့ကိုလည်း သဘာဝရဲ့ အလှတရားတွေကို ကြည့်ရှုခံစားစေချင်လိုက်တာ။ ကလေးတွေကို သဘာဝတရားကို ချစ်မြတ်နိုးဖို့၊ သဘာဝတရားနဲ့ လိုက်လျောညီထွေ နေထိုင်တတ်ဖို့ ငယ်စဉ်ကတည်းက သင်ပေးရမှာ ကိုယ်တို့မိဘတွေရဲ့တာဝန်ပေါ့။ စိတ်သဘောထား နူးညံ့သိမ်မွေ့ဖို့ လေ့ကျင့်ပေးရာမှာ သဘာဝတရားကို ချစ်မြတ်နိုးတတ်ဖို့ အဓိကလိုအပ်တာပေါ့။

## ၁၅ ရက်၊ မတ်လ

မနက် ၁း၂၀ မှာ ကို လေယာဉ်ဦးခန်းထဲ ရောက်နေပြီး ကင်းလှည့်လေယာဉ်ပေါ်ကနေ မြင်နေရတဲ့ ပင်လယ်ပြင်ဟာ ငြိမ်သက်လို့ပဲ။ ကြယ်လေးတစ်လုံး ကြွေကျလာတယ်။ အယူသီးတတ်တဲ့ သူတွေအဖို့တော့ နိမိတ်မကောင်းဘူး။ စိတ်လေးတယ်နဲ့ ယူဆကြဦးမယ်။ ဘာဘာရာ ကလေးတွေကို အခြေအမြစ်မရှိတဲ့ ဇွဲလမ်းမှုတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



မပင်ပန်းပါစေနဲ့နော်။ ကြောက်စရာ လန့်စရာတွေနဲ့လည်း မကြုံမိ ကြောက်ပါနဲ့။ လွတ်လပ်စွာ တွေးခေါ်ပါစေ။ ရဲရင့်တည်ကြည်စွာ ပြုမူပါစေ။ အမှန်တရားအပေါ် သစ္စာထားနိုင်အောင် သင်ကြားပေးပါ။

## ၁၆၊ ရက် မတ်လ

ဒီစာဖတ်နေရတဲ့အချိန်မှာ မိုလ်ကြီး ဈေ–ဂျီဒွန်အက်(စ) ကျဆုံးသွားတဲ့သတင်းကို ဘာဘာရာ ကြားပြီးလောက်ပြီလို့ ကိုထင်တယ်။ ရန်သူ့လက်ချက်လို့ ယူဆနိုင်သေမယ့် အဲဒီအချိန် မြင်ကွင်းက မြူတွေဆိုင်းလို့မို့ ပဲ့ထိန်းလမ်းကြောင်း ပျောက်ပြီး ရေထဲကို ကျသွားနိုင်တယ်လို့လည်း ထွက်ဆိုကြသေးတယ်။ ဘာတွေ ဘယ်လိုပြောပြော သူရဲကောင်းတစ်ယောက် ကျဆုံးသွားတာတော့ အမှန်ပဲ။ ဘာဘာရာ သားတို့၊ သမီးတို့ကို မတော်တဆဆိုတဲ့ကိစ္စနဲ့ အတတ်နိုင်ဆုံး မကြုံစေချင်တာကို ဆန္ဒပါပဲ။ ကလေးတွေကို ငယ်စဉ်ကတည်းက စနစ်တကျ သတိရှိဖို့ လေ့ကျင့်ထားပေးခဲ့တာ အကြောင်းမဲ့မဟုတ်ဘူး ဘာဘာရာ၊ အဓိပ္ပာယ်အများကြီးရှိတယ်။ သတိအမြဲရှိဖို့ လေ့ကျင့်ခန်းတွေ ဆက်လက်လေ့ကျင့်နေပါစေ။ သူတို့လေးတွေဟာ ဒီဘဝခရီးတစ်လျှောက်မှာ မိဘနဲ့ မိတ်ဆွေတွေ မပါချင်နေရမယ် သတိဆိုတဲ့သူနဲ့တော့ အမြဲတွဲပြီး ခရီးသွားရမှာမဟုတ်လား။

## ၂၃ ရက်၊ ဧပြီလ

တိုက်ပွဲတွေ၊ စစ်ဆင်ရေးတွေက စိပ်သထက် စိပ်လာတယ်။ သောက်ရေသန့်တွေ၊ ရေချိုတွေ ရှားလာတာမို့ ရေမချိုးရတော့ဘူး





ဘာဘာရာ၊ ပုံသန်းမှုစစ်ဆင်ရေး တစ်နေ့တာအပြီး ချွေးတွေ၊ အန့်အသက်တွေကောင်းဖို့ ချွေးနံ့ပျောက်ဆေးတောင့်နဲ့ မုတ်ဆိတ်ရိတ်ပြီးသုံးတဲ့ ရေမွှေးတွေ ဖိသုံးရတော့တာပေါ့။ ကလေးတွေကို ပေါင်ဒါ၊ ရေမွှေးနဲ့ ဆပ်ပြာဝယ်ပေးဖို့ နည်းနည်းလေးမှ မနှမြောပါနဲ့ ဘာဘာရာ။ သန့်ရှင်းစွာနေတတ်အောင် တိုးလို့ဂရုစိုက်ပေးပါ။ အလှအပဖို့ထက် သန့်စင်ကြည်လင်နေစေဖို့ အကုန်ခံပေးပါ။

## ၂၆ ရက်၊ ဧပြီလ

အဆိုးဝါးဆုံး သတင်းတစ်ခု ပေးရတော့မှာပဲ ဘာဘာရာ၊ အုပ်ခွဲလေယာဉ်မှူးတွေကို ရန်သူ့ဘက်က လက်ရဖမ်းမိသွားတယ်။ လေထီးတစ်စင်းနဲ့ ကျလာတော့ အသက်မသေဘူးဆိုတာ သေချာသွားတာပေါ့။ ကိုလည်း မနက်ဖြန် စစ်ဆင်ရေး ထွက်ရဦးမယ်။ ကိုတို့များအဲသလို ဖမ်းမိသွားရင် ဆိုတဲ့အတွေးက အိပ်မပျော်နိုင်အောင်ကို ခြောက်လှန့်တော့တာပဲ။ ဘုရားသခင်နဲ့ မိဘတွေကို ရိုသေကိုင်းရှိုင်းခဲ့တဲ့ ကိုတို့ ဘာပဲလုပ်လုပ် တိကျပီပြင်စွာနဲ့ ဂုဏ်ယူဖွယ် လုပ်ကိုင်တတ်အောင် အမြဲစောင့်ရှောက်ခဲ့တယ်လို့ ကို ယုံကြည်တယ်။ ဘာဘာရာ ကလေးတွေကို ဘုရားသခင်ထံပါး ယုံကြည်ကိုင်းရှိုင်းလာအောင် တနင်္ဂနွေကျောင်း အမြဲပို့ပေးပါ။ ဘုရားကျောင်း မှန်မှန်တက်နိုင်အောင် စီစဉ်ဆောင်ရွက်ပါ။ လူကြီးမိဘ ဘိုးဘွားတို့နဲ့ မကြာခဏ ဆုံနိုင်အောင် ဖန်တီးပေးပါ ဘာဘာရာ။ အဘိုးအဘွားတို့ရဲ့ အတွေ့အကြုံဟောင်းတွေက သူတို့အတွက် အတွေးသစ်တွေ မွေးဖွားပေးစေနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၃ ရက်၊ မေလ

တိုက်ပွဲကတော့ အတော်ကြီး ပြင်းထန်လာပြီ။ ရာသီကလည်း ပူလိုက်တာ ကိုတို့ဘက်က ဆုတ်ပေးနေရသလိုအခြေအနေမို့ ဘာ တစ်ခုမှ စွန့်စွန့်စားစား မလုပ်ဝံ့ဘူး။ စစ်ဆင်ရေးတွေလည်း ဖရိုဖရဲနဲ့ တစ်ခုနဲ့တစ်ခု အဆက်အစပ်မမိတော့ဘူး။ တစ်ဖက်က မမျှော်မှန်းနိုင်လောက်အောင်ကို ဖောက်တက်လာတော့ အသာငြိမ်နေရတော့ တယ်။ စိတ်ညစ်စရာ အခြေအနေပါ အချစ်ရယ်။ ခုမနက် ၃း၁၅ ပူလိုက်တာလည်း အလွန်ပဲ။ ကလေးတွေကိုလည်း နွေဦးရာသီမို့ အပြင်များများပေးထွက်ကစားခိုင်းပါ။ သစ်ပင်စိုက်တတ်သည်အထိ လေ့ကျင့်သင်ကြားပေးပါ။ လူတစ်ယောက်ဟာ သူ့ဘဝမှာ သစ်ပင် တစ်ပင်ကိုတော့ ရှင်သန်အောင် စိုက်ပျိုးခဲ့သင့်တယ်လို့ ကိုထင်တယ်။ ဘာဘရာလည်း ကိုနဲ့ သဘောတူတူပဲမဟုတ်လား။ ကဲ–သားတို့ သမီးတို့ကို သစ်ပင်စိုက်ခိုင်းပေတော့နော်။

## ၆ ရက်၊ မေလ

ကိုတို့ စစ်ဆင်ရေးအကြီးစား နွှဲလိုက်တာ ပြီးခဲ့တဲ့ နှစ်ရက်လုံး လုံးပဲ။ ဒါပေမယ့် အာရှတိုက်သားတွေအတွက် သူတို့ရဲ့ ရာသီဥတုက မျက်နှာသာပေးပုံရတယ်။ ကိုတို့ လေယာဉ်တစ်စင်း မီးလောင်ဗုံးနဲ့ အပစ်ခံရတယ်။ ဒီလေကြောင်းစစ်ပွဲတွေ နွှဲရတော့မှ မိသားစု ပေါင်း စည်းခြင်းရဲ့ သဘောသဘာဝနဲ့ အဓိပ္ပာယ်ကို နားလည်မိတော့တယ်။ အထီးကျန်လှပါလား အချစ်ရယ်။ သားတို့ သမီးတို့ရဲ့ ကို့ပခုံးပေါ် သိုင်းဖက်လာတဲ့ အတွေ့အထိကို တောင့်တနေမိတယ်။ ကို ကလေး





တွေနဲ့ ကစားခဲ့တာတွေ၊ သူတို့ကို နားမလည်တာတွေ ရှင်းလင်းပြော ပြခဲ့တာတွေ၊ ကိုပေးချင်တဲ့ အတွေးအခေါ်တွေ သူတို့နားပေါက်အောင် ပြောခဲ့တာတွေ အဲဒါတွေ တွေးမိတိုင်း မျက်ရည်ကျမိတယ်။ ဘာဘရာ ကတော့ ကို တန်ဖိုးအထားဆုံး လူသားတစ်ဦးပါ။ ကို့ဘဝကို အကောင်းတကာ့ အကောင်းဆုံးတွေနဲ့ ပြည့်လျှံနေအောင် ဖန်တီးပေး သူမို့ပါ အချစ်ရယ်။ သားတို့၊ သမီးတို့နဲ့ ဘယ်တော့များမှ ပြန်ဆုံရ ပါ့မလဲ။ ဒီစစ်ပွဲကြီး ပြီးချင်လှပါပြီကွယ်။

## ၁၉ ရက်၊ မေလ

ကံမကောင်းတဲ့ နေ့တစ်နေ့လို့ ဆိုရမှာပဲ ဘာဘရာ။ တစ်ဖက် ရန်သူဟာ ပိုတိုးလို့ ဖိတိုက်လာလိုက်တာ လေယာဉ်မှူးနှစ်ဦး ပျောက် နေတယ်။ သူတို့ အဖမ်းခံရတာဆိုရင်တော့ အသက်မသေသေးလို့ ဝမ်းသာစရာပေါ့။ တစ်နေ့က “သေရာကနေ ပြန်ရှင်ပြီး ထမလာနိုင် ဘူး။ အဖမ်းခံရတာကမှ ထွက်ပြေးလို့ လွတ်လာနိုင်သေးတယ်”လို့ တစ်ယောက်က ပြောတော့ အားလုံးက ဝိုင်းထောက်ခံကြတယ်။

## ၂၀ ရက်၊ မေလ

နောက်တစ်ခါ စစ်ဆင်ရေးကို ထွက်ရတော့မယ်။ သိပ်ကြမ်းမယ့် ခရီးပါ။ ကို လန့်နေတာကို ထပ်ပြောရဦးမှာပဲ။

## ၂၁ ရက်၊ မေလ

ဒီနေ့မနက် အရုဏ်ဦးဆုတောင်းပွဲမှာ အားလုံး တိတ်တိတ် ကလေး ဆုတောင်းနေကြတာ တစ်ခုတည်းသော ဆုတောင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အန္တရာယ်ကင်းရှင်းစွာ အသက်နဲ့ကိုယ်ခန္ဓာမြဲ၍ ပြန်လာနိုင်ပါရစေ"ဆိုတဲ့ ဆုတောင်းပါပဲ။ ဒီနေ့ မွန်းတည့်ချိန်မှာ ဆင်နွှဲမယ့် လေကြောင်းတိုက်ပွဲက တော်တော်ပြင်းထန်မှာ။ အရေးကြီးတာတစ်ခု ပြောချင်တာကတော့ ဘာဘာရာနဲ့ သားသမီးများကို တန်ဖိုးထားချစ်တယ် ဆိုတာပါပဲ။ ဘာဘာရာတို့၊ သားတို့၊ သမီးတို့သာ မရှိရင်တော့ ကိုဘဝဟာ ဘာမှအဓိပ္ပာယ်မရှိတော့ပါဘူးဆိုတာကိုလည်း သိစေချင်တာပါပဲ အချစ်ရယ်။

**၃၁ ရက်၊ မေလ**

ဒီနေ့ကတော့ မင်္ဂလာရှိသောနေ့တစ်နေ့ပါကွယ်။ ဘာဘာရာနဲ့ သားသမီးများရဲ့ဓာတ်ပုံ ရောက်လာတာကို ကိုကတော့ လူကိုယ်တိုင်များ ရောက်လာကြသလို ထင်ပြီး ပြောမပြတတ်အောင် ပျော်မိတဲ့ ကိုအတွက် စိတ်မပူပါနဲ့လို့တော့ ပြောချင်ပေမယ့် သိပ်တော့လည်း မကြောက်နေစေချင်ဘူး။ ဘုရားသခင် အလိုတော်အရ ကံစီမံရာ ဖန်တီးရာဘဝမှာ နေကြရမှာမဟုတ်လား အချစ်။ အစက စီစဉ်ခဲ့သလို ဩဂုတ်လ ပြန်ရောက်ရင်တော့ ဘာ့(တ)လေး သွားချင်ရှာတဲ့ တောစခန်းထွက်ဖို့ အရင်ဆုံး စီစဉ်ရမှာပဲ။ ဒီကောင် တစာစာ ပူဆာနေမှာ ကြာပြီကွ။ တောစခန်းထွက်ရင်း ကလေးတွေစိတ်ဓာတ်ကို ပြုပြင်နိုင်တဲ့ သင်ခန်းစာတွေ အများကြီး သင်ကြားပေးလို့ရတယ်။

**၂ ရက်၊ ဇွန်လ**

ဘာတို့သွားလေးနဲ့ စာကိုရတော့ ချက်ချင်း သူ့ရယ်သံလေးတွေကို ကြားယောင်မိတော့တယ်။ ဒီကောင့်ရယ်သံက ဘယ်ကလေးနဲ့





မတူတာ ဘာဘာရာ သတိထားမိလား။ သူ့ရယ်သံကြားရင် လိုက်ရယ်ချင်လာတာ အစွမ်းတစ်ခု သူ့မှာရှိလို့ပေါ့။ ကို ဘာတို့ကို သိပ်ချစ်တယ်ကွာ။ သမီးကြီး အယ်လီစင်ကိုလည်း ဖေဖေက ချစ်တာမှ ဘယ်သူနဲ့မှမတူအောင်ကို ချစ်တာဗျ။ သားအငယ်ဒရူးမင်းကို ဖေဖေ မချစ်ဘူးလို့ မထင်နဲ့နော်၊ ဖေဖေ့အသည်းထဲကအချစ်တွေက မင်းဖို့ပါ အငယ်ဒရူးရယ်။ ဖေဖေ့မှာရှိတဲ့အချစ်တွေနဲ့တင် မလောက်ငှဘူးလို့ ထင်ရလောက်အောင်ကို သားတို့၊ သမီးတို့ကို ဖေဖေ ချစ်မိတာယုံပါကွယ်။

**၃ ရက်၊ ဇွန်လ**

စိတ်မကောင်းစရာ ဘာဘာရာရယ်၊ ဒေါ့(ဗ)တစ်ယောက် ပင်လယ်ထဲ ထိုးကျသွားတယ်။ သူမောင်းလာတဲ့ လေယာဉ် ပစ်ချခံရပြန်ပြီလေ။ အလောင်းတော့ ရှာတုန်းပဲ။ မနက် ၂း၃၀ မှာ ထွက်သွားတာ၊ ပြီး အဆက်အသွယ် ပြတ်သွားတော့တာပဲ။

အချစ်တော့ ဘုရားစင်ရှေ့က ခွာနိုင်တော့မယ် မထင်ဘူး။ ကို့ရင်ထဲမလဲ ကြောက်တာ၊ လန့်တာ၊ ဒေါသထွက်တာ၊ စိတ်ဓာတ်တွေ မြင့်မားပြီး ဂုဏ်ယူတာ၊ ဝမ်းနည်းတာရော ကိုယ့်ကိုယ်ကို သနားမိတာတွေရော ရောထွေးပြီး ဘာတွေဖြစ်နေမှန်းကို မသိတော့ပါဘူး။

ကဲ–ကိုက သတ္တိတွေရှိနေပါပြီတဲ့၊ လုပ်ချင်ရာ ထလုပ်လို့မရတဲ့ ဘဝမှာ ဘာမှလည်း တန်ဖိုးမရှိတော့ပါဘူး။ ဘာပဲဖြစ်ဖြစ်လေ ဘာတစ်ခုမှ မကြောက်တဲ့ပုံနဲ့ ဟန်ကိုယ့်ဖို့ အနေအထားမှာတော့ နေနေရသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၄ ရက်၊ ဇွန်လ

ကျဆုံးသွားရှာသူ ဒေါ်(ဗ)ရဲ့ ပစ္စည်းလက်ကျန်တွေ ပိုင်းသိမ်းပေးရင်း သူ့မိသားစု ဘယ်လိုများ ခံစားနေရမှာလဲလို့ တွေးရင်းကိုမျက်ရည်ကျမိသေးတယ်။ တကယ်တော့ စခန်းက အုပ်ခွဲတစ်ခုလုံးမှာ ကိုနဲ့ အတွဲဆုံး၊ အခင်မင်ဆုံးက ဒေါ်(ဗ)တစ်ယောက်ပဲ။ သူကျဆုံးသွားရတာကိုတော့ တော်တော်လည်း အားငယ်မိသလို ချောက်လည်းချောက်ချားမိတာ ဝန်ခံရမှာပဲ ဘာဘာရာ။

ဆေးမှူး ခွဲစိတ်ကုဆရာဝန်က ကို့ကို ဆေးပြင်းလိပ်တစ်လိပ်လာပေးရင်း သူ့မိန်းမ သမီးလေးမွေးတဲ့အကြောင်း သတင်းပေးလာတယ်။ လူ့လောကထဲကို လူသားအသစ်ကလေးတစ်ယောက် ရောက်လာတာ ကြိုဆိုရမှာပေါ့။ ဝမ်းသာတယ်ဗျာ။ သမီးဆိုတာ အဖေတွေရဲ့ အသည်းကျော်တွေ ဖြစ်လာတတ်တယ်လို့ ကို ပြန်ပြောလိုက်မိတယ်။

## ၆ ရက်၊ ဇွန်လ

မနက်ဖြန် စစ်တပ်မှာ ရာထူး စလက်ခံတာ ဆယ်နှစ်ပြည့်မှာဖြစ်သလို နောက်အပတ်မှာ ကိုနဲ့ ဘာဘာရာ လက်ထပ်ခဲ့တာ ကိုးနှစ်ပြည့်တော့မှာနော်။ ဘယ်လောက် ထူးခြားဆန်းကြယ်တဲ့ ဖြစ်ရပ်တွေလဲလို့ အင်မတန် တတ်သိနားလည်ပြီး ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်လို့ သားသမီးသုံးဦး ရခဲ့တဲ့ ကို့ဘဝဟာမင်းနဲ့သာ မတွေ့ခဲ့ရရင်တော့ ဆောင်းဦးမှာကြွေကျတဲ့ ရွက်ဝါလေးတစ်ရွက်လို ခြောက်သွေ့ပြီး အဓိပ္ပာယ်ကင်းမဲ့ရတော့မှာပါ။

သတင်းဆိုးတစ်ခု ဝင်လာပြီ ဘာဘာရာရေ၊ မနေ့ကထွက်သွားတဲ့ထောက်လှမ်းရေးလေယာဉ် ပစ်ချခံရပြန်ပြီ။ လေယာဉ်မှူး ကျသွားရှာ





တယ်။ သူနဲ့ ကို လွန်ခဲ့တဲ့နှစ်ရက်ကပဲ အတူတူ အပြေးကျင့်ရင်း အားကစားလုပ်ခဲ့ကြသေးတာ။ နေ့မြင်ညပျောက်ဘဝ ရောက်နေပါပေါ့လား။ အရှုးတွေလို မြင်မြင်ကရာ ပစ်ချနေတဲ့ ရန်သူတွေကိုဒေါသထွက်ရမလား၊ စစ်ဆိုတဲ့အကောင်ကြီးကိုပဲ အပြစ်တင်ရမလားပဲ မဝေခွဲနိုင်ပေမယ့် စိတ်ဓာတ်ကျစရာ ကောင်းလှတဲ့ အခြေအနေမို့စိတ်ရှိလက်ရှိ ဆဲပစ်လိုက်မိတော့တယ်။

## ၉ ရက်၊ ဇွန်လ

အချစ်တော်သားလေး ဘာ့(တ)ရေ...

သား နေကောင်းတယ်နော်။ ကက်ဆက်ခွေလေးထဲမှာ မေမေနဲ့ သားတို့၊ သမီးတို့အသံတွေနဲ့ ဖေဖေ့ကို နှုတ်ဆက်ကြ နောက်ကြပြောင်ကြနဲ့ နားထောင်ရတော့ ဖေဖေ့အနားကို မိသားစု ရောက်လာသလို အားရှိပြီး ပျော်သွားတာပဲကွာ။ ဖေဖေလေ အားအားရှိတိုင်း ကက်ဆက်ခွေလေးကို ဖွင့်နားထောင်နေမိတယ်။

သမီးကြီး အယ်လီစင်

သမီးစာတွေ ဖတ်ရတော့ ဖေဖေ သိပ်ဝမ်းသာမိတယ်။ မေမေ့ကိုအိမ်မှုကိစ္စတွေမှာ ဝိုင်းကူလုပ်ပေးနော်။ သမီးမိန်းကလေးတိုင်းဟာမီးဖိုချောင်ကိစ္စ၊ မိသားစု သန့်ပြန့်စွာ နေထိုင်စားသောက်နိုင်ဖို့ကိစ္စတွေမှာ ကျွမ်းကျင်စွာ တတ်မြောက်ထားသင့်တယ်။ မေမေသင်ပေးသမျှ ချက်ပြုတ်နည်းတွေ တတ်အောင် ကြိုးစားသင်ယူပါ။ မောင်ငယ်လေးနှစ်ယောက်ရဲ့ အစ်မကြီးပီသစွာ ချစ်ခင်မှု၊ ပြုစုမှု၊ ယုယမှုပြုပါ။ သမီးကြီးကို ဖေဖေ အားအကိုးဆုံးပဲ။ ဒယ်ဒီ...အို...။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂ ရက်၊ ဇွန်လ

တိတ်ဆိတ်ငြိမ်သက်တဲ့ တနင်္ဂနွေနေ့တစ်နေ့ပဲ။ လေကြောင်းထိုးနက်မှုကြီး နစ်ကြိမ်လုပ်တာမို့ စခန်းမှာ လူနည်းနေတာ၊ ဌာန်–အမ်တစ်ယောက်လည်း ဟိုင်ဖုံအရှေ့ဘက်မှာ သေနတ်နဲ့ ချောင်းပစ်တာ ခံရတယ်။ ဒါပေမယ့် ကိုယ့်လူကိုယ်ပြန်ရလို့ တော်သေးတယ်။ ဒီကောင်ကြီးကို ရအောင် ပြန်တိုက်ယူရတဲ့ တိုက်ဖွဲ့ခန်းကလည်း ဘယ်လောက်များ အသည်းတထိတ်ထိတ်နဲ့ ရင်ဖိုစရာကောင်းလဲဆိုရင် လှိုဂုက်သည်းဖို ဇွန့်စားခန်းတို့ရဲ့ ဘိုးအေ ဟာစ်ချ်ကော့ရဲ့ ရုပ်ရှင်တွေကတောင် အဖေခေါ်ရလောက်တယ် တကယ်ပဲ ဘာဘာရာ၊ တစ်နေ့ကို ဒရာမာဇာတ်လမ်းတစ်ပုဒ် ရိုက်ထုတ်နေသလို စစ်မြေပြင်မှာ ကိုတို့ တကယ်ကြုံတွေ့နေရတာ အချစ်ရယ်။

ဒီနေ့ သင်္ဘောပေါ်ကို လေယာဉ်မှူးအသစ်တစ်ယောက် အဖမ်းခံရတဲ့ဆီက ထွက်ပြေးပြီး ပြန်ရောက်လာတယ်။ အရာရှိငယ်တစ်ယောက်ပါ။ ဟန်ချိုင်းကို ဗုံးကြဲပြီး ပြန်အလာ တွေ့ရတဲ့သူ ရုပ်သွင်ကြောင့်ကို တော်တော်ချောက်ချားရတယ် ဘာဘာရာ။ ညှဉ်းဆိုးဆဲပင်တွေကနီကြောင်လို့။ နှုတ်ခမ်းတွေ ကွဲအက်ခြောက်သွေ့နေပြီး သူ့ခန္ဓာကိုယ်ထဲက အရိုးအရေအတွက်ကို ရေတွက်လို့ရအောင်ကို တကယ့်အရေပြားပါးပါးလေးက ဖုံးထားတာ။ သူ့အသက်ရှုနေပုံကို ကြည့်ရတာ ပင်ပန်းလိုက်တာ။ တပ်ခွဲတစ်ခုလုံး ဒီလိုပုံစံတွေချည့်းပါလားငရဲပြည်ဆိုတာကို တစ်ထိုင်တည်းနဲ့ ရောက်သွားသလိုပဲ။

ဘာဘာရာပို့ပေးတဲ့ဓာတ်ပုံတွေ မြင်ရတော့ လေးငါးခြောက်လအတွင်း ကလေးတွေ ထွားကျိုင်းလာတာကို အထင်းသားတွေ့ရတာကို





ကျေနပ်မိပါတယ်။ သူတို့မျက်လုံးတွေထဲက မျှော်လင့်ချက်ရောင်ခြည်တွေ ဖြာထွက်နေတာ မြင်ရလို့လည်း ကျေနပ်နေမိသေးတယ်။

အို…သားတို့၊ သမီးတို့နဲ့ တူတူနေချင်လှပါပြီကွာ။ ကလေးသုံးယောက်စလုံးကို ရင်ခွင်ထဲထည့်ပြီး တစ်ဝကြီးဖက်လို့ တရေးတမောအိပ်ပစ်လိုက်ချင်တာ၊ ကလေးတွေက လိမ္မာရေးခြားရှိတာမို့ သူတို့ရဲ့အရည်အသွေးကို တောက်ပြောင်သထက် တောက်ပြောင်အောင်မြှင့်တင်နိုင်တဲ့ အဖေတစ်ယောက်အဖို့ ဘာတွေများ ထပ်မံတောင်းဆိုဖို့လိုပါသေးသလဲ ဘာဘာရာ။

## ၁၄ ရက်၊ ဇွန်လ

ဒီကနေ့ တောင်ပံတံဆိပ် အပ်နှင်းပွဲနေ့။ ကိုက ပထမအဆင့်တောင်ပံတပ်ဆင်ခွင့်ရတဲ့အတွက် အမြင့်ဆုံး ဆုတံဆိပ်ရှင်ပေါ့။ ဆုကြေးအနေနဲ့ အိမ်တစ်ခေါက်ပြန်ခွင့်များပြုရင် ဘယ်လောက်ကောင်းလိုက်မလဲ ဘာဘာရာရယ်။ လေးရက်ဆက်တိုက် စစ်ဆင်ရေး ကျန်သေးတယ်။ ဘာဘာရာနဲ့ ကလေးတွေ ရှိနေတဲ့ ဆန်ဒီယေးဂိုးဆိပ်ကမ်းကို ကိုတို့သင်္ဘောက ဩဂုတ်လအတွင်းမှာ ပြန်ရောက်မယ်။ သားဘာ့(တ) တက်ချင်လှတဲ့ တောစခန်းခရီးကို စက်တင်ဘာလဆန်းဆန်းချင်း စီစဉ်ထားပေတော့။

## ၂၇ ရက်၊ ဇွန်လ

ဗျူဟာနည်းသစ်တစ်ခုအနေနဲ့ ဖောက်တက်တိုက်ပွဲ မနက်ဖြန်စရတော့မယ်။ သုံးဆယ့်နှစ်ရက်ကြာမယ့် ရက်ရှည်တိုက်ပွဲ ပြီးရင်တော့ကို နားခွင့်ရတော့မှာပါ ဘာဘာရာ၊ မင်းကိုရော ကလေးတွေကိုပါ



www.burmeseclassic.com

www.burmeseclassic.com



ခွဲနေရတဲ့အချိန်တွေအတွက် အတိုးချချစ်ဖို့ ဂရုစိုက်ဖို့ ကိုတော့ ပြင်ထားပြီ။

## ၂၅ ရက်၊ ဇူလိုင်

ရက်ရှည်တိုက်ပွဲပြီးဖို့ သုံးရက်ပဲလိုတော့တယ် ဘာဘရာ၊ ကိုတော့ တွေးရင်းနဲ့ကို ပျော်နေပြီ။

## ၂၉ ရက်၊ ဇူလိုင်

ကိုတော့ မယုံနိုင်လောက်အောင်ပါပဲ အချစ်ရယ်။ ဒီနေ့မနက် ၇:၀၀ နာရီမှာ ပျံသန်းမှုစစ်ဆင်ရေး ပြီးဆုံးခဲ့ပြီ။ ဘော့(တ)နဲ့ ကို အချင်းချင်း ဝမ်းသာအားရ ဂုဏ်ပြုလက်ဆွဲနှုတ်ဆက်ရင်း အကောင်းဆုံး အမှုထမ်းခဲ့နိုင်တဲ့အတွက် ဂုဏ်ယူဝင့်ကြွားလို့ပေါ့။ ပစ္စည်းတွေ သိမ်းဆည်းရင်း မင်းတို့သားအမိ တစ်ယောက်စီအတွက် ဘာတွေ လက်ဆောင်ပေးရင်း ဘယ်လိုနှုတ်ဆက်ရမလဲလို့ ကို အတွေးကြွယ် နေတုန်းအချိန်မှာပေါ့ အချစ်ရယ်။ ၁၁:၀၀ နာရီလောက်မှာ လေယာဉ် တင်သင်္ဘော် (    ) ဖိုရက်(စ)တယ်(လ)ဆီက အရေးပေါ် အကူ အညီတောင်းချက် ဝင်လာတယ်။ ချက်ချင်း လောင်စာဆီနဲ့ အင်အား ဖြည့်တင်းလို့ ဖိုရက်(စ်)တယ်(လ)ကို ကူညီဖို့သွားတော့ မီးခိုးလုံး ကြီးတွေကြားမှာ စစ်သင်္ဘောဟာ ပျက်စီးနေပါပြီ။ လောင်ကျွမ်းနေဆဲ လေယာဉ်ကိုယ်ထည် အပိုင်းအစတွေဟာ မြင်မကောင်းအောင် ပြန့်ကြဲ နေပါတယ်။ အနည်းဆုံး လူနှစ်ဆယ်လောက် သေဆုံးပြီး ဒဏ်ရာ ပြင်းထန်တဲ့လူတွေလည်း တစ်ပုံတစ်ပင်ပါ။





အဲဒီလေယာဉ်တင်သင်္ဘော် ကျဆုံးပျက်စီးခြင်းရဲ့ အကျိုးဆက် ကတော့ ကိုတို့ ခွင့်ပြန်ဖို့ရက်ကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းခံရခြင်း ပါပဲ။

## ၃၁ ရက်၊ ဩဂုတ်လ

ဒါလင်ဂျွန်

ရှင်ကျဆုံးသွားပြီလို့ ကျွန်မကို သတင်းလာပေးကြပေမယ့် ကျွန်မ မယုံပါဘူး။ အချစ်ရယ် ကျွန်မတို့နှစ်ယောက် ဘဝခရီးကို အတူ လျှောက်ခဲ့ကြတာ မေ့နိုင်စရာမှ မရှိတာ။ တောစခန်းတွေ တူတူထွက် လို့ ပျော်ခဲ့ရတဲ့ အပျော်တွေ၊ အမြဲတမ်း တိကျမှန်ကန်တဲ့ ရှင့်ဦးဆောင်မှု အောက်မှာ အောင်ပွဲတွေ ဆက်ကာ ဆက်ကာရရှိလို့ ကြည်နူးခဲ့ရ တာတွေ ဘယ်လိုမေ့ပစ်လို့ရမှာလဲ မောင်ရယ်။

မောင့်ကို ကျွန်မ သိပ်ချစ်ပါတယ်။ ကျွန်မအတွက် မောင် ဘယ်တော့မှ မသေပါဘူး။ မသေနိုင်ပါဘူးနော်။

ဗိုလ်မှူးဂျွန်ဘာတိုစီသည် ညဉ့်နက်သန်းကောင် စစ်ဆင်ရေးတစ်ခု မှအပြန် ပစ်ချခံရသဖြင့် ပင်လယ်ပြင်တွင်းသို့ ထိုးကျကာ လေယာဉ် ရော လူပါ ပျက်စီးဆုံးရှုံးခြင်းခံရသည်။

သူ့ဇနီး ဘာဘရာသည် ခင်ပွန်း ဆုံးပါးပြီးနောက် တက္ကသိုလ် ပြန်တက်၍ ဘွဲ့တစ်ခုရရှိပြီး သူ့ကလေးသုံးယောက်နှင့်အတူ ကန်ဆတ့် ပြည်နယ်မြို့တော်သို့ ပြောင်းရွှေ့နေထိုင်ကာ နာမည်ကျော် ဟော(လ်) မာ့(ခ) ကတ်ပြားများထုတ်လုပ်သည့် ကုမ္ပဏီတွင် ဖန်တီးတီထွင်သူ ဝန်ထမ်းတစ်ဦးအဖြစ် အမှုထမ်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့တိုင် ကန်ဆော့(စ)စီတီးမြို့တော်တွင် နေထိုင်ရင်း ပြည်ထောင်စုအတွင်း မြို့နယ်အနှံ့အပြား လှည့်လည်သွားရောက်ကာ လူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ ဟောပြောပွဲများတွင် တက်တက်ကြွကြွ ပါဝင်ဟောပြောလျက် လူငယ်ပြုပြင်ရေးဆိုင်ရာ စာအုပ်စာတမ်းများစွာလည်း ရေးသားခဲ့သည်။

သမီးကြီးအယ်လီစင်နှင့် သားကြီးဘော့(တ)တို့ နှစ်ဦးစလုံး တက္ကသိုလ်များမှ ဘွဲ့အသီးသီး ဆွတ်ခူးရရှိကာ သူတို့မိသားစုများနှင့်အတူ ပြည်ထောင်စု၏ အနောက်အလယ်ပိုင်းတွင် တင့်တောင်းတင့်တယ် နေထိုင်ကြသည်။ ဘာ်တိုစီ၏မြေးများက "ဘိုးဘိုးဂျွန်ဘာတိုစီသည် ကောင်းကင်ဘုံမှနေ၍ သူတို့ကို ချစ်ခင်ကြင်နာစွာ လမ်းပြစောင့်ရှောက်မှုပေးလျက်ရှိသည်"ဟု စွဲမြဲစွာ ယုံကြည်နေကြသည်။

အငယ်ဆုံးသား လူပျိုကြီးအင်ဒရူးကမူ ဆန်ဒီယေးဂိုးတွင် ပြန်လည်အခြေချ၍ ယခင် ဖခင်ကြီးရှိစဉ်က နေထိုင်ခဲ့သော အိမ်ကြီးတွင် နေထိုင်လျက်ရှိသည်။ စီးပွားရေးဆိုင်ရာ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဘွဲ့ကို ထူးချွန်စွာရရှိခဲ့သူ အင်ဒရူးသည် ယခုအခါ အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီတစ်ခုတွင် တာဝန်ကြီးကြီးတစ်ခုကို ထမ်းဆောင်နေရသည်။

တစ်ခါက ဖခင်ကြီး ဂျွန်ဘာတိုစီ ရေးသားပြောဆိုခဲ့သလိုပင် "သားသမီးများ ထူးချွန်လိမ္မာကြ၍ အရည်အသွေး တောက်ပြောင်သထက် တောက်ပြောင်အောင် မြင့်တင်နိုင်ခဲ့သော ဖခင်တစ်ယောက်အဖို့ ဘာတွေများ ထပ်မံတောင်းဆိုဖို့ လိုပါသေးသလဲ"ဟု ဆိုခဲ့ရာ



ဂျွန်နှင့် ဘာဘရာတိုစီတို့ ဇနီးမောင်နှံအတွက်တော့ ဘာမှမလိုတော့ပါဟု ဖြေဆိုရပေလိမ့်မည်။

**LETTERS HOME FROM WAR**
**Barbara Bertoci**

◆

www.burmeseclassic.com

www.burmeseclassic.com

# ထာဝရဖွေမော ချစ်သောဖေဖေ

အမြဲထာဝရ ဖွေရှာမောခဲ့ရတဲ့ ဒီဇောဟာ ကျွန်မအသက်နဲ့ ခန္ဓာတည်မြဲနေသရွေ့ ကျွန်မရင်မှာ စွဲငြိနေဦးမှာပါပဲ။ ကျွန်မရင်ထဲမှာ ပဲ့တင်သံလိုလို တိုးတိုးလေးမြည်ဟည်းနေတဲ့ အဖြေစကားတစ်ခုကတော့ ဒီကမ္ဘာကြီးရဲ့ တစ်နေရာရာမှာ အဖေ ရှိနေတယ်။ အဖေ မသေသေးဘူးလို့ ယူဆရတယ်ဆိုတဲ့ ကိုယ့်ကိုယ်ကို အားပေးမှုပါ။

Margo Marshell-Olmstead

မာဂိုမာရှယ်–အွမ်စတက်(ဒ)

ကျွန်မအဖေအကြောင်းကို သိရှိလေ့လာရသမျှ အားလုံးမှာ ကျွန်မ မိခင်ဆီမှတစ်ဆင့်သာ ဖြစ်ပါသည်။ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သဖြင့် ဆေးသားပြယ်လွင့်နေသော အဖေ့ဓာတ်ပုံ မှုန်ဝါးဝါးထဲမှ ထင်ဟပ်လာသော အဖေ့မျက်နှာသွင်ပြင်ကို မြင်ဖူးသည်မှလွဲ၍ အဖေ မည်သို့မည်ပုံရှိမည်ကို ကျွန်မ ခန့်မှန်း၍ မရတော့ပါ။

ဩော်…ဒီတုန်းကလည်း ကျွန်မက အလွန်ငယ်ရွယ်သေးသည်ပဲ။ သုံးနှစ်အရွယ် ကလေးတစ်ယောက်အဖို့ ဖခင်မဲ့ရတဲ့ အပြစ်မဲ့ခံစားမှု



www.burmeseclassic.com

www.burmeseclassic.com



တွေ့လို့ ရေရေရာရာမှသိလှပေမယ့် ရှယ်တူ သူငယ်ချင်းတွေ သူတို့ ဖခင်တွေနဲ့ ပျော်ရွှင်မြူးထူးနေကြတာကို မြင်တွေ့ရတိုင်း မမှတ်မိပေမယ့် မရှိတော့တဲ့ အဖေ့ကို ရှိစေချင်တဲ့ဆန္ဒက အမြဲပေါ်လာတတ်ပါတယ်။ မိမိအနားမှာ အဖေ မားမားမတ်မတ်ရပ်စေချင်ခဲ့တာ၊ အဖေ့ရင်ခွင်ကျယ်ကြီးထဲမှာ မိမိခေါင်းလေးကို မှီနွဲ့လို့ ချွဲနွဲ့ချင်ခဲ့တာ၊ အဖေ့လက်မောင်းသန်သန်မာမာတွေကြားမှာအချီအပွေ့ခံချင်ခဲ့တာ၊ အဖေရယ် ဒီဆန္ဒတွေက ဘယ်တော့မှ မပြည့်ဝနိုင်တော့မှန်း သိပေမယ့်လည်း တစ်သက်လုံး တောင့်တခဲ့မိတာ ကျွန်မအပြစ်ပဲလားဟင်။

ကျွန်မတို့ဇာတိ စကောဲတလန်ကျွန်းနိုင်ငံရဲ့ အရှေ့ဘက်ကမ်းမှာတောင် အာ့(စ)မြစ်ဆိုတဲ့ မြောက်ပင်လယ်ထဲကို စီးဝင်နေတဲ့ မြစ်တစ်စင်းဟာ အတော်လှပါတယ်။ အာ့(စ)မြစ်ကမ်းခြေတစ်လျှောက်မှာ ကျွန်မ်တို့ မောင်နှမတစ်တွေ လမ်းလျှောက်နေကျပေါ့။ တစ်ခါတလေ ကျွန်မကိုယ်ကျွန်မ မေးမိပါတယ်။

"အဖေရှိတယ်၊ အဖေတစ်ယောက် ရှိနေတယ်ဆိုတာ ဘယ်လိုမျိုးနေပါလိမ့်မလဲ"

"အဖေသာရှိနေသေးရင် ဒီကမ်းခြေမှာ အတူလမ်းလျှောက်ကြမှာလား။ သဲသောင်ပေါ်က ခရုခွံလေးတွေ အတူကောက်ကြမှာလား။ အဖေ့ကို ခရုခွံလှလှလေးတွေ ကျွန်မက ကောက်ပေးရင်ကော အဖေဝမ်းသာကြည်နူးမှုနဲ့ ပြုံးနေမှာလား"

ဒါပေမယ့် တစ်ခါတစ်ရံ မြောက်ပင်လယ်က ဒေါမာန်တွေထပြီး လှိုင်းတံပိုးတွေ တဝုန်းဝုန်းနဲ့ ရိုက်ခတ်ချိန် ကျွန်မက "သမီးကြောက်လိုက်တာ အဖေရယ်"လို့ ငိုညည်းရင်ကော အဖေက "အဖေရှိတယ်





လေ သမီး ဘာမှကြောက်စရာမလိုဘူးကွ"လို့ အားပေးရင်း ချော့မြူမှာလား အဖေ။

အဖေတွေဟာ ဒီလောကအလုံးကို သားသမီးတွေအတွက် ချစ်ခြင်းမေတ္တာတရားနဲ့ သတ္တိရှိရှိ ရင်ဆိုင် အနိုင်ယူတတ်တယ်လို့ သားသမီးတွေက တစ်ထစ်ချ ယုံမှတ်ထားတာအဖေ့ရဲ့။ အဖေက သမီးအတွက်ဆို ဘာမှ ရင်မဆိုင်ရဲတာမရှိဘူးမဟုတ်လား။

တကယ်တော့ ကျွန်မဇာတိဟာလည်း အဖေ့ဇာတိမွေးရပ်မြေပါပဲနော်။ အဖေ့လူငယ်လူရွယ်ဘဝမှာ အဖေလည်း သမီးလိုပဲ ဒီအာ့(စ)ကမ်းခြေ သဲသောင်ပေါ် ပြေးလွှားဆော့ကစားရင်း ပင်လယ်စင်ရော်လေးတွေလို ပျံဝဲနိုင်ခဲ့ရင် ဒီကမ္ဘာကြီးကို လှည့်ပတ်ပျံသန်းရင်း ကြည့်နိုင်တာပေါ့လို့ကော သမီးလို တွေးကောင်း တွေးမိနိုင်တယ်နော် အဖေ၊ အဖေနဲ့သမီး ကြီးပြင်းခဲ့ရတဲ့ ပတ်ဝန်းကျင်တော့ တူနေတာတစ်ခုကပဲ သမီးအတွက် မမှတ်မိတော့တဲ့ အဖေဆိုတဲ့လူတစ်ယောက်ရဲ့ အတိတ်ပန်းချီကားချပ်ကို ပုံဖော်ရာမှာ တအားတက်စေခဲ့ရတဲ့ အချက်တစ်ချက်ပဲဖြစ်နေတာရယ်၊ သမီးဖြတ်ကျော်နေခဲ့တဲ့ လေ့ကားထစ်တိုင်းဟာ အဖေ ကျော်လွှားခဲ့ပြီးတဲ့ ခြေလှမ်းတွေဖြစ်နေတာရယ်က သမီးအတွက် စိတ်ဖြေစရာတစ်ခုပါ အဖေရယ်။ စိတ်ကူးယဉ်လှတဲ့ သမီးအတွေးထဲမှာ အတူမရှိနိုင်တော့တဲ့ အဖေ ခံစားကြုံတွေ့ခဲ့သမျှ သမီးကလည်း အဖေ့ခြေရာအတိုင်း လိုက်လံခံစား ကြုံတွေ့အောင်လုပ်ရင်း သမီးနဲ့အဖေ အတူတူပဲရှိသယောင် ထင်မှတ်ရင်း ပျော်နေခဲ့ရတဲ့ သမီးပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေတော့ သူငယ်ချင်းတွေရဲ့ နေထိုင်ပြုမူ ပြောဆိုပုံတွေကို လေ့လာရင်း၊ အကဲခတ်ရင်း အဖေသာ ရှိနေသေးရင်လည်း ဒီလိုပဲနေမှာလို့ အတွေးရောက်ရပါတယ်။ သူတို့အိမ်ထဲက လေကို ရှူရှိုက်ရတာ သမီးတို့အိမ်ထဲက လေကို ရှူရတာနဲ့ မတူတာတော့ အမှန်ပဲအဖေ။ သက်ကြီးရွယ်အိုယောကျ်ားသားတွေ သုံးလေ့ရှိတဲ့ **life buoy** လိုက်(ဖ)ဘော်ယာ ပိုးသတ်ဆပ်ပြာနံ့ပြင်းပြင်း၊ ဆေးတံသောက်ဆေး သို့မဟုတ် ဆေးပြင်းလိပ်ပြာမှုန့်နံ့တွေ၊ အိမ်ရှေ့မီးလင်းဖိုနားမှာ ထောင်ထားတဲ့ လည်ရှည်ဖိနပ်တစ်ရံ (အပြင်ကို မနက်စောစော လမ်းထွက်လျှောက်တဲ့အခါ ခြေထောက်နွေးနေစေဖို့ မီးလင်းဖိုနားထားတာ) ကရတဲ့ သားရေစိမ်းနံ့တွေ၊ ညနေခင်းစီးဖို့ ခြေညှပ်ဖိနပ်တစ်စုံကတော့ ဖိနပ်စင်မှာ အခြားဖိနပ်များထက် သီးသီးသန့်သန့် အဖေလက်နဲ့ လှမ်းယူစရာမလိုဘဲ ခြေထောက်နဲ့ လှမ်းစွပ်လိုက်ဖို့ မီရုံနေရာမှာ သီးသန့် အထူးထားရှိတာတွေရယ်က ဒီအိမ်မှာ အဖေတစ်ယောက် ရှိနေတယ်ဆိုတဲ့ လက္ခဏာဝိသေသတွေထဲက တစ်စိတ်တစ်ဒေသပါ အဖေ။ အဖေဆိုတဲ့ ယောကျ်ားသား အိမ်ထောင်ဦးစီးတစ်ယောက်အတွက် ကျန်မိသားစုဝင်များက အထူးသီးသန့် စီစဉ်ပေးထားရတဲ့ အခြေအနေတွေ သမီးတို့အိမ်မှာ ကွယ်ပျောက်ခံရတာ သမီးတစ်သက်နီးပါးပါပဲ အဖေရယ်။

အမေဟာ စကော့သွေးအပြည့်ပါသူပီပီ သတ္တိအရာမှာတော့ မနည်းခဲ့ပါဘူး။ အဖေ့အကြောင်းပြောတိုင်း ဘယ်တော့မှ မျက်ရည်ဝဲခြင်းမရှိဘဲ တက်ကြွတဲ့အပြုံးတွေနဲ့ အဖေ့အတွက် အမြဲတမ်း ဂုဏ်ယူဝင့်ကြွားစွာ သားသမီးတွေကို အဖေ့ခြေရာနင်းနိုင်အောင် မသိမသာ ဆုံးမသွားလေ့ရှိပါတယ်။





"မင်းတို့အဖေက စကော့လူမျိုးပီပီ"လို့ စကားစလေ့ရှိတဲ့ အမေဟာ ရဲသွေးနီတဲ့ စကော့တလန်သူတစ်ယောက်ပါပဲ။ ပျော့ပျောင်းတိုးညင်းတဲ့လေသံနဲ့ စကားပြောရင်း မဟုတ်မခံ အမှန်တရားအတွက် အသက်ကိုပင် စွန့်ရ စွန့်ရ ရဲစိတ်ရဲမာန်တွေအပြည့်နဲ့ အမေပြောပြလေ့ရှိတဲ့ အဖေ့အကြောင်းတွေ များပြားလှပေမယ့် သမီး ဂုဏ်အယူဆုံး အချက်တစ်ချက်ကတော့ အဖေ့ရဲ့ ဟာသဉာဏ်ရှိမှုနဲ့ ဂီတကို ခံစားနိုင်တဲ့ အသည်းနှလုံးတစ်စုံ အဖေ ပိုင်ဆိုင်ခဲ့မှုကိုပါပဲ အဖေ။ အဖေဟာ သမီးလိုပဲ ဂီတကို ချစ်မြတ်နိုးခဲ့ပါသတဲ့။ ဒီအချက်မှာလည်း သမီးနဲ့ အဖေ အတူတူရှိနေကြပြန်ပြီနော်။

အဖေဟာ နူးညံ့ပျော့ပျောင်း အေးဆေးသိမ်မွေ့လှပေမယ့် စွန့်စားခြင်းအမှုမှာ နှစ်သက်စီးမျောပြန်ပါတယ်တဲ့။ ဒါကြောင့် အဖေ အသက်ဆယ့်လေးနှစ်အရွယ်မှာ ဗြိတိသျှတပ်မတော်ထဲကို အသက်အငယ်ဆုံး စစ်သားလေးအဖြစ်နဲ့ ဝင်ရောက်အမှုထမ်းဖြစ်ခဲ့ပါတယ်။ အဖေ့ရဲ့စွမ်းသတ္တိနဲ့ ခိုင်မာတဲ့ဆုံးဖြတ်ချက်တွေကြောင့် အဖေ့ဇာတိ အဘ(စ)မြစ်ကမ်းပါးကနေ အဖေ့အဘိုး၊ အဖေ့နောင်တော် စကော့စစ်သည်တော်များရဲ့လမ်းကြောင်းဖြစ်တဲ့ အိန္ဒိယစစ်မြေပြင်ကို ခေါ်ဆောင်ပြီး တာဝန်ပေးအပ်ခြင်းခံခဲ့ရပါတယ်။ နောက်ဘိုးဝါးစစ်ပွဲကာလမှာ အဖေတို့တပ်မဟာ အာ-ရိကန်ကိုက် တောတွင်းတစ်နေရာမှာ တပ်စွဲခဲ့ရပြန်သတဲ့။

အဖေဟာ စကော့လူငယ်ပီပီ ရဲစွမ်းသတ္တိတွေ၊ အားမာန်အပြည့်နဲ့ မျှော်လင့်ချက်တွေနဲ့ ဘယ်ကလောက်များ ပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့ပါလိမ့်မလဲလို့ ကျွန်မ တွေးကြည့်မိပါတယ်။ အမှန်တရား



www.burmeseclassic.com

www.burmeseclassic.com



အတွက် မဟုတ်မခံ ရဲမာန်အပြည့်နဲ့ တိုက်ပွဲဝင်တတ်တဲ့ အဖေ့သွေးက ကျွန်မတို့ မောင်နှမတွေ အားလုံးမှာ ပါလာခဲ့တာ အသေအချာပါပဲ အဖေ။ အဖေ့ရဲ့ ဗီဇမျိုးရိုး၊ အမေ့ရဲ့ တစ်ရံမလပ် မရပ်မနားပြောဆိုဆုံးမမှုတွေကြောင့် သမီးတို့မောင်နှမတစ်တွေရဲ့ သွေးတွေ ရဲရဲနီနေခဲ့တာပေါ့ အဖေရယ်။

အဖေ့ရဲ့ဂီတသံမှာ နှစ်ဝင်စီးမျောနိုင်တဲ့ နားတစ်စုံဟာ အဖေ့ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေအနက်က ကျွန်မ တန်ဖိုးအထားဆုံး အစိတ်အပိုင်းလေးတစ်ခုပါပဲ။ အဖေဟာ ဂီတသံကို သာမက အသံနဲ့ ပတ်သက်လာရင် တခြားတစ်ယောက်ယောက်ရဲ့ အသံနေအသံထားကို ကျွမ်းကျင်ပါးနပ်စွာ ခွဲခြမ်းစိတ်ဖြာတတ်လို့ ဘာသာခြားစာစကားကိုလည်း ခဏချင်းနဲ့ တတ်မြောက်လွယ်ပါသတဲ့။ အံ့ဩဂုဏ်ယူစရာကောင်းလိုက်လေ အဖေရယ်။ လူတစ်သောင်းမှာ တစ်ယောက် ဖြစ်နိုင်ခဲတဲ့ကိစ္စမှာ အဖေက အလွန်ကျွမ်းကျင်ပါသတဲ့။ အဖေ့ရဲ့အသံနဲ့ ပတ်သက်လို့ ကျွမ်းကျင်မှု၊ ဦးနှောက်မှတ်ဉာဏ်နဲ့ ပတ်သက်လို့ အံ့မခန်း သိုလှောင်ထားနိုင်မှုတွေပေါ့နော်။ အာဖရိက တိုင်းရင်းသားတွေမှာ ဘာသာစကားတွေ လူမျိုးကွဲအလိုက် မြောက်မြားစွာရှိပေမယ့် ပူရှူတူး Pushtu နဲ့ Zulu ဇူးလူး ဘာသာစကားနှစ်ခုသာ လူသုံးများလှပါတယ်။ အဖေဟာ အိန္ဒိယနဲ့ အာဖရိက တိုင်းရင်းသားတွေရဲ့ လေသံကို နားဝင်စွဲလှတာကြောင့် မကြာမတင်မှာပဲ သူတို့ရဲ့ ဘာသာစကားတွေကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ပါတော့တယ်။ အဖေ့ရဲ့ မှတ်ဉာဏ်ကြွယ်ဝမှု အားကောင်းတာကလည်း တစ်ကြောင်းပါဝင်ပါလိမ့်မယ်။ ဒါကြောင့် အထက်လူကြီး





အရာရှိများနဲ့ တိုင်းရင်းသားများအကြား ဘာသာပြန်သူတစ်ဦးအနေနဲ့ တာဝန်ထမ်းဆောင်ခဲ့ရာမှာ ဝတ္ထုရားကျေရုံမကဘဲ တကယ့် စေတနာအရင်းခံနဲ့ အုပ်ချုပ်ခံ လူတန်းစားဘက်က မနစ်နာစေရအောင် ပြောဆိုတင်ပြပေးခဲ့တာကြောင့် ဂုဏ်ထူးဆောင်တံဆိပ်နဲ့ ဝန်ထမ်းကောင်းလက်မှတ်တို့ ချီးမြှင့်ခြင်း ခံခဲ့ရဖူးပါတယ်။

အဖေ့ဟာသဉာဏ်နဲ့ ခင်မင်ဖော်ရွေမှု၊ သန့်ပြန့်တဲ့ ဥပမိရုပ်လက္ခဏာတို့ကလည်း တွေ့ကြုံဆက်ဆံရသူအပေါင်းကို အထူးခင်မင်နှစ်လိုဖွယ် ဖြစ်စေခဲ့တယ်လို့ အမေက ဂုဏ်ယူစွာ အထူးတလည် ပြောဆိုပါတယ်။ တစ်ခါတော့ အဖေတို့တပ်မ Gordon High Landers ဂေါ်ဒွန်စကော့ မြေမြင့် တပ်မတော်သားများအဖွဲ့ဟာ စကော့အမျိုးသားဝတ်စုံ Kilt လို့ခေါ်တဲ့ စကတ်တိုတို၊ ခြေအိတ်ရှည်၊ လည်စည်းမာဖလာ အပြည့်အစုံဝတ်ဆင်ကာ စကော့တစ်ရှိပလွေ Scottish bag-pipe တွေမှုတ်ပြီး အမျိုးသားသီချင်း သီဆိုပြီး ချီတက်သွားခဲ့ကြတာကို အံ့အားတသင့် တွေ့မြင်ကြရတဲ့ တိုင်းရင်းသားတွေဟာ မမျှော်လင့်တဲ့မြင်ကွင်းကြောင့် မှင်တက်မိပြီး ပြန်လည်ခုခံနိုင်ဖို့ ဝေးစွ စကော့ပလွေရဲ့ ဂီတသံကြောမှာ နစ်မျောပြီး အလိုလို အညံ့ခံခဲ့ကြပါသတဲ့။ အဖေမြတ်နိုးတဲ့ ဂီတဟာ တစ်ဖက်ရန်သူကိုတောင် ဖမ်းစားနိုင်ခဲ့တာပါလား အဖေရယ်။ သမီးဖြင့် အမေပြောပြတာတွေ နားထောင်ရတာနဲ့ကိုပဲ ကြက်သီးမွေးညင်းထမိလောက်အောင် အဖေ့စွမ်းပကားတွေအပေါ် လေးစားချီးကျူး ဂုဏ်ယူလို့မဆုံးနိုင်တော့ပါဘူး အဖေ။ အဲဒီလို ဝတ်စုံပြည့်နဲ့ ပလွေမှုတ် သီချင်းဆို ချီတက်ဖို့ အဖေက စတင်အကြံပေး အဆိုပြုခဲ့တာမို့ အဖေ့ဦးနှောက်သွားရှုပုံ၊



www.burmeseclassic.com

www.burmeseclassic.com



မတရားသဖြင့် သတ်ဖြတ်တိုက်ခိုက်ရမယ့်အစား ဂီတစွမ်းပကားနဲ့ သိမ်သိမ်မွေ့မွေ့ အနိုင်ယူပုံတွေဟာ သမီးတစ်သက် ဂုဏ်ယူလို့မဆုံးနိုင်တော့မယ့် အဖေ့ရဲ့စွမ်းရည်သတ္တိတွေပါပဲ အဖေ။

အဖေ နှစ်တွေလည်း ကြာခဲ့ပါပြီ။

အဖေ့သမီး ကျွန်မလည်း အရွယ်ရောက်ခဲ့ပါပြီ။

အဖေ့မေတ္တာတွေ၊ ရဲစွမ်းသတ္တိတွေ၊ နူးညံ့သိမ်မွေ့မှုတွေ အကောင်းမြင်ဝါဒနဲ့ လူလူချင်းဆက်ဆံပုံတွေ၊ ခိုင်မာတဲ့လုပ်ရပ်နဲ့ ဆုံးဖြတ်ချက်တွေ အထူးတလည် နှစ်လိုဖွယ်ကောင်းတဲ့ဂီတကို ခံမင်မြတ်နိုးမှုနဲ့ ခင်မင်တွယ်တာစရာ ဟာသဉာဏ်ရှိမှုတွေဟာ ကျွန်မရင်ထဲမှာ အဖေ့ကိုယ်စား အမြဲရှိနေမယ့်အရာတွေပဲဖြစ်ပါတယ်။

အဖေ့ကို ကျွန်မအနားမှာ အမြဲရှိနေစေချင်တာပေါ့။ အမေ့ဆီက တစ်ဆင့် မှတ်သားကြားနာခဲ့ရတဲ့ အဖေ့အကြောင်းတွေနဲ့ အဖေ့ဂုဏ်ပုဒ်တွေ အကုန်ရှိနေတဲ့ အဖေဆိုတဲ့ ကျွန်မရင်ထဲမှာ အမြဲရှိနေမယ့် လူတစ်ယောက်ကို ကျွန်မ ဖန်တီးပုံဖော်ပြီး ကျွန်မရဲ့ ဘဝခရီးကို အဖေနဲ့ အတူလျှောက်လှမ်းနေတဲ့ ကျွန်မအဖို့ ဟောဒီလောကကမ္ဘာကြီးရဲ့ တစ်နေရာရာမှာ အဖေ ကျွန်မနဲ့ အတူတူရှိနေတယ်။ အဖေဟာ ကျွန်မအတွက် ဘယ်တော့မှ မသေဘူးလို့ ကြွေးကြော်နေတဲ့ အဖေ့သမီး ကျွန်မ ဂါရဝတရားနဲ့ ဒီစာစုကို ရေးသားလိုက်ပါတယ် အဖေ။

**A Constant Search**

◆



# အဖေတစ်ယောက်ရဲ့အမှာစကား

It is a tale so is life
What matters is not how long it is
but how "Good" it is.

ဘဝဆိုတာ ပုံပြင်တစ်ပုဒ်လိုပါပဲ။

ဒီပုံပြင် ဘယ်လောက်ရှည်တယ်၊ ဇာတ်လမ်း အတို အရှည်က အဓိကမဟုတ်၊ တကယ့်ဇာတ်ကွက်ကောင်းဖို့သာ လိုအပ်တာပါ။

**ဆီနီကာ**

အဖေ့အသက်ရှူနေပုံကို မြင်နေရသော ကျွန်တော့်အဖို့ ရင်မောလှတော့သည်။ ဆေးရုံခုတင်ထက်က အဖေ့ခန္ဓာကိုယ်သေးသေးလေးမှာ မွေ့ရာပေါ် ပုံ့ပုံ့လေးတင်ထားခြင်းခံရသော ကြုံးပြတ်နေသော အရုပ်ကလေးတစ်ရုပ်နှယ် မလှုပ်မယှက် ငြိမ်သက်လွန်းလှသည်။ တစ်ကိုယ်လုံး ဝါထိန်၍ သတိလစ်နေသော အဖေ၏ မျှဉ်းမျှဉ်းလေး အသက်ရှူနေသည်ကို မြင်ရ၍သာ အဖေ အသက်ရှင်လျက်ရှိနေသေးကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



သြော်… ကျွန်တော့်အဖေ အသက်ခုနစ်ဆယ်နီးခဲ့ပြီဟု သတိထားမိချိန် အဖေ့ကို အိန္ဒြာဆေးမည်။ တစ်သက်လုံး ပင်ပန်းရုန်းကန်ခဲ့ရသမျှ အိမ်ဦးခန်းတွင် ထိုင်၍ အဖေ နားပါဟု ပြောတော့မည် ကြံရွယ်ချိန်၊ ထိုအချိန်မျိုးတွင်မှ အဖေ ဒီအဖြစ်မျိုး ကြုံရသည်ကို ကျွန်တော် ရင်နာရပါသည်။

အမေနှင့် အစ်မနှစ်ယောက်၊ ယောက်ဖတို့ ခေါင်းချင်းဆိုင် တိုင်ပင်နေကြချိန် ကျွန်တော် ဆေးရုံစင်္ကြံဘက်ဆီသို့ ထွက်လာခဲ့သည်။ အစ်မအငယ်ကို မွေးပြီး ဆယ့်သုံးနှစ်ကြာကာမှ မွေးခဲ့သော ကျွန်တော့်ကို အဖေ အပါအဝင် မိသားစုအားလုံးက ကလေးတစ်ယောက်လိုပင် သတ်မှတ်ဆဲ၊ အချစ်ပိုကဲဆဲ၊ လောက်လောက်လားလား တိုင်တိုင်ပင်ပင် နှီးနှောရကောင်းမှန်းလည်းမသိ။

၁၉၈၂–ခုနှစ်၊ စက်တင်ဘာလတွင် ကျွန်တော အလုပ်ခွင် စဝင်ရသည်။ ဝါရှင်တန်ဒီစီမြို့တော်ရှိ အမေရိကန်အောက်လွှတ်တော်အမတ်မင်းတစ်ဦးလက်အောက်တွင် ပညာဆည်းပူးရင်း တာဝန်ထမ်းဆောင်ရသည်ဖြစ်ရာ ကျွန်တော့်အတွက် မဟာအခွင့်အရေးတစ်ရပ်ပင် ဖြစ်တော့သည်။ တက္ကသိုလ်မှ ဘွဲ့ရပြီးကာစ လူငယ်လေးတစ်ဦးအနေနှင့် ယင်းအခွင့်အလမ်းကို အမိအရဆုပ်ကိုင်ကာ ကြိုးစားရင် ကြိုးစားသလို တိုးတက်ကြီးပွားနိုင်မည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်မည့် နေရာဌာန ဖြစ်သည်။

တကယ်တော့ ထိုရာထူးကို ကျွန်တော့်ဉာဏ်စွမ်းဉာဏ်စဖြင့် အလွယ်တကူရရှိခဲ့ခြင်း မဟုတ်ပါ။ ပြိုင်ဘက်ပေါင်းများစွာအနက်မှ အကြိမ်ကြိမ် ဆန်ခါတင်စစ်ဆေးမေးမြန်းပြီး စိတ်ကြိုက်လက်ရွေးစင်



ရွေးချယ်ခန့်ထားရာ၌ အဖေ့အထောက်အကူအပံ့ အများအပြား ပါဝင်ခဲ့ပါသည်။

နှစ်–ဘယ်လာရုစ္စအမည်တွင်သော ကျွန်တော့်ဖခင်သည် ဂရိမျိုးနွယ် စစ်စစ်တစ်ယောက် ဖြစ်သော်လည်း အမေရိကန်နိုင်ငံတွင် မွေးဖွားခဲ့ပါသည်။ အော်ရီဂွန်ပြည်နယ်၊ ပို(တ)လန်မြို့သို့ ပြောင်းရွှေ့ဝင်ရောက်လာခဲ့သော အဖေ့မိဘနှစ်ပါးစလုံး ဂရိနိုင်ငံသားစစ်စစ်များ ဖြစ်ကြသည်။ အဖေသည် သူ့မိဘနှစ်ပါးအတွက် သားဦးယောကျ်ားလေးအဖြစ် မွေးဖွားလာသူဖြစ်သည်။ နိုင်ငံရပ်ခြားမှ ပြောင်းရွှေ့ဝင်ရောက်လာသူ အများစုနည်းတူ ဘယ်လာရုစ္စမိသားစုသည်လည်း တစ်ဝမ်းတစ်ခါးအတွက် ပင်ပန်းကြီးစွာ ရုန်းကန်ခဲ့ရသည်။ အဖေသည်လည်း ငယ်ရွယ်စဉ်ကပင် မိသားစုဝမ်းရေး ဖူလုံစေဖို့ သတင်းစာပို့သည့်အလုပ်၊ ဖိနပ်တိုက်ပေးသည့်အလုပ် စသဖြင့် ကြုံရာကျပန်းအလုပ်နှင့်လက် ပြတ်ရသည်ဟူ၍ မရှိဘဲ နံနက်မိုးလင်းမှ မိုးချုပ်မနားတမ်း ကြိုးပမ်းလုပ်ကိုင်ခဲ့ရသည်။

အဖေ့အသက် နှစ်ဆယ့်နှစ်နှစ်အရွယ်တွင် မိဘနှစ်ပါးစလုံး ကျောက်မိုင်းကွာရီတစ်ခုတွင် အလုပ်လုပ်နေစဉ် မိုင်းတွင်းပြိုကျ၍ ပိတ်မိကာ ကွယ်လွန်သွားကြရာ အဖေ့ညီနှင့် ညီမတို့ကို အိုင်အိုဝါရှိ ဆွေမျိုးများက မွေးစားရန် ခေါ်ယူသွားကြပြန်သည်။ အဖေသည် ကံမကောင်း အကြောင်းမလှမှုများ ဆက်ကာကြုံတွေ့နေရသော်လည်း မည်သူ့ကိုမှလည်း အပြစ်မတင်၊ ညည်းညူထိုင်းမှိုင်းခြင်းလည်းမပြု၊ အလုပ်ကိုသာ နှစ်ဆတိုးလုပ်ကိုင်ရင်း စိတ်ကို ဖြေခဲ့ပါသည်။ မိဘနှစ်ပါးနှင့် သေကွဲ၊ ညီ ညီမတို့နှင့် ရှင်ကွဲ ကွဲနေရသော အဖေ့နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာမှ သက်သာရာ သက်သာကြောင်း အားပေးနေသူ 'ရှုဘီ' ဆိုသော မိန်းမချောလေးတစ်ဦး ရှိနေ၍သာ အဖေ့အဖို့ တော်တော့သည်။ အဖေ့ဘဝ အဖေ့ဝေဒနာ အလုံးစုံကို နားလည်မျှဝေခံစားပေးသူ 'ရှုဘီ'သည်ကား အခြားမဟုတ်၊ ကျွန်တော့်မိခင် ဖြစ်လာမည့်သူပင်။

ဒုတိယကမ္ဘာစစ်ကြီးတွင် ပါဝင်ဆင်နွှဲပြီး စစ်ကြီးပြီးဆုံး၍ အိမ်အပြန် အဖေနှင့်အမေ လက်ထပ်ကာ တစ်အိုးတစ်အိမ် ထူထောင်လိုက်ကြသည်။ အိမ်ထောင်သည်ဘဝ ရောက်ကာမှ ပညာအခြေခံမရှိဘဲ စီးပွားရှာရခြင်းထက် ပညာတတ် စီးပွားရေးသမားတစ်ယောက်က ပိုမိုအောင်မြင်နိုင်ကြောင်း သိမြင်လာကာ အဖေ စစ်တပ်မှ ထောက်ပံ့ကြေး ဆုကြေးရငွေဖြင့် စီးပွားရေးပညာသင်တန်းတစ်ခုသို့ တက်ရောက်ခဲ့သည်။ ထို့နောက် သူငယ်ချင်းနှစ်ဦးဖြင့် သုံးဦးစပ်တူ Empire Meat Co. အင်ပိုင်ယာ အသားထုတ်လုပ်ငန်းကုမ္ပဏီတစ်ခု တည်ထောင်ကာ ရောင်းချခြင်းအမှုပြုသည်။

ထိုအချိန်က အဖေ့ နံနက်အိပ်ရာထချိန် အရုဏ်မလင်းမီ သုံးနာရီခွဲခန့်ကတည်းကဖြစ်သည့်အလုပ်ရုံသို့ လေးနာရီမထိုးမီ အရောက်သွား၍ အမဲသား၊ ဝက်သား၊ သိုးသားစိမ်းနံ့၊ သွေးညှီနံ့တို့ဖြင့် အနံ့အသက်ဆိုးရွားလှသော အသားများ သိုလှောင်ရာ အခန်းတွင်းဝယ် ဝယ်ယူသူ မှာကြားချက်အတိုင်း ပေါင်၊ ရင်အုပ်၊ ကလီစာ၊ ရှေ့လက်၊ နောက်ခြေ အဆီနဲ့တွဲလျက်၊ အသားချည်းသက်သက်၊ အမြီး၊ ဦးနှောက်စသဖြင့် သီးသန့်ခွဲထုတ် လှီးဖြတ်ရခြင်းအမှုကို တစ်နေကုန် မနားတမ်း လုပ်ကိုင်ရလေသည်။ အလွန်ပင်ပန်း ဆိုးဝါးလွန်းသောအလုပ်မှန်း အဖေ သိပင်သိငြားသော်လည်း ဇနီးနှင့် သမီးနှစ်ယောက်



ထွန်းကားနေပြီဖြစ်သော မိသားစုအတွက် အဖေ လက်ခံလုပ်ကိုင်ရရှာသည်။ ဘဝတွင် ထူသားပေသားကျနေပြီဖြစ်သော အဖေ့အဖို့ အလုပ်ပင်ပန်းလွန်းလှချည့်ဟု ညည်းဖို့ပင် အချိန်မရ။ ညည်းညူခြင်း အလေ့မရှိသော အဖေသည် သူ့အတွက် ဘာမျှ မျှော်လင့်ချက်မထား။ ဘာတစ်ခုမှ အပိုမသုံးတတ်။ ဂရိန္တယ်ဖွားပီပီ စည်းစနစ်ကြီး၍ ငယ်စဉ်ကပင် အဖေ့အဖို့ ပေါင်မုန့်နှင့် သံလွင်သီးယိုရှိလျှင် ပြီးပြည့်စုံပါပြီ။ အလုပ်ခွင်မှ ညနေငါးနာရီ အိမ်ပြန်ရောက်တော့ အိမ်ရှေ့ဆင်ဝင်အရှေ့ဘက်တွင် ပက်လက်ကုလားထိုင်တစ်လုံး ချထိုင်ကာ ရေဒီယိုမှ လွှင့်ထုတ်ပေးသော အစီအစဉ်များကို မလှုပ်မယှက် နားထောင်ရင်း အပန်းဖြေတတ်ပါသည်။

ဒီဇင်ဘာလအတွင်းကတော့ ခရစ်စမတ် မိသားစုထမင်းစားပွဲအတွက် ကျွန်တော် အိမ်ပြန်ရောက်ခဲ့သည်။ သူ့စိတ်ထဲ ကလေးအရွယ်သာသာဟု ထင်ရှိနေသော ကျွန်တော်က တာဝန်ကြီးကြီးတစ်ခုဖြင့် လူကြီးနေရာဝင်နေရသည်ကို အဖေ ဂုဏ်ယူသလို တစ်ဖက်ကလည်း စိုးရိမ်ပူပန်စိတ်ကလေး ဝင်နေသည်ထင့်။ ကျွန်တော့်အလုပ်အကိုင်အကြောင်း မေးမြန်းရင်း ကျွန်တော်က အရာရှိဖြစ်သူ၏ အပြစ်တင်တတ်သောအကျင့်ကြောင့် အလုပ်သွားရမှာကိုပင် ကြောက်နေမိသည်ဟု ဖြေမိပါသည်။ ထိုအခါ အဖေက အဝေးကြီးသို့ လှမ်းမျှော်ကြည့်ရင်း ညှိုးညှိုးငယ်ငယ် ဖြည်းဖြည်းချင်း…

"ငါ့သား၊ တစ်ခါတလေ ကိုယ်က မလုပ်ချင်တဲ့ကိစ္စတွေ ရှိပေမယ့်လည်း လုပ်လိုက်ရတာမျိုး ကြုံတတ်တယ်။ အများအကျိုးအတွက် ကိုယ်က အနစ်နာခံသင့် ခံရတာမျိုးပေါ့ကွာ"လို့ ဆုံးမစကားဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေ ထိုစကားတွေကို ပြောနေတုန်းအခါက ဘာကိုဆိုလိုရင်း ရှိမှန်း ကျွန်တော် အသေအချာမသိခဲ့နိုင်ပါ။ တကယ်တော့ အဖေ့စကား လက်ဆောင်မွန်သည် ကျွန်တော့်ဘဝ တစ်သက်တာပတ်လုံး အတွက် အကောင်းဆုံးသော ဆုံးမစကား လက်ဆောင်တစ်ခုပင် ဖြစ်ပါတော့သည်။

အဖေသည် အလွန်သန်မာတောင့်တင်း၍ ကျန်းမာရေးကောင်း သောသူတစ်ဦး ဖြစ်ပါသည်။ အဖေ နာဖျားမကျန်း ဖြစ်ခဲပါသည်။ သို့သော် အဖေပင် အသက်အရွယ်လေး ထောက်လာလို့လားမသိ ခုတလော ညှိုးညှိုးငယ်ငယ်နှင့် နွမ်းဖျော့နေသော ကိုယ်ခန္ဓာဖြင့် အဖေ့ကို ကြည့်ရသည်မှာ ဖျတ်ဖျတ်လတ်လတ် မရှိတော့ပါ။ အဖေ ၆၅ နှစ်လောက်တုန်းဆီက ဆီးကျိတ်ယောင်ဝေဒနာက ဒုက္ခပေးဖူး သည်။ ဆရာဝန်နှင့် ကုလိုက်တော့လည်း ပျောက်ကင်းသွားခဲ့သည်မို့ ကျွန်တော်တို့က အဖေ့မှာ ဘာရောဂါမှ မရှိတော့ဘူးဟု ထင်မှတ်ခဲ့ကြ သည်။ တကယ်တော့ ၁၉၈၁ ခုနှစ် နောက်ပိုင်းကတည်းက ပျောက် ကင်းခဲ့ပြီဟု ယူဆခဲ့သော ဆီးကျိတ်က ကင်ဆာအကျိတ်အဖြစ် ကြီးထွားကာ အမြစ်တွယ်နေခဲ့ကြောင်း အဖေ သိသော်လည်း မည်သူ့ ကိုမှ အသိမပေးခဲ့။ အတူနေ အရင်းနှီးဆုံး အမေပင်လျှင် မရိပ်မိ အောင် သိုသိပ်နိုင်လွန်းခဲ့သူ အဖေသည် ကုသ၍ မရနိုင်တော့သော "ကင်ဆာကျိတ်"ကြောင့် မိသားစုဝင်များ စိတ်လက်မချမ်းမသာ ဖြစ်မည်ကို လုံးဝမလိုလား၊ မိမိကွယ်လွန်ကာမှသာ သူတို့စိတ်ဆင်းရဲ ခြင်း ဖြစ်ကြပါစေတော့၊ အချိန်အတိုင်းအတာ ကာလတစ်ခုအတွင်း စော၍ စိတ်ဆင်းရဲခြင်း မဖြစ်ကြစေရန် အဖေ့ဝေဒနာကို ဖုံးဖိထားခဲ့





ခြင်းသည် အဖေ ကျွန်တော့်ကို ဆိုဆုံးမခဲ့သလိုပင် 'အများအကျိုး အတွက် ကိုယ်က အနစ်နာခံသင့် ခံရတာမျိုး" ကိစ္စတစ်ရပ် ဖြစ်ခဲ့ သည်။

ဒါလည်း အခြေခံမေတ္တာတရား ထားရှိမှုက မူလပေပဲ။ အဖေ့ လောက် ကျွန်တော်တို့မိသားစုအပေါ် မေတ္တာထားနိုင်သူ ဒီကမ္ဘာမြေ လောကဝယ် မရှိတော့ပြီ။ အဖေ့လောက် အနစ်နာခံနိုင်သူလည်း ရှာ၍မတွေ့တော့နိုင်ပြီ။ မေတ္တာတရား ကြီးမားလှသော အဖေသည် ကျွန်တော့်ကို သူဆုံးမခဲ့သည့်အတိုင်း ကျွန်တော်တို့မိသားစုအကျိုး၊ စိတ်ချမ်းသာခြင်း ရှိစေလိုသောဆန္ဒအတွက် မိမိရောဂါကို သိလျှင် သိချင်း မျိုသိပ်ဖုံးဖိကာ အပူရုပ်ကို ဟန်လုပ်နေထိုင်ခဲ့ရှာသည်။

ခရစ္စမတ်ပွဲတော်ရက် အိမ်ပြန်စဉ်က ကျွန်တော့်ကို မိသားစု အားလုံး လေဆိပ်၌ လာရောက်ကြိုဆိုခဲ့ကြစဉ် မြင်ကွင်းကို ပြန်ပုံဖော် ကြည့်တော့မှ အဲဒီအချိန်ကတည်းက ယိုင်နဲ့နေပြီဖြစ်သော အဖေ့ သဏ္ဍာန်တွေ ပြန်ပေါ်လာသည်။ ခါတိုင်းထက် ဖျော့တော့ညှိုးနွမ်းနေ သောအဖေ၊ ဇရာထောက်လာသည်မို့လား။ ကျွန်တော့်လက်ဆွဲအိတ်ကို အတင်းဆွဲယူပိုင်းကူသော အဖေသည် မနိုင်မနင်းနှင့် မကြာခဏနား ကာ အသက်ရှူနေရသည်မို့ တစ်စုံတစ်ရာတော့ မှားယွင်းနေတာ သေချာသလောက်ပင်။ ဒါပေမယ့် သူ့အနားမှာနေဖို့ သူ့အချစ်ဆုံး သား ကျွန်တော့်ကို မတားခဲ့။ တကယ်တမ်း အဖေ့အတွက် ဘဝမှာ နေထိုင်ရမယ့်ရက်တွေ သိပ်မကျန်လှတော့တာ အဖေ သိနေပြီပဲ။

အဖေ ဘာလို့ဖွင့်မပြောခဲ့တာပါလိမ့်။ ကျွန်တော့်လုပ်ငန်းတိုးတက် မှု နှောင့်နှေးမှာ စိုးရိမ်ခဲ့တာပဲဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



ဪ…ကျေးဇူးရှင် ချစ်သောအဖေရယ်။

"အများအကျိုးအတွက် ကိုယ်က အနစ်နာခံသင့် ခံရတာမျိုးဆိုတဲ့ ဆုံးမစကားအတိုင်း မိသားစု စိတ်ချမ်းသာနေပါစေတော့ဆိုပြီး အဖေ့ အသက်ကိုတောင် ပဓာနမထားဘဲ အနစ်နာခံခဲ့တာလား အဖေ"

**One last lesson**

**CHRIS.E.BEILERIS.**

◆



# အဖေ့လက်ဆောင်မွန်

သားတစ်ယောက်အတွက် ဖခင်ဖြစ်သူ၏ ထင်ရှားကျော်ကြားမှု၊ ဖခင်တစ်ယောက်အတွက် သားဖြစ်သူ၏ ရိုးသားဖြောင့်မတ် တည်ကြည်မှု၊ ထို့ထက်ကြီးကျယ်မြင့်မြတ်၍ ဂုဏ်ယူဖွယ်ရာ အဆင့်အတန်းသည် ဤလောက၌ မရှိတော့ပြီ။

**Sophocles**

ဆိုဖိုကဲလ်(စ)

ဝက်(ခ)ပွိုင့် စစ်တက္ကသိုလ်စခန်း၏ တစ်ခုသော ခရစ္စမတ်ချိန်ခါ ဖြစ်ပါသည်။ မင်နီဆိုတာပြည်နယ် ယာတောပိုင်ရှင်တစ်ယောက်၏ ဆယ့်ရှစ်နှစ်အရွယ် သားငယ်တစ်ဦးသာဖြစ်သော ကျွန်တော့်လို ကျေးတောသားတစ်ယောက်အတွက် စစ်စခန်း၏ ဘာအဆင့်အတန်းမှ မသတ်မှတ်ရသေးသော ထိုကာလတွင် အိမ်ပြန်ခွင့် မရရှိနိုင်သေးပေ။ ထို့ကြောင့် မိဘေးဖဘေး တစ်နယ်တစ်ကျေးဝယ် ကျွန်တော် တစ်ကိုယ်တည်းသာ ခရစ္စမတ်ချိန်ခါကို ကုန်လွန်စေရပါတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ရောက်စ စောစောပိုင်းကပင် နာမည်ကြီးလှသော ဝက်(စ)ပွိုင့် စစ်တက္ကသိုလ်စခန်း၏ သံမဏိစည်းကမ်းများကြောင့် အနေအထိုင်ကျပ်တည်းလှရကား အိမ်ပြန်ပြေးချင်စိတ် ပေါက်ခဲ့ရသေးသည်။ ဒီတုန်းက ၁၉၄၉ ခုနှစ်၊ အချို့သင်တန်းသားများက ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဆင်နွှဲခဲ့ဖူး၍ ကိုယ်တွေ့တိုက်ပွဲအတွေ့အကြုံများတွင် သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိပြီးသူများလည်း ပါဝင်သည်။ ထိုသူတို့ပင် တစ်ခါတစ်ရံ အော်ဟစ်ငေါက်ငမ်းခြင်းခံရတတ်သေးသည်။ နည်းပြဆရာများက

"မင်းတို့ တံဆိပ်တွေဘာတွေ ရတယ်ဆိုကွ၊ ဘယ်လိုများ တိုက်ခဲ့လို့ အဲဒီတံဆိပ်တွေ ရခဲ့တာလဲ။ ခုလိုပုံတိုက်ခဲ့လို့ကတော့ မင်းတို့တံဆိပ်တွေ လွှင့်ပစ်ခံရတော့မယ်နော်"

ဟု လူပုံအလယ် အရှက်ခွဲခံခဲ့ကြရသည်။ ကျွန်တော့် ငယ်သူငယ်ချင်းများထံ စာရေး၍ "အိမ်ပြန်လာပြီး မင်းနီဆိုတာ တက္ကသိုလ်ပဲ ဆက်တက်ရကောင်းလေမည်လား" ဟု အကြံဉာဏ် လှမ်းတောင်းပြန်တော့ "မင်းစိတ်ထဲ အကောင်းဆုံးဖြစ်မယ်ထင်တဲ့အတိုင်းသာလုပ်ပေါ့" ဟု ဖြေကြပါသည်။ တစ်နေ့တော့ ကျွန်တော့်အစ်မကြီးထံ ဖုန်းဆက်လာပါသည်။

"ဒီက မင်းသူငယ်ချင်းတွေကတော့ မင်း ပက်လက်လှန် အရှုံးပေးပြီး ပြန်ပြေးလာလိမ့်မယ်လို့ ထင်နေကြတာ။ ဝက်(စ)ပွိုင့်မှာ အနေမချောင်တာ အစ်မ သိပါတယ်။ ဒါပေမယ့် ယောကျ်ားပီသ မောင်လေးရယ်၊ သူတို့ ထင်ကြေးမှားတယ်ဆိုတာ ငါ့မောင်က လုပ်ပြလိုက်စမ်းပါကွယ်။





အစ်မကြီးအသံအဆုံးတွင် ကျွန်တော် သန္နိဋ္ဌာန်ချပြီး ဖြစ်နေပါတော့သည်။ နာမည်ကြီး ဝက်(စ)ပွိုင့် စစ်တက္ကသိုလ်စခန်းတွင် သင်တန်းများ ပြီးဆုံးအောင်မြင်အောင် တက်ရောက်သင်ကြားမည်ဟု ဆုံးဖြတ်လိုက်ပါတော့သည်။

နောက်သုံးပတ်ခန့်အကြာတွင် အဖေ့ထံမှ စာရောက်လာပါသည်။ ကျွန်တော်တစ်ယောက်တည်း မိသားစုယာတောမှ ခွဲခွာကာ ပြင်းထန်တင်းကျပ်လှသော စစ်စည်းကမ်းများအောက်၌ အထီးကျန်ဖြစ်နေပေလိမ့်မည်ဟု အဖေ တွေးတောမိသဖြင့် ကျွန်တော်နှင့် သုံးရက်ကြာ အလည်အပတ် တွေ့ဆုံခွင့်ရရန် သက်ဆိုင်ရာ အရာရှိများထံ ခွင့်တောင်း ပန်ကြားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ခရစ္စမတ်ချိန်ခါဝယ် ကျွန်တော်တစ်ကိုယ်တည်း မနေရတော့ဘဲ အဖေနှင့်အတူ ပျော်ရွှင်ခွင့်ရတော့သည်။

အဖေရောက်လာမည် ဆိုကတည်းက စိတ်တွေ တက်ကြွကာလှုမှာလည်း ပိုမိုဖျတ်လတ် ရွှင်ပျနေတော့သည်။

အဖေ ကျွန်တော့်အဖေ ရောက်လာပါပြီ။ သွယ်လျပြေပြစ်နေသောမျက်နှာထားနှင့်အဖေ ကျွန်တော့်ကို တအားပွေ့ဖက်ကာ နှုတ်ဆက်သည်။ ကျွန်တော့်ကိုယ်သေးသေးလေး အဖေ့ကိုယ်ခန္ဓာအတွင်းသို့ နစ်မြုပ်ရူးဝင်ကာ သားအဖနှစ်ယောက် တစ်သားတည်း ခန္ဓာကိုယ်တစ်ခုထဲအတွင်း တည်ရှိနေသလို ရင်းနှီးချစ်ခင်စွာ ခံစားရသည်။

ကျွန်တော် အဖေ့လက်ကို ဆွဲကိုင်ကာ နှင်းဖုံးသော စစ်ရေးပြလေ့ကျင့်ကွင်းတစ်လျှောက် မမောတမ်း လှည့်ပတ်လျှောက်ရင်း စကားတွေ မနားတမ်းပြောနေမိသည်။ တပ်ရင်းမှူး အစရှိသော အရာရှိများ



www.burmeseclassic.com

www.burmeseclassic.com



နေအိမ်ပြတင်းတိုင်းတွင် လင်းထိန်တောက်ပနေသော ခရစ္စမတ် သစ်ပင်များကို မြင်တွေ့ကြရသည်။ ဗိုလ်လောင်းကျောင်းသားများ၊ ဘုရားဝတ်ပြုရန် ချာပယ်(လ)အငယ်လေးတစ်ဆောင်ကို ၁၆ ရာစုနှစ် အနောက်ဥရောပဗိသုကာပုံစံဖြင့် ဆောက်လုပ်ထားရှိရာ ယင်းချာပယ်(လ်)လေးတွင် ခရစ္စမတ်အကြို ညနေ ဘုရားဝတ်ပြု ဆုတောင်းပွဲကို အဖေနှင့်အတူ ကျွန်တော် တက်ရောက်ခဲ့ပါသည်။ အဖေ့အသံ သြသြကြီးနှင့် ဓမ္မတေးများ သီဆိုနေပုံကို ယခုတိုင် မြင်ယောင်ဆဲ ကြားယောင်ဆဲ။ နောက်တစ်ရက်တွင်တော့ အဖေ ကျွန်မိသားစုဝင်များရှိရာ **Fergus Falls** ဖားဂတ်(စ)ဖော(လ)စသို့ ပြန်သွားခဲ့ပါသည်။ အဖေနှင့် ခဏတာ ချစ်ခင်ရင်းနှီးစွာ နေထိုင်လိုက်ရသဖြင့် ကျွန်တော့်အဖို့ အင်အားများပြည့်ဖြိုးကာ ဘာမဆို ရင်ဆိုင်နိုင်စွမ်းရှိသောသတ္တိများ၊ စိတ်ဓာတ်များ အလိုလို မြင့်မားတက်ကြွလာခဲ့ပါသည်။ တက်ကြွပျော်ရွှင်နေသော ကျွန်တော့်မှာ အဖေ့နားရှိစဉ်တုန်းက အဖေ၏ ဟန်ပန်အမူအရာ လှုပ်ရှားမှုများကို ပီတိအဟုန်ဖြင့် တစိမ့်စိမ့် ပြန်မြင်ယောင်လာခဲ့ရပါသည်။

ကျွန်တော် လေးနှစ်သားအရွယ်ကတည်းက အဖေ့ဆုံးမစကား သင်ခန်းစာများကို လက်ခံမှတ်သား နာယူရကြောင်း ပြန်ပြောင်း သတိရမိပါသည်။ ညနေချိန်တိုင်း စပါးကျီအဆောက်အအုံထဲ၌ အဖေ နို့ညှစ်နေရာသို့ ကျွန်တော် သွားကြည့်နေတတ်ပါသည်။ အဖေသည် လက်ကလည်း နို့ကို မပြတ်တမ်း ညှစ်ပေးနေသလို ပါးစပ်မှလည်း "Sunset ဖေ့သားကြီး၊ သမီးကြီး Sunshine ဒီကောင်မလေးကမှ လိမ္မာတာ။ မိ Blackie ဖကြီးကိုချစ်တယ်မဟုတ်လား။ နို့တွေချပေး



စမ်းပါဦးကွယ် စသဖြင့် နွားမတစ်ကောင်ချင်းစီကို သာယာနာပျော်ဖွယ် စကားများ အဆက်မပြတ် ပြောကြားလျက်ရှိပါသည်။ နို့ပုံးတွင် နို့ရည်များ ပြည့်လာသောအခါ လှည်းပေါ်တင်၍ ထောပတ်ဒိန်ခဲ ချက်မည့် နို့ဦးရည်ကို ဖယ်ကာ ကျန်နို့ရည်များကို ပုလင်းသွင်းမည့် နေရာသို့ ပို့ရပါသည်။ လှည်းပေါ်သို့ နို့ပုံးများ အဖေ မတင်စဉ် ကျွန်တော်က မမှီတမီဖြင့် ဝိုင်းကူတင်ပေးကာ အဖေ နို့ပုလင်းများ ဆေးကြောသန့်စင်သောအခါ၌လည်း ပုလင်းများ ဝိုင်းဝန်းစီပေးရင်း ကူညီရတတ်ပါသည်။

အဖေ အလုပ်လုပ်စဉ် သူ့အကြိုက်ဆုံး ကျေးလက်တေးသီချင်း တစ်ပုဒ်ကို အမြဲညည်းလေ့ရှိပါသည်။

"အိမ်ကိုပဲ အမြဲတွေးမိတယ်။ အို...ငါတစ်ယောက်တည်း အဝေးနေရာမှာရှိဆဲကွယ်" ဆိုသော တေးသွားအလိုက်ကို လေချွန်ရင်းလည်း အဖေ ညည်းတတ်ပါသည်။

**ကျွန်တော့်အဖေတွင် "ယောက်ျားကောင်းတို့၌ တွေ့ရတတ်သည့် စွမ်းပကားတစ်မျိုးဖြစ်သော စောင့်စည်းထိန်းသိမ်းနိုင်မှု သိက္ခာတရားနှင့် အတွေ့အကောက် ဉာဏ်နီဉာဏ်နက်မပါ သဘောဖြူအူစင်းရိုးသားဖြောင့်မတ်တည်ကြည်မှု သမာဓိတရား" နှစ်ပါးစလုံးကို တစ်သက်တာပတ်လုံး စောင့်ရှောက်ထိန်းသိမ်းခဲ့သည်ကို တွေ့ရပါသည်။** ကျွန်တော် ဆယ့်နှစ်နှစ်အရွယ်က အဖြစ်အပျက်လေးတစ်ခုကို ယနေ့တိုင် မမေ့နိုင်သေးပါ။ လယ်ထွန်စက်အသစ်တစ်စင်း အဖေ့ယာတောထဲသို့ ရောက်ရှိလာရာ ကျွန်တော် လူအလစ်တွင် တက်၍ မောင်းမိပါသည်။ ဂီယာသွင်းထားမှန်း မသိဘဲ စက်နှိုးလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



မော်တာစက်သံမှာ ဟိန်း၍ထွက်ပေါ်လာပြီး စက်ကြီးသည် အနောက်ဘက်သို့ တရွေ့ရွေ့ဆုတ်ရင်း ဆုတ်ရင်း ကြီးမားလှသော နောက်ဘီးကြီးများက စပါးကျီနံရံသို့ ဝင်ဆောင့်ပါတော့သည်။ ကျွန်တော်လည်း ငယ်သံပါအောင်အော်ရင်း ကြောက်လန့်တကြား ခုန်ချမည်ပြုနေစဉ် အဖေ ခြေကုန်သုတ်၍ ပြေးလာကာ

"ခုန်မချနဲ့သား၊ ငြိမ်ငြိမ်လေးထိုင်နေ"ဟု ပြောရင်း ရှေ့ဘီးရှေ့တွင် သစ်သားဂျမ်းတုံးခံကာ ထွန်စက် ရှေ့သို့ပြေးလိမ့်ထွက်မလာစေရန် ဦးစွာပြုလုပ်ပါသည်။ စက်ကမူ သတ်၍မရသေးပါ။

နောက်မှ "သား...ရဲရဲခုန်ချ၊ အဖေ့လက်ပေါ် ခုန်ချလိုက်" အဖေ့အသံမှာ ဒေါသမနှောသော်လည်း တင်းမာနေပါသည်။ မျက်နှာကြီးတစ်ခုလုံး နီရဲနေသဖြင့် သူ စိတ်ဆိုးနေကြောင်း သေချာလှပါသည်။ သို့သော် ကျွန်တော့်အား တစ်ခွန်းမှ ငေါက်ငမ်းခြင်း၊ ရိုက်ပုတ်ခြင်း မပြုလုပ်ပါ။ ကျွန်တော် ငယ်ပင်ငယ်ငြားသော်လည်း ဆုံးဖြတ်ချက်ခေါ်လေမလား၊ သန္နိဋ္ဌာန်ခေါ်မလား အဖေ့အတွက် ကတိတစ်ခုပေးရန် စိတ်ထဲက လိုလိုလားလားရှိလာပါသည်။

"နောက်နောင် ကျွန်တော်နှင့်ပတ်သက်၍ အဖေ ဘယ်တော့မှ စိတ်မဆင်းရဲစေရ"ဟူသော ကတိကဝတ်ပင်ဖြစ်ပါသည်။

သို့သော် နောက် ငါးနှစ်၊ ခြောက်နှစ်ခန့်အကြာ ကျွန်တော် အဆေးပြေးလမ်းမကြီးများပေါ်၌ မိုင်ပို အမြန်မောင်းနှင်မှုကြောင့် အဖေ စိတ်မသက်မသာ ဖြစ်ရပါသေးသည်။ တာဝန်ကျ ရဲအရာရှိက ကျွန်တော့်ကို လက်တားဖမ်း၍ လိုင်စင်မသိမ်းဘဲ အဖေ့ထံ တိုက်ရိုက်သွား၍ မိုင်(၇၀)နှုန်းနှင့် မောင်းနေသော ကျွန်တော့်ဖြစ်ရပ်ကုန်စင်ကို အစီရင်ခံခဲ့ဖူးပါသည်။





"သား မင်း နောက်တစ်ခါ ဒါမျိုးထပ်မဖြစ်စေနဲ့တော့"ဟု ကျွန်တော့်ကို ပြောနေသော အဖေ့မျက်နှာထားမှာ မသာယာသလို လေသံမှာလည်း ကြေကွဲမှုအပြည့်ပါနေကြောင်း သတိထားမိရင်း အဖေ့ဂုဏ်သိက္ခာ ကျဆင်းစေမည့်၊ အဖေ စိတ်ဆင်းရဲစေမည့်ကိစ္စမျိုး၊ မည်သည့်အရာကိုမဆို ရှောင်ကြဉ်ရန် ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာချမိပါတော့သည်။

ကျွန်တော် ဆယ်ကျော်သက်ကာလအတွင်း နွားနို့နှင့် နို့ထွက်ပစ္စည်းများ တင်ပို့ရောင်းချသော စီးပွားရေးတွင် အစိုးရက ပိုးသတ်မည့် စက်ပစ္စည်းများကို တင်းကျပ်စွာ ပြဋ္ဌာန်းလိုက်သောအခါ အဖေယင်းပိုးသတ်စက်များ မဝယ်ယူနိုင်တော့သဖြင့် ကျွန်တော်တို့မိသားစုယာတောကို စွန့်ခွာကာ မြို့ပေါ်သို့ ပြောင်းရွှေ့နေထိုင်ကြပါသည်။ ယင်းကာလများက အဖေ အလွန်ပင်ပန်းပါသည်။ အလုပ်မရွေးဘဲ ကြုံရာကျပန်းအလုပ်များဖြစ်သော ပျားမွေးခြင်း၊ ပျားရည်ထုတ်ခြင်း၊ မြို့တွင်းပြေး ဘတ်(စ်)ကားမောင်းနှင်ခြင်း၊ ကျောင်းပို့ကျောင်းကြိုကျောင်းကားမောင်းနှင်ခြင်းတို့အပြင် သက်သောင့်သက်သာ ရုံးအလုပ်ဌာနတွင် အလုပ်ရလိုရငြား ညနေခင်း သင်တန်းများကို မကြီးမငယ်နှင့် ပြေးတက်ရပါသေးသည်။

ကျွန်တော် ဆယ်တန်းရောက်သောနှစ်တွင် အဖေ မြို့တော်အခွန်ဥပဒေရုံး၌ လက်ထောက်အခွန်ကြီးကြပ်သူအဖြစ် အလုပ်ရပါသည်။ အဖေ့ကြိုးစားမှုကို မြင်တွေ့နေရသော ကျွန်တော့်အဖို့ ကြိုးစားလိုစိတ်များ တဖွားဖွား ပေါ်ပေါက်လာကာ မနေမနား ကြိုးစားမှုကြောင့် အထက်တန်း နောက်ဆုံးနှစ်ကို ဂုဏ်ထူးဖြင့်အောင်မြင်ကာ တစ်ကျောင်းလုံးတွင် ပထမရရှိ ဗိုလ်စွဲပါတော့သည်။ တစ်နေ့ ကျောင်းအုပ်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အား ခေါ်တွေ့ကာ ဝက်(စ)ပွိုင့်စစ်တက္ကသိုလ် သွားလိုစိတ်ရှိ မရှိ မေးမြန်းပါသည်။ ဝက်(စ)ပွိုင့်သို့ တော်တန်ရုံကျောင်းသား တက်ချင်၍ တက်ခွင့်မရကြပါ။ စာထူးချွန် စည်းကမ်းသေဝပ်၍ ကျောင်းစရိတ် တတ်နိုင်မှသာ တက်ရောက်ခွင့်ရကြပါသည်။ ကျွန်တော် ကျောင်းစာထူးချွန်၍ ဝက်(စ)ပွိုင့် တက်လိုက တက်ရောက်နိုင်စေရန် ကျွန်တော်တို့မြို့နယ်လွှတ်တော်အမတ်မင်းက သူ ကျောင်းစရိတ်တာဝန်ယူမည်ဟု ဆိုလာပါသည်။ တကယ့်မဟာအခွင့်အရေးတစ်ရပ်မို့ ကျွန်တော်တို့သားအဖ ဘာမှ စဉ်းစားမနေတော့ဘဲ ဝက်(စ)ပွိုင့် ကျောင်းသားအဖြစ် တက်ရောက်သင်ကြားဖို့ လက်ခံလိုက်ပါတော့သည်။

ရောက်ကာစကာလတွေကတော့ ခက်ထန်ကြမ်းတမ်းလှသည်။ အဖေ့အသံအေးအေးနှင့် ဆုံးမခဲ့ဖူးသော

"သား မင်းကို အဖေ့သားဆိုတဲ့ နာမည်တစ်လုံး ပိုင်ဆိုင်ဖို့၊ မျိုးရိုးစဉ်ဆက် ဆက်ခံခဲ့တဲ့ အာရာစကော့ ARASKOG ဆိုတဲ့ နာမည်ကို ပေးခဲ့ပြီ။ ဒီနာမည်တစ်လုံးကို မင်း ဆက်လက်ထိန်းသိမ်းရင်း မင်း သားစဉ်မြေးဆက် ဆက်ခံနိုင်အောင် ကြိုးစားပေတော့။ 'All I have to give you is my good name. Pass it on'ဟူသော စကားကို ဦးထိပ်ထား ကြိုးစားရင်း ကျွန်တော် ဝက်(စ)ပွိုင့်သင်တန်းကို ပြီးဆုံးအောင် တက်ရောက်ခဲ့သည်။ ထိုအချိန်တွင် အဖေ မြို့နယ်အခွန်မှူးရာထူးသို့ တိုးမြှင့်ခြင်းခံရသည်။ အဖေ၏ တရားမျှတမှု၊ သမာသမတ်ရှိမှု၊ တည်ကြည်ဖြောင့်မတ်မှုတို့က မြို့နယ်အခွန်ကောက်ခံရသူ၊ လူမုန်းအများဆုံးခံရတတ်သည့်ရာထူး နေရာပင် ဖြစ်လင့်ကစား အဖေ့အား လူချစ်လူခင်ပေါများလှသည်။ အားကိုးအားထားရှိလှသည်။



"သား ကိုယ့်ဘက်ကသာမှန်ကန်ပါစေ ဘယ်သူ့အပေါ်မှ မတရားတဲ့စိတ်နဲ့ အကောက်မကြံနဲ့။ ဘယ်သူ့ကိုမှလည်း အောက်ကျို့စရာမလိုဘူး။ အပေးအယူလုပ်စရာလည်း မလိုဘူး။ မှတ်ထား သား"ဟု ဆုံးမဖူးသည်။

ကျွန်တော် ဝက်(စ)ပွိုင့်က သင်တန်းဆင်းတော့ ဟားဗတ်တက္ကသိုလ် ဝင်ခွင့်ရခဲ့ပါတယ်။ ရုရှားဘာသာကို မဟာဘွဲ့ရသည်ထိ ဆည်းပူးခွင့်ရပြီး တပ်မတော် ထောက်လှမ်းရေးမှာ တာဝန်ခေါ်ယူပေးခြင်းခံရပြန်ပါတယ်။ တပ်မတော် အဆင့်မြင့်အရာရှိကြီးတွေအတွက် ရုရှားဘာသာပြန်အရာရှိ ရာထူးနဲ့ ငါးနှစ် တာဝန်ထမ်းဆောင်ပြီးတဲ့နောက်မှာတော့ ITT Internet Technology မှာ ကျွန်တော် လက်ထောက်အရာရှိအနေနဲ့ တာဝန်ယူခဲ့ရပြန်ပါတယ်။

အဖေ့လက်စွဲဆုံးမစကားလည်းဖြစ်၊ တစ်သက်လုံး စွဲကိုင်လာတဲ့ ဝါဒကို ဖော်ညွှန်းတဲ့စကားရပ်လည်းဖြစ်တဲ့

"ငါ့မှာ မင်းကို ပေးစရာအမွေဆိုလို့ ငါ့ရဲ့ နာမည်ပျက်မရှိတဲ့ အဖေတစ်ယောက်ဆိုတဲ့ဂုဏ်ပုဒ်ပဲရှိတယ်သား။ မင်းက ဒီမျိုးရိုးဂုဏ်သိက္ခာကို မင်းရဲ့သားသမီး မြေးမြစ်တွေအထိ လက်ဆင့်ကမ်း စောင့်ထိန်းပါတော့"ဆိုတဲ့ စကားရပ်အတိုင်း ကျွန်တော် ကြိုးစားကျင့်သုံးခဲ့တာကြောင့် ရာထူး တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ခြင်းခံခဲ့ရတာ ဒီကနေ့ဆိုရင် အမှုဆောင်အရာရှိချုပ်ဘဝကို ရောက်ခဲ့ပါပြီ။ ၁၉၇၉ ခုနှစ်မှာ အဖေ အသက် ၈၀ ပြည့်ခဲ့ပါပြီ။ သားတော်မောင်ရဲ့ အောင်မြင်မှုတွေအတွက် ကြည်ကြည်နူးနူးရှိလှတဲ့ အဖေ့ကို ကျွန်တော်က ဝက်(စ)ပွိုင့် စစ်တက္ကသိုလ်စခန်းမှာ အဖေနဲ့အတူ ဆင်နွှဲခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ခရစ္စမတ်ပွဲလေးအကြောင်း မကြာ မကြာ နှစ်ယောက်တည်း စားမြုံ့ပြန်ပြောမိပါတယ်။

"အဲဒီတုန်းက စိတ်မာတတ်အကျဆုံးအချိန် အဖေ ရောက်လာပြီး ကျွန်တော်တို့သားအဖနှစ်ယောက် ဝတ်ပြုဆုတောင်းပွဲ တက်တဲ့အချိန်ကစပြီး ကျွန်တော့်အဖေ တက်တက်ကြွကြွရှိနေတာကို မြင်လိုက်ရတော့ အဖေ့ကို အားကျပြီး ကြိုးစားခဲ့တာ"

"အဖေကလည်း သားသမီးတွေအားလုံးထဲမှာ ထွန်းပေါက်မယ့်မင်းကို တမင် ပြုစုပျိုးထောင်ခဲ့တာကွ"

ဟု အားရပါးရ ပြန်ပြောသည်။

ဒီလိုနှင့် ကျွန်တော် ITT ရဲ့ ချယ်ယာမင်းလူကြီး ဖြစ်လာချိန်တွင်တော့ အဖေ့အသက် (၈၄)နှစ် ရှိခဲ့ပါပြီ။ တစ်ခေါင်းလုံးလည်း ဖြူဆွတ်နေလိုက်သည်မှာ ဝက်(စ)ဖွိုင့် စစ်စခန်းမှာ နှင်းတွေ ပိန်းပိတ်အောင် ကျနေတဲ့ ညနေခင်းအတိုင်းပါပဲ။ ကျွန်တော့်ခေါင်းပေါ်က ရွှေရောင်ဆံပင်တွေတောင် မီးခိုးရောင်ဘက် လှလာနေပြီကော။ ဇရာရဲ့ သရုပ်သကန်တွေကို အဟုတ်အမှန်တွေ့နေရတဲ့ ဒီအချိန်ထိ အဖေနဲ့ အတူ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောလိုက်၊ တိုင်ပင်နှီးနှောလိုက်နဲ့ ချစ်ချစ်ခင်ခင် နေခွင့်ရနေတဲ့ ကျွန်တော့်ကုသိုလ်ကလည်း နည်းတာမှတ်လို့ခင်ဗျာ။

နောက်နှစ်နှစ်အကြာ အဖေ (၈၆)နှစ်အရွယ် တစ်မနက်ခင်းမှာ နှလုံးရောဂါနဲ့ အဖေ ကွယ်လွန်ခဲ့ပါတယ်။ အိပ်ပျော်နေတဲ့အတိုင်း ငြိမ်သက်စွာ လဲလျောင်းနေရှာတဲ့ အဖေ့ရုပ်ကလာပ်ကို ကြည့်ပြီး ကျွန်တော့်အဖေ ဆုံးမခဲ့တဲ့





"ဘဝတစ်ခုကို ဂုဏ်ဓနနဲ့သော်လည်းကောင်း၊ အာဏာစက်နဲ့ သော်လည်းကောင်း ဘယ်တော့မှ မတည်ဆောက်ဖို့နဲ့။ မိမိရဲ့ ရိုးသားဖြောင့်မတ် တည်ကြည်မှုဆိုတဲ့ စာရိတ္တ၊ စာရဏနဲ့သာ တည်ဆောက်ရင်း အဲဒီနာမည်ကောင်းတစ်လုံးကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းရစ်ပါ"

ဆိုတဲ့စကားသံတွေကို စဉ်ဆက်မပြတ် ကြားယောင်နေမိပါတော့တယ်ခင်ဗျာ။ ။

**My Father's Greatest Gift**

**Rand V.ARASKOG**

**ချစ်စံဝင်း–လမင်းအိမ်**

**မှတ်ချက်။** ။ ဤစာအုပ်ပါ စာစုများအားလုံးကို CHICKEN SOUP FOR THE FATHER SOUL စာအုပ်မှ ဘာသာပြန်ဆိုပါသည်။ [**စာရေးသူ**]



www.burmeseclassic.com